

တက္ကသိုလ်
သိုင်းဧကရာဇ်သရဖူ
လက်လှမ်းမမီသူ

တက္ကသိုလ်နေလင်းအောင်

# ချိုင်းကျွေရင်သရုပ္ပလက်ညှိုးပိုဘူ

စာစဉ် (၅)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၅၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၆၀၉၀၈
၂၀၀၉ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မေစုသည် တစ်စုံတစ်ခုသော အကြံရှိပါလိမ့်မည်။

ထို့ကြောင့် သူ့အလွယ်တကူ ထွက်မသွားနိုင်အောင် ကြိုတင်စီစဉ်ထားပုံရ၏။

ဝါယင်လုံ တွေးတောစဉ်းစားနေသည်ကို တွေ့ရလျှင် မေစုက မေးလိုက်လေ၏။

"ရှင် ဘာတွေစဉ်းစားနေတာလဲ"

ဝါယင်လုံ ခေါင်းခါယမ်းကာ ...

"ဘာမှမစဉ်းစားပါဘူးဗျာ"

"ကျွန်မကို မညာပါနဲ့၊ ရှင့်စိတ်ထဲမှာ တစ်ခုခု တွေးတောနေတယ် မဟုတ်လား"

ဝါယင်လုံလည်း မညာလိုသဖြင့် ...

"ဟုတ်တယ်"

"ဘာတွေ တွေးနေတာလဲ"

"ကျုပ်ရင်ထဲက စကားတွေ ပြောပြချင်ပါတယ်၊ ဒါပေမယ့် ပြောသင့် မပြောသင့် ဝေခွဲမရဘူး ဖြစ်နေတယ်"

ထိုစကားကြားရလျှင် မေစု လက်စွဲတော် 'ရှောင်မေ' က ကြားဖြတ်ဝင်ပြောလိုက်သည်။

"မပြောသင့်ရင် မပြောတာပဲ ကောင်းပါတယ်ရှင်"

မေစုသည် ဝါယင်လုံအပေါ် တိမ်းညွှတ်နေကြောင်း ရှောင်မေ ကောင်းစွာ နားလည်ထားသည်။

မေစုနှင့် ဝါယင်လုံတို့၏ ဆက်ဆံရေး ပျက်သွားစေမည့် စကားမျိုး မပြောမိစေရန် ကြားဝင်ပြောလိုက်ခြင်း ဖြစ်ပါသည်။

မေစုက ရှောင်မေကို တစ်ချက်ကြည့်လိုက်ပြီးမှ ဝါယင်လုံဘက် ပြန်လှည့်ကာ ...

"ရှင်က ကျွန်မကို ဂိုဏ်းချုပ်လို့ခေါ်တာ ဘာသဘောလဲ"

ဝါယင်လုံ ပခုံးတွန့်လိုက်လေသည်။

"မသိဘူးလေ၊ ခင်ဗျားကများ ခေါ်စေချင်သလားလို့ပါဗျာ၊ ကျုပ်က ဂိုဏ်းချုပ်လို့ မခေါ်တဲ့အတွက် ခင်ဗျား ဒေါ်တ်ဆိုးခဲ့ဖူးတယ် မဟုတ်လား"

"ဂိုဏ်းချုပ်လို့ခေါ်တာ ကျွန်မကို ရှင် ရန်သူလိုသဘောထားလိုက်တာ မဟုတ်လား၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါရှင်"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ခင်ဗျားကို ရန်သူလို သဘောမထားပါဘူးဗျာ၊ ဖြစ်နိုင်ရင် မိတ်ဆွေဖွဲ့ချင်ပါသေးတယ်"

ပိုင်ရှောက်ထင်း မှာကြားသွားသော စကားများကို သတိရလာသဖြင့် မိတ်ဆွေဖွဲ့လိုသည်ဟု ပြောလိုက်ခြင်း ဖြစ်သည်။



မေစု အံ့သြသွားသည်။

ဝါယင်လုံကို မယုံကြည်နိုင်စွာကြည့်ရင်း ...

"ဘာ ... ရှင်က မိတ်ဆွေတောင်ဖြစ်ချင်သေးတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒီလိုဆိုရင် ကျူးယင်ဂိုဏ်းအပေါ် ရန်ငြိုးမထားတော့ဘူးလား"

ဂါယင်လုံ ချောင်းတစ်ချက်ဟန့်လိုက်ပြီး ...

"ကျုပ် စကားနည်းနည်း ပြောပါရစေ"

"ပြောပါရှင်"

ကျူးယင်ဂိုဏ်းဟာ ဒုစရိုက်လုပ်ငန်းတွေကို စွန့်လွှတ်ပြီး ပြန်ကောင်းလာမယ်ဆိုရင် ကျုပ်တို့ ဝမ်းသာအားရ ကြိုဆိုကြမှာ အမှန်ပဲဗျာ"

သူ၏ စကားကြားရလျှင် မေစု မဲ့ပြုံး ပြုံးလိုက်လေသည်။

"ကျူးယင်ဂိုဏ်းဟာ ဘာများမကောင်းလို့လဲ၊ ဘယ်နေရာမှာ ပြုပြင်ရမှာလဲ၊ သိုင်းလောကမှာ ဝါမိသားစုကပဲ ထိပ်ဆုံးနေရာယူထားလို့ ရမယ်ထင်နေသလား"

"ခင်ဗျားမှားနေပြီ၊ ဝါမိသားစုဟာ ထိပ်ဆုံးနေရာကို မယူပါဘူးဗျာ"

"ရှင်မညာပါနဲ့၊ ဘယ်သူ့ကိုမေးမေး ဝါမိသားစုဟာ သိုင်းလောကမှာ ထိပ်ဆုံးအဆင့် နေရာယူထားတယ်လို့ ဖြေကြမှာပဲ"

"ဒါက သူများတွေ စိတ်ထင်ရာ လျှောက်ပြောတာပါ၊ ကျုပ်တို့ ဝါမိသားစုကတော့ ဒီလိုမယူဆပါဘူး"

မေစုက တမင် အရွဲ့တိုက်ကာ ပြောလေသည်။

"ကောင်းပြီလေ ... ဒီလိုဆိုရင်တော့ ကျုံးယင်ဂိုဏ်းက သိုင်းလောကမှာ ထိပ်ဆုံးအဆင့် နေရာယူရလိမ့်မယ်"

"ခင်ဗျားတို့ဟာ အမျိုးအကျိုး ဆောင်ရွက်မယ်၊ တိုင်းသူပြည်သားတွေကို အကျိုးပြုမယ်ဆိုရင် ခင်ဗျား ရည်မှန်းသလို သိုင်းလောက ထိပ်ဆုံးအဆင့်ကို ရလာနိုင်ပါတယ်ဗျာ"

"အင်း ... ရှင်ပြောတာမဆိုးဘူး၊ ဒါပေမယ့် ဒီစကားမျိုးကို ရှင်ပြောတာထက် ရှင့်အဖေကိုယ်တိုင်ပြောတာက ပိုထိရောက်မယ်"

ဝါယင်လုံက ပြုံးလိုက်သည်။

"ခင်ဗျားမယုံရင် သွားမေးကြည့်ပါ၊ ကျုပ်အဖေကလည်း ဒီစကားမျိုး ပြောမှာ အမှန်ပဲ"

"ရှင် အာမခံရဲလွန်းလှချည်လား"

"ကျုပ်အဖေအကြောင်း ကျုပ်သိလို့ပါဗျာ၊ ကျုပ်တို့ ဝါမိသားစုက လူတွေဟာ တစ်စိတ်တစ်သဘောတည်းပါပဲ"

မေစု ငိုင်ကျသွားသည်။

ဝါယင်လုံ ဤနေရာသို့ ရောက်ရှိလာသည်မှာ ဧည့်သည်တစ်ယောက်ပမာ မဟုတ်တော့ဘဲ မိသားစုတစ်ယောက်ကဲ့သို့ ဖြစ်လာသည်။

မေစုသည် ဝါယင်လုံကိုငေးကြည့်ရင်း တွေးတောနေမိပါသည်။

ဝါမိသားစုနှင့် ကျုံးယင်ဂိုဏ်းသည် မဟာရန်သူများ ဖြစ်ကြသည်။



ထို့ကြောင့် မိတ်ဆွေဖြစ်ရန် မလွယ်ချေ။

မေစု စိတ်ကျဉ်းကျပ်လာသည်။

အတန်ကြာ တွေဝေနေပြီးမှ ရုတ်တရက် ကောက်ကာငင်ကာ ရယ်မောလိုက်သည်။

မေစု၏ ရယ်မောသံကြားလိုက်ရသောအခါ ဝါယင်လုံ ကြောင်အမ်းအမ်း ဖြစ်သွားလေတော့၏။

အဘယ့်ကြောင့်ဆိုသော် မေစု ရယ်မောသည်ကို သူတစ်ကြိမ်တစ်ခါမှ မတွေ့ဘူးခြင်းကြောင့်တည်း။

အမှတ်မထင် ချန်မင်မင်ကို သတိရလာသည်။

ချန်မင်မင်သာရှိလျှင် သူတို့ ရင်းရင်းနှီးနှီး ရယ်မောကြသည်ကို ကျေနပ်နိုင်မည်မဟုတ်ချေ။

အပြင်ဘက်တွင် မှောင်မည်းနေချေပြီ။

အဆောင်ထဲတွင်တော့ မီးရောင်များ လင်းထိန်နေသည်။

ချန်မင်မင်သည် အမှောင်ထုတွင်းမှ သူ့အား စောင့်မျှော်ပေလိမ့်မည်။

မေစုက ဝါယင်လုံအား စိုက်ကြည့်လိုက်ပြီး မေးသည်။

"ရှင့်မှာ ကိစ္စရှိသေးတယ် မဟုတ်လား"

ဝါယင်လုံက ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

"ဘာကိစ္စလဲ"

"ကျုပ်မပြောနိုင်တာ ခွင့်လွှတ်ပါဗျာ"

"ဘာလဲ ... ရှင်က ချန်မင်မင်နဲ့ ချိန်းထားသေးတယ်မဟုတ်လား"

ဝါယင်လုံ ပါးစပ်ပိတ်ထားလိုက်၏။

မေစု၏ မျက်နှာတွင် မာနကြီးသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။

"ကျွန်မနဲ့ ချန်မင်မင် ဘယ်သူက ပိုလှတယ်လို့ ရှင် ထင်သလဲ"

မမျှော်လင့်သော မေးခွန်းကြောင့် ဝါယင်လုံမှာ အခက်တွေ့သွား၏။

တိုစဉ် ရှောင်မေက ဝင်ပြောသည်။

"အို ... သခင်မကသာ ဒီကမ္ဘာပေါ်မှာ အချောဆုံး၊ အလှဆုံးပါ"

မေစု ခေါင်းခါယမ်းရင်း ...

"မဟုတ်သေးဘူး၊ ကျွန်မထက် ချောတဲ့လူ ရှိသေးတယ်၊ အဲ့ဒီလူဟာ သိုင်းလောကမှာ အလှမယ်ဘွဲ့ရခဲ့ သူ့ရဲ့အမေပေါ့"

ဝါယင်လုံအား ညွှန်ပြရင်း ပြောလိုက်သည်။

ဝါယင်လုံ၏ မိခင်ကား သိုင်းလောကတွင် အလှမယ်ဘွဲ့ရခဲ့သည်မှာ မှန်ပေသည်။

ဝါယင်လုံ၏ ဖခင်နှင့်မတွေ့မီ ရက်စက်ကြမ်းကြုတ်သူဟုလည်း အများက သတ်မှတ်ထားခြင်း ခံရသူ ဖြစ်သည်။

ဝါယင်လုံသည် မေစုက သူနှင့်စကားပြောနေရခြင်းကို ကျေနပ်နေကြောင်း ရိပ်မိသည်။



တတ်နိုင်လျှင် မေစု စိတ်ချမ်းသာအောင် အချိန်ကုန်ခံ၍ စကားပြောနေချင်ပါ၏။

သို့သော် ချင်ယွင်နှင့် ချိန်းထားသေးသည် မဟုတ်လား။

ထို့ကြောင့် မေစုထံ ခွင့်ပန်လိုက်လေသည်။

"ကဲ ... ကျုပ်သွားဖို့ အချိန်တန်ပြီ၊ ကျုပ်ကို ခွင့်ပြုပါဗျာ"

မေစု ခေါင်းညိတ်လိုက်သည်။

"သွားနိုင်ပါပြီရှင်၊ ကျွန်မ တစ်ခုတော့ မှာလိုက်ပါရစေ"

"ပြောပါ"

နောက်တစ်ခါ ကျွန်မတို့ ပြန်ဆုံတွေ့ကြတဲ့အခါ ရန်သူအဖြစ် ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုတာ ရှင်အခုကတည်းက စွဲမှတ်ထားစေချင်တယ်"

ဝါယင်လုံ အံ့သြသွားသည်။

မေစုသည် စိတ် အပြောင်းအလဲမြန်သည်ဟု ထင်မိလေသည်။

မေစုက ဆက်ပြောသည်။

"ရှင့်ကို ကျွန်မ သတ်ပစ်ဖို့ ဆုံးဖြတ်ချက်ချထားတာ မပြင်နိုင်ဘူး၊ ကျွန်မကို ငဲ့ညာဖို့ မစဉ်းစားပါနဲ့၊ ကျွန်မ ရက်စက်ကြမ်းကြုတ်တယ်လို့ အပြောမခံနိုင်ဘူး"

ဝါယင်လုံ သက်ပြင်းချကာ ...

"ကျုပ်ကတော့ နောက်တစ်ခါတွေ့ရင် ဒီကနေ့ ညလိုပဲ ပြန်လည် ဆုံတွေ့နိုင်ပါစေလို့ မျှော်လင့်ပါတယ်ဗျာ"

"ဒီကနေ့ည တွေ့တာကို မေ့လိုက်ပါတော့၊ အိပ်မက်တစ်ခုလို့ သဘောထားပေါ့ရှင်"

ဝါယင်လုံ စကားမပြောတော့ဘဲ ခန်းမဆောင်အတွင်းမှ ထွက်လာခဲ့သည်။

သူလှည့်ထွက်လိုက်စဉ် မေစု မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာကာ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရလေ၏။

ဝါယင်လုံ၏ခြေလှမ်း တုံ့ခနဲရပ်ကာ ပြန်လှည့်ကြည့်လိုက်သည်။

မေစုက မျက်နှာတစ်ဖက် လှည့်ထားလိုက်ပြီး ရှိုက်သံဖြင့် ပြောလေ၏။

"သွားပါတော့ရှင်"

ဝါယင်လုံ စိတ်မကောင်း ဖြစ်သွားသည်။

ဆက်နေလျှင် မေစုအား နှိပ်စက်သလိုဖြစ်နေမည်ကို မွေးမိရာ ခပ်သွက်သွက်ကလေး လှမ်းထွက်ခဲ့လေတော့သည်။

ဝါယင်လုံ၏ နှလုံးသားမှာ နုနယ်သည်။ မေစုမျက်ရည်ကျသောအခါ သူ့နှလုံးသားများ နာကျင်သွားသည်။

အပြင်သို့မရောက်မီ သူ့နောက်မှ ခြေသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရှောင်မေ လိုက်လာခြင်းဖြစ်သည်။

ရှောင်မေက ...

"ရှင် သခင်မ စိတ်ဆိုးအောင် မလုပ်သင့်ဘူး"

"ကျုပ်က ဘာလုပ်မိလို့လဲဗျ"



"ရှင် ဘာကြောင့် အလောသုံးဆယ် ထွက်သွားရတာလဲ"

"ကိစ္စရှိတယ်လို့ ကျုပ်ပြောခဲ့သားပဲဗျ၊ ကိစ္စမရှိရင် ကျုပ်ဆက်ပြီး စကားပြောနေမှာပေါ့၊ ကျုပ်လည်း ပြောချင်ပါတယ်"

"ကိစ္စပြီးရင် ရှင် ပြန်လာမှာလား"

"ဒါတော့ ကျုပ် ကတိမပေးနိုင်တာ ခွင့်လွှတ်ပါ"

ရှောင်မေ ငိုင်ကျသွားသည်။

ဝါယင်လုံ ဆက်မနေလိုတော့သဖြင့် ရှေ့ဆက် ထွက်လာခဲ့သည်။

ရှောင်မေ လိုက်မလာတော့ချေ။

သူ့အား တားဆီးမည့်သူ တစ်ဦးတစ်ယောက်မှ မတွေ့ရပါ။

အဆောင်အပြင်ဘက်သို့ ခြေချမိမှ သူ့အား တင်းမာသော မျက်နှာထားဖြင့် ကြည့်နေသည့် လိကျိုရိနှင့် ဝမ်းပင်တို့အားတွေ့မြင်လိုက်ရတော့သည်။

○ ○ ○

## အခန်း(၅၀)
## ကုသခြင်း

လိကျိုရှိနှင့် ဝမ်းပင်တို့သည် အဆောင်တံခါး ဝဲယာ တစ်ဖက်တစ်ချက်တွင် ရပ်နေကြသည်။

သူတို့သည် လှမ်းထွက်လာသော ဝါယင်လုံကို ခက်ထန်စွာ ညြကည့်နေကြ၏။

ဝါယင်လုံ ကြိတ်ပြုံးလိုက်သည်။

"အင်း... တိုက်ပွဲတစ်ပွဲတော့ တိုက်ခိုက်ရတော့မယ်ထင်တယ်"

သူသည် တိုက်ပွဲဆင်ရခြင်းကို ထမင်းစား ရေသောက်,လောက်သာ သဘောထားသည်။

တစ်ဆက်တည်းပင် ချန်မင်မင်ကိုလည်း သတိရလာသည်။

သူ့အား ချန်မင်မင် စောင့်ကြည့်နေပေလိမ့်မည်။

ဝါယင်လုံ ခပ်တည်တည်လျှောက်လာခဲ့သည်။

အဆောင်တံခါးဝကို ဖြတ်ကျော်ကာ ဝမ်းပင်တို့ အနီးသို့ ရောက်သွားသည်။



ဝမ်းပင်က ဆိုသည်။

"ဝါယင်လုံ မင်းကို ဂိုဏ်းချုပ်အမိန့်ကြောင့် လွှတ်ပေးလိုက်မယ်၊ ကျုပ်ကတော့ မင်းကို မလွှတ်ချင်ဘူး၊ ကဲ ... မြန်မြန်ထွက်သွားပေတော့"

ဝါယင်လုံ မကျေမနပ်ဖြစ်သွားသည်။

ဝမ်းပင် စော်ကားမော်ကားပြောနေသည်ကို သူသည်းမခံနိုင်ချေ။

ဝမ်းပင်ကို စိုက်ကြည့်ရင်း ...

"ကျုပ်ကရော ခင်ဗျားကို ဂရုစိုက်မယ်ထင်သလား"

ပြောရင်း ဝမ်းပင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

ဝမ်းပင်နှင့် လက်တစ်ကမ်းပင် မကွာချေ။

လူချင်းထိလုနီးနီး တိုးကပ်လာရာ ဝမ်းပင် ဒေါသထွက်လာသည်။

သူ အံကြိတ်လိုက်သည်ကို တွေ့ရလျှင် ဝါယင်လုံ မဲ့ပြုံးပြုံးကာ ဖိတ်ခေါ်လိုက်သည်။

"ခင်ဗျား တစ်ယောက်တည်း မလုံလောက်ဘူး၊ ကျုပ် လက်ညောင်းသက်သာအောင် နှစ်ယောက်စလုံး တစ်ပြိုင်တည်း ဝင်လာခဲ့ကြပါ"

ဝမ်းပင်နှင့် လိကျိုရှိတို့သည် ဝါယင်လုံအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေ၏။

ထိုစဉ်မှာပင် ...

မေစု၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"မင်းတို့ အမိန့်မနာခံကြဘူးလား"

စကားသံဆုံးသည်နှင့် မေစု အဆောင်တံခါးဝရှေ့တွင် ဘွားခနဲ ပေါ်လာ၏။

လီကျိုရှီနှင့် ဝမ်းပင်တို့ မျက်နှာပျက်သွားကြသည်။

ချက်ချင်း နောက်ဆုတ်သွားကြ၏။

သူတို့စိတ်ထဲတွင်တော့ မေစုအပေါ် မကျေမနပ်ဖြစ်နေကြသည်။

မေစုက လက်ဝှေ့ယမ်းပြရင်း ...

"ရှင် သွားပါတော့ ..."

ဝါယင်လုံလည်း မေစုကိုနှုတ်ဆက်ကာ ထွက်လာခဲ့သည်။

အပြင်ရောက်လာသည့်တိုင် သူ့အား ဟန့်တားမည့်သူ မတွေ့ရတော့ချေ။

ဝါယင်လုံ ဘေးမသီ ရန်မခဘဲ ပြန်လည်ထွက်လာနိုင်ခဲ့သည်။

အဆောက်အအုံကြီးနှင့် မလှမ်းမကမ်းသို့အရောက်တွင် လမ်းဘေးရှိ သစ်ပင်တစ်ပင်ပေါ်မှ လူရိပ်တစ်ခု ရိပ်ခနဲ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရ၏။

ဝါယင်လုံ ထိတ်လန့်သွားခြင်းမရှိချေ။

ထိုလူရိပ်မှာ ချန်မင်မင်ဖြစ်ရမည်ဟု အတပ်သိထားသောကြောင့်တည်း။

မှန်သည်။



သစ်ပင်ပေါ်မှ ခုန်ဆင်းလာသူမှာ ချန်မင်မင် ဖြစ်သည်။

ချန်မင်မင်က ...

"အစ်ကို ကျွန်မနောက် လိုက်ခဲ့"

သူမသည် စကားဆုံးသည်နှင့် ဝါယင်လုံ၏ လက်ကိုဆွဲကာ ပြေးထွက်သွားသည်။

ဝါယင်လုံလည်း ကိုယ်ဖော့၍ ချန်မင်မင်နှင့်အတူ လိုက်ပါသွားလေ၏။

မကြာမီ ...

သူတို့နှစ်ယောက် မေစု၏ အဆောက်အအုံနှင့် တစ်စထက်တစ်စ ဝေးသွားကြလေတော့သည်။

အတော်ကလေးကြာအောင် ပြေးသွားပြီးမှ ချန်မင်မင်က ခြေလှမ်းရပ်လိုက်သည်။

ဝါယင်လုံလည်း ရပ်လိုက်ရသည်။

ချန်မင်မင်က ဝါရင်လုံကိုစိုက်ကြည့်ရင်း ...

"အစ်ကို မေစုနဲ့ စကားပြောရတာ အတော်ပျော်မယ်ထင်တယ်"

သူမက ခနဲ့လိုက်သည်။

ဝါယင်လုံ ခေါင်းခါယမ်းကာ ...

"ပျော်စရာ မကောင်းပါဘူးကွယ်"

"အစ်ကို မညာပါနဲ့"

"တကယ်ပြောတာပါ"

"သူနဲ့ကျွန်မ ဘယ်သူပိုလှသလဲလို့ မေးနေတာ ကြားတယ်၊ အစ်ကို ဘာကြောင့် ပြန်မဖြေတာလဲ"

ထိုစကားကြားလျှင် ဝါယင်လုံ မျက်လုံးပြူးသွားသည်။

ချန်မင်မင်ကို ငေးကြည့်ရင်း ...

"ညီ... ညီမ အဆောင်ထဲမှာ ကျုပ်တို့ပြောနေတဲ့ စကားတွေ အကုန်လုံးကြားတယ်ပေါ့"

"ဟုတ်တယ်"

"ညီမ ဘယ်လိုလုပ် အဆောင်ထဲရောက်အောင် ဝင်နိုင်တာလဲ"

"ဒါ လွယ်ပါတယ်၊ အိမ်ဖော်တွေအများကြီး တွေ့တယ်မဟုတ်လား၊ ကျွန်မက အိမ်ဖော်လို ရုပ်ဖျက်ပြီး ဝင်ခဲ့တာပေါ့"

ချန်မင်မင်က အန္တရာယ်ရှိမှန်းသိလျက် ဖွတ်တိုးဝင်လာကာ သူ့အား တစ်ချိန်လုံး ကာကွယ်စောင့်ရှောက်နေခဲ့ကြောင်း သိရလျှင် ရင်ထဲ၌ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်။

ချန်မင်မင်က မေးသည်။

"အစ်ကို နောက်တစ်ခါ သူနဲ့တွေ့ရင် တိုက်ခိုက်မှာလား"

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

"ကျုပ် မသိဘူး"

ချန်မင်မင်သည် ဝါယင်လုံ၏ အခက်အခဲကို နားလည်သဘောပေါက်မိပါသည်။

ထို့ကြောင့် ဆက်မမေးတော့ချေ။

သူတို့နှစ်ယောက်သည် ချင်ယွင်နှင့် ချိန်းဆိုတထားသည့်နေရာသို့ ဦးတည်လျှောက်လာခဲ့ကြသည်။



မြို့ပြင်သို့ရောက်လာကြပြီး တောင်ကုန်းကလေးတစ်ခုပေါ်သို့ တက်မိလျှင် သူတို့အား စောင့်ကြိုနေသော ချင်ယွင်အား တွေ့လိုက်ရကြတော့သည်။

ချင်ယွင်သည် ဝါယင်လုံနှင့် ချန်မင်မင်တို့အား အပြုံးဖြင့် ဆီကြိုနေသည်။

ဝါယင်လုံက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုရင်း ...

"ကျွန်တော် နောက်ကျသွားရင် ခွင့်လွှတ်ပါခင်ဗျာ"

တောင်းပန်လိုက်သည်။

ချင်ယွင်က လက်ကာပြလိုက်လေ၏။

"မင်း ရောက်လာရင် ပြီးတာပဲ၊ နောက်ကျတာတို့ စောတာတို့က အရေးမကြီးပါဘူး၊ မင်းကို ငါချိန်းထားတဲ့အချိန်မှာ ငါ့မှာ ဘာမှအလုပ်မရှိဘူးကွ"

ပြောရင်း ဝါယင်လုံနှင့်အတူ လိုက်လာသော ချန်မင်မင်ကို လက်ဝှေ့ယမ်းပြကာ ...

"ကဲ ... ငါ့မြေး ပြန်ပေတော့"

"ကျွန်မ မပြန်ဘူး ဘိုးဘိုး"

"ဘာလဲ ... မင်းက ငါ့စကား နားမထောင်ဘူးလား"

"နားမထောင်ချင်လို့ မဟုတ်ပါဘူး ဘိုးဘိုးက အစ်ကို့ကို အဆိပ်ဖြေပေးနေချိန်မှာ ရန်သူရောက်လာရင် ဘယ်လိုလုပ်မလဲ၊ ကျွန်မ ကာကွယ်စောင့်ရှောက်ပေးမလို့ပါ"

သာမန်အချိန်တွင် သူ့အား ကြီးကျယ်သည်ဟု ပြောမိမည်ဖြစ်ပေသည်။

သို့သော် သူမစကား မှန်ကန်နေ၏။

အဆိပ်ပြေပေးနေစဉ် ရန်သူရောက်လာပါက နှစ်ယောက်စလုံး ဒုက္ခရောက်နိုင်သည်။

ချင်ယွင် တွေဝေသွားပြီးမှ ခေါင်းခါယမ်းရင်း ...

“မလိုချင်ဘူး၊ ငါတို့ ဒီမှာရှိတာ ဘယ်သူသိမှာလဲ”

“မသိရင် ကောင်းတာပေါ့၊ သိသွားရင် ဘယ်လိုလုပ်မလဲ”

ချင်ယွင် အခက်ကြုံသွား၏။

ချန်မင်မင်နှင့် စကားနိုင်လုရ၍ မရကြောင်း သူသိသည်။

မတတ်သာသည့်အဆုံး အလျှော့ပေးလိုက်ရလေတော့သည်။

တကယ်တော့ သူ့အဘိုးသည် အမြဲတမ်း အလျှော့ပေးခဲ့ရသည်သာ။

“ကောင်းပြီလေ ... မင်းနေချင် နေနိုင်တယ်၊ ဒါပေမယ့် ဝင်မရှုပ်ပါဘူးလို့ ကတိပေးရမယ်”

နေခွင့်ရပြီဖြစ်၍ ချန်မင်မင် ဝမ်းသာပျော်ရွှင်သွားလေသည်။

“စိတ်ချပါ၊ ကျွန်မ ကတိပေးပါတယ်”

ချင်ယွင်က ဝါယင်လုံဘက်သို့ လှည့်ကာ ...

“ကဲ ... လာ၊ ကျုပ်နောက်လိုက်ခဲ့”

ပြောပြောဆိုဆို ဝါယင်လုံအား လက်ဆွဲခေါ်သွားသည်။

ဝါယင်လုံ လိုက်သွားရလေသည်။

တောင်ကုန်းလေး၏ အပေါ်ဘက်သို့ ဆက်တက်သွားကြခြင်း ဖြစ်သည်။



တောင်အလယ်တွင် မြေကွက်လပ်တစ်ခုရှိသည်။

မြေကွက်လပ်နှင့် မနီးမဝေးတွင် ကျောက်ဂူကလေးတစ်လုံး ရှိသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်ယွင်သည် ဝါယင်လုံနှင့်အတူ ကျောက်ဂူထဲ လှမ်းဝင်သွားသည်။

ချန်မင်မင် လိုက်လာမည်ပြုရာ ...

“မလိုက်နဲ့၊ အပြင်ကပဲစောင့်နေ၊ ငါ့မြေးစကားအတိုင်း အပြင်က စောင့်ရှောက်ပေါ့”

ကျောက်ဂူအပေါက်ဝကို အတွင်းမှ ကျောက်တုံးတစ်တုံးဖြင့် ပိတ်ထားလိုက်သည်။

ချန်မင်မင် သက်ပြင်းချလိုက်သည်။

ကျောက်ဂူအပြင်ဘက် မြေကွက်လပ်တွင် ထိုင်ချရင်း စောင့်နေလိုက်ရတော့သည်။

○ ○ ○

ကျောက်ဂူကလေးသည် အတော်အသင့် ကျယ်ဝန်းသည်။

ကျောက်ဂူထဲသို့ရောက်သည်နှင့် ချင်ယွင်က အသင့်ပါလာသော ဖယောင်းတိုင်နှင့် မီးခြစ်ကိုထုတ်ယူကာ မီးထွန်းညှိလိုက်သည်။

ကျောက်ဂူအတွင်း ဝါယင်လုံကို ထိုင်နိုင်းသည်။ ပြီးလျှင် လက်ဝါးဖြန့်ကာ ...

“မနေ့က ငါပြန်ပေးခဲ့တဲ့ ဆေးလုံး ချန်မင်မင် မင်းကို ပေးခဲ့သလား”

ဟု တောင်း၏။

ဝါယင်လုံ ခေါင်းခါယမ်းပြရင်း ...

"မပေးသေးပါဘူး ခင်ဗျာ"

"ဟာ ... ခက်တာပဲ"

ပြောပြီး ချင်ယွင်က ကျောက်ဂူဝသို့ လျှောက်သွားကာ အပြင်ဘက်ရှိ ချုန်မင်ခင်ထံမှ ဆေးလုံးကလေးများ တောင်းယူလိုက်သည်။

ဆေးလုံးကလေးများ ရလာသောအခါ ဝါယင်လုံကို ပေးပြီး

"တစ်လုံး မင်းသောက်လိုက်၊ ကျန်တဲ့နှစ်လုံး မင်းပဲ သိမ်းထားလိုက်"

ဝါယင်လုံက ဆေးတစ်လုံး သောက်ပြီး ကျန်ဆေးနှစ်လုံးကို သိမ်းဆည်းထားလိုက်သည်။

ဆေးသောက်ပြီးမှ ချင်ယွင် ရှင်းပြသည်။

"ဒီဆေးဟာ အတွင်းအားကို အထောက်အကူပြုစေတဲ့ ဆေးလုံးပဲ၊ အဆိပ်ကိုလည်း ချေဖျက်နိုင်တဲ့ အစွမ်းရှိတယ်၊ အဆိပ်မိပြီး အတွင်းအား ကုန်ခမ်းနေသူတွေကို ကုသပေးဖို့ အင်မတန် အစွမ်းထက်မြက်တဲ့ဆေးပေါ့"

ထိုစကားကြားလျှင် ဝါယင်လုံ အားတုံ့အားနာ ဖြစ်သွားသည်။

သူ့နည်းတူ ယင်းဆေးလုံးကလေးများကို လိုအပ်နေသူများ ရှိကောင်းရှိပေလိမ့်မည်။

ထိုလူများသည် ကြယ်တံခွန်ဂိုဏ်းမှ အဆိပ်ဖြင့် လုပ်ကြံကာ ဖမ်းဆီးထားသူများ ဖြစ်၏။



ထိုလူများကို ကယ်တင်ပြီး ဆေးလုံး တိုက်ကျွေးသင့်သည်။

သူ သောက်လိုက်သည့်အတွက် ဆေးလုံးတစ်လုံး လျော့နည်းသွားချေပြီ။

ကျန်နှစ်လုံးကို လိုအပ်သည့်အချိန်တွင် အသုံးပြုရန် ကောင်းမွန်စွာ သိမ်းဆည်းထားလိုက်သည်။

ဆေးလုံးကလေးများ သိမ်းဆည်းလိုက်ချိန်တွင် ချင်မင်တာထံမှ ရခဲ့သော ဆေးပုလင်းကလေးကို လက်နှင့်စမ်းမိသည်။ ချက်ချင်း ထုတ်ယူကာ ချင်ယွင်ကို ပြလိုက်သည်။

"ဘိုးဘိုး ... ဒီဆေးဟာ ဘာဆေးလဲဆိုတာ ကြည့်ပါဦး"

ချင်ယွင်သည် ဝါယင်လုံ လှမ်းပေးသော ဆေးပုလင်းကလေးကို ယူ၍ အဖုံးဖွင့်ကာ နမ်းကြည့်လိုက်သည်။

သူ၏မျက်နှာတွင် ထူးခြားသည့် အရိပ်အယောင်များ ပေါ်ထွက်လာ၏။

ချက်ချင်း အဖုံးပြန်ပိတ်လိုက်ပြီး ...

"မင်း ဘယ်ကရလာတာလဲ"

ဟု မေးလိုက်သည်။

ဝါယင်လုံက ...

"ယီစန်းသက်ဆီကပါ"

"အေး ... ဒီဆေးကိုတော့ ငါမသိဘူး၊ လိုရမယ်ရ မင်းပဲ သိမ်းထားလိုက်ပါ"

ဝါယင်လုံလည်း မတတ်သာဘဲ ဆေးပုလင်းကလေးကို ပြန်လည်သိမ်းဆည်းထားလိုက်ရ၏။

ချင်ယွင်က သူ့အား အတွင်းအားလှည့်ပတ်ခိုင်းသည်။

ထို့နောက် ပြောင်းပြန်သိုင်းကျင့်စဉ်ကို ဆက်၍ သင်ပေးလေသည်။ ဝါယင်လုံသည် ချင်ယွင်စေခိုင်းသမျှ မညည်းမညူ ပြုလုပ်ရသည်။

ချင်ယွင်နှင့် ချန်မင်မင်တို့သည် သူ့အပေါ် အလွန်စေတနာထားသူများဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ထားသည်။

ပြောင်းပြန်သိုင်း လေ့ကျင့်မှုကို ပြီးဆုံးအောင် သင်ကြားပေးပြီးမှ ...

"ကဲ ... မင်းရဲ့ ခန္ဓာကိုယ်ထဲက အဆိပ်တွေကို ထုတ်ပစ်မယ်"

ဝါယင်လုံ ဝမ်းသာနေ၏။

သူ၏အဆိပ်မိထားခြင်းကို ချင်ယွင်တစ်ဦးတည်းသာ ကုသပေးနိုင်မည်ဟု ယုံကြည်ထားလေ၏။

"ဘိုးဘိုးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟု လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်ကာပြောလိုက်သည်။

ချင်ယွင်က လက်ကာပြပြီး ...

"ကျေးဇူးတင်စရာမလိုပါဘူး၊ မင်းဟာ ရိုးသားပြီး စိတ်ကောင်းရှိတဲ့လူမဟုတ်ရင် ဆေးကုပေးဖို့ ငါ စဉ်းစားမှာတောင်မဟုတ်ဘူး၊ ကဲ ... အတွင်းအားနဲ့ မင်းရဲ့ ခန္ဓာကိုယ်ထဲက အဆိပ်တွေ အပြင်ရောက်အောင် ကုပေးမယ်၊ နည်းနည်းတော့ အခံရခက်လိမ့်မယ်"

ဝါယင်လုံ တည်ကြည်စွာ ပြောလိုက်၏။

"ကျွန်တော် ခံနိုင်ရည်ရှိပါတယ်"



"ကောင်းပြီ ... တို့ စကြရအောင်"

ချင်ယွင်က ဝါယင်လုံအား တင်ပျဉ်ခွေ ထိုင်ခိုင်းသည်။

လက်ဝါးနှစ်ဖက် ပေါင်ပေါ်တင်၍ ခါးဆန့်ကာ မတ်မတ်ထိုင်ရင်း အသက်ပြင်းပြင်း ရှူရှိုက်စေသည်။

အတွင်းအားကို ချက်မှ အောက်ပိုင်း ဝမ်းဗိုက်အတွင်းမှ စတင်ဖော်ထုတ်ကာ သွေးကြောများမှတစ်ဆင့် တစ်ကိုယ်လုံးကို လှည့်ပတ်စေသည်။

သူကိုယ်တိုင်လည်း ဝါယင်လုံ၏ နောက်ကျောဘက်တွင် တင်ပျဉ်ခွေ ထိုင်ချလိုက်၏။

လက်ဝါးနှစ်ဖက်တွင် အတွင်းအားစုစည်းကာ ဝါယင်လုံ၏ ကျောကို ဖိကပ်လိုက်၏။

နောက်ကျောရှိ သွေးကြောများမှ အင်အားတစ်ခု တိုးဝင်လာလျှင် ဝါယင်လုံ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

ပြင်းထန်သော အတွင်းအားလှိုင်းများသည် သွေးကြောအတွင်း လှည့်ပတ်ပြေးလွှားနေကြသည်။

တစ်ကိုယ်လုံး ယားယံလာသလို ပူလောင်လာသလို ခံစားရသည်။

မွေးညင်းပေါက်မှတဆင့် ချွေးများ ထွက်လာသည်။

စုစည်းထားသော အဆိပ်များ ပြိုကွဲကာ တစ်ကိုယ်လုံးသို့ပျံ့နှံ့သွားချေပြီ။

သို့သော် အန္တရာယ်ဖြစ်မည်ကို စိုးရိမ်စရာမလိုချေ။

လှည့်ပတ်နေသော အတွင်းအား၏ လောင်းရိပ်အောက်မှ အပူငွေ့နှင့်အတူ ချွေးများဖြင့်ရောကာ ခန္ဓာကိုယ်အပြင်ဘက်သို့ တစိမ့်စိမ့် ထွက်သွားလေတော့သည်။

ဝါယင်လုံ၏ ခန္ဓာကိုယ် ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း ဖြစ်လာသည်။

ခွန်အားအသစ်များ တိုးပွားလာသည်ဟုလည်း ခံစားနေရသည်။

သူတို့နှစ်ယောက်စလုံး မျက်လုံးများ မှိတ်ထားကြသည်။

အသက်မှန်မှန်ရှူရှိုက်ရင်း သမထကျင့်စဉ်အတိုင်း အဆိပ်များ ကုသနေကြသည်။

သို့ဖြစ်ရာ ပတ်ဝန်းကျင်ကို မေ့လျော့နေပြီး အပြင်ဘက်မှ အဖြစ်အပျက်များကို လုံးဝမသိခဲ့ကြပါတော့ချေ။

ကျောက်ဂူအတွင်းမှ မီးရောင်သည် အပြင်ဘက်သို့ စွန်းယွက်နေသည်။

မီးရောင်ထွက်ပေါ်နေသည့်အတွက် ချန်မင်မင်က ဘဝင်မကျဖြစ်မိသည်။

ညအချိန် တောင်ကုန်းပေါ်မှ မီးရောင်မြင်ရလျှင် ထူးခြားချက်ရှိနေကြောင်းမြင့်တိုင်း ရိပ်စားမိသည်။

ဤနေရာတွင် လူသူနေထိုင်ခြင်းမရှိသည့် နေရာတစ်ခု မဟုတ်ပါလား။

မီးရောင်ကိုတွေ့ရလျှင် မြင်သူတိုင်း စုံစမ်းရန် တောင်ကုန်းပေါ်



တက်လာကြမည်ဖြစ်ပါသည်။ မတွေ့လျှင်တော့ အကြောင်းမဟုတ်ချေ။

ချန်မင်မင် စိတ်ပျက်လက်ပျက် ကျောက်ဂူဝတွင် ထိုင်နေသည်။

မီးရောင်ကို အဝေးမှမတွေ့မိနိုင်စေရန် သူမ၏ ခန္ဓာကိုယ်ဖြင့် အတတ်နိုင်ဆုံး ကာကွယ်ထားလိုက်သည်။

မည်သို့ဆိုစေ ကျင်လင်မြို့တစ်ဝိုက်တွင် လှုပ်ရှားသွားလာနေသော သိုင်းလောကသား အတော်များများ ရှိကြပါသည်။

အတက်လမ်း သိုင်းသမားများသာမက အောက်လမ်းသိုင်းသမားများလည်း ပါဝင်နေသည်။

ချန်မင်မင် တွေးထင်ထားသည့် အတိုင်းပင် တောင်ကုန်းကလေးပေါ်မှ မီးရောင်ကို တွေ့မြင်သွားသူများ ရှိခဲ့ကြ၏။

ထိုလူများသည် ချက်ချင်းပင် တောင်ကုန်းကလေးပေါ်သို့ တက်ရောက်လာကြလေတော့သည်။

○ ○ ○

အခန်း(၅၁)

## ဂိုဏ်းနှစ်ဂိုဏ်း၏ ရန်စွယ်

ချန်မင်မင်သည် ကျောက်ဂူ၀တွင် ထိုင်နေသည်။

ကောင်းကင်ပေါ်မှ ထွက်ပေါ်လာနေသော လ၀န်းကို ငေးမျှော်ကြည့်နေမိလေ၏။

မကြာမီ ချင်ယွင်၏ ဆေးကုသမှုပြီးစီးသွားပေတော့မည်။

၀ါယင်လုံ၏ အဆိပ်များ ပျောက်သွားပါက သိုင်းလောကတွင် ပြန်လည်လှုပ်ရှားနိုင်တော့မည် ဖြစ်၏။

ထိုအခါ ရန်သူများကို ချေမှုန်းရန် အင်အားတစ်ခု တိုးလာပေမည်။

အဆိပ်ပြန်ထ၍ ရန်သူ့လက်တွင်း၌ အန္တရာယ်ကြုံရသည့် အဖြစ်မျိုး ထပ်မံဖြစ်ပေါ်၍ လာတော့မည်မဟုတ်ပါ။

ချန်မင်မင် တွေးရင်း တွေးရင်း စိတ်သက်သာရာ ရလာမိပေတော့သည်။



ထိုစဉ် သူမ၏၀ဲဘက်ထောင့် တစ်နေရာမှ လှုပ်ရှားမှုတစ်ခု ထွက်ပေါ်လာသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည်။

ချန်မင်မင် ရင်ထိတ်သွားသည်။

ချက်ချင်း ထိုင်ရာမှ ခုန်ထလိုက်ပြီး ...

"ရပ်လိုက် ..."

ဟုအော်ငေါက်ကာ ရှေ့သို့ ပြေးထွက်ဟန့်တားလိုက်သည်။

အမှောင်ရိပ်အတွင်းမှ လူတစ်ယောက် လျှင်မြန်စွာ ထွက်ပေါ်လာပြီး သူမရှေ့သို့ ရောက်ရှိလာသည်။

လရောင်ဖြင့် ကြည့်လိုက်ရာ ရောက်လာသူမှာ အမျိုးသမီးကြီး တစ်ယောက်ဖြစ်ကြောင်း တွေ့မြင်လိုက်ရသည်။

ချန်မင်မင် မျက်မှောင်ကြုတ်လိုက်၏။

"ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

သူမက ခက်ထန်ထန် မေးလိုက်၏။

ဤနေရာသို့ ရောက်လာသူဟူသရွေ့ကို သူမက ရန်သူလို သဘောထားမည်သာ ဖြစ်သည်။

အမျိုးသမီးကြီးသည် ချန်မင်မင်ကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်၏။

တစ်ဖန် အေးတိအေးစက် လေသံဖြင့် မေးလေ၏။

"မင်းက ချန်မင်မင် မဟုတ်လား"

သူမ၏စကားကြားလျှင် ချန်မင်မင် အံ့ဩသွားသည်။

အမျိုးသမီးကြီးအား မျက်မှောင်ကြုတ်ကြည့်ရင်း ...

"ရှင် ဘယ်လိုလုပ်သိတာလဲ"

သူမ၏ စကားသည် ချန်မင်မင်ဖြစ်ကြောင်း ဝန်ခံရာ ရောက်ပေသည်။

အမျိုးသမီးကြီး ရယ်မောလိုက်၏။

"ဟင်း ... ဘယ်လိုသိသိ အကြောင်းမဟုတ်ပါဘူး၊ ဝါယင်လုံ ဘယ်မှာလဲ"

မေးရင်း သူမ၏မျက်လုံးများသည် မီးရောင်ထွက်ပေါ်နေသော ကျောက်ဂူကလေးဆီသို့ ရောက်ရှိသွားသည်။

ချန်မင်မင်သည် ရင်ထိတ်သွားပြီး ကျောက်ဂူကလေးသို့သွားရာလမ်းကို ပိတ်ဆို့ဟန့်တားထားလိုက်၏။

"သူမရှိဘူး"

သူမက ငြင်းလိုက်သည်။

အမျိုးသမီးကြီး မဲ့ပြုံးပြုံးကာ ...

"သူ အထဲမှာရှိတယ်မဟုတ်လား"

ကျောက်ဂူကလေးကို ညွှန်ပြရင်း ပြောပြလိုက်သည်။

"မရှိဘူး"

"ငါ့ကို မညာနဲ့"

"ရှင် ဘယ်သူလဲ"

အမျိုးသမီးကြီးက အဖြေမပေးပါချေ။

ကျောက်ဂူကလေးဆီသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ရပ်လိုက် ..."

ချန်မင်မင် အော်ဟစ်ရင်း လက်ဝါးတစ်ချက် ရိုက်ချလိုက်လေ၏။



"ဝုန်း ..."

အမျိုးသမီးကြီးကလည်း ပြန်လည်၍ ခုခံတိုက်ခိုက်သည်။

တိုက်ခိုက်ရင်း ထိုအမျိုးသမီးကြီးမှာ ကြယ်တံခွန်ဂိုဏ်းက လူလား၊ ရှန်းမုံဂိုဏ်းက လူလားဟု ချန်မင်မင် တွေးနေမိသည်။

အမျိုးသမီးကြီးသည် သူမအား သေလောက်သည့် တိုက်ကွက်များ အသုံးပြုတိုက်ခိုက်ခြင်း မရှိချေ။

ချန်မင်မင် မဟန့်တားနိုင်အောင် ချုပ်ထိန်းသည့်သဘောဖြင့် သွေးကြောပိတ်ရန်သာ ရည်ရွယ်ပြီး တိုက်ခိုက်သည်။

သူမ၏ သွေးကြောပိတ်ပညာ လွန်စွာ ထက်မြက်နေသည်ကို တွေ့ရလျှင် ချန်မင်မင် ထိတ်လန့်အံ့ဩသွားလေ၏။

"တယ်ကောင်းတဲ့ ပညာပဲ"

သူမက ချီးကျူးလိုက်မိသည်။

အမျိုးသမီးကြီးသည် မဲ့ပြုံးပြုံးကာ ကျောပေါ်တွင် ပိုးထားသော ချိတ်ကောက်ပုံသဏ္ဍာန် လက်နက်ဆန်း တစ်မျိုးကို ဖြုတ်ယူလိုက်သည်။

တစ်ဆက်တည်းပင် ချန်မင်မင်ကို တရကြမ်း တိုက်ခိုက်လေတော့သည်။

ချန်မင်မင် ကိုယ်တိုင်ကလည်း အမျိုးသမီးကြီးအား သွေးကြောပိတ်ရန် ဦးတည်တိုက်ခိုက်နေခြင်းဖြစ်ရာ သူတို့၏တိုက်ကွက်များ သိပ်မကွာလှပါချေ။

ယခု အမျိုးသမီးကြီး လက်နက်ထုတ်ကာ တိုက်ခိုက်လာ၍ ရင်မဆိုင်ဝံ့ဘဲ နောက်ဆုတ်ပေးလိုက်ရသည်။

အမျိုးသမီးကြီးက ရှေ့တိုးလာသည်။

အမျိုးသမီးကြီး၏ တိုက်ကွက်များမှာ လွန်စွာ ကြောက်မက်ဖွယ် ကောင်းနေသည်။

လက်နက်မဲ့ ခုခံတိုက်ခိုက်သွားလျှင် များမကြာမီ ရှုံးနိမ့်သွားနိုင်ကြောင်း ချန်မင်မင် တွက်ဆမိသည်။

တိုက်ရင်းခိုက်ရင်း ချိတ်ကောက် လက်နက်ကိုကြည့်ရင်း လူတစ်ယောက်ကို သတိရလာသည်။

သူမ သတိရလာသည်မှာ ဝမ်ကျောက်နီ ဖြစ်သည်။

ချိတ်ကောက် လက်နက်သည် ဝမ်ကျောက်နီ အသုံးပြုလေ့ပြုထရှိသော လက်နက်ဖြစ်သည်။

ထို့ကြောင့် မေးကြည့်လိုက်လေသည်။

"ရှင် ဘယ်သူလဲ၊ မမဝမ်ကျောက်နီနဲ့ ဘယ်လိုပတ်သက်နေသလဲ"

အမျိုးသမီးကြီးသည် ဝမ်ကျောက်နီဟူသော အမည်ကြားရလျှင် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

အဖြေမပေးဘဲ ချန်မင်မင်ကိုသာ ဖိ၍တိုက်ခိုက်နေသည်။

ချန်မင်မင် တစ်စထက်တစ်စ နောက်ဆုတ်ပေးနေရလေတော့သည်။

ထိုစဉ် တောင်ကုန်းကလေး၏ မြေကွက်လပ် တစ်ဖက်စွန်းမှ လူရိပ်တစ်ခု ပြေးထွက်လာသည်ကို တွေ့ရ၏။

ထိုလူရိပ်သည် ချန်မင်မင်တို့ တိုက်ခိုက်နေကြည်ကို အခွင့်ကောင်းယူပြီး ကျောက်ဂူကလေးဆီသို့ ပြေးသွားသည်။



ထိုလူ ပြေးသွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်သည်နှင့် ...

"ရပ်လိုက်စမ်း"

အမျိုးသမီးကြီးသည် ချန်မင်မင်နှင့် တိုက်ခိုက်နေရာမှ နံဘေးသို့ ခုန်ရှောင်ထွက်လိုက်သည်။

တစ်ဖန် ပြေးသွားသော လူရိပ်၏ ရှေ့မှပိတ်ကာ ဟန့်တားလိုက်လေ၏။

ပြေးဝင်လာသော လူရိပ်မှာ သန်မာထွားကျိုင်းသူ တစ်ယောက်ဖြစ်သည်။ မျက်နှာနီရဲကာ မုတ်ဆိတ်မွေးများ ထူပျစ်စွာရှိသူဖြစ်၏။

ထိုလူ၏မျက်နှာကို တွေ့ရသည်နှင့် အမျိုးသမီးကြီးက ...

"ဘယ်သူများလဲ အောက်မေ့တယ်၊ ကွမ်မုစုလန်ကိုး၊ မင်းဒီလို အလစ်ဝင်လို့ ရမယ်ထင်နေသလား၊ အသက်နမြောရင် မြန်မြန်နောက်ဆုတ်သွားစမ်း"

သူမက အော်ငေါက်လိုက်သည်။

ကွမ်မုစုလန်သည် ရှန်းမုံဂိုဏ်းမှအားထားရသော ဌာနမှူးတစ်ယောက် ဖြစ်ပေသည်။

ရှန်းမုံဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းသားများသည် ဝါယင်လုံနှင့် ချန်မင်မင်တို့၏ လှုပ်ရှားမှုများကို တိတ်တဆိတ် စောင့်ကြည့်နေခဲ့ကြသည်။

ဝါယင်လုံနှင့် ဝါမိသားစုသည် သူတို့၏ အဓိကရန်သူများအဖြစ် သတ်မှတ်ထားခဲ့ကြသည် မဟုတ်ပါလား။

ကွမ်မုစုလန်သည် သူ့အကြံအစည် ပျက်သွား၍ ဒေါကန်သွားသည်။

"ခင်ဗျား ဝင်မရှုပ်နဲ့၊ ရှန်းမုံဂိုဏ်းအကြောင်း မကြားမိဘူးလား၊ ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်"

အမျိုးသမီးကြီး သဘောကျစွာ ရယ်မောလိုက်သည်။

"ဟွန်း … ရှန်းမုံဂိုဏ်းနာမည်သုံးပြီး ခြိမ်းခြောက်လို့ ငါက ကြောက်မယ်ထင်သလား၊ မင်းမှာ အဖော်ပါရင် ခေါ်လိုက်စမ်းပါ"

ပြောရင်း ချိတ်ကောက်လက်နက်ဖြင့် ဖိ၍ တိုက်ခိုက်သည်။

ကွမ်မုစုလန်သည် အမျိုးသမီးကြီးနှင့် ပြိုင်ဘက်မဟုတ်ချေ။

သို့ဖြစ်ရာ အမျိုးသမီးကြီး၏ တိုက်ခိုက်မှုကို မခံနိုင်ဘဲ နောက်သို့သာ ဆုတ်နေရလေတော့သည်။

ချန်မင်မင်သည် တိုက်ပွဲအတွင်းသို့ ပါဝင်တိုက်ခိုက်ခြင်း မပြုဘဲ နံဘေးမှ ငေးကြည့်နေသည်။

အမျိုးသမီးကြီးသည် သူမအား တိုက်ခိုက်ခဲ့သော်လည်း ကွမ်မုစုလန်က ဂူပေါက်ထဲဝင်ရန် ကြံရွယ်သောအခါ ဟန့်တားခဲ့သည်။

သူမကို ကူညီသလို ရှိနေခဲ့၏။

အမှန်တော့ သူမကို ကူညီခြင်းမဟုတ်ဘဲ ဝါယင်လုံကို ကူညီနေခြင်းဖြစ်ကြောင်း ချန်မင်မင် နားလည်လာမိ၏။

အမျိုးသမီးကြီးသည် ဝမ်ကျောက်နီ၏ ဆရာဖြစ်ရမည်ဟု တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

ကွမ်မုစုလန်သည် အခြေအနေ မဟန်မှန်းသိလျှင် ဆက်၍ မတိုက်တော့ဘဲ နောက်သို့ဆုတ်သွားသည်။

တစ်ဖန် မီးကျည်လက်နက်တစ်ခုထုတ်ကာ ကောင်းကင်ပေါ် ထောင်၍ မီးကျည်ပစ်ဖောက်လိုက်၏။



"ရှ …"

ရှူးခနဲမြည်သံနှင့်အတူ ကောင်းကင်ပေါ်သို့ အနီရောင်မီးကျည် တစ်ခု ထိုးတက်သွားသည်။

မီးကျည်ထွက်ပေါ်ပြီး မကြာမီ လူတစ်စု ပြေးလွှားရောက်ရှိ လာကြသည်ကို တွေ့မြင်လိုက်ရလေ၏။

ချန်မင်မင် စိတ်ပျက်သွားသည်။

ရန်သူ တစ်စထက်တစ်စ များပြားလာသဖြင့် အခြေအနေ မကောင်းဟု တွေးမိလာသည်။

ကျောက်ဂူလေးအနီးသို့ ချဉ်းကပ်သွားပြီး အော်ပြောလိုက်၏။

"ဘိုဘိုး … မြန်မြန်လုပ်ပါ၊ အပြင်မှာ ရန်သူတွေ ရောက်နေပြီ၊ ရန်သူက တစ်ယောက်တည်းမဟုတ်ဘူး၊ တော်တော်များတယ်"

ထိုအချိန်တွင် ပြေးလွှားလာကြသူများသည် အမျိုးသမီးကြီး အား ဝိုင်းရံထားလိုက်ကြသည်ကို တွေ့ရ၏။

ပြေးလာသူများအား ခေါင်းဆောင်လာသူမှာ အိမ်အိုအိမ် ဟောင်းတွင် တွေ့ခဲ့ရသော မုန်းစီးလျှံ ဖြစ်သည်။

မုန်းစီးလျှံတို့လူစု ရောက်လာသည်ကိုတွေ့ရလျှင် ကွမ်မုစုလန် အားတက်သွားသည်။

"ဟော့ … မုန်းစီးလျှံ ဂိုဏ်းချုပ်ကော မလာဘူးလား"

သူက လှမ်းမေးလိုက်၏။

မုန်းစီးလျှံ ခေါင်းခါရမ်းရင်း …

"ဂိုဏ်းချုပ်မအားလို့ မလာနိုင်ဘူး၊ ဌာနချုပ်မှာ အခမ်းအနား ကျင်းပဖို့ စီစဉ်နေတယ်"

"အေး ... ကျုပ်က ဂိုဏ်းချုပ်နိုင်းတဲ့ကိစ္စ ဆောင်ရွက်ဖို့ ဒီက ဖြတ်အသွား တောင်ကုန်းပေါ်မှာ မီးရောင်တွေ့လို့ဝင်လာတာ၊ သူတို့ တိုက်ခိုက်နေတာတွေ့ရတယ်၊ ကျောက်ဂူထဲမှာ လူရှိလိမ့်မယ်"

"ဒါဆို ဝါယင်လုံပဲဖြစ်မှာပေါ့"

"ဟုတ်တယ် ... ဖြစ်နိုင်တယ်"

မုန်းစီးလျှံသည် ပြောရင်း ကွမ်မုစုလန်နှင့် တိုက်ခိုက်ခဲ့သော အမျိုးသမီးကြီးကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ...

"ဩော် ... ဘယ်သူများမှတ်တယ်၊ ဂူကတော်ပါလား"

အမျိုးသမီးကြီး၊ မုန်းစီးလျှံနှင့် ကွမ်မုစုလန်တို့မှာ တစ်ယောက်နှင်တစ်ယောက် သိထားကြသည်။

အမျိုးသမီးကြီးအား မုန်းစီးလျှံတို့လူစုက 'ဂူကတော်' ဟုလည်းကောင်း၊ 'ချင်စုမင်' ဟုလည်းကောင်း ခေါ်ကြသည်။

အမျိုးသမီးကြီးက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်၏၊

"မင်းတို့ နောက်ဆုတ်သွားရင်ကောင်းမယ်"

မုန်းစီးလျှံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့က ဝါယင်လုံကိုဖမ်းဖို့ ကြိုးစားတာ ကြာပြီဗျ၊ ခုလို အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူး၊ သူကျောက်ဂူထဲမှာ ပုန်းနေတာဟာ အဆိပ်ပြန်ထလာလို့ ဖြစ်ရမယ်၊ သူအဆိပ်မိထားပြီး မကြာခဏ အဆိပ်ထလာတတ်တယ်ဆိုတာ ကျုပ်တို့သိထားပါတယ်ဗျာ"

"မင်းတို့ သူ့ကိုဖမ်းမယ်ဆိုရင် ကျုပ်နဲ့ အရင်ဦးဆုံး ရင်ဆိုင်ရလိမ့်မယ်"



မုန်းစီးလျှံ အခက်ကြုံသွားသည်။

သူတို့သည် ချင်စုမင် ရောက်နေမည် မထင်မိကြချေ။

ချန်မင်မင်နှင့် ဝါယင်လုံတို့သာရှိလျှင် ကျိန်းသေဖမ်းနိုင်မည်ဟု အပိုင်တွက်ဆပြီး လာခဲ့ကြခြင်း ဖြစ်သည်။

ကွမ်မုစုလန်က မုန်းစီးလျှံအား မျက်ရိပ်ပြလိုက်သည်။

ချန်စုမင် ရှိသည့်အတွက် ဝါယင်လုံအား ဖမ်းဆီးရန် မလွယ်ဟူသည့် သဘောဖြစ်သည်။

မုန်းစီးလျှံ အကြံအိုက်သွားသည်။

ထိုစဉ် ချန်မင်မင်ကို တွေ့မြင်သွားရာ ...

"အတော်ပဲ ... မင်းကို မေးစရာ စကားတစ်ခွန်းရှိနေတယ်"

ချန်မင်မင် နှာခေါင်းရှုံ့လိုက်၏။

"ရှင်မေးတိုင်း ဖြေရမှာလား၊ ရှင်တို့က ဘယ်လိုလူတွေမို့လို့လဲ"

"မင်းမဖြေဘဲ မနေနိုင်ပါဘူး၊ ယန်တောင်ဟာ မင်းရဲ့အဖေ မဟုတ်လား"

ထိုစကားကြားရလျှင် ချန်မင်မင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါ သွားသည်။

ဤမြွေမပျက်အောင် မနည်းထိန်းချုပ်ကာ မုန်းစီးလျှံ၏ စကားကို မကြားချင်ဟန်ဆောင်နေလိုက်သည်။

မုန်းစီးလျှံသည် သူမ၏ ဖခင်အမည်ကို သိရှိထား၏။

ဤသည်မှာ ထူးခြားချက်တစ်ခု ဖြစ်၏။

သူမ၏ဖခင်သည်လည်း အခြားအခြားသော ပျောက်ဆုံးသွား

ကြသည့် သိုင်းလောကသားများနည်းတူ ကြယ်တံခွန်ဂိုဏ်းနှင့် ရှန်းမုံဂိုဏ်းတို့၏ ဖမ်းဆီးခြင်း ခံနေရပြီလော။

ချန်မင်မင်သည် မုန်းစီးလျှံကို ဒေါသမီးခိုးများ ရစ်သိုင်းနေသည့် မျက်လုံးအစုံဖြင့် စိုက်ကြည့်မိသည်။

ချန်မင်မင် စိတ်လှုပ်ရှားနေကြောင်း မုန်းစီးလျှံ ရိပ်မိသည်။ ထို့ကြောင့် မခံချင်အောင် တမင်ပြောလိုက်သည်။

"ဟား ... ဟား ... ဟား ... မင်းအဖေ သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်တို့ကိုတော့ မကျော်နိုင်ဘူး၊ သူ ကျုပ်တို့လက်ထဲရောက်နေတာ ဆယ်နှစ်လောက်ရှိပြီကွ"

ချန်မင်မင်သည် ချက်ချင်းပင် မုန်းစီးလျှံကို ဖမ်းဆီးကာ ဖခင်အား ချုပ်နှောင်ထားသည့်နေရာကို မေးလိုသည်။

သို့သော် သူမ အကြမ်းဖက်၍မဖြစ်ကြောင်း နားလည်ထား၏။

သူမ၏ဖခင်ဟု ဝန်ခံလိုက်လျှင် မုန်းစီးလျှံတို့သည် ဖခင်ကြီး၏ အသက်အန္တရာယ်နှင့် သူမကို အကျပ်ကိုင်ခြိမ်းခြောက်မည်ဖြစ်သည်။

တိုအခါ သူမသည်လည်း ရန်သူ၏ သားကောင်ဘဝသို့ အလိုလို ကျရောက်သွားရမည်ဖြစ်သည်။ သူမသည် ဉာဏ်ကောင်းသဖြင့် ဟန်ဆောင်လိုက်၏။

ချန်မင်မင် သက်ပြင်းချရင်း ...

"ရှင် လူမှားနေပြီ"

သူမ ပြောလိုက်လေ၏။

သူမ၏ စကားကြားလျှင် မုန်းစီးလျှံ မျက်မှောင်ကြုတ်သွားကာ ...



"ကျုပ်[illegible]မှားနေပြီ ဟုတ်လား၊ မင်းမလိမ်ပါနဲ့၊ ကိုယ့်အဖေကို အဖေ[illegible](တာင်) မသတ်မှတ်တော့ဘူးလား"

"အို ... လောကပေါ်မှာ လူတူမရှား နာမည်မရှားပါဘူး"

"မင်း ... တကယ်ပဲ ငြင်းပယ်တယ်ပေါ့"

"ငြင်းစရာလည်း မလိုဘူး၊ ဝန်ခံစရာလည်းမလိုဘူး၊ ရှင်တို့ပြောကဲ့စကား ကျွန်မ စိတ်မဝင်စားဘူး"

သူမသည် အပြတ်ပြောချလိုက်သည်။

မုန်းစီးလျှံသည် ချန်မင်မင်အား ခြိမ်းခြောက်၍မရသဖြင့် စိတ်ပျက်သွား၏။

ကျောက်ဂူထဲတွင်ရှိသော ဝါယင်လုံအား ဖမ်းဆီးရန် တရကြမ်း တိုက်ခိုက်ထိုးဖောက်ရမည့် နည်းလမ်းသာ ကျန်တော့သည်။

ထို့ကြောင့် ကွမ်မုစုလန်အား ဘယ်လိုလုပ်ကြမလဲဟူသော သဘောဖြင့် လှမ်းကြည့်လိုက်သည်။

ကွမ်မုစုလန် ပခုံးတွန့်ပြလိုက်သည်။

အကြမ်းဖက် တိုက်ခိုက်ရန်သာရှိတော့ကြောင်း နှစ်ယောက်လုံး နားလည်ထားကြရာ မုန်းစီးလျှံက အမိန့်ပေးလိုက်လေ၏။

"တိုက်ကြ ..."

သူက ဓားတစ်ချောင်းဆွဲထုတ်ကာ ချန်မင်မင်ကို တိုက်ခိုက်လေ၏။ ကွမ်မုစုလန်လည်း လက်ပိုက်ကြည့်မနေဘဲ ဓားတစ်လက်ဖြင့် ပါဝင်တိုက်ခိုက်လာသည်။

သူတို့၏ လက်အောက်ငယ်သားများသည် ဉာသံပေးကာ ရှေ့တက်လာကြပြီး ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

တစ်ယောက်နှင့်အများ တိုက်ခိုက်နေရသည်ဖြစ်၍ ချန်မင်မင်မှာ အရှုံးမီးဝိုင်း ဖြစ်နေလေတော့၏။

ချင်ယွင်နှင့် ဝါယင်လုံတို့ ကျောက်ဂူကလေးအတွင်းမှ မြန်မြန်ထွက်လာပါစေဟု ဆုတောင်းနေမိသည်။

သို့သော် ချင်ယွင်နှင့် ဝါယင်လုံတို့ ကျောက်ဂူအတွင်းမှ ထွက်လာခြင်း မရှိသေးချေ။

သူမဘက်မှ ကူညီတိုက်ခိုက်လာသူမှာ ချင်စုမင်သာ ဖြစ်ပေသည်။

ချင်စုမင်သည် ချိတ်လက်နက်ကို ဝှေ့ယမ်းရင်း ချန်မင်မင်ဘက်မှ ပါဝင်ကူညီတိုက်ခိုက်လာ၏။

ချင်စုမင်၏ သိုင်းပညာ မြင့်မားလှသည်ဖြစ်ရာ ချိတ်လက်နက် ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်သည်နှင့် ..

"အား ..."

"အမလေး ..."

"အွန့် ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး မုန်းစီးလျှံ၏ လက်အောက်ငယ်သား သုံးလေးယောက်မျှ မြေပေါ် လဲကျသွားကြသည်။

ကျန် လက်အောက်ငယ်သားများ နောက်ဆုတ်ရန် ဟန်ပြင်ကြတော့သည်။

မုန်းစီးလျှံ ဒေါသချောင်းချောင်း ထွက်သွားသည်။

ချင်စုမင်ကို ခက်ထန်စွာ ပြောလိုက်၏။



"ဂုကတော် ... ခင်ဗျား ဝင်မစွက်ရင် ကောင်းလိမ့်မယ်"

ချင်စုမင် မဲ့ပြုံးပြုံးရင်း ...

"သူနဲ့ ငါ စာရင်းရှင်းစရာရှိသေးတယ်၊ ဒါကြောင့် သူ့ကို ဘယ်သူ့လက်ထဲမှ အရောက်မခံနိုင်ဘူး၊ မင်းတို့ အေးအေးဆေးဆေး ပြန်သွားကြပါ၊ ဒီနေရာမှာ ဆက်နေလို့ မင်းတို့အကျိုးယုတ်ဖို့ပဲရှိတယ်"

ချန်မင်မင်အား ညွှန်ပြရင်း ပြောလိုက်သည်။

မုန်းစီးလျှံသည် ချန်မင်မင်အား တိုက်ခိုက်လိုလျှင် ချင်စုမင်ကိုပါ ချန်ထား၍မရကြောင်း သိ၍ အမိန့်ပေးလိုက်၏။

"အားလုံး ထွက်တိုက်ကြစမ်း"

ထိုအခါ သူတို့နှစ်ယောက်တွင် အတူပါလာသောလက်အောက်ငယ်သားများအပြင် အမှောင်ရိပ်အသီးသီး၌ ပုန်းကွယ်နေကြသော လက်အောက်ငယ်သားများလည်း ပြေးထွက်လာကြ၏။

အားလုံးပေါင်းလျှင် လူသုံးလေးဆယ်ခန့် ရှိသည်။

ရန်သူ တစ်စထက်တစ်စ များပြားလာသော်လည်း ချန်မင်မင်နှင့် ချင်စုမင်တို့ အရှုံးမပေးဘဲ အပြင်းအထန် တိုက်ခိုက်ကြသည်။

လူသုံးလေးဆယ်ခန့်နှင့် လူနှစ်ယောက် တိုက်ပွဲဖြစ်နေသည်ဟု ဆိုလျှင် ထန်းလျက်ခဲကို ပုရွက်ဆိတ်များ ဝိုင်းအုံနေခြင်းအကြောင်း ပြေးမြင်မိကြမည်။ သို့သော် တကယ်တမ်း တိုက်ပွဲမှာ ထိုသို့မဟုတ်ချေ။ လူတစ်ယောက်ကို ဝိုင်းဝန်းထိုးခုတ်လျှင် အများဆုံး လူခြောက်ယောက်ခန့်သာ ထိုးနှက်တိုက်ခိုက်နိုင်သည်။

လူနှစ်ယောက်ကို တိုက်ခိုက်သည်ဟု ဆိုသဖြင့် စုစုပေါင်း

ဆယ်နှစ်ယောက်ခန့်သာ တိုက်ခိုက်နိုင်သည်။ တကယ်တမ်း အားလုံး ထိုးနက်တိုက်ခိုက်ကြလျှင် အချင်းချင်း ထိုးခုတ်မိမည်သာ ဖြစ်၏။ ထို့ကြောင့် ကျန်လူများမှာ ဝင်ရောက်မတိုက်ခိုက်နိုင်ဘဲ တစ်ဦးကျသွားမှ တစ်ဦး ကူနိုင်တော့သည်။

သူတို့နှစ်ယောက်၏ သိုင်းပညာမှာ မြင့်မားလှသည်ဖြစ်ရာ မုန်းစီးလျှံနှင့် ကွမ်မုစုလန်တို့ပင် မယှဉ်ပြိုင်နိုင်ကြပါချေ။

ချင်စုမင်၏ ချိတ်လက်နက်ကြောင့် ကွမ်စုမုလန်၏ နောက်ကျောတွင် ဒဏ်ရာတစ်ချက်ပင် ရရှိသွားသည်။

"အား ..."

ကွမ်မုစုလန် တစ်ချက်အော်ဟစ်လိုက်ပြီး နောက်ဆုတ်သွား၏။

မုန်းစီးလျှံလည်း ရင်ထိတ်ကာ နောက်ဆုတ်သွားသည်။

ကွမ်မုစုလန်အား ဖေးမရင်း မေးလိုက်လေ၏။

"မင်းအခြေအနေ ဘယ်လိုရှိသလဲ"

ကွမ်မုစုလန် အံကြိတ်ကာပြောသည်။

"ကိစ္စမရှိဘူး၊ ကျုပ် ခံနိုင်တယ်"

ကွမ်မုစုလန်က ဆေးဝါးများထုတ်ကာ ငယ်သားတစ်ဦးကို ဆေးထည့်ခိုင်းသည်။

အင်္ကျီကိုဆုတ်ဖြဲပြီး ဒဏ်ရာကို စည်းနှောင်ပေးလိုက်သည်။

ချင်စုမင် ဝင်ကူနေလျှင် မည်သို့မျှ ထိုးဖောက်၍ ရနိုင်မည် မဟုတ်ကြောင်း သိကြ၏။

ချင်စုမင် တိုက်ပွဲတွင် ဝင်မပါအောင်လည်း သူတို့မတတ်နိုင်ကြပါ။



ထို့အပြင် ပို၍ အခက်ကြုံရသည်မှာ ချင်စုမင်အား ပြင်းပြင်းထန်ထန် မတိုက်ဝံ့ကြခြင်း ဖြစ်သည်။

ချင်စုမင်အား သူတို့က ဂုကတော်ဟု ခေါ်ကြသည်။

သို့ဖြစ်ရာ ဂုဆိုသူသည် ရှန်းမုံဂိုဏ်း သို့မဟုတ် ကြယ်တံခွန်ဂိုဏ်းတွင် သူတို့ထက် ပို၍ ရာထူးကြီးသူဖြစ်နိုင်၏။

ထိုလူနှင့် ချင်စုမင်တို့ တစ်နည်းတစ်ဖုံ ပတ်သက်နေနိုင်သည်။

ထို့ကြောင့်လည်း ချင်စုမင်ကို မတိုက်ခိုက်ဝံ့ကြခြင်းဖြစ်ပေတော့သည်။

မုန်းစီးလျှံနှင့် ကွမ်မုစုလန်တို့ အခက်ကြုံနေကြစဉ်မှာပင် အမှောင်ရိပ်အတွင်းမှ ကြည်လင်ပြတ်သားသော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"မိတ်ဆွေတို့ ဘာမှမပူနဲ့၊ ကျုပ် လူလွှတ်လိုက်မယ်"

စကားသံ ကွယ်ပျောက်သွားသည်နှင့် မြေကွက်လပ်သို့ လူလေးငါးဆယ်ယောက် ပြေးဝင်လာကြသည်ကို တွေ့လိုက်ရလေတော့သည်။

○ ○ ○

## အခန်း(၅၃)
## သံသယ

ချန်မင်မင်သည် အေးချမ်းသော ကြည်လင်သော အသံတစ်သံကို ကြားလိုက်ရသဖြင့် သူတို့အား ကူညီသူများလားဟု လှမ်းကြည့်လိုက်မိသည်။

ထိုစဉ် လူအများအပြား ပြေးဝင်လာကြသည်။

"ဘုရားရေ..."

ချန်မင်မင် ဘုရာတိမိလေ၏။

ထိုလူများမှာ ကြယ်တံခွန်ဂိုဏ်းသားများသာ ဖြစ်နေသည် မဟုတ်ပါလော။

မုန်းစီးလျှံတို့အတွက် စစ်ကူရောက်လာခြင်း ဖြစ်သည်။

ချန်မင်မင်နှင့် ချင်စုမင်တို့ မျက်နှာပျက်သွားသည်။

ရန်သူမှာ ပို၍ အားကောင်းလာသည်။

အဆင့်မြင့်သိုင်းသမားများ အပါအဝင် လူတစ်ရာခန့်သည် သူတို့အား ဝိုင်းရံထားကြပြီ ဖြစ်သည်။



အမှောင်ရိပ်ထဲမှ ထွက်ပေါ်လာသော ကြည်လင်ပြတ်သားသည့် အသံသည် မည်သူ၏အသံ ဖြစ်နိုင်ပါသနည်း။

ချန်မင်မင် ထိုသို့ တွေးမိသည်နှင့် ရင်ထိတ်သွားသည်။

"ဟင်... ကြယ်တံခွန်ဂိုဏ်းချုပ်များ ရောက်လာပြီလား"

ကြယ်တံခွန်ဂိုဏ်းချုပ်သာ ရောက်လာပါက သူတို့ မလွဲမသွေ ရှုံးနိမ့်ရတော့မည် ဖြစ်သည်။

ချန်မင်မင်သည် ကျောက်ဂူကလေးအနီးသို့တိုင် တဖြည်းဖြည်း ဆုတ်သွားသည်။

ချင်စုမင်ကမူ ချိတ်လက်နက်ကိုင်ကာ မြေကွက်လပ်တွင် မားမားမတ်မတ် ရပ်နေ၏။

ရန်သူဟူသရွေ့ကို ရင်ဆိုင်ဖြိုခွင်းမည့် ပုံဟန်ရှိသည်။

သူမ၏ ရဲရင့်သောရုပ်သွင်ကို တွေ့ရလျှင် ချန်မင်မင် အားတက်လာသည်။

ဝါယင်လုံနှင့် ချင်ယွင်တို့အား ကာကွယ်ရန် သူမတွင် ပို၍ တာဝန်ရှိသည်မဟုတ်ပါလား။

ကျောပေါ်မှ ဓားဆွဲထုတ်ရင်း ရှေ့သို့ပြန်တက်သွားသည်။

ပြင်းထန်သော တိုက်ပွဲကြီးတစ်ခု ဖြစ်ပွားရန် တာစူနေချေပြီ။

မုန်းစီးလျှံနှင့် ကွမ်မုစုလန်တို့ အားတက်သွားကြသည်။

ယနေ့ညအဖို့ သူတို့ ပြတ်ပြတ်သားသား အောင်ပွဲခံနိုင်တော့မည်ဟု ယူဆထားကြသည်။

မုန်းစီးလျှံက ဖျောင်းဖျောင်းဖျဖျပြောသည်။

"ဂူကတော် နောက်ဆုတ်လိုက်ပါ"

ချင်စုမင် ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူကမှ ငါ့ကို အမိန့်မပေးနိုင်ဘူး၊ ငါ့သဘောနဲ့ငါ လုပ်ချင်တာလုပ်မယ်"

သူမ ခေါင်းမာနေသည်ကို တွေ့ရလျှင် မုန်းစီးလျှံ လက်လျှော့လိုက်ရသည်။

မတတ်သာသည့်အဆုံး လက်ဝှေ့ယမ်းပြရင်း ...

"တိုက်ကြ ..."

ဟု အမိန့်ပေးလိုက်သည်။

ရှန်းမုံဂိုဏ်းသားများ၊ ကြယ်တံခွန်ဂိုဏ်းသားများသည် ညာသံပေးကာ ရှေ့သို့တက်လာကြသည်။

ချန်မင်မင် သက်ပြင်းချလိုက်သည်။

ချင်စုမင်အား ဦးညွှတ်ရင်း ...

"ဒေါ်ဒေါ်ဝင်ပြီး ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့် ရန်သူတွေများလွန်းလို့ အန္တရာယ်ဖြစ်နိုင်ပါတယ်၊ ကျေးဇူးပြုပြီးအချိန်ရှိတုန်း ထွက်သွားပါတော့ရှင်"

ချင်စုမင် ခေါင်းခါယမ်းသည်။

"ငါပြောပြီးပြီပဲ၊ ဘယ်သူကမှ ငါ့ကိုထွက်သွားခိုင်းလို့ မရဘူး၊ ငါ အဓိကလူ၊ ငါပဲ အရှင်သခင်"

ချင်မင်မင် စိတ်မကောင်းဖြစ်သွားသည်။

ကျောက်ဂူအတွင်းမှ ဝါယင်လုံနှင့် ချင်ယွင်တို့ ထွက်မလာလျှင် အားလုံး ဒုက္ခရောက်ဖို့သာ ရှိပေတော့သည်။



မတတ်သာသည့်အဆုံး ချင်စုမင်နှင့် ရင်ပေါင်တန်းကာ ရှေ့တိုးလာသော ရန်သူများကို ဆီးကြိုတိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် သိုင်းပညာမြင့်မားသော်လည်း ရန်သူများ များလန်း၍ တစ်ခဏတိုက်ခိုက်ပြီးလျှင် နောက်ဆုတ်ပေးရလေသည်။

မုန်းစီးလျှံ သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ဟား ... ကျောက်ဂူထဲက ဝါယင်လုံကို ဆွဲထုတ်ကြဟေ့"

ငယ်သားများသည်လည်း လူအင်အားကို အားကိုးပြီး အတင်းဖိကာ ရှေ့တက်ကြသည်။

ထိုစဥ်မှာပင် ...

"အား ..."

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ကြောက်ခမန်းလိလိ ထွက်ပေါ်လာသည်။

ရှေ့တိုးလာကြသော ရန်သူများမှာ ရုတ်တရက် လေပွေဝင်မွှေခြင်း ခံလိုက်ရသည့်အလား ဖရိုဖရဲ ဖြစ်သွားကြသည်။

ကသောင်းကနင်းဖြစ်ကာ လူအုပ်ကွဲသွားလေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ချန်မင်မင်နှင့် ချင်စုမင်တို့ ကြောင်သွားကြ၏။

အဘယ်ကြောင့် ရန်သူများ တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်ကြပါသနည်း။

ရန်သူများ ပြန်လည်လူစုမိချိန်တွင် မြေကွက်လပ်၌ လူပိုများ ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

သေသေချာချာကြည့်လိုက်သောအခါ ငွေဂေဟာမှ ကျားယန်တို့ လူစုဖြစ်ကြောင်း တွေ့မြင်ရသည်။

ကျားယန်တို့လူစုသည် ချန်မင်မင်တို့အား အချိန်မီဝင်ရောက်ကူညီလိုက်ခြင်း ဖြစ်လေသည်။

ရန်သူများ ပြန်လည်စုစည်းမိသည်နှင့် ထပ်မံတိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ် မြေကွက်လပ်သို့ လူတစ်စု ပြေးလွှားဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူများသည် ကျားယန်တို့နှင့် တစ်ဖွဲ့တည်းဖြစ်သော အမျိုးသမီးဂိုဏ်းမှ လူများ ဖြစ်ကြသည်။

အမျိုးသမီးဂိုဏ်းသည် အင်အားတောင့်တင်းနေပေသည်။

တစ်ဖက်နှင့်တစ်ဖက် လူအင်အား မျှသွားချေပြီ။

လူအင်အားကို အားကိုးပြီး အနိုင်တိုက်ရန် မဖြစ်တော့ကြောင်း မုန်းစီးလျှံနှင့် ကွမ်စုလန်တို့ သဘောပေါက်လာကြသည်။

မည်သို့ဆိုစေ ကြယ်တံခွန်ဂိုဏ်းသားများကို စေလွှတ်လိုက်သည့် အမှောင်ထဲမှ အသံရှင် ရှိနေပါသေးသည်။

ထိုလူသည် ကြယ်တံခွန်ဂိုဏ်းချုပ် ဖြစ်နိုင်သည်။

ထိုသို့တွေးမိလျှင် နောက်ဆုတ်၍မဖြစ်ကြောင်း ရိပ်မိလာသည်။



ထိုအခိုက် မြေကွက်လပ်သို့ နောက်ထပ်လူတစ်စု ရောက်လာကြပြန်သည်။

ဖန်လုံခေါင်းဆောင်သော ကြယ်တံခွန်ဂိုဏ်းသားများ ဖြစ်ကြပေသည်။

မြေကွက်လပ်တွင် လူအများ စည်ကားလျက်ရှိနေချေပြီ။

ပြင်းထန်သော တိုက်ပွဲကြီးသည် ရှောင်လွှဲမရဘဲ ဖြစ်ပေါ်လာပေတော့မည်။

မုန်းစီးလျှံက ဖန်လုံကို မျက်ရိပ်ပြလိုက်သည်။

ဖန်လုံ ခေါင်းညိတ်ပြီး အမိန့်ပေးလိုက်၏။

"အားလုံးတိုက်ကြ"

ကြယ်တံခွန်ဂိုဏ်းသားများနှင့် ရှန်းမုံဂိုဏ်းသားများသည် လက်နက်ကိုယ်စီ စွဲကိုင်ရင်း ညာသံပေးကာ ရှေ့တက်လာခဲ့ကြသည်။

ကျားယန်ခေါင်းဆောင်သော အမျိုးသမီးဂိုဏ်းမှ လူများသည်လည်း လက်နက်ကိုယ်စီစွဲကိုင်ရင်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြသည်။

ချန်မင်မင်နှင့် ချင်စုမင်တို့သည်လည်း ရှေ့တက်သွားကြသည်။

နှစ်ဦးနှစ်ဖက် ရင်ဆိုင်တိုက်ခိုက်တော့မည့် အချိန်တွင် ...

"ဝုန်း ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

အားလုံး ကြောင်အမ်းအမ်းဖြစ်၍ အသံထွက်ပေါ်လာရာဆီသို့ လှည့်ကြည့်မိလိုက်ကြလေ၏။

အသံမှာ ကျောက်ဂူကလေးမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ကျောက်ဂူဝတွင် ပိတ်ဆို့နေသော ကျောက်တုံးမှာ အပြင်ဘက် လွင့်စဉ်ထွက်သွားသည်။

တစ်ဆက်တည်းမှာပင် လူတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ကြရသည်။

ထိုလူမှာ ဝါယင်လုံ ဖြစ်လေသည်တကား။

ဝါယင်လုံကို တွေ့ရလျှင် မုန်းစီးတို့လူစု ကြက်သေသေကာ ကြောင်နေကြ၏။

ချန်မင်မင်မှာ လွန်စွာ ဝမ်းသာသွားကာ အော်ခေါ်လေ၏။

"အစ်ကို မြန်မြန်လာပြီး ရန်သူတွေကို မောင်းထုတ်ပစ်စမ်းပါ"

ဝါယင်လုံ ကျောက်ဂူထဲမှာ တစ်လှမ်းချင်း ထွက်လာသည်။

အပြင်ဘက်သို့ရောက်လျှင် ကျောက်တုံးတစ်တုံးကို မ,ကာ ကျောက်ဂူအဝကို ပြန်ပိတ်ထားလိုက်လေသည်။

သူ မ,လိုက်သော ကျောက်တုံးမှာ ကြီးမားပြီး လေးလံလှပေသည်။

ဝါယင်လုံက အားစိုက်ဟန်မပြဘဲ မ,ကာ ရွှေ့လိုက်ခြင်းဖြစ်၏။

သူက ရန်သူများမြင်သာအောင် အတွင်းအားပညာ ပြလိုက်ခြင်းလည်း ဖြစ်သည်။

သူ၏မျက်နှာ ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေသည်။

အဆိပ်မိထားသူတစ်ယောက်၏ သွင်ပြင်လက္ခဏာမျိုး စိုးစဉ်းမျှပင် မတွေ့တော့ချေ။



မုန်းစီးလျှံနှင့် ဖန်လုံတို့ မျက်မှောင်ကြုတ်သွားကြ၏။

သူတို့သည် ဝါယင်လုံကို မယုံကြည်နိုင်စွာ ကြည့်နေမိကြသည်။

ဖန်လုံက မုန်းစီးလျှံအနီးသို့ ကပ်သွားပြီး အသံတိုးတိုးဖြင့် ပြောလိုက်လေ၏။

"သူ့ကိုကြည့်ရတာ အဆိပ်တွေပြေပျောက်သွားပြီ ထင်တယ်"

မုန်းစီးလျှံကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူ အတွင်းအား ထုတ်သုံးလို့လည်း အဆိပ်မထတော့ဘူးဆိုရင် ဒုက္ခပဲ၊ ငါတို့လူတွေက သိုင်းပညာသိပ်ကောင်းတာ မဟုတ်ဘူး၊ မခုခံနိုင်ဘူးနဲ့တူတယ်"

ဖန်လုံ ဇဝေဇဝါဖြင့် ...

"ကြယ်တံခွန်ဂိုဏ်းရဲ့ ထူးခြားတဲ့အဆိပ်ကို ဖြေဖို့မလွယ်ပါဘူးဗျာ၊ သူဟန်ဆောင်နေတာလား မပြောတတ်ဘူး၊ သေသေချာချာ ကြည့်ဦး"

မုန်းစီးလျှံ မဲ့ပြုံးပြုံးလိုက်သည်။

"သူ ကျောက်တုံးကြီးကို မလိုက်တာ ခင်ဗျားမတွေ့ဘူးလား၊ ခုထက်ထိ ဟန်ဆောင်တယ်ထင်နေတုန်းပဲလားဗျ"

ဖန်လုံ မျက်နှာပျက်သွားသည်။

ကြယ်တံခွန်ဂိုဏ်း၏ အဆိပ်သည် လူအထင်ကြီးသော်လည်း တကယ်တမ်း အရာရောက်ခြင်းမရှိဟုဆိုလိုက်သည်နှင့် တူနေပေတော့သည်။

ဖန်လုံ ပါးစပ်ပိတ်ထားလိုက်သည်။

မုန်းစီးလျှံက ပြောလိုက်၏။

"သူ့ကို ကူမယ့်လူတွေ ရောက်လာပြီး သူ့ရဲ့အဆိပ်လည်း ပြေပျောက်သွားပြီ၊ ကျုပ်တို့ လက်လျှော့လိုက်ဖို့ပဲ ကျန်တော့တယ်၊ လက်မလျှော့ဘဲနဲ့ အားလုံး အသေခံမလို့လား"

သူ၏စကားကို ဖန်လုံ ဘဝင်မကျချေ။

"အို ... ဘာဖြစ်လို့ လက်လျှော့ရမှာလဲ"

မုန်းစီးလျှံက သူ့အား စိုက်ကြည့်ရင်း ...

"ဘာလဲ ... ခင်ဗျားက သူ့ကိုနိုင်အောင် တိုက်နိုင်လို့လား"

"ကျုပ် မတတ်နိုင်လဲ ကျုပ်တို့ဂိုဏ်းချုပ်က တတ်နိုင်ပါသေးတယ်ဗျ"

"ခင်ဗျားတို့ ဂိုဏ်းချုပ်မှ ဒီမှာမရှိတာ"

ဖန်လုံက ဝင့်ကြွားသော လေသံဖြင့် ...

"ခင်ဗျား မှားပြီ၊ ကျုပ်တို့ဂိုဏ်းချုပ်ကိုယ်တိုင် ဒီအနီးတစ်ဝိုက်မှာ ရောက်နေပြီဗျ"

ယခုတစ်ကြိမ် ပါးစပ်ပိတ်ထားလိုက်ရသူမှာ မုန်းစီးလျှံ ဖြစ်သည်။

ဖန်လုံက ဆက်ပြောသည်။

"ကျုပ်တို့ဂိုဏ်းချုပ်သာ မကဘူး၊ သူ့ရဲ့အစ်ကိုလည်း ပါလာသေးတယ်ဗျ"

ဤအတိုင်းဆိုလျှင် ယနေ့ညအဖို့ သူတို့ သေချာပေါက်အောင်မြင်နိုင်လိမ့်မည်သာ ဖြစ်သည်။



မုန်းစီးလျှံက ပြောလိုက်၏။

"ဒီလိုဆိုရင် ခင်ဗျား ဘာငိုင်နေတာလဲ၊ တိုက်ခိုက်ပါတော့လား၊ ဘာဖြစ်လို့ အချိန်ဖြုန်းနေတာလဲ"

"စိတ်ချ ... အချိန်တန်ရင် ကျိန်းသေတိုက်ရမှာပဲ၊ မတိုက်ခင် ဝါယင်လုံရဲ့ အခြေအနေကို ကြည့်ချင်သေးတယ်၊ သူ ဟန်ဆောင်နေတယ်ဆိုရင် ဂိုဏ်းချုပ်ထွက်မလာခင် လက်ဦးအောင် ကျုပ်က ဖမ်းချုပ်လိုက်မယ်၊ ဒါဆိုရင် ဂိုဏ်းချုပ်က ကျုပ်ကို ကျိန်းသေရာထူးတိုးမြှင့်ပေးမှာပဲဗျ"

မုန်စီးလျှံသည် ဖန်လုံ၏ ဝါကြွားမှုကို နားကြားပြင်းကပ်လာသည့်အလား မျက်နှာ တစ်ဖက်သို့ လွှဲထားလိုက်လေတော့သည်။

ဝါယင်လုံသည် ကျောက်ဂူအပြင်ဘက်သို့ ရောက်သည်နှင့် မြေကွက်လပ်တွင် လူစုလူဝေးကြီး ရောက်ရှိနေကြောင်း တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် ကျောက်တုံးကြီးတစ်တုံး မ,ယူကာ ကျောက်ဂူအပေါက်ဝကို ပြန်လည်ပိတ်ဆို့ထားလိုက်ခြင်း ဖြစ်သည်။

ကျောက်ဂူထဲတွင် ချင်ယွင် ကျန်ခဲ့ပါသေး၏။

ချင်ယွင်သည် သူ၏ခန္ဓာကိုယ်ထဲမှ အဆိပ်များထွက်သွားအောင် အတွင်းအားသုံးပြီးကာ ထုတ်ပေးခဲ့ရသည်။

ထို့ကြောင့် အတွင်းအားကုန်ခမ်းကာ မောပမ်းနွမ်းနယ်နေ၏။

အတွင်းအား ပြန်လည်ပြည့်ဝလာအောင် တင်ပျဉ်ခွေထိုင်ရင်း လေ့ကျင့်နေရ၏။

ယခုအချိန်တွင် သူ့အား သိုင်းပညာ သာမန်အဆင့်သာ တတ်မြောက်ထားသူ တစ်ယောက်ကပင် အလွယ်တကူ လုပ်ကြံနိုင်သည် မဟုတ်ပါလား။

ထိုအချက်ကို ရန်သူများ မသိပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းနေမိသည်။

ကျောက်ဂူအပြင်သို့ရောက်သည်နှင့် ချန်မင်မင်၏ ခေါ်သံကြား၍ မြေကွက်လပ်သို့ ခပ်သွက်သွက်ကလေး လျှောက်သွားလိုက်သည်။

မြေကွက်လပ်တွင် ရန်သူများသာမက သူ့ဘက်မှ ပါဝင်ကူညီမည့် အမျိုးသမီးဂိုဏ်းမှလူများပါ ရောက်နေသည်ကို တွေ့ရသည်။

ထို့ပြင် သူ့အား စိုက်ကြည့်နေသည့် ချင်စုမင်ကိုလည်း တွေ့မြင်သွား၏။

ချင်စုမင်ကို တွေ့ရသည်နှင့် ဝမ်ကျောက်နီကို သတိရလာသည်။

ချင်စုမင်သည် ဝမ်ကျောက်နီအတွက် ရောက်လာခြင်းဖြစ်မည်ဟု တွေးမိ၏။

"ဒုက္ခပဲ ... ချင်စုမင်က ပမ်ကျောက်နီအတွက် ငါ့ကို အပြစ်တင်တော့မှာပဲ၊ ဒီကိစ္စပါ ရှင်းပြရမယ်"

ဟု တွေးကာ ချင်စုမင်ထံသို့ ဦးတည် လျှောက်သွားလေသည်။

ထိုစဉ် သူ့ရှေ့သို့ ချန်မင်မင် ရောက်လာ၏။

"အစ်ကို ... ဘိုးဘိုးကော ..."



ဟု ကိုးတိုးမေးလိုက်သည်။

ဝါယင်လုံက ...

"ဘိုးဘိုး ကျောက်ဂူထဲမှာ အတွင်းအားကုန်ခမ်းလို့ ပြန်ပြီးပြည့်ဝလာအောင် လေ့ကျင့်နေတယ်၊ ကျောက်ဂူထဲမှာ ဘယ်သူမှ မဝင်နိုင်အောင် ဂရုစိုက်ပါ"

ထိုစကားကြားလျှင် ချန်မင်မင်မှာ ချင်ယွင်အတွက် စိုးရိမ်ပူပန်သွားပေတော့သည်။

ဝါယင်လုံအတွက် အမျိုးသမီးဂိုဏ်းမှ ကူညီရန် ရောက်လာကြသည်ကို တွေ့ရလျှင် ချင်စုမင် နှာခေါင်းရှုံ့လိုက်သည်။

သူမသည် ကျားယန်တို့၏ အမျိုးသမီးဂိုဏ်းကို အထင်အမြင်သေးသူ ဖြစ်သည်။

သူမနှင့် လက်တစ်ကမ်းအကွာသို့ ဝါယင်လုံ ရောက်လာသော်လည်း ဝါယင်လုံကို စကားမပြောဘဲ ချန်မင်မင်ကိုသာ ဦးတည်၍ ပြောလိုက်လေသည်။

"သူက ဘယ်နေရာမဆို အမျိုးသမီးတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး ရှိနေတာပဲ၊ ညည်း သူ့ကို အပြစ်မတင်ဘူးလား"

ချန်မင်မင် မျက်မှောင်ကြုတ်သွား၏။

"ဘယ်သူ့ကို အပြစ်တင်ရမှာလဲ"

"ညည်းအစ်ကိုကိုပေါ့"

ဝါယင်လုံအား ပြောနေကြောင်း သိရ၍ ပြုံးလိုက်သည်။

"သြော် ... အစ်ကို့ကိုပြောတာလား၊ သူ့ကို အပြစ်မတင်ပါဘူးရှင်"

"ဘာဖြစ်လို့လဲ"

"သူဟာ ဉာဏ်ကောင်းတယ်၊ ဘာလုပ်လုပ် စဉ်းစားချင့်ချိန်ပြီးမှ လုပ်တယ်၊ သူလုပ်တဲ့ အလုပ်တွေဟာ အမှားမရှိပါဘူးရှင်"

ချင်စုမင်သည် ချန်မင်မင်၏ သွက်လက်ချက်ချာမှုကို တွေ့ရလျှင် ဝမ်ကျောက်နီကို သတိရလာသည်။

ဝမ်ကျောက်နီသည် သူမ၏ အချစ်ဆုံးတပည့်ဖြစ်သည်။

ဝမ်ကျောက်နီသည် ဝါယင်လုံကြောင့် ဒုက္ခရောက်ခဲ့ရသည်ဟု ယူဆထားသည်။

ချန်မင်မင်ကို ကြည့်ကာ တမင်မေးလိုက်၏။

"တကယ်လို့များ ငါ့တပည့်က မင်းအစ်ကိုနဲ့ အတူတူနေမယ်ဆိုရင်ကော ..."

ချင်စုမင်၏ စကားက ကောက်ကလိက စကားဖြစ်သည်။ ချန်မင်မင်အား တမင်မေးလိုက်ခြင်း ဖြစ်သည်။

ချန်မင်မင်သည် ချင့်စုမင်၏ စကားအဓိပ္ပာယ်ကို သိသည်။ သို့သော် ချန်စုမင် ရိုးရိုးသားသား ပြောလိုက်သည့်စကားဟု မှတ်ယူလိုက်ဟန်ဖြင့် ...

"မမဝမ်ကျောက်နီကို ပြောတာလားရှင်၊ မမရဲ့ အဆိပ်တွေကို ကျွန်မတို့ အနစ်နာခံပြီး ကုပေးလိုက်တာပါ၊ မမဝမ်ကျောက်နီကိုလည်း နယ်ခြားကို မသွားပါနဲ့လို့ အတင်းခေါ်ပါတယ်၊ မမ မနေနိုင်လို့ ခက်နေတာပေါ့ရှင်"

သိုင်းလောကတွင် နာမည်ကျော် ဝါမိသားစုမှ ဝါယင်လုံနှင့် မည်သို့မျှ လိုက်ဖက်နိုင်တော့မည်မဟုတ်ပါ။



တွေးရင်း တွေးရင်း ချင်စုမင် စိတ်မကောင်းဖြစ်လာလေတော့သည်။

သူမ၏ မျက်နှာ ညှိုးကျသွားသည်ကိုတွေ့ရလျှင် ဝါယင်လုံက "ဒေါ်ဒေါ် ... ကျွန်တော် စကားနည်းနည်း ပြောပါရစေဗျာ" ဟု ခွင့်ပန်လိုက်သည်။

ချင်စုမင် လက်ကာပြလိုက်၏။

"မင်းစကားပြောချင်ရင် နောက်မှပြော၊ မင်းနဲ့ ကျုပ် အေးအေးဆေးဆေး ဖြေရှင်းစရာရှိသေးတယ်"

"ဒေါ်ဒေါ် ... ကျွန်တော် ..."

"တိတ်စမ်း ... နောက်မှပြောလို့ ငါပြောတာ မကြားဘူးလား"

ဝါယင်လုံ ဆက်မပြောဝံ့တော့ချေ။

ချင်စုမင်သည် ဝမ်ကျောက်နီအား အလွန်ချစ်မြတ်နိုးသည်ကို ယခုမှ ပို၍ သဘောပေါက်လာတော့၏။

ထိုအချိန်တွင် ချန်မင်မင်က အသံတိုးတိုးဖြင့် ...

"အစ်ကို ... ရန်သူတွေများတယ်"

ဟု တီးတိုးသတိပေးလိုက်သည်။

ဝါယင်လုံက ဦးခေါင်းညိတ်ကာ ...

"မပူပါနဲ့ ညီမရယ်၊ အစ်ကို သူတို့ကို မောင်းထုတ်ပစ်လိုက်ပါမယ်"

ဝါယင်လုံ ထွက်လာသည်ကိုတွေ့၍ ကျားယန်တို့လူစု ဝမ်းသာနေကြ၏။

ရန်သူ အင်အားမသေးလှသလို ဝါယင်လုံအား ကူညီမည့် အင်အားလည်း မသေးလှချေ။

ချင်စုမင် ယခုတိုင် ထွက်မသွားသေးသည်ကို ထောက်ချင့်လျှင် တိုက်ပွဲဖြစ်ပွားပါက ဝါယင်လုံဘက်မှ ဝင်တိုက်မည်မှာ သေချာနေ၏။

ယခုအချိန်တွင် ချင်စုမင်၏သိုင်းပညာသည် တကယ်တမ်း အားကိုးစရာဖြစ်နေသည် မဟုတ်ပါလား။

ဝါယင်လုံသည် ရန်သူများကို မောင်းထုတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

သူ၏အဆိပ်မိထားသည်မှာ ပပျောက်သွားပြီဖြစ်၍ သိုင်းပညာ အသုံးပြုရန် နှောင့်နှေးစရာ မလိုတော့ချေ။

မြေကွက်လပ်ပေါ်သို့ တစ်လှမ်းချင်း လှမ်းထွက်သွားပြီး မုန်းစီးလျှံတို့ လူစုနှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

ဖန်လုံက ဝါယင်လုံအား မကျေမနပ်ကြည့်ရင်း ပြောလိုက်၏။

"ဝါယင်လုံ ... ဒီကနေ့တော့ မင်း ကျုပ်တို့လက်ထဲက ဘယ်ပြေးမလဲ၊ မင်းမလွတ်တော့ဘူး၊ စိတ်လျှော့လိုက်တော့၊ အေးအေး အဖမ်းခံစမ်း ..."

ဝါယင်လုံက ပခုံးတွန့်ကာ ...

"ခင်ဗျားတို့ကပဲ ကျုပ်ကိုဖမ်းနိုင်မလား၊ ကျုပ်ကပဲ ခင်ဗျားတို့ကို ဖမ်းနိုင်မလား ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ရှေ့ဆုံးမှ မားမားမတ်မတ် ရပ်နေသော ဖန်လုံနှင့် မုန်းစီးလျှံတို့အား လက်ဝါးတစ်ချက် ရိုက်ချလိုက်သည်။



"ဝှန်း ..."

လေထုကြီး ပေါက်ကွဲသွားလေ၏။

မုန်းစီးလျှံနှင့် ဖန်လုံတို့လည်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်ကြသည်။

ကွမ်မုစုလန်သည် တိုက်ပွဲစသည်ကို တွေ့မြင်သည်နှင့် အမိန့်ပေးလိုက်၏။

"တိုက်ကြ ..."

ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။

ထိုအခါ ကြယ်တံခွန်ဂိုဏ်းသားများနှင့် ရှန်းမုံဂိုဏ်းသားများ ဘာသံပေးကာ ရှေ့တက်လာကြသည်။

ကျားယန်ခေါင်းဆောင်သော အမျိုးသမီးဂိုဏ်းသားများသည်လည်း ရှေ့သို့ပြေးထွက်ကာ ရင်ဆိုင်လိုက်ကြ၏။

ချင်စုမင်သည် ချိတ်လက်နက်ကို ဝှေ့ယမ်းရင်း ...

"သတ္တိရှိတဲ့လူ ရှေ့တိုးလာကြစမ်း"

ဟု အော်ငေါက်ကာ အတွင်းသို့ ခုန်ဝင်သွားသည်။

ချန်မင်မင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်ကို ငေးကြည့်နေ၏။

တိုက်ပွဲအတွင်းသို့ဝင်ရန် စိတ်မကူးချေ။

ဝါယင်လုံ မှာကြားသည့်အတိုင်း ချင်ယွင်ကို စောင့်ရှောက်ရန် လိုအပ်ကြောင်း ကောင်းစွာ နားလည်ထားသည်။

ပြင်းထန်သော တိုက်ပွဲကြီး အစပျိုးလာပြီဖြစ်လေသည်။

မြေကွက်လပ်တွင် တစ်ဖက်နှင့်တစ်ဖက် စတင်တိုက်ခိုက်နေကြပြီဖြစ်သည်။

ဝါယင်လုံ၏ တိုက်ခိုက်မှုကြောင့် ဖန်လုံနှင့် မုန်းစီးလျှံတို့ ချက်ချင်းနောက်ဆုတ်လိုက်ကြရ၏။

ထိုစဥ်မှာပင် ...

"အားလုံး ရပ်လိုက်ကြစမ်း"

ကြည်လင်ပြတ်သားသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ။ တိုင်းကြားလိုက်ရသည်။

အမျိုးသမီးဂိုဏ်းသားများနှင့် ချင်စုမင်တို့က တိုက်ခိုက်မှုကို မရပ်ကြချေ။

သို့သော် ကြယ်တံခွန်ဂိုဏ်းသားများနှင့် ရှုန်းမုံဂိုဏ်းသားများမှာမူ တိုက်ခိုက်မှုကိုရပ်တန့်ကာ နောက်ဆုတ်သွားကြသည်။

အော်ဟစ်အမိန့်ပေးသူမှာ သူတို့၏ခေါင်းဆောင်ဖြစ်နေသည် မဟုတ်ပါလား။

မြေကွက်လပ်သို့ လူရိပ်နှစ်ခု ရိပ်ခနဲပြေးလွှားရောက်ရှိလာကြသည်။

ထိုလူနှစ်ယောက်အား တွေ့မြင်သည်နှင့် ဖန်လုံက ဝမ်းသာအားရဖြစ်သွားပြီး အော်ဟစ်လိုက်၏။

"ဂိုဏ်းချုပ်ကြီး ရောက်လာပြီ၊ အားလုံး ဂါရဝပြုပါ"

ကြယ်တံခွန်ဂိုဏ်းချုပ် ရောက်ရှိလာပြီ ဖြစ်လေသည်တကား။

○ ○ ○



အခန်း(၅၃)

# အားကုန်ထုတ်၍ ကူညီသူ

ကြယ်တံခွန်ဂိုဏ်းချုပ်။

ကြယ်တံခွန်ဂိုဏ်းသည် သိုင်းလောကသားတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့နေကြရသော သိုင်းအဖွဲ့အစည်းတစ်ခု ဖြစ်သည်။

ကြယ်တံခွန်ဂိုဏ်းချုပ်အား တွေ့ဖူးသူရှားပါးလှသည်။

ကြယ်တံခွန်ဂိုဏ်းသားများသည် လက်နက်များ သိမ်းဆည်းကာ မြေပေါ်တွင် ဒူးထောက်အရိုအသေပြုလိုက်ကြသည်။

ကြယ်တံခွန်ဂိုဏ်းချုပ်ဆို၍ ဝါယင်လုံ ဂရုပြုကြည့်လိုက်သည်။

ရောက်လာသူ နှစ်ယောက်အနက် တစ်ယောက်မှာ အသက် ၅၀ ကျော်ခန့်ရှိသူဖြစ်၏။

စာပေသမားတစ်ယောက်အသွင် ဝတ်ဆင်ထားသော်လည်း စာပေသမားနှင့် မတူဘဲ ကုန်သည်ပွဲစားနှင့် တူနေ၏။

ထိုသူကို ဝါယင်လုံ မြင်ဖူးခြင်း မရှိချေ။

သူ၏နံဘေးတွင်ရပ်နေသူမှာ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

မျက်နှာတွင် ရွှေရောင်မျက်နှာဖုံးတစ်ခု စွပ်ထားသည်။

ရွှေရောင်မျက်နှာဖုံးသည် ကြောက်မက်ဖွယ်ကောင်းသော ရုပ်သွင်တစ်ခုအဖြစ် ပြုလုပ်ထား၏။

ရွှေရောင် တဖိတ်ဖိတ် တောက်ပနေပြီး ညအမှောင်တွင် မြင်သူတိုင်း ကြောက်ရွံ့ထိတ်လန့်သွားစေနိုင်လောက်ပေသည်။

ရွှေရောင်မျက်နှာဖုံးစွပ်နှင့်လူမှာ ကြယ်တံခွန်ဂိုဏ်းချုပ် ဖြစ်သည်။

ကုန်သည်ပွဲစားနှင့် တူသူမှာမူ ကြယ်တံခွန်ဂိုဏ်းချုပ်၏ အစ်ကို ဖြစ်၏။

ထိုလူ၏အမည်မှာ 'တုံးကော့စွန်' ဟု ခေါ်တွင်သည်။

သူတို့နှစ်ယောက် မြေကွက်လပ်သို့ရောက်လာလျှင် ဝါယင်လုံနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

ဝါယင်လုံ ... သတိကြီးစွာထားကာ ရင်ဆိုင်လိုက်သည်။

ကြယ်တံခွန်ဂိုဏ်းချုပ်ကြီး ရောက်လာသဖြင့် ချင်စုမင်နှင့် ကျားယန်တို့လူစု မသိမသာ နောက်ဆုတ်လိုက်ကြသည်။

ကြယ်တံခွန်ဂိုဏ်းချုပ်က တုံးကော့စွန်အား ...

"အစ်ကိုကြီး ဒီကိစ္စကို ကြည့်ရှင်းလိုက်ပါ"

ဟု နှစ်ကိုယ်ကြား ပြောလိုက်သည်။

တုံးကော့စွန်က ခေါင်းညိတ်ကာ လှမ်းထွက်လာသည်။



ဝါယင်လုံအား စိုက်ကြည့်ရင်း ...

"မင်း ကျုပ်တို့နဲ့ အေးအေးဆေးဆေး လိုက်ခဲ့ရင်ကောင်းမယ်"

ဟု အေးတိအေးစက် ပြောလိုက်သည်။

သူက ဝါယင်လုံအား အလွယ်တကူ ဖမ်းဆီးခေါ်ဆောင်သွားနိုင်သည်ဟု အပိုင်တွက်ထားပုံ ရသည်။

ဝါယင်လုံ မဲ့ပြုံးပြုံးကာ ...

"ခင်ဗျားခေါ်တိုင်း လိုက်မယ်ထင်ရင် မှားသွားမှာပေါ့ဗျာ၊ အစွမ်းရှိတဲ့ လူတိုင်းကို ခင်ဗျားတို့ မခေါ်နိုင်ပါဘူး"

တုံးကော့စွန်က နှာခေါင်းရှုံ့ရင်း ...

"ကျုပ် စကားနှစ်ခွန်း မပြောချင်ဘူး၊ မင်းလိုက်မလား၊ မလိုက်ဘူးလား ပြောပါ"

"မလိုက်ဘူး"

"ကောင်းပြီ ... မလိုက်ရင် မဖြစ်ဘူးဆိုတာ မင်းသိရမယ်၊ နောက်မှ ကျုပ်ကိုအပြစ်မဆိုနဲ့"

စကားဆုံးလျှင် လက်တစ်ဖက် ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

လက်ငါးချောင်းကို စွန်ကုတ်လက်သည်းအသွင်ဖြင့် ဝါယင်လုံ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

ဝါယင်လုံ ရင်ထိတ်သွားပြီး နောက်ဆုတ်ရှောင်ရန် ဟန်ပြင်မိသည်။

သူနောက်ဆုတ်လိုက်လျှင် သိုင်းကွက် အနေအထားအရ သိုင်းကွက်တစ်ကွက် ရှုံးနိမ့်သွားပြီဟု ဆိုနိုင်သည်။

ထို့ကြောင့် နောက်မဆုတ်ဘဲ လက်ကိုရုပ်လိုက်၏။

ဤတွင် တုံးကော့စွန်၏ လက်ငါးချောင်းသည် အရိပ်ပေါင်းများစွာ ဖြစ်ပေါ်လာပြီး ဝါယင်လုံ၏ ပခုံးကို ကုတ်ချလာသည်။

မည်သည့် လက်ငါးက အစစ်၊ မည်သည့်လက်ငါးက အတုဖြစ်ကြောင်း ရုတ်တရက် ခွဲခြားရန် မလွယ်ကူပါချေ။

ဖမ်းကုတ်ခြင်း ခံရလျှင် မလွယ်ကူလှချေ။

သွေးကြောပိတ်ကာ ဖမ်းဆီးခြင်း ခံရပေလိမ့်မည်။

ဝါယင်လုံ မတုတ်သာဘဲ နောက်ဆုတ်ရှောင်တိမ်းရန် ဟန်ပြင်ရတော့သည်။

တုံးကော့စွန်၏ လက်ငါးချောင်းသည် ဝါယင်လုံ၏ ပခုံးပေါ်သို့ ရောက်လာသည်။

ပြင်းထန်လေးလံသော အင်အားကြီးတစ်ခု ဖိချလာသည်ဟု ခံစားရလျှင် ဝါယင်လုံ အတွင်းအားစုစည်းကာ တောင့်ခံလိုက်သည်။

နံဘေးမှ ရပ်ကြည့်နေသော ကျားယန်တို့လူစုနှင့် ချင်စုမင်တို့မှာ ဝါယင်လုံအတွက် စိုးရိမ်ပူပန်သွားကြသည်။

ချန်မင်မင်သည် ဝါယင်လုံ အန္တရာယ်နှင့် ရင်ဆိုင်တိုးနေရပြီဖြစ်ကြောင်း သိလျှင် ဓားဆွဲကာ ရှေ့သို့ခုန်ထွက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ...

"အင်း ... လူတွေ တယ်ပြီး စည်ကားနေပါလား"

အက်ကွဲသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။



တုံးကော့စွန် ရင်ထိတ်ကာ လက်ကို ပြန်လည်ရုပ်သိမ်းပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

စကားသံမှာ သူ၏နားနားသို့ ကပ်ကာ ပြောလိုက်သည်ဟု ထင်မိသည် မဟုတ်ပါလား။

တစ်ဆက်တည်းပင် စကားသံ ထွက်ပေါ်လာရာသို့ အားလုံး လှမ်းကြည့်လိုက်၏။

ထိုအခါ မြေကွက်လပ်တစ်ဖက်တွင် အဘိုးအိုတစ်ယောက် လက်နှစ်ဖက် နောက်ပစ်ကာ အေးအေးလူလူ ရပ်နေသည်ကို တွေ့ရ၏။

ထိုလူသည်ကား ချန်မင်မင်၏အဘိုး ချင်ယွှင်ပင် ဖြစ်ပေတော့သည်။

ချင်ယွှင် မည်သည့်အချိန် ကျောက်ဂူထဲက ထွက်လာမှန်း မည်သူမျှ မသိလိုက်ကြချေ။

ကျောက်ဂူဝကို ပိတ်ဆို့ထားသည့် ကျောက်တုံးကြီးမှာ နံဘေးသို့ ရောက်နေ၏။

ကျောက်ဂူအပေါက် ဟောင်းလောင်းပွင့်ကာ အတွင်းဘက်မှ မီးရောင်များ အပြင်သို့ ဖြာကျနေသည်။

ချန်မင်မင်ပင်လျှင် သူမ၏အဘိုး မည်သည့်အချိန်က ကျောက်ဂူအတွင်းမှ ထွက်သွားကြောင်း မသိခဲ့ချေ။

ချင်ယွှင်သည် ကျောက်ဂူအပြင်ဘက်သို့ရောက်လျှင် တုံးကော့စွန်က ဝါယင်လုံအား တိုက်ခိုက်နေသည်ကို တွေ့မြင်သွား၏။

ထို့ကြောင့် အသံလှိုင်းပို့သည့်နည်းဖြင့် တုံးကော့စွန်၏ နားနားသို့ ကပ်ပြောသည်ထင်ရအောင် ပြောလိုက်ခြင်းဖြစ်၏။

တုံးကော့စွန်သည် ချင်ယွင်ကို မျက်မှောင်ကြုတ်၍ ကြည့်နေသည်။

ချင်ယွင်က ...

"ကြယ်တံခွန်ဂိုဏ်းမှာ လူတော်လူကောင်းတွေ ရှိတယ်ဆိုတာ အခုမှ သိရတော့တယ်"

အဘိုးအိုက တုံးကော့စွန်ကိုကြည့်ကာ ပြောလိုက်၏။

သူ၏စကားသံသည် အက်ကွဲတုန်ခါနေဆဲပင်။

အတွင်းအား နုနယ်သူများ၏ နားတွင်း၌ မခံနိုင်အောင် ကျယ်လောင်စွာ မြည်ဟိန်းထွက်ပေါ်လာသည်။

ထို့အပြင် ပဲ့တင်ထပ်နေသလို ရှိနေသည်။

ဖန်လုံ၊ မုန်းစီးလျှံနှင့် ကွမ်မုစုလန်တို့ မျက်နှာပျက်သွားကြ၏။

ထိပ်သီးသိုင်းပညာရှင် တစ်ယောက်နှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း သူတို့ ရိပ်မိလိုက်ကြ၏။

တုံးကော့စွန်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း...

"မိတ်ဆွေ ဘယ်သူလဲဆိုတာ သိပါရစေဗျာ"

သူက ရိုးရိုးတန်းတန်း ဂါရဝပြုလိုက်ခြင်း မဟုတ်ပါ။

အတွင်းအားကို လေလှိုင်းမှတစ်ဆင့် ပို့ဆောင်ကာ ချင်ယွင်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လေတိုးသံများ ထွက်ပေါ်လာသည်။



ချင်ယွင်က ...

"ဂါရဝပြုတာ မခံယူရဲပါဘူးဗျာ၊ ကျုပ်ဟာ အညတရတစ်ယောက်ပါ"

ပြောရင်း လက်နှစ်ဖက်ဆုပ်၍ ပြန်လည် ဦးညွှတ်လိုက်၏။

သူက တုံးကော့စွန်၏ တိုက်ခိုက်ခြင်းကို အတွင်းအားဖြင့် ပြန်လည်တုံ့ပြန်လိုက်ခြင်း ဖြစ်ပေသည်။

လေမတိုက်ဘဲ တုံးကော့စွန်၏ အင်္ကျီများ လှုပ်ခါသွားသည်။

တုံးကော့စွန် မျက်နှာပျက်သွား၏။

သူသည်ကြယ်တံခွန်ဂိုဏ်းချုပ်ဘက်သို့ လှည့်ကာပြောလိုက်၏။

"တို့ ... သွားကြစို့"

သူသည် ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

ကြယ်တံခွန်ဂိုဏ်းချုပ် အံ့ဩသွားသည်။

သို့သော် စကားတစ်လုံးမှ မပြောဘဲ တုံးကော့စွန့်နောက်သို့ လိုက်ပါသွားသည်။

ဖန်လုံ၊ မုန်းစီးလျှံနှင့် ကွမ်စုမုလန်တို့လည်း မျက်စိမျက်နှာပျက်ကုန်ကြသည်။

ဖန်လုံက လက်ဝှေ့ယမ်းပြလိုက်၏။

"အားလုံး သွားကြစို့"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ပြေးထွက်သွားကြလေတော့သည်။

မုန်းစီးလျှံနှင့် ကွမ်မုစုလန်တို့လည်း ပြေးလိုက်သွား၏။

ခေါင်းဆောင်များ ထွက်သွားကြပြီဖြစ်ရာ လက်အောက်ငယ်သားများလည်းဆက်၍ မနေဝံ့တော့ဘဲ ပြေးလွှားဆုတ်ခွာသွားကြလေတော့သည်။

ရန်သူဟူသရွေ့ စိုးစဉ်းမျှပင် မကျန်ရစ်တော့ချေ။

ကြယ်တံခွန်ဂိုဏ်းချုပ် ထွက်သွားသည်ကို တွေ့ရမှ ချန်မင်မင်သည် သတိဝင်လာပြီး အော်ပြောလိုက်သည်။

"ဘိုးဘိုး ... သူတို့ကို မလွှတ်ပါနဲ့၊ ဖေဖေ့ကို သူတို့ ဖမ်းထားကြတယ်"

ပြောရင်း ချင်ယွင်အနီးသို့ ပြေးလာ၏။

ချင်ယွင်မှာ မောပန်းနေပုံရသည်။

အတွင်းအား ပြန်လည်ပြည့်ဖြိုးခြင်းမရှိဘဲ အပြင်သို့ထွက်ကာ အတွင်းအားချင်း ပြိုင်ခဲ့ရသည်။

ရန်သူ အထင်မသေးနိုင်အောင် အစွမ်းကုန် ထုတ်ခဲ့ရ၍ မောပန်းနေကြောင်း ဝါယင်လုံ နားလည်လိုက်သည်။

ချင်ယွင်၏အနေအထားမှာ အားရစရာမရှိချေ။

အတွင်းအားများ လုံးဝပျောက်ဆုံးသွားမည်ကို စိုးရိမ်ရသည်။

အတွင်းအား မူလအတိုင်း ပြန်လည်ပြည့်ဝလာအောင် ရက်အတန်ကြာ တံခါးပိတ်လေ့ကျင့်ရမည်ဟု တွက်ဆမိသည်။

ချင်ယွင်က ချန်မင်မင်ကို လက်ကာပြရင်း ပြောလိုက်သည်။

"သူတို့ သွားပါစေ"

ချန်မင်မင်က မကျေမနပ်ဖြစ်သွားကာ အဘိုးအိုကို ပြောနေလေ၏။



"ဘိုးဘိုး ... ဖေဖေ့ကို သူတို့ဖမ်းထားကြတယ်၊ သူတို့ကို ဒီအတိုင်း လွှတ်ပေးလိုက်တော့မှာလား"

"ငါ့မြေးမလေးနဲ့ သူတို့ ပြောပုံဆိုပုံကြည့်ရတာ ငါ့မြေးဖေဖေ အသက်ရှင်လျက် ရှိနေပုံပဲ၊ ဖြည်းဖြည်းမှကယ်လည်း ရပါတယ်၊ အလောသုံးဆယ်လုပ်ရင် ငါ့မြေး ဖေဖေရဲ့ အသက်အန္တရာယ် ထိခိုက်သွားနိုင်တယ်"

ချင်ယွင်၏ လေသံကို နားထောင်ပြီး မာပန်းနေကြောင်း ချန်မင်မင် ရိပ်မိသွားတော့သည်။

ချင်ယွင်၏ အတွင်းအား လွန်စွာ ကုန်ဆုံးသွားကြောင်း သိရပြီး ရှင်းပြသော စကားများ သဘာဝကျနေသဖြင့် ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

ရန်သူများ ထွက်ခွာသွားပြီဖြစ်ရာ ဝါယင်လုံအား ကူညီရန် မလိုအပ်တော့ချေ။

ထို့ကြောင့် ကျားယန်တို့လူစု ပြန်ရန် ဟန်ပြင်ကြသည်။

ကျားယန်က ချက်ချင်းမပြန်သေးဘဲ အမျိုးသမီးဂိုဏ်းမှ လူများကိုသာ ပြန်သွားရန် အမိန့်ပေးလိုက်၏။

အမျိုးသမီးဂိုဏ်းသားများသည် ကျားယန်ကို ဦးညွှတ်ပြီး အလျို လျို ထွက်ခွာသွားကြ၏။

နောက်ဆုံး မြေကွက်လပ်တွင် ကျားယန်တစ်ယောက်တည်း ကျန်ရစ်ခဲ့လေပေ‌တော့သည်။

ချင်စုမင်ကလည်း ဝါယင်လုံကို ပြောသည်။

"ဝါယင်လုံ ... ကျုပ်သွားတော့မယ်၊ မင်းနဲ့ ရှင်းစရာရှိသေးတယ်၊ မင်း သတ္တိရှိရှိ ရင်ဆိုင်ဝံ့တယ်ဆိုရင် ကျုပ်နောက် တစ်ယောက်တည်း လိုက်ခဲ့ပါ"

ဝါယင်လုံ အခက်ကြုံသွားသည်။

ဝမ်ကျောက်နီ၏ ကိစ္စအတွက် ချင်စုမင်ကို ရှင်းပြလိုလေသည်။

ချင်စုမင် နောက်သို့လိုက်သွားလျှင် ချန်မင်မင်တို့နှင့် ခွဲရမည်ဖြစ်သည်။

ချင်စုမင်က ဝါယင်လုံ ငိုင်နေသည်ကို တွေ့ရလျှင် ...

"ဒါ မင်းအတွက် နောက်ဆုံးအခွင့်အရေးပဲ၊ နောက်မှ ရှင်းပြချင်တယ်ဆိုရင် ကျုပ်လက်ခံမှာမဟုတ်ဘူး"

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

တစ်ဖန် ချင်ယွှင်ကို အကူအညီတောင်းသည့် သဘောဖြင့် လှမ်းကြည့်လိုက်လေ၏။

ချင်ယွှင်သည် အခြေအနေရပ်ရပ်ကို နားလည်သဘောပေါက်ထားသည်။

ဝါယင်လုံ၏ အဆိပ်များ ပြေပျောက်သွားသည့်အပြင် အတွင်းအားတိုးဆေးလုံး သောက်ထားသည့်အတွက် စိတ်ချနေပြီ ဖြစ်၏။

ဝါယင်လုံနှင့်ပတ်သက်ပြီး ရှေ့ဆက်လုပ်စရာ ထွေထွေထူးထူး မရှိချေ။

သူ၏အတွင်းအား ပြန်လည်ပြည့်ဝလာအောင် တံခါးပိတ်လေ့ကျင့်ရဦးမည်ဖြစ်ရာ ခေါင်းညိတ်လိုက်သည်။



"မင်းမှာ ကိစ္စရှိရင် သွားလေ၊ ကျုပ်လည်း လုပ်စရာတွေရှိသေးတယ်"

ချင်ယွှင်၏ခွင့်ပြုသည့်စကားကြားရလျှင် ချင်စုမင်သည် ဝါယင်လုံ၏ အဖြေစကားကိုပင် နားမထောင်ဘဲ ပြေးထွက်သွားလေသည်။

ဝါယင်လုံက ချန်မင်မင်ကို လှမ်းကြည့်လိုက်၏။

ချန်မင်မင် မျက်နှာပျက်နေပါသည်။

ချင်ယွှင်၏ အင်္ကျီစကို ဆွဲကိုင်ရင်း ...

"ဘိုးဘိုး ... အစ်ကိုသွားရင် သမီးလည်း လိုက်သွားမယ်နော်"

ဟု ပူဆာလိုက်လေသည်။

ချင်ယွှင် ခေါင်းခါယမ်းလိုက်သည်။

"ငါ့မြေးလိုက်လို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ဘိုးဘိုးရဲ့"

"ဟိုက သူတစ်ယောက်တည်း လိုက်ခဲ့ဖို့ ပြောသွားတာပဲ၊ ငါ့မြေး မကြားဘူးလား"

ချန်မင်မင် ခေါင်းတွင်တွင်ခါယမ်းရင်း ...

"ကျွန်မ သူ့ကို စိတ်မချဘူး"

ချင်ယွှင် ရယ်မောလိုက်လေသည်။

"ဒီလိုဆိုရင် ဘိုးဘိုးကို စိတ်ချတယ် ဆိုပါတော့"

ထိုစကားကြားရလျှင် ချန်မင်မင် စိတ်မကောင်းဖြစ်သွားသည်။

ချင်ယွှင်က ဆက်ပြောလိုက်သည်။

"ဘိုးဘိုး ... အတွင်းအား ကုန်ခန်းနေပြီ၊ တံခါးပိတ် လေ့ကျင့်ရဦးမယ်၊ ဘိုးဘိုးမှာ စောင့်ရှောက်ပေးမယ့်လူ လိုအပ်နေပြီကွယ့်"

ဝါယင်လုံက သူ့အတွက် အတွင်းအားကုန်ခန်းသွားရသည်ဖြစ်၍ အားတုံ့အားနာဖြစ်ကာ ...

"ဘိုးဘိုးကို ကျွန်တော် စောင့်ရှောက်ပေးပါရစေ ခင်ဗျာ" ဟု တောင်းပန်လေသည်။

ချင်ယွင် လက်မခံချေ။

"မင်း ကာကွယ်စောင့်ရှောက်ပေးရတဲ့အထိ မလိုအပ်သေးပါဘူး၊ မင်းရဲ့ကိစ္စတွေ ပြီးပြတ်အောင် အချိန်ရှိဟုန်းလုပ်တာ အကောင်းဆုံးပဲ၊ သိုင်းလောကမှာ ဖြစ်ပေါ်လာမယ့် အရေးအခင်းကြီးအတွက် တို့မှာ အချိန်များများစားစား မကျန်တော့ဘူးဆိုတာ မင်း နားလည်တယ် မဟုတ်လား"

ဝါယင်လုံ ဦးခေါင်းငိုက်စိုက် ကျသွားသည်။

ချင်ယွင်က ချန်မင်မင်၏လက်ကို လှမ်းဆွဲယူရင်း ပြောလိုက်၏။

"ငါ့မြေးက ဘိုးဘိုးကိုစောင့်ရှောက်မယ်ဆိုရင် လုံလောက်ပါပြီကွယ်"

ချန်မင်မင် သက်ပြင်းချလိုက်သည်။

သူမ လိုက်၍မဖြစ်ကြောင်း ကောင်းစွာ နားလည်သွားပြီဖြစ်ပါသည်။

အသံတိုးတိုးဖြင့် ...

"ကျွန်မ ဘိုးဘိုးကို စောင့်ရှောက်ပါ့မယ်ရှင်"

သူမ ကတိပြုလိုက်ရတော့သည်။



ဝါယင်လုံ လွတ်လပ်စွာ သွားလာနိုင်ပြီဖြစ်သည်။

သို့သော် ချန်မင်မင် မလိုက်နိုင်ခြင်းကြောင့် ဝမ်းမသာသည့်အပြင် စိတ်မကောင်း ဖြစ်မိပါ၏။

ချင်ယွင်က ဝါယင်လုံကို ကြည့်ကာ တိုက်တွန်းလေ၏။

"အချိန်မရှိဘူး၊ မင်းသွားတော့လေ"

ဝါယင်လုံက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

တစ်ဖန် ချန်မင်မင်ကိုကြည့်ကာ ...

"ညီမ ... အစ်ကို မကြာခင် ပြန်လာခဲ့မယ်"

ပြောပြီးသည်နှင့် ချစ်စုမင် ထွက်သွားရာနောက်သို့ ပြေးလိုက်သွား၏။

ဝါယင်လုံ၏ ကိုယ်ဖော့ပညာ ထက်မြက်လှသည်ဖြစ်ရာ တစ်ခဏအတွင်းပင် အမှောင်ထုအတွင်း တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

သို့သော် ...

ကျားယန် ထွက်မသွားသေးချေ။

ချင်ယွင်က ချန်မင်မင်၏ ပခုံးကိုဖက်ကာ နှစ်သိမ့်လိုက်သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ငါ့မြေးရယ်၊ သူ မကြာခင် ပြန်လာမယ်လို့ ပြောသွားတယ်မဟုတ်လား၊ ကဲ ... တို့လည်း သွားကြစို့"

ပြောပြီး ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ် မြေကွက်လပ်တစ်ဖက်ရှိ ဝါးပင်များနောက်ကွယ်မှ သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချင်ယွင်၏ ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။

ဝါးရုံတောများဘက်သို့ မျှော်ကြည့်ရင်း ဖိတ်ခေါ်လိုက်လေ၏။

"မိတ်ဆွေ ဘာဖြစ်လို့ ပုန်းနေတာလဲ၊ ထွက်လာခဲ့ပါဗျာ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ချိုလွင်သာယာသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ရှင့်ရဲ့ ဓွမ်းဆောင်ချက်က ချီးကျူးစရာကောင်းပါတယ်၊ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို ရှားလှပါတယ်၊ အတွင်းအား ကုန်နေတာတောင် တုံးကော့စွန်ကို မောင်းထုတ်နိုင်သေးတယ်၊ ရှင့်အတွက် ကူညီစောင့်ရှောက်ဖို့ ကျားယန်ကို ထည့်လိုက်ပါရစေ၊ ကျေးဇူးပြုပြီး လက်ခံပါရှင့်"

လူကိုမမြင်ရဘဲ အသံကိုသာ ကြားလိုက်ရခြင်း ဖြစ်၏။

ထိုအသံရှင်သည် ကျားယန်ကို အလွယ်တကူ အမိန့်ပေးနိုင်သည်ကို သတိပြုမိလျှင် ချန်မင်မင် မျက်မှောင်ကြုတ်သွား၏။

ကျားယန်အား လိုသလို စေခိုင်းနိုင်သူမှာ မည်သူပါနည်း။ ကျားယန်၏ဆရာသည် ဖန်စုရိပင် ဖြစ်သည်။

ဖန်စုရိနှင့် ယောဂီမှုန်း(ဝါ)ယင်ယင်တို့သည် ဂိုဏ်းတူ ညီအစ်မများ ဖြစ်ကြ၏။

ဖန်စုရိနှင့် ယင်ယင်တို့ ပူးပေါင်းလှုပ်ရှားကာ အမျိုးသမီးဂိုဏ်း ထူထောင်ထားကြောင်း သိုင်းလောကသတင်းများအရ ချန်မင်မင် သိရှိထားသည်။ ယခု ဖန်စုရိ ရောက်လာလေပြီ။



ယင်ယင် မည်သည့်နေရာတွင် ရှိနေပါသနည်း။

ယင်ယင်လည်း ပါလာလိမ့်မည်ဟု ချန်မင်မင်တွေးမိသည်။

သူမ ယင်ယင်နှင့် တွေ့လိုသည်။

သို့သော် ယင်ယင် သူ့အား အတွေ့ခံမည် မဟုတ်ချေ။

ယင်ယင်နှင့် ဖန်စုရိတို့ ဤနေရာသို့ အစောကြီးကတည်းက ရောက်နေကြောင်း စဉ်းစားမိလျှင် ဝါယင်လုံအပေါ် ဂရုတစိုက် ရှိသည်ကို တွေးမိပြီး စိတ်သက်သာရာရသွား၏။

ဝါယင်လုံအား အန္တရာယ်ပြုမည့်သူ ဒုနှင့်ဒေး ရှိသလို ကူညီမည့်သူလည်း ပေါများသည် မဟုတ်လား။

ချန်မင်မင် ဝါယင်လုံအတွက် တဖြည်းဖြည်း စိတ်ချသွားလေတော့သည်။

ချင်ယွင်မှာ အသံကိုသာကြားနေရပြီး လူမမြင်ရသည့်အတွက်

"ကျုပ်ကို ကူညီမယ်ဆိုတာ ကြားလို့ ကျေးဇူးတင်ပါတယ်ဗျာ၊ တစ်ဆိတ်လောက် မြေကွက်လပ်ကိုထွက်ခဲ့ပါလား"

ထိုအခါ အသံရှင်က ...

"ထွက်မတွေ့နိုင်တာ စိတ်မဆိုးပါနဲ့ရှင်၊ ကျားယန်ကိုသာ ခေါ်သွားပါ"

"ကျားယန် လိုက်သွား"

ကျားယန်လိုက်သွားဟု အမိန့်ပေးလိုက်သော အသံမှာ ပထမ အသံရှင်၏ အသံမဟုတ်ချေ။

နောက်ထပ်အသံတစ်ခု ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုအသံကြားရသည်နှင့် ယင်ယင်၏အသံဖြစ်ကြောင်း ချန်မင်မင် ချက်ချင်း မှတ်မိလိုက်သည်။

ချင်ယွင် လက်ကာပြရင်း ...

"ကျုပ်ပြောပါရစေဦးဗျ"

"နောင်တွေ့မှာပြောကြတာပေါ့၊ အခုကျွန်မတို့ကို သွားခွင့်ပြုပါဦးရှင်"

စကားသံဆုံးလျှင် ဝါးပင်များ အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို တွေ့ရသည်။

ချင်ယွင် စိုက်ကြည့်နေသော်လည်း နောက်ထပ်စကားသံ ထွက်ပေါ်လာခြင်း မရှိတော့ချေ။

ယင်ယင်တို့ ထွက်သွားပြီဖြစ်ကြောင်း သိသာသည်။

ချင်ယွင် သက်ပြင်းချလိုက်သည်။

မလှမ်းမကမ်းတွင် ရပ်နေသော ကျားယန်ကိုကြည့်ကာ ...

"ကဲ ... မိန်းကလေး ကျုပ်နောက်လိုက်ခဲ့"

ပြောပြီး ချန်မင်မင်ကို လက်ဆွဲကာ လှမ်းထွက်သွား၏။

ကျားယန်၏ မျက်နှာ ပြုံးရွှင်သွားသည်။

ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် ချင်ယွင်တို့ နောက်သို့ လိုက်ပါသွားတော့သည်။

○ ○ ○

## အခန်း(၅၄)
## မေတ္တာဟူသည်

ချင်စုမင်သည် မြောက်ဘက်သို့ ဦးတည်ပြေးသွား၏။

ဝါယင်လုံက မျက်ခြည်ပြတ်မခံဘဲ လိုက်သွားသည်။

ဝါယင်လုံ လိုက်လာသည်ကို တွေ့ရလျှင် ချင်စုမင် သဘောကျသွားလေ၏။

ဝါယင်လုံ လိုက်လာနိုင်စေရန် ကိုယ်ဖော့ပညာကို သုံးပုံတစ်ပုံခန့် လျော့ကာ ပြေးသွားသည်။

သတ္တိရှိပြီး ရိုးသားဖြောင့်မတ်လျှင် ဝမ်ကျောက်နီနှင့် ပတ်သက်၍ သူမအား ရှင်းပြနိုင်ရပေမည်။

ဝါယင်လုံ လိုက်လာခြင်းကြောင့် အပြစ်တင်လိုစိတ်များ တစ်စတကလတ်စ် လျော့ပါးလာသည်။

သို့သော် ဝမ်ကျောက်နီ၏ မျက်နှာကို ပြန်လည်မြင်ယောင်လာသောအခါ အံတင်းတင်းကြိတ်မိလေ၏။

"ငါ့တပည့် စိတ်ချမ်းသာစေရမယ်"

သူမ ဆုံးဖြတ်လိုက်မိသည်။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးသွားကြရာ ကျင်လင်မြို့နှင့် တစ်စထက်တစ်စ ဝေးကွာသွားသည်။

မြောက်ပိုင်းနယ်ထဲသို့ ရောက်မှန်းမသိ ရောက်သွားကြလေတော့သည်။

ချင်စုမင်ကား ခြေလှမ်းမရပ်သေးဘဲ ပြေးနေဆဲပင်။

ဝါယင်လုံသည် မောသည် ပန်းသည် သဘောမထားနိုင်ဘဲ လိုက်သွားရလေ၏။

တစ်နေ့နှင့် တစ်ည သွားပြီးလျှင် အလွန်ထူထပ်သော တောအုပ်တစ်ခုသို့ ရောက်ရှိလာလေတော့သည်။

ချင်စုမင်သည် တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဝါယင်လုံမှာ တောအုပ်ထဲ ဝင်သွားသောအခါ ချင်စုမင်ကို မတွေ့ရတော့ချေ။ သူက ရော်ရမ်းမှန်းဆကာ လျှောက်သွားသည်။

အတန်ကြာလျှောက်သွားမိလျှင် တောအုပ်အလယ်၌ အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရ၏။

အိမ်ကလေး၏ မီးခိုးခေါင်းတိုင်မှ မီးခိုးများ ထွက်နေသည်။

အိမ်ရှေ့တွင် ကြက်တစ်အုပ် အစာရှာနေကြ၏။

သစ်တောအလယ်တွင် အလေ့ကျတောရိုင်းပန်းများ ပေါက်ရောက်လျက်ရှိသည်။



လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာလျှင် မွှေးကြိုင်သင်းပျံ့သော ရနံ့များ လွင့်ပျံ့လာသည်။

နေချင်စဖွယ်ကောင်းသော နေရာဒေသကလေးတစ်ခုပင် ဖြစ်တော့သည်။

တောအုပ်အလယ်မှ အိမ်ကလေးသည် ချင်စုမင်၏ အိမ်ဖြစ်ရမည်ဟု ဝါယင်လုံ တွေးမိသည်။

ထို့ကြောင့် အိမ်ကလေးဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလိုက်လေ၏။ အိမ်ကလေးမှာ တံခါးဖွင့်ထားသည်။

ပြတင်းပေါက်များလည်း ဖွင့်ထားပြီး အဖြူရောင် ခါးခန်းဆီးများ တပ်ထား၏။

ဝါယင်လုံက အိမ်ရှေ့တွင် ခြေလှမ်းရပ်ကာ ဝင်ခွင့်တောင်းရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အိမ်ထဲမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ရှင် ဘယ်များရောက်နေပြီလဲ၊ ဒီတစ်သက် ကျွန်မ ရှင့်ကို ပြန်တွေ့နိုင်မှာ မဟုတ်တော့ဘူးထင်ပါရဲ့"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားသံကြောင့် ဝါယင်လုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူတစ်ပါး၏ စကားကို တိတ်တဆိတ် ချောင်းမြောင်းနားထောင်ရန် မသင့်မှန်းသိသော်လည်း ငူငူကြီး ရပ်နေမိ၏။

စကားသံ ထွက်ပေါ်လာပြန်သည်။

"ရှင်ဟာ ကျွန်မရဲ့ဘဝတစ်ခုလုံးကို လွှမ်းမိုးထားနိုင်သူပါပဲ ကျွန်မ ရှင့်အတွက် အရာရာကို စွန့်လွှတ်အနစ်နာ ခံနိုင်ပါတယ်၊ တကယ်လို့များ နောင်ဘဝဆိုတာရှိခဲ့ရင် ကျွန်မဘဝထဲ ရှင်ဝင်လာနိုင် ဖိတ်ခေါ်နိုင်တဲ့လူ ဖြစ်ပါရစေလို့ ဆုတောင်းပါရဲ့ရှင်"

ဝါယင်လုံ သူ၏နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွား သည်။

အသံရှင်ကို သူသိထားသည်။

ပို၍ သေချာသွားအောင် ပြတင်းပေါက်ဘက်သို့ လျှောက်လာ ပြီး အတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။

အိမ်ကလေးအတွင်း၌ သပ်သပ်ရပ်ရပ် ပြုပြင်သန့်ရှင်းထား သည်။

လုပ၍ ချစ်စဖွယ်ကောင်းပြီး နေချင်စရာအိမ်ကလေး ဖြစ်ပေ သည်။

အိမ်ကလေးထဲတွင် မိန်းကလေးတစ်ယောက် ထိုင်နေ၏။

မိန်းကလေးသည် တစ်ကိုယ်လုံးအဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဆံပင်ဖားလျားချထားသည်။

ပြတင်းပေါက်ဘက်ကို ကျောပေး၍ မျက်နှာကိုမူ မမြင်ရပေ

မိန်းကလေး၏စကားသံ ထွက်ပေါ်လာပြန်သည်။

"ကျွန်မဟာ အနစ်နာခံဖို့အတွက် လူဖြစ်လာတာပါ၊ ရှင့် အတွက်ဆိုရင် အသက်တောင် သေဝံ့ပါတယ်ရှင်၊ ရှင့်ရဲ့မျက်နှာ ငေးကြည့်ပြီး ကျွန်မရဲ့ ရင်ထဲက ခံစားချက်တွေကို ပြောပြလို ချင်ပါရဲ့၊ ရှင် ကျွန်မကိုမှ သတိရသေးရဲ့လား"



ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

သူ လွန်စွာ စိတ်မကောင်းဖြစ်လာမိသည်။

ထိုမိန်းကလေးအား သူကောင်းစွာသိသည်။

ထိုမိန်းကလေးမှာ သူ့အား တစ်ဖက်သတ် မေတ္တာသက်ဝင် ပြီး ကိုကျိုးစွန့်၍ ကြယ်တံခွန်ဂိုဏ်းသို့ဝင်ကာ သတင်းစုံစမ်းပေးခဲ့ သည်။

သူမ ဝါမိသားစုအတွက် သူလျှိုလုပ်နေသည်ကို ရှန်းမုံဂိုဏ်း မှ လူတစ်ယောက် ရောက်လာ၍ သတင်းပေးသွားသဖြင့် ကြယ်တံခွန် ဂိုဏ်းက သိသွားသည်။

ထိုအခါ သူမကို ဖမ်းဆီးကာ အမျိုးမျိုး နှိပ်စက်သည်။

ကြယ်တံခွန်ဂိုဏ်း၏အဆိပ်ကြောင့် သိုင်းပညာ ကွယ်ပျောက် ကာ သာမန်လူတစ်ယောက် ဖြစ်ခဲ့သည်။

သူမသည် ချင်စုမင်၏ တပည့် ဝမ်ကျောက်နီ ဖြစ်ပေတော့ သည်။

"ဝမ်ကျောက်နီ ..."

ဝါယင်လုံ ခေါ်လိုက်သည်။

သို့သော် သူ၏အသံမှာ လည်ချောင်းထဲတွင် တစ်ဆို့ပျောက် ကွယ်သွားလေသည်။

ဝါယင်လုံ စိတ်မကောင်းဖြစ်နေစဉ် စကားသံတစ်ချက် ထွက် ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယခုတစ်ကြိမ် စကားသံသည် သူ၏နောက်ကွယ်မှ ထွက်ပေါ် လာခြင်း ဖြစ်ပေသည်။

"ကဲ ... ဘယ့်နှယ်ရှိစ၊ မင်း ကြားပြီမဟုတ်လား"

ဝါယင်လုံ ချာခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ သူ့အား တင်းမာသော မျက်နှာထားဖြင့် စိုက်ကြည့်နေသည့် ချင်စုမင်ကို တွေ့မြင်လိုက်ရသည်။

ချင်စုမင်သည် ဝမ်ကျောက်နီ၏ စကားများ နားနှင့်ဆတ်ဆတ်ကြားရအောင် တမင်အကွက်ဆင်ခဲ့ခြင်း ဖြစ်ပေသည်။

ချင်စုမေ စကားသံကြားရသည်နှင့် ...

"ဟင် ... ဆရာပြန်လာပြီ"

ဝမ်ကျောက်နီ ထိုင်ရာမှထကာ အိမ်အပြင်သို့ ပြေးထွက်လာသည်။

အပြင်သို့ရောက်လျှင် ချင်စုမင်သာမက ဝါယင်လုံကိုပါ တွေ့မြင်သွား၏။

သူမ၏မျက်နှာ သွေးဆုတ်သွားသည့်အလား ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

သူမ၏ သိုင်းပညာ ကွယ်ပျောက်နေပြီဖြစ်ရာ ကိုယ်ဖော့ပညာကောင်းသော ဝါယင်လုံနှင့် ချင်စုမင်တို့၏ ခြေသံကို မကြားခဲ့ခြင်းပင်။

ဝါယင်လုံ ပြတင်းပေါက်အနီးတွင် ရပ်နေသည်ကိုကြည့်ပြီး သူမ၏စကားများ ကြားသွားပြီဖြစ်ကြောင်း ဝမ်ကျောက်နီ ရိပ်မိလိုက်သည်။

သူမ၏မျက်နှာ ဖြူဖွေးနေရာမှ နီရဲသွားသည်။



ချာခနဲလှည့်ကာ အိမ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

ဝမ်ကျောက်နီ အိမ်ထဲဝင်သွားမှ ချင်စုမင်က ဝါယင်လုံအား ဖိတ်ခေါ်လိုက်၏။

"ကဲ ... ရောက်တုန်းရောက်ခိုက် အိမ်ထဲဝင်ပါဦး"

ဝါယင်လုံ မငြင်းနိုင်တော့ချေ။

ချင်စုမေနှင့်အတူ အိမ်ထဲသို့ လှမ်းဝင်သွားရလေတော့သည်။

အိမ်ထဲသို့ရောက်သောအခါ ချင်စုမင်က ဝါယင်လုံအား နေရာထိုင်ခင်းပေးသည်။

အိမ်ထဲသို့ကြည့်သော်လည်း ဝမ်ကျောက်နီကို မတွေ့ရပါ။

မီးဖိုချောင်ဘက်မှ ချက်ပြုတ်ကြော်လှော်ရာမှ ထွက်လာသည့် အနံ့အသက်များ လွင့်ပျံ့လာသည်။

ချင်စုမင် ပြုံးရင်း ...

"မင်းလည်းမောရောပေါ့၊ သမီးဝမ်ရေ စားစရာ သောက်စရာတွေ ယူခဲ့ပါ"

သူမ၏စကားသံနှင့် မရှေးမနှောင်းတွင် ဝမ်ကျောက်နီသည် လင်ဗန်းတစ်ချပ် ကိုင်ဆောင်ကာ အနောက်ဘက်မှ ထွက်လာသည်။

စားစရာသောက်စရာနှင့် အရက်တစ်လုံးပါလာ၏။

လင်ဗန်းကို ချပေးပြီး လှည့်ထွက်သွားမည်အပြုတွင် ချင်စုမင်က ...

"သမီးဝမ် ... ထိုင်ပါဦး"

ဝမ်ကျောက်နီသည် ချင်စုမင်၏ စကားကို မလွန်ဆန်ဝံ့ဘဲ ညွှန်ပြသည့်နေရာတွင် ထိုင်ချလိုက်သည်။

ထိုအခါ ဝါယင်လုံနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

ချင်စုမင်က အရက်ခွက်များထဲသို့ အရက်ငှဲ့ပေးလိုက်သည်။ ဝမ်ကျောက်နီရှေ့တွင် တစ်ခွက်၊ ဝါယင်လုံရှေ့တွင် တစ်ခွက် ချပေးပြီး သူမအတွက်လည်း တစ်ခွက်ငှဲ့လိုက်သည်။

တစ်ဖန် အရက်ခွက်ကို ကိုင်ရင်း ...

"ဒီကနေ့ဟာ ငါ့ဘဝမှာ အပျော်ရွှင်ဆုံး နေ့တစ်နေ့ပါပဲ၊ ငါ့ရဲ့ဆန္ဒတွေ ပြည့်ဝပြီ၊ မင်းတို့နှစ်ဦး မင်္ဂလာအရက်ကို ငါအခု သောက်တော့မယ်"

သူမ၏စကားကြားရလျှင် ဝါယင်လုံ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ဝမ်ကျောက်နီလည်း ထိတ်လန့်အံ့သြသွားပုံရသည်။

"ခင်ဗျာ ..."

"ရှင် ..."

ချင်စုမင်က လက်ကာပြလိုက်သည်။

"ကျုပ်ပြောစကား ဆုံးအောင်နားထောင်ပါဦး၊ ကျုပ်က မင်းတို့ နှစ်ယောက်ကို လက်ဆက်ပေးလိုက်မယ်၊ ဒီကနေ့ကစပြီး မင်းတို့ဟာ အကြင်လင်မယား ဖြစ်သွားကြပြီ၊ ကျုပ်စကားကို နားထောင်ရမယ်"

ဝါယင်လုံ မျက်လုံးပြူးသွားကာ ...

"ဒေါ်ဒေါ် ခင်ဗျား ဒီလိုလုပ် ..."

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

သူ ခါးခါးသီးသီး ငြင်းဆန်ရမည်ကို အားနာနေမိသည်။



ဝမ်ကျောက်နီ စိတ်ထိခိုက်သွားမည် မဟုတ်ပါလား။

မည်သို့ဆိုစေ သူက ဝင်ကျောက်နီအား လက်ထပ်ယူရန် မဖြစ်နိုင်ချေ။

ချင်စုမင်၏ မျက်နှာ တင်းမာသွားသည်။

"ဘာလဲ ... မင်း ငြင်းဆန်ချင်လို့လား၊ ကောင်းပြီ ..."

ပြောပြောဆိုဆို ချိတ်ကောက်လက်နက်ကို ဆွဲယူကာ စားပွဲပေါ် တင်လိုက်သည်။

"ဟောဒီလက်နက်နဲ့ ကျုပ်တို့ ဆရာတပည့်နှစ်ယောက်ကို တစ်ခါတည်း သတ်သွားပါ"

ဝါယင်လုံ မည်သို့လုပ်ရမှန်းမသိ ဖြစ်နေတော့သည်။

ဝမ်ကျောက်နီသည် သူ့အတွက် အနစ်နာခံ ဆောင်ရွက်ခဲ့သည်မှာ မှန်ကန်နေ၏။

ဝမ်ကျောက်နီ၏ကျေးဇူး သူ့အပေါ်ရှိသည်။

သို့သော် ဝမ်ကျောက်နီအား လက်ထပ်ယူရန် သူစိတ်မကူး ချေ။

ချင်စုမင်က ပြောသည်။

ငါ့တပည့်ဟာ မင်းအတွက် ဘယ်လောက်အနစ်နာခံခဲ့တယ် ဆိုတာ မင်းမေ့နေပြီလား၊ အခု သူ့ဘဝဆုံးနေပြီ၊ မင်းက လက်မခံဘဲ ငြင်းပယ်မလား၊ ဝါမီသားစုက လူတွေဟာ ကိုယ့်အပေါ် ကောင်းခဲ့တဲ့လူတွေအတွက် ပြန်မကောင်းနိုင်ကြတော့ဘူးလား"

ထိုစကားကြားရလျှင် ဝါယင်လုံသည် ယင်ယင်ကို သတိရလာ သည်။

ယင်ယင်သည် သူ၏ဖခင်အတွက် ဘဝတစ်ခုလုံး အဆုံးရှုံး အနစ်နာခံခဲ့၏။

ဒုက္ခအမျိုးမျိုးအဖုံဖုံကို တစ်ယောက်တည်း ကြိတ်မှိတ်ခံခဲ့သည်။

ယင်ယင်ကို သူသနားမိသည်။

ဝမ်ကျောက်နီကို ဒုတိယ ယင်ယင်၏ဘဝမျိုး အဖြစ်မခံလို ပါချေ။

လက်ထပ်ယူရန်လည်း ရဲဝံ့ခြင်းမရှိပါ။

ဆုံးဖြတ်ချက်မချနိုင်ဘဲ သက်ပြင်းသာ အခါခါချမိလေတော့ သည်။

သူ မည်သို့လုပ်ရမည်နည်း။

ဝမ်ကျောက်နီကို လက်ထပ်ရမည်လော။

သို့မဟုတ် ဒုတိယ ယင်ယင် ဖြစ်စေမည်လော။

သူ ဝေခွဲ၍မရဘဲ ဖြစ်နေသည်။

ချင်စုမင်က ခက်ထန်စွာပြောသည်။

"ဝါမိသားစု သိုင်းလောကမှာ ထိပ်တန်းအဆင့် ရောက်နေတာ ဘာ့ကြောင့်လဲ၊ သိုင်းပညာထူးချွန်တာ တစ်ခုတည်းကြောင့် မဟုတ်ဘူး၊ ရိုးသားတယ်၊ တရားမျှတတယ်၊ ဒုက္ခရောက်သူကို ကူညီစောင်မတယ်၊ ဒီ့အပြင် အချက်တွေအများကြီး ရှိသေးတယ်၊ မင်း ကိုယ့်ကြောင့် ဒုက္ခရောက်နေသူကို ပစ်ထားတော့မှာလား"

ဝါယင်လုံက ဝမ်ကျောက်နီကို လှမ်းကြည့်လိုက်သည်။

ဝမ်ကျောက်နီ ခေါင်းငုံ့ထားလိုက်၏။



သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်ကို တွေ့မြင်ရပါ၏။

ဝါယင်လုံ ဆုံးဖြတ်ချက် ချလိုက်သည်။

သူက ဝမ်ကျောက်နီကို ဒုတိယ ယင်ယင် အဖြစ်မခံနိုင်ပါ။

သူသည် ဆုံးဖြတ်ချက်တစ်ရပ်ကို ခက်ခဲစွာ ချလိုက်ရ၏။

"ဒေါ်ဒေါ် ကျွန်တော်ဟာ ဝါမိသားစုရဲ့ ဂုဏ်သိက္ခာကို အစဉ်အမြဲ စောင့်ထိန်းတဲ့ လူတစ်ယောက်ပါ၊ သူဟာ ကျွန်တော့်အတွက် အနစ်နာခံခဲ့တယ်ဆိုတာ အမှန်ပါပဲ၊ ဒါကြောင့် သူ့ကို လက်ထပ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ"

သူက ရဲဝံ့စွာ ပြောလိုက်လေ၏။

သူ၏လေသံ တုန်ယင်အက်ကွဲခြင်းမရှိ၊ ပကတိလေသံမျိုး ဖြစ်သည်။

စိတ်ဓာတ် ခိုင်မာသူတစ်ယောက်၏ ဟန်ပန် အထင်းသား ပေါ်လွင်နေသည်။

ဝမ်ကျောက်နီ ဆတ်ခနဲ ခေါင်းထောင်လာသည်။

ဝါယင်လုံကို မယုံကြည်နိုင်စွာကြည့်ရင်း ...

"ရှင် ... ရှင် ... တကယ်ပြောတာနော်"

ဝါယင်လုံ ခေါင်းညိတ်လိုက်သည်။

"ကျုပ် တကယ်ပြောတာပါ"

ဝမ်ကျောက်နီ မျက်နှာလေး ကြည်လင်ဝင်းပသွားသည်။

ချင်စုမင်လည်း ဝမ်းသာပျော်ရွှင်သွားလေသည်။

သူမ၏အကြံအစည် အောင်မြင်ခဲ့ပြီဖြစ်ပါသည်။

ဝမ်ကျောက်နီအား ပြုံးပြရင်း ...

"ကဲ ... ငါ့တပည့်ဆန္ဒ ပြည့်မြောက်ပြီ မဟုတ်လား"

ဝမ်ကျောက်နီသည် ဝါယင်လုံကို ငေးကြည့်နေသည်။

ဝါယင်လုံကလည်း သူမအား စိုက်ကြည့်နေ၏။

အတန်ကြာမှ ဝမ်ကျောက်နီ သက်ပြင်းချကာ ...

"ကျွန် ... ကျွန်မဟာ အပျိုစင်မဟုတ်တော့ဘူးဆိုတာ ရှင် သိတယ်မဟုတ်လားဟင်"

ဝါယင်လုံ ခေါင်းညိတ်လိုက်ပြီး ...

"ကျုပ် သိပါတယ်၊ ဒါတွေ အရေးမကြီးပါဘူးကွယ်"

"သိလျက်နဲ့ ရှင် ကျွန်မကို လက်ထပ်ယူမယ် ဟုတ်လား"

"ဟုတ်တယ် ... ခင်ဗျား အနစ်နာခံခဲ့တဲ့အတွက် ကျုပ်က လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်တာပါ"

ဝမ်ကျောက်နီ တွေဝေသွားသည်။

ချင်စုမင်က ...

"ကဲ ... တို့အားလုံး မင်္ဂလာအရက် သောက်ကြပါစို့"

ပြောပြောဆိုဆို အရက်မော့လိုက်လေသည်။

အရက်ခွက်နှင့် နှုတ်ခမ်းတော့မိရုံသာရှိသေးသည်။ ဝမ်ကျောက်နီက ...

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ကျွန်မ မှားပြီ၊ သိပ်ကိုမှားသွားပြီ ..."



ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ချင်စုမင် အရက်မသောက်ဖြစ်သေးဘဲ ဝမ်ကျောက်နီကို နားမလည်နိုင်စွာ ကြည့်လိုက်မိလေ၏။

"ငါ့တပည့် ညည်း ဘာတွေလျှောက်ပြောနေတာလဲ"

ဝမ်ကျောက်နီ ဦးခေါင်းကို တွင်တွင်ခါယမ်းရင်း ...

"ကျွန် ... ကျွန်မ သူ့ကို ဒီလောက် သဘောထားပြည့်ဝလိမ့်မယ်လို့ မထင်မိဘူး၊ ကျွန်မ မှားပြီ၊ သူ့ရဲ့ ဖြူစင်သန့်ရှင်းတဲ့ဘဝကို ကျွန်မ မပိုင်ဆိုင်သင့်ပါဘူး၊ ကိုယ့်ဆန္ဒ ပြည့်ဝအောင် တစ်ဖက်သားကို ဒုက္ခမပေးသင့်ပါဘူး၊ သူ့ကို တစ်ဖက်သတ်ချစ်နေရုံနဲ့ ကျွန်မဘဝ ဆုံးလောက်ပါပြီ၊ ကျွန်မ သူ့ကို လက်မထပ်ပါရစေနဲ့"

ပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

အဖြစ်အပျက်များမှာ ပြောင်းပြန်ဖြစ်သွားသည်။

ဝါယင်လုံက လက်ထပ်မည်ပြောမှ ဝမ်ကျောက်နီက ခါးခါးသီးသီး ငြင်းဆန်နေသည်။

သူမသည် ဝါယင်လုံ၏ ဖြူစင်သန့်ရှင်းသော စိတ်သဘောထားကို ကောင်းစွာ နားလည်သဘောပေါက်သွားပြီ ဖြစ်လေသည်။

ဝါယင်လုံ အံ့သြနေသည်။

ချင်စုမင်လည်း ပါးစပ်အဟောင်းသား ဖြစ်နေပေတော့သည်။

သူတို့နှစ်ယောက်စလုံး ဝမ်ကျောက်နီကို ငေးကြည့်နေကြသည်။

ချော့မော့နှစ်သိမ့်ရန် မေ့လျော့နေကြသည်။

ဝမ်ကျောက်နီသည် ရှိုက်ကြီးတငင် ငိုကြွေးနေလေ၏။

ဝမ်ကျောက်နီ၏ စိတ်ထားကို ဝါယင်လုံ များစွာ လေးစား သွားလေတော့သည်။

သူမလို မိန်းကလေးတစ်ယောက်တွင် ဤသို့ မြင့်မြတ်သော စိတ်ထားရှိလိမ့်မည် မထင်မိခဲ့ချေ။

ချင်စုမင်သည် အတန်ကြာ တွေဝေငေးငိုင်နေပြီးမှ သတိဝင် လာသည်။

တင်းမာခက်ထန်သော မျက်နှာထားဖြင့် ပြောသည်။

"ဝမ်ကျောက်နီ ... ညည်း စကားကိုပြင်ပြောလိုက်စမ်း"

ဝမ်ကျောက်နီ စကားတစ်လုံးမှမပြောဘဲ ရှိုက်၍ရှိုက်ငိုနေသည်

ချင်စုမင်က ဝါယင်လုံဘက်လှည့်ကာ ...

"မင်း သူ့ကို လက်ထပ်မလား၊ လက်မထပ်ဘူးလား ရှင်းရှင်း ပြောပါ"

ဝါယင်လုံ တည်ကြည်သော မျက်နှာထားဖြင့် ...

"ကျွန်တော် သူ့ကို လက်ထပ်မယ်လို့ ပြောပြီးပါပြီ"

ချင်စုမင် မဲ့ပြုံး ပြုံးလိုက်သည်။

"ကောင်းပြီ ... မင်းလက်ထပ်ယူမယ်ဆိုရင် မင်္ဂလာပွဲ ဖြ မြောက်ရမှာပေါ့"

စကားဆုံးလျှင် ထိုင်ရာမှထကာ ဝမ်ကျောက်နီ၏ လက်တ ဖက်ကို ဆွဲလိုက်သည်။

တစ်ဖန် ဝါယင်လုံ၏ လက်တစ်ဖက်ကို ဆွဲယူကာ လက်ချင်း ဆက်ပေးရန် ဟန်ပြင်လိုက်သည်။



ဝါယင်လုံ စိတ်လျော့ထားလိုက်သည်။

သက်မဲ့အရုပ်တစ်ခုအလား ချင်စုမင် လုပ်သမျှကို ငြိမ်ခံနေလိုက်၏။

ဤတွင် အတင်းရုန်းကန်ငြင်းသူမှာ ဝမ်ကျောက်နီပင် ဖြစ်နေတော့သည်။

ဝမ်ကျောက်နီက ချင်စုမင်၏ လက်ထဲမှ အတင်းရုန်းထွက်လိုက်သည်။

အမှတ်တမဲ့မို့ ချင်စုမင် လွှတ်ပေးလိုက်ရသည်။

ဝမ်ကျောက်နီသည် ရုန်းထွက်ပြီးလျှင် ထိုင်ရာမှထကာ အခန်းနောက်ဘက်ဆီသို့ ပြေးထွက်သွား၏။

"ရပ်လိုက်စမ်း ..."

ချင်စုမင် အော်ငေါက်ပြီး ဝမ်ကျောက်နီအား လှမ်းဆွဲ၏။

ဝမ်ကျောက်နီက ရှောင်တိမ်းလိုက်သည်။

ချင်စုမင်၏ လက်မှ လွတ်မြောက်သွားသော်လည်း အနောက်ဘက်သို့ မသွားနိုင်တော့ဘဲ အခန်းနံရံထောင့်တစ်နေရာတွင် ပိတ်မိသွားသည်။

ချင်စုမင် ဦးခေါင်းခါယမ်းရင်း ...

"ဝမ်ကျောက်နီ၊ ညည်း ဘယ်လိုဖြစ်သွားတာလဲ"

"ဆရာ ... ကျွန်မ သူ့ကို လက်မထပ်ချင်တော့ဘူး"

"ဘာဖြစ်လို့ ညည်းစိတ်ပြောင်းလဲသွားတာလဲ၊ ညည်းပဲ သူ့ကို တစ်ချိန်လုံး မျှော်လင့်တောင့်တနေခဲ့တယ် မဟုတ်လား"

"မျှော်လင့်တောင့်တစာ မှန်ပါတယ်၊ ဒါပေမယ့် လက်မထပ်ပါရစေနဲ့"

"သူ့ကိုလက်ထပ်မယူရင် ညည်းဘဝတစ်လျှောက်လုံး မျှော်လင့်တောင့်တရတာနဲ့ အချိန်ကုန်သွားမှာပေါ့"

"ကိစ္စမရှိပါဘူး၊ ကျွန်မဘဝနဲ့ ကျွန်မ ရှိပါစေတော့ ဆရာရယ်"

"မလိုချင်ဘူး၊ ညည်း သူနဲ့လက်ထပ်ရမယ်၊ သူက သဘောတူပြီးသားပဲ"

"သူသဘောတူပေမယ့် ကျွန်မ မယူနိုင်ဘူး၊ ကျွန်မအတွက် သူ့ဘဝကို မနစ်မွန်းစေချင်ဘူး"

ချင်စုမင် ဒေါသထွက်လာသည်။

ဝါယင်လုံက မငြင်းဘဲ ဝမ်ကျောက်နီက ငြင်းနေသည့်အတွက် အားမလိုအားမရ ဖြစ်လာသည်။

ဝမ်ကျောက်နီအား မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ အော်ငေါက် လိုက်သည်။

"တိတ်စမ်း ... ညည်း ငါ့စကား နားထောင်ရမယ်"

သူမသည် အတင်းအဓမ္မ လက်ဆက်ပေးရန် ဆုံးဖြတ်ထား ကြောင်း ဝမ်ကျောက်နီ ကောင်းစွာသိလေသည်။

ထိုသို့ လက်ဆက်ပေးပါက သူမ ငြင်းနိုင်မည်မဟုတ်ပါ။

ဝါယင်လုံကလည်း လိုက်နာမည်ဖြစ်သည်။

ဝမ်ကျောက်နီ အံကြိတ်လိုက်သည်။



သူမ နိုင်မာစွာ ဆုံးဖြတ်ခဲ့ပြီးပြီ ဖြစ်ပါသည်။

ချင်စုမင်ကို ကြည့်ရင်း ...

"ဆရာ ... ကျွန်မတို့ကို အတင်းလက်ထပ်ပေးမှာလား"

ချင်စုမင်က ခေါင်းညိတ်သည်။

"ဟုတ်တယ် ... ညည်း ငါ့စကားနားမထောင်ရင် အတင်းလက်ထပ်ပေးရလိမ့်မယ်"

"ကျွန်မ လက်ခံနိုင်ဘူး၊ ဆရာ အဲ့ဒီလိုလုပ်ရင် ကျွန်မကိုယ်ကျွန်မ သတ်သေမယ်"

ပြောပြောဆိုဆို အုတ်နံရံနှင့် ဦးခေါင်း ပြေးဆောင့်လိုက်လေသည်။

နှစ်ယောက်စလုံး ပြေးထွက်ကာ ဆွဲလိုက်ကြ၏။

သို့သော် မမီတော့ချေ။

"ခွပ် ..."

အသံတစ်ချက် ထွက်ပေါ်လာသည်။

ဝမ်ကျောက်နီ၏ ဦးခေါင်းတွင် သွေးများ ချင်းချင်းနီရဲသွားသည်။

သိုင်းပညာ ပျောက်ဆုံးသွား၍သာ အားအပြည့်မသုံးနိုင်သဖြင့် ပွဲချင်းပြီး သေဆုံးမသွားခဲ့ပေ။

သို့သော် ဒဏ်ရာကြောင့် သတိလစ်မေ့မြောနေလေတော့သည်။

"သမီး ... သမီး"

ချင်စုမင်သည် ဝမ်ကျောက်နီကို ပွေ့ဖက်ကာ တကြော်ကြော် အော်ခေါ်နေတော့သည်။

မသေကြောင်း တွေ့ရ၍ ချင်စုမင် သက်ပြင်းချမိသည်။

ဝါယင်လုံ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ဝမ်ကျောက်နီကို မထိမကိုင်ဝံ့သလို ဆေးထည့်ပေးရမည်လား၊ ပွေ့ဖက်ပြုစုရမည်လား ဝေခွဲမရချေ။

ချင်စုမင်သည် သူ့အား မေ့နေသည်။

ဝမ်ကျောက်နီ သတိရလာစေရန်သာ အင်္ကျီအိတ်ထဲတွင် အသင့်ဆောင်ထားသော ဆေးများ ထုတ်ယူ၍ ပြုစုပေးနေလေသည်။

ဝမ်ကျောက်နီသည် အင့်ခနဲ တစ်ချက် လူးလွန့်လာသော်လည်း သတိမရသေးပါချေ။

ဝါယင်လုံက သတိပေးလိုက်၏။

"သွေးထွက်နည်းအောင် သွေးကြောတွေ ပိတ်ထားလိုက်ရင် ကောင်းလိမ့်မယ်"

ထိုစကားကြားမှ ချင်စုမင် သတိရလာပြီး ဝမ်ကျောက်နီ၏ သွေးကြောတချို့ကို ပိတ်လိုက်သည်။

ဝါယင်လုံကိုလည်း သူမ သတိပြုမိသွားပြီ ဖြစ်လေသည်။

ဆတ်ခနဲ ခေါင်းလှည့်ကြည့်ရင်း ပြတ်သားစွာ ပြောလိုက်လေ၏။

"မင်း ... သွားတော့"

ဝါယင်လုံ စိတ်မကောင်းဖြစ်သွားသည်။

သူ့အတွက် ဝမ်ကျောက်နီ အသက်သေရမလို ဖြစ်ခဲ့ရ၏။

ဝမ်ကျောက်နီ၏ အခြေအနေကို သေသေချာချာမသိဘဲ ထွက်မသွားလိုချေ။



ထို့ကြောင့် ခေါင်းခါယမ်းကာ ...

"ကျွန်တော် မသွားနိုင်ပါဘူး၊ သူ့ကို ပြုစုပါရစေခင်ဗျာ"

"ဟား ... ဟား ... ဟား"

ချင်စုမင် ရယ်မောလိုက်လေ၏။

ခံပြင်းနာကြည်းသော ရယ်မောသံဖြစ်သည်။

ရယ်မောပြီးလျှင် ဝါယင်လုံအား စားမတတ် ဝါးမတတ် စိုက်ကြည့်ရင်း ...

"မင်း သူ့ကိုပြုစုမယ် ဟုတ်လား၊ မင်းကြောင့် သူ့အသက် ဆောင် အသေခံဝံ့တယ်ဆိုတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ်"

"နားလည်ရင် မြန်မြန်ထွက်သွား"

"ကျွန်တော် မသွားနိုင်ဘူး၊ ဒီမှာပဲနေပါ့မယ်"

သူက ဝမ်ကျောက်နီ၏ဒဏ်ရာများ သက်သာလာသည်အထိ ပြုစုပေးရန် ဤနေရာတွင် နေထိုင်မည်ဟု ဆုံးဖြတ်လိုက်သည်။

ချင်စုမင်က ...

"မင်းကို နောက်ဆုံးအကြိမ်ပြောမယ်၊ ဒီနေရာက အမြန်ဆုံး ထွက်သွားပါ"

"ကျွန်တော် မသွားဘူး"

ချင်စုမင်သည် ဝမ်ကျောက်နီအား ပွေ့ချီကာ ခုတ်တတ်ရပ် လိုက်သည်။

"ကောင်းပြီ ... မင်းနေချင်ရင်နေပါ၊ ငါတို့တော့ မင်းနဲ့အတူ

မနေနိုင်ဘူး၊ လောကမှာ မင်းကို မျှော်လင့်တောင့်တမယ့် ငါတို့ ဆရာတပည့်နှစ်ယောက် မရှိတော့ဘူးလို့ မင်းစိတ်ထဲ စွဲမှတ်ထားလိုက် ပေတော့ ...”

စကားဆုံးလျှင် အိမ်ထဲမှ ပြေးထွက်သွားလေတော့သည်။

သူမ ထိုသို့လုပ်လိမ့်မည်ဟု ဝါယင်လုံ မထင်မိချေ။

သူငိုင်နေစဉ် ချင်စုမင်သည် အိမ်အပြင်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

“ဒေါ်ဒေါ် ... ဒေါ်ဒေါ်”

သူ အော်ခေါ်သော်လည်း ချင်စုမင် ပြန်လှည့်လာခြင်း မရှိ ကေချ။

သူတို့သည် ဤအိမ်ကလေးကိုပစ်ကာ ထွက်ပြေးသွားကြလေ ပြီ။

ဝါယင်လုံ ပြေးထွက်လာ၏။

ချင်စုမင်မှာ အတော်ဝေးဝေးသို့ပင် ရောက်သွားပြီဖြစ်လေ သည်။

ဝါယင်လုံလည်း တွေဝေစဉ်းစားမနေဘဲ နောက်မှ ပြေးလိုက် သွားလေတော့သည်။

○ ○ ○



## အခန်း(၅၅)

# ဝေဒနာသည်

ဝါယင်လုံက လှမ်းအော်လိုက်၏။

“ဒေါ်ဒေါ် ... ရပ်ပါဦး”

ချင်စုမင်သည် ဝမ်ကျောက်နီကို ပွေ့ချီလျက် ခြေကုန်ပြေးသွား နေ၏။

သူမသည် ဝမ်ကျောက်နီအား ဝါယင်လုံနှင့် ဝေးရာသို့ ခေါ် သွားနေခြင်း ဖြစ်သည်။

ဝါယင်လုံ လိုက်လာသည်ကိုသိရလျှင် ပို၍အားစိုက်ပြေးသည်။

“ဒေါ်ဒေါ် ... ဒေါ်ဒေါ် ကျွန်တော် ရှင်းပြပါရစေဦး”

သူမည်သို့ပင် အော်ပြောသော်လည်း ချင်စုမင် ဂရုမစိုက်ပါ။

ဝါယင်လုံ အံတင်းတင်းကြိတ်ပြီး ပို၍လျင်မြန်စွာ ပြေးလိုက် သွားသည်။

ချင်စုမင်သည် ဝမ်ကျောက်နီအား ချီထား၍ လွတ်မြောက် အောင် မပြေးနိုင်ပါတော့ချေ။

ဝါယင်လုံ သူမ၏ရှေ့မှပိတ်ကာ ရပ်လိုက်သည်။

"ဒေါ်ဒေါ် ... ကျွန်တော်ရှင်းပြပါရစေ"

"မလိုချင်ဘူး၊ မင်း လမ်းဖယ်ပေးပါ"

"ကျွန်တော် ... ကျွန်တော် ..."

"ငါပြောနေတာ မကြားဘူးလား၊ ဖယ်စမ်း ..."

ရုတ်တရက် ဝမ်ကျောက်နီကို ကျောပိုးပြီး လက်တစ်ဖက်ဖြင့် ဝါယင်လုံအား တိုက်ခိုက်လိုက်လေသည်။

ထိုသို့ တိုက်ခိုက်လာမည်ဟု ဝါယင်လုံ မထင်မိခဲ့ချေ။

ရင်ဝသို့ ပြင်းထန်သော အင်အားတစ်ခု ကိုးဝင်လာကြောင်း ခံစားရလျှင် အလိုလို နောက်ဆုတ်ခုန်ရှောင်ပြီးသား ဖြစ်သွားသည်။

"မင်း ... ငါ့နောက် မလိုက်လာနဲ့၊ ငါတို့ ဆရာတပည့် နှစ်ယောက်ကို နှောင့်ယှက်ဖို့ မကြိုးစားနဲ့"

စကားဆုံးလျှင် ချင်စုမင် ပြေးထွက်သွားပြန်သည်။

ဝါယင်လုံလည်း ခေါင်းမာစွာဖြင့် နောက်မှလိုက်သွားသည်။

သူလိုက်လာမှန်းသိလျှင် ချင်စုမင်မှာ လွန်စွာ ဒေါသထွက်သွားပြီး ...

"သေပေတော့ ..."

ဟု အော်ငေါက်ရင်း လက်နောက်ပြန် ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်းကလေးများသည် ဝါယင်လုံထံသို့ တဝီဝီမြည်ကာ ပြေးဝင်လာလေ၏။

သူမ အသုံးပြုသော ချိတ်ကောက်လက်နက်နှင့် ခပ်ဆင်ဆင်တူသော လက်နက်ပုန်းကလေးများ ဖြစ်သည်။



ငါးမျှားချိတ်နှင့်လည်း ဆင်သည်။

မမျှော်လင့်ဘဲ တိုက်ခိုက်ခံလိုက်ရ၍ ဝါယင်လုံ ကပျာကယာ ရှောင်တိမ်းရလေသည်။

သို့သော် လက်နက်ပုန်းတစ်ခုသည် သူ၏ပခုံးတွင် စိုက်ဝင်သွား၏။

"အား ..."

ဝါယင်လုံ အော်လိုက်မိ၏။

ခြေလှမ်းရပ်ကာ လက်နက်ပုန်းလေးကို ဆွဲထုတ်လိုက်၏။

ပခုံးပေါ်တွင် သွေးများစိမ့်ထွက်လာသည်။

လက်နက်ပုန်းတွင် အဆိပ်မပါသည့်အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

ဝါယင်လုံက ပခုံးမှသွေးကြောကိုပိတ်ပြီး ရှေ့ဆက်လိုက်သွားရန် ပြင်လိုက်လေသည်။

ချင်စုမင်ကား အတော်ဝေးဝေးသို့ ရောက်သွားချေပြီ။

သူလိုက်သွားရန် မလွယ်တော့ပါ။

သူလိုက်သွားလျှင်လည်း ချင်စုမင်က လက်မခံဘဲ တိုက်ခိုက်ဦးမည်သာ ဖြစ်ပါသည်။

သူငေးကြည့်နေစဉ် ချင်စုမင်သည် တောအုပ်အတွင်းသို့ ချိုးကွေ့ဝင်ကာ ပျောက်သွားတော့သည်။

ဝါယင်လုံ သက်ပြင်းချလိုက်၏။

ဤနေရာသည် လူသူ အရောက်အပေါက် နည်းပါးသော မြောက်ပိုင်းဒေသ သစ်တောအုပ်တစ်ခုဖြစ်သည်။

ဤအရပ်ဒေသကို သူမကျွမ်းချေ။

ချင်စုမင်တို့နောက်သို့ မည်သို့မည်ပုံ လိုက်သွားရမည် မသိချေ။

ဝါယင်လုံ ငေးငိုင်ကာ တွေဝေစဉ်းစားနေသည်။

ရုတ်တရက် သူတစ်စုံတစ်ခု တွေးမိသည်။

ချင်စုမင် သူ့အား ခေါ်ဆောင်လာခဲ့သည့် လမ်းကြောင်းကို ပြန်တွေးမိရင်း သတိရလာခြင်းဖြစ်သည်။

မြောက်ပိုင်းလမ်းတွင် မြို့ကလေးတစ်မြို့ရှိသည်။

ဤနေရာမှသွားလျှင် ထိုမြို့ကလေးသည် အနီးဆုံးနေရာတွင် တည်ရှိသည်။

ဤသစ်တောမှ လူနေအိမ်ခြေအနီးဆုံးနေရာကို ညွှန်ပြပါ လျှင် ယင်းမြို့ကလေးကိုသာ ညွှန်ပြရပေမည်။

ဝမ်ကျောက်နီ ဒဏ်ရာရရှိထားသည်။

ချင်စုမင်သည် ဝမ်ကျောက်နီအား သမားတော်ကြီးများထံတွ ပြသကုသပေးမည်မှာ သေချာ၏။

ဝါယင်လုံ စိတ်ဓာတ်တက်ကြွလာသည်။

သူက ထိုမြို့ကလေးသို့ ချင်စုမင်တို့ ကျိန်းသေ ရောက်ရှိလ လိမ့်မည်ဟု ယုံကြည်ထား၏။

ဝါယင်လုံလည်း ကိုယ်ဖော့ပညာအသုံးပြုရင်း တောအုပ်အတွ မှ လျင်မြန်စွာ ပြေးထွက်လာခဲ့တော့သည်။

○ ○ ○



ချီကျူးမြို့. . . ။

ဝါယင်လုံ လျင်မြန်စွာ ပြေးလာရာ မြောက်ပိုင်းဒေသဂမ်း ကြောင်းပေါ်တွင်ရှိသော ချီကျူးမြို့ကလေးသို့ ရောက်ရှိလာခဲ့သည်။

မြို့ထဲသို့ရောက်သည်နှင့် ချီကျူးမြို့တွင် သမားတော်ကြီးများ ရှိမရှိ စုံစမ်းမေးမြန်းလိုက်၏။

ဝါယင်လုံ၏ ပခုံးတွင် သွေးစအနည်းငယ် ပေကျံနေရာ ထိ ခိုက်ဒဏ်ရာရလာသည်ဟု တည်းခိုခန်းပိုင်ရှင် ယူဆပြီး မြို့လယ်တွင် သမားတော်ကြီး သုံးယောက်ရှိကြောင်း ပြောပြသည်။

ထိုနာမည်ကျော် သမားတော်များအပြင် မြို့စွန်ဆင်ခြေဖုံးတွင် သမားတော် ဆယ်ဦးကျော်ကျော်ရှိကြောင်း ပြောပြသည်။

နေရပ်လိပ်စာများလည်း ပြောပြသည်။

ဝါယင်လုံ ကျေးဇူးတင်ကြောင်းပြောပြီး သမားတော်ကြီးများ ထံ ထွက်၍လာသည်။

သမားတော်ကြီး၏ အိမ်သို့ဝင်ကာ ချင်စုမင်နှင့် ဝမ်ကျောက်နီ တို့၏ ပုံသဏ္ဌာန်ကို ပြောပြ၍ ရောက်လာခြင်း ရှိမရှိ မေးမြန်းစုံစမ်း သည်။

ချီကျူးမြို့တွင် တည်းခိုကာ နှစ်ကိုတိုင်တိုင် မေးမြန်းစုံစမ်း သော်လည်း ချင်စုမင်တို့၏ သတင်းကို မကြားရချေ။

ဝါယင်လုံ စိတ်ပျက်လာသည်။

ချင်စုမင်နှင့် ဝမ်ကျောက်နီတို့အား အလွန်တွေ့လိုသည်ဖြစ်ရာ တည်းခိုခန်းမှ ဆိုင်လုလင်တစ်ယောက်အား ငွေပေး၍ စာရွက်များ ဝယ်ခိုင်းသည်။

စာရွက်ပေါ်တွင် ...

*"တွေ့လိုပါသည်။ အမြန်ဆုံးလာပါ"*

*ဝါယင်လုံ*

ဟု ရေးသားလိုက်သည်။

ထိုစာရွက်များကို ချိကျုံမြို့ အနှံ့ လိုက်၍ကပ်စေသည်။

သူက ချင်စုမင်တို့အား တွေ့လိုဖောဖြင့် ယင်းသို့ပြုလုပ်ခြင်း ဖြစ်သည်။

ထိုသို့ ပြုလုပ်မိသည့်အတွက် နောက်ဆက်တွဲ အကျိုးဂက် များ ဖြစ်ပေါ်လာသည်ကို သူ သတိမပြုမိခဲ့ပါချေ။

သူ၏ ကြော်ငြာစာကို တွေ့ရလျှင် ချိကျုံမြို့တွင် ခရီးသွား ဟန်လွှဲ ရောက်ရှိနေကြသော သိုင်းလောကသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့၏။

"ဟေ့... ဒါက ဝါယင်လုံရဲ့ ကြော်ငြာ မဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဒီမြို့ထဲ သူ ရောက်နေပြီပေါ့"

"ဟုတ်တယ်"

"ကဲ... လာ တို့ ဌာနခွဲမှူးဆီသွားပြီး သတင်းပို့ကြစို့၊ ဒီမြို့မှာ သူ့ကို အမိဖမ်းရမယ်"

ကြယ်တံခွန်ဂိုဏ်းသား နှစ်ယောက်သည် ဝါယင်လုံ၏ ကြော်ငြာစာကို မြင်လျှင် ဌာနခွဲမှူးထံသတင်းပို့ရန် ချက်ချင်း ထွက် သွားကြ၏။



ကြယ်တံခွန်ဂိုဏ်းသားများသည် တရုတ်ပြည်အနှံ့ ရှိနေကြ သည် မဟုတ်ပါလား။

ထို့နည်းတူ ...

"ဟာ... ဒါ ဝါမိသားစုက လူတစ်ယောက် အခက်ကြုံနေလို့ အကူအညီတောင်းတဲ့ ကြော်ငြာပဲ"

"ဟုတ်တယ်ကွ"

"ဝါမိသားစုဟာ တရားမျှတပြီး ဒုစရိုက်သမားတွေကို နှိမ် နင်းနေတဲ့ သူတွေပဲ"

"ဟုတ်တယ်... တို့ သူ့ကို ကူညီသင့်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"အိုကွာ... ဆရာ့ကိုသွားပြီး အကျိုးအကြောင်း ပြောပြတာ ပေါ့"

"ကောင်းတယ်... တို့ဆရာက ဝါမိသားစုကို လှမ်းပြီးဆက် သွယ်မှာ သေချာတယ်"

"လာဟေ့... သွားကြစို့"

အထက်လမ်း သိုင်းသမားနှစ်ယောက်သည် ဝါယင်လုံ၏ ကြော်ငြာကို တွေ့ရှိသွားကြသည်။

ဝါယင်လုံ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် အကူ အညီ လိုနေသည်ဟု မှတ်ထင်သွားကြသည်။

ထို့ကြောင့် ဝါမိသားစုထံသို့ အကြောင်းကြားရန်နှင့် ဝါယင်လုံ အား ကူညီရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

ချိကျူမြို့ကလေး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

တစ်ရက် ... နှစ်ရက် ... ။

တစ်ရက် နှစ်ရက်အတွင်း ချိကျူမြို့သည် လူစိမ်းများ ရောက်လာသည်။

တချို့က တစ်ယောက်ချင်း လာကြသည်။

တချို့က အုပ်စုဖွဲ့၍ လာကြသည်။

ချိကျူမြို့ငယ်၏ တည်းခိုခန်းတိုင်းတွင် လူများပြည့်လျှံသွားသည်။

စားသောက်ဆိုင်များ၊ ဈေးဆိုင်များ လက်မလည်အောင် ရောင်း ကောင်းသွားသည်။

သိုင်းလောကနှင့် ပတ်သက်ခြင်းမရှိသော မြို့သူမြို့သားများပင် ချိကျူမြို့တွင် သိုင်းလောကသားများ လှုပ်ရှားလာကြကြောင်း ရိပ်မိကြသည်။

သိုင်းလောကသားများ လှုပ်ရှားနေသည့်အတွက် သို့လော သို့လော စိုးရိမ်စိတ်များ ဖြစ်ပေါ်လာကြသည်။

ချိကျူမြို့တွင် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောက်ရွံ့လာကြသည်။

တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်နေသော်လည်း ဝါယင်လုံကား ချက်ချင်း မရိပ်မိသေးချေ။

တတိယမြောက်နေ့သို့ ရောက်မှ သတိပြုမိခဲ့လေတော့သည်။

ဝါယင်လုံသည် တည်းခိုခန်းမှ မနက်မိုးလင်းသည်နှင့် ထွက်လာပြီး တစ်နေကုန်အောင် မြို့အနှံ့လျှောက်ကာ ချင်စုမင်တို့၏ သတင်းကို လိုက်လံစုံစမ်းသည်။

ညနေဆည်းဆာချိန်ရောက်မှ တည်းခိုခန်းသို့ ပြန်လာခဲ့လေ၏။

တည်းခိုခန်းရောက်လျှင် ပိုင်ရှင်က တစ်နေ့လုံး သူ့အား ဧည့်သည်များ တစ်ယောက်ပြီးတစ်ယောက် လာမေးကြောင်း ဆီးကြို ပြောသည်။

ဝါယင်လုံ အံ့ဩသွားသည်။

တစ်ရက် နှစ်ရက် သုံးရက်လုံးလုံး လာမေးကြသည်ဟု သိရလျှင် တစ်စုံတစ်ခုတော့ ထူးခြားပြီဖြစ်ကြောင်း သိလာသည်။

သူ့အား လာမေးသူများ၏ ပုံသဏ္ဌာန်ကို တည်းခိုခန်းပိုင်ရှင်ထံတွင် မေးမြန်းစုံစမ်းကြည့်သည်။

သူမြင်ဖူးသည့်လူကော သူမမြင်ဖူးသည့် လူများလည်း ပါဝင်နေကြောင်း သိရလေသည်။

ထို့အပြင် အထက်လမ်း သိုင်းလောကသားများသာမက အောက်လမ်းသိုင်းလောကသားများလည်း ပါဝင်နေကြောင်း ရိပ်မိသည်။

ဝါယင်လုံ အခက်ကြုံသွားတော့သည်။

သူက ချင်စုမင်ကို ရှာနေသည်။

သူ့အား သိုင်းလောကသားများက လိုက်ရှာနေကြသည်။

အဘယ့်ကြောင့်ပါနည်း။

သူ သေသေချာချာ တွေးကြည့်မှ သူ၏ကြော်ငြာစာကြောင့် ရောက်လာခြင်းဖြစ်ကြောင်း သဘောပေါက်သွားသည်။

ကြယ်တံခွန်ဂိုဏ်း၊ ရှန်းမုံဂိုဏ်းမှ လူများအပြင် သူ့အား ကူညီရန် မိတ်ဆွေများလည်း ရောက်လာကြပြီဖြစ်၏။

ထိုသို့ ကြုံကြိုက်စွာရောက်လာရန်လွယ်ကူသောကိစ္စမဟုတ်ချေ။

သေသေချာချာ စဉ်းစားပြီး နောက်ဆုံး ဝါယင်လုံ ဆုံးဖြတ်ချက်ချလိုက်သည်။

သူ့အား လာရောက်မေးမြန်းသူ အားလုံးကို စားသောက်ဆိုင်တစ်ခုတွင် ဖိတ်ကြား၍ ဧည့်ခံရန်ဖြစ်သည်။

ဧည့်ခံပွဲတွင် သိုင်းလောက၌ ထကြွသောင်းကျန်းသော ဒုစရိုက်သမားတို့၏ အကြောင်းစုံကို ဖော်ထုတ်ပြီး ရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ပါသည်။

သူက ချက်ချင်းပင် တည်းခိုခန်းပိုင်ရှင်ကို စီစဉ်ခိုင်း၏။

ချီကျူးမြို့သို့ ရောက်လာပြီး စတုတ္ထနေ့တွင် ဧည့်ခံပွဲကျင်းပမည်ဖြစ်၏။

ဧည့်ခံပွဲတွင် သိုင်းလောကသားအားလုံးကို ဖိတ်ကြားမည်ဖြစ်သည်။

စတုတ္ထနေ့တွင် သူ၏ဘက်မှ ရပ်တည်ကာ ဒုစရိုက်သမားများကို ဖြိုခွင်းမည့်သူများ မပျက်မကွက် ရောက်ရှိလာပါစေဟု ကျိတ်၍ဆုတောင်းနေမိတော့သည်။

စတုတ္ထနေ့ ...။

စတုတ္ထနေ့သည် ထူးခြားသော နေ့ရက်တစ်ရက် ဖြစ်လာရမည်မဟုတ်ပါလား။

○ ○ ○



အခန်း(၅၆)

# ချိန်းဆိုချက်

လေးရက်မြောက်နေ့ ...

အခြေအနေက ထူးခြားလာခြင်း မရှိပါ။

ဝါယင်လုံသည် အခြေအနေကို စိတ်ပျက်ခြင်းမရှိဘဲစောင့်ကြည့်နေခဲ့သည်။

ဝမ်ကျောက်နီတို့ ဆရာတပည့်ကမူ ပေါ်ထွက်လာခြင်းမရှိချေ။

သူ၏ကြော်ငြာသည် သူမျှော်လင့်သလို မဖြစ်ခဲ့ချေ။

ထူးခြားသော အခြေအနေတစ်ရပ်ကိုမူ ဖြစ်စေခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် သူတည်းခိုနေထိုင်သော မြို့ကလေးသို့ သိုင်းလောကသားများ တဖွဲဖွဲ ရောက်လာကြခြင်းပင်တည်း။

တစ်စထက်တစ်စ ရောက်ရှိလာကြသော သိုင်းသမားများကြောင့် မြို့ကလေးရှိ ရှိသမျှတည်းခိုခန်းအားလုံးလိုလို အခန်းလွတ်ရှိကြတော့ချေ။

သိုင်းသမားများမှာ ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ ရုပ်သဏ္ဍာန် အမျိုးမျိုးဖြင့် လာကြခြင်းဖြစ်သည်။

ဝါယင်လုံ ဒုက္ခရောက်နေသည်ဟု ထင်မှတ်၍ ကူညီရန် လာရောက်ကြသူများ။

ဝါယင်လုံအား လုပ်ကြံမည့်သူများ စသည်ဖြင့် မြို့ကလေးမှာ စည်ကားလျက်ရှိလေတော့သည်။

ငါးရက်မြောက်နေ့ . . . ။

ကျင်လင်ငါးဖော်မှာ **ရောက်ရှိလာ၏**။

ရောက်ရှိလာသည်နှင့် **တစ်ပြိုင်နက်** ဝါယင်လုံ တည်းခိုရာ တည်းခိုခန်းဆီသို့ လာရောက်စုစမ်းကြသည်။

ကျင်လင်ငါးဖော်မှာ **တကယ့်** ပုဂ္ဂိုလ်များပေတည်း။ သူတို့သည် ဝါယင်လုံအတွက် **တကယ့် မိတ်ဆွေ**များ ဖြစ်ကြသည်။ ဝါယင်လုံကို အချိန်မရွေး **အကူအညီပေးလိုသူ**များ ဖြစ်ကြ၏။

ဝါယင်လုံ ဒုက္ခရောက်နေသည်ဟုသိလျှင် ကိုယ့်ကိစ္စကဲ့သို့ ပူပင်ကြသူများ ဖြစ်ကြသည်။

ယခုလည်း အခြားသိုင်းသမားများကဲ့သို့ပင် ဤမြို့သို့ရောက်ရှိလာကြသည်။ ဝါယင်လုံအား ကူညီရန်မှတစ်ပါး သူတို့တွင် အခြားကိစ္စမရှိပါ။

တည်းခိုခန်းပိုင်ရှင်မှာ ဝါယင်လုံက မည်သူမျှ မတွေ့ဆုံလိုကြောင်း မှာကြားထားသောကြောင့် ငြင်းပယ်လိုက်၏။

သို့သော် ချန်ရီက . . .



"ကျုပ်က သူနဲ့ ညီအစ်ကိုပါ၊ ဒါကြောင့် ကျုပ်တို့ကို တွေ့ခွင့်ပေးပါ"

တည်းခိုခန်းပိုင်ရှင်က . . .

"မဖြစ်ပါဘူး ခင်ဗျာ၊ ကျုပ်ကို သူက သေသေချာချာ မှာထားပါတယ်"

ချန်ရီက . . .

"သူလည်း ကျုပ်တို့နဲ့တွေ့ချင်မှာပါ၊ တဆိတ်လောက် ကျုပ်တို့ ရောက်လာကြောင်း ပြောပေးပါ"

တည်းခိုခန်းပိုင်ရှင်မှာ စိတ်ပျက်လာ၏။

ယခု နှစ်ရက် သုံးရက်အတွင်း ဝါယင်လုံအား တွေ့ဆုံရန် ခွင့်တောင်းသူပေါင်းမှာ ၁၀၀ ကျော်နေပြီဖြစ်၏။

သူက တွေ့ခွင့်မပေးနိုင်ဟု ပြောပြ၍ လက်လျှော့သွားသူများ၊ အတင်းအကျပ် တွေ့ခွင့်တောင်းသူများ၊ သူ့အားရိုက်ပုတ်ရန်အထိ ခြိမ်းခြောက်သူများ စသည်ဖြင့် အမျိုးမျိုး ကြုံခဲ့ရပြီးဖြစ်သည်။

ယခုလည်း လာရောက်တွေ့ခွင့်တောင်းနေပြီ ဖြစ်သည်။

သူ ရန်ပြုခံရန်လည်း မဖြစ်လိုပါ။

ထို့ကြောင့် ချန်းရီတို့လူစုအား နှစ်သိမ့်လွှတ်လိုက်၏။

ပြီးနောက် ဝါယင်လုံ နေထိုင်ရာ သီးသန့်အခန်းဆီသို့ လျှောက် လာခဲ့သည်။

"ဒေါက် . . . ဒေါက်"

တံခါးခေါက်သံကြောင့် ဝါယင်လုံ သိုင်းလေ့ကျင့်ရာမှ ရပ်တန့်လိုက်၏။

ထို့နောက် အပေါ်ဝတ်ရုံကို ခြုံလိုက်ပြီး...

"ဘယ်သူလဲ"

"တည်းခိုခန်းပိုင်ရှင်ပါ"

"ဘာကိစ္စရှိလို့လဲ"

"စကားနည်းနည်း ပြောချင်လို့ပါ"

ဝါယင်လုံ တံခါးဖွင့်ပေးလိုက်၏။

တည်းခိုခန်းပိုင်ရှင် သက်ပြင်းချရင်း ...

"သခင်လေး ဒီနှစ်ရက် သုံးရက်အတွင်း သခင်လေးကို တွေ့ခွင့်တောင်းတဲ့လူတွေ ၁၀၀ ကျော်နေပြီ၊ ကျုပ် ငြင်းလွှတ်ရတာ ကြာတော့ အားနာလာတယ်၊ ပြီးတော့ ကျုပ်ကိုလည်း ရန်မူကြမယ်၊ ဒီတော့ သခင်လေး လက်ခံတွေ့ဖို့ ကောင်းပါတယ်၊ ကျုပ်အတွက် လည်း ထည့်သွင်းစဉ်းစားပေးပါဗျာ"

တည်းခိုခန်းပိုင်ရှင်၏ စကားမဆုံးမီ ဝါယင်လုံ ကြားဖြတ်ပြောလိုက်၏။

"ကျွန်တော် ခုချိန်ထိ ဘယ်သူနဲ့မှမတွေ့ချင်သေးဘူး၊ ကျွန်တော်ပြောထားတဲ့ အမျိုးသမီး နှစ်ယောက်က လွဲရင်ပေါ့"

တည်းခိုခန်းပိုင်ရှင်က ...

"ဒါပေမယ့် ..."

"ဒါပေမယ့်မနေပါနဲ့ဗျာ၊ ကျုပ် အခု သူတို့နဲ့တွေ့လိုတဲ့ဆန္ဒမရှိလို့ပါ၊ ကဲ ... ခင်ဗျားကိစ္စ ဒါပဲမဟုတ်လား"

ဝါယင်လုံ ပြောပြောဆိုဆို တံခါးပြန်လည် ပိတ်လိုက်သည်။



တည်းခိုခန်းပိုင်ရှင်မှာ ပိတ်သွားသော တံခါးကိုကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်၏။

ဝါယင်လုံအား တွေ့ခွင့်တောင်းသူမှာ တစ်နေ့တခြား များလာ၏။

သူက ယခုလို တွေ့ခွင့်မပေးဘဲ ငြင်းပယ်နေခြင်းသည် သူ့အတွက် နေ့တဓူဝကိစ္စ ဖြစ်နေ၏။

သူ့အတွက် အန္တရာယ်လည်းကြီးသည်။

လာရောက်တွေ့ဆုံလိုသူများထဲ၌ နာမည်ကြီး သိုင်းအကျော်အမော်များပါ ပါဝင်နေသောကြောင့် ...

တည်းခိုခန်းပိုင်ရှင်က တွေးရင်းတွေးရင်း ခေါင်းထဲ၌ အကြံတစ်ခု ဝင်ရောက်လာသည်။

သူက ထိုအကြံရလိုက်သည်နှင့် စိတ်လက်ပေါ့ပါးစွာဖြင့် ပြုံးလိုက်မိတော့သည်။

○ ○ ○

ဝါယင်လုံမှာ ဆိုင်လုလင်လေး၏ ပြောစကားကြောင့် မျက်လုံးပြူးသွား၏။

သူက ဆိုင်လုလင်ကလေးအား ကြည့်လိုက်ပြီး ထပ်မံမေးလိုက်၏။

"ဟော ... မင်းတကယ်ပြောနေတာလား"

ဆိုင်လုလင်လေးက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဒီလိုတွေ့ဆုံပွဲလုပ်တာဟာ သခင်လေးစီစဉ်တာ မဟုတ်ဘူ
လား"

ဆိုင်လုလင်လေးက ပြန်လည်မေးမြန်းလိုက်၏။

ဝါယင်လုံ မျက်မှောင်ကြုတ် စဉ်းစားသည်။

ပြီးမှ သက်ပြင်းရှည်တစ်ချက် ချကာ ဆိုင်လုလင်ကလေးအာ
ပြောလိုက်လေ၏။

"ကဲ ... ကဲ ... မင်းတို့ သခင်ကြီးကိုသာ သွားခေါ်လာခဲ့ပါ

ဆိုင်လုလင်ကလေး အရိုအသေပေး ဂါရဝပြုလိုက်ပြီး ပြန်ထွ
သွား၏။

မကြာမီ တည်းခိုခန်းပိုင်ရှင် ရောက်ရှိလာသည်။

ဝါယင်လုံက တည်းခိုခန်းပိုင်ရှင်အား စေ့စေ့ကြည့်လိုက်
အံကြိတ်လိုက်သည်။ သူဒေါသထွက်နေသည်။

"ခင်ဗျား ဘယ်သူ့ခွင့်ပြုချက်နဲ့ ဒီလိုစီစဉ်ရတာလဲ"

သူကမေးလိုက်သည်။

တည်းခိုခန်းပိုင်ရှင်က လက်နှစ်ဖက်ဆုပ် ဂါရဝပြု ဦးညွ
လိုက်ပြီး ...

"ကျုပ် တောင်းပန်ပါတယ်၊ တကယ်တော့ ခင်ဗျား ကို
ရောက်တွေ့ဆုံတဲ့ သိုင်းသမားတွေဟာ တချို့ဆိုရင် နာမည်
ကြားတဲ့ သိုင်းသမားတွေပါ ပါတယ်၊ ဒီတော့ သူတို့နဲ့ တွေ့ဆုံ
ဟာ ခင်ဗျားအတွက် အကျိုးမယုတ်ပါဘူး၊ ပြီးတော့ နေ့
ခင်ဗျားနဲ့တွေ့ဆုံခွင့်တောင်းတဲ့ ကိစ္စလည်း ပြီးပြတ်သွားစေချင်လို



ဝါယင်လုံက သက်ပြင်းချလိုက်ရင်း ...

"အင်း ... ခုမှတော့ ကျုပ်က မတွေ့လို့လည်း မဖြစ်တော့ပါ
ဘူး၊ ကဲ ... ဘယ်နေရာမှာ စီစဉ်ထားသလဲဆိုတာသာ ပြောပါ"

တည်းခိုခန်းပိုင်ရှင်၏ မျက်နှာမှာ ဝင်းလက်သွားပြီး ...

"ရွှေဝါစားသောက်ဆိုင် အပေါ်ထပ်မှာပါ၊ အဲ့ဒီမှာက လူများ
များ ဆံ့တယ်၊ ပြီးတော့ အစားအသောက်လည်း ကောင်းကောင်း
ပါတယ်၊ ဒီအတွက် ကုန်ကျစရိတ်ကိုလည်း ကျုပ်ကပဲ ခံပါ့မယ်
သခင်လေး"

သူက ကမန်းကတန်း ပြောပြလိုက်လေတော့သည်။

○ ○ ○

ရွှေဝါစားသောက်ဆိုင်။

ရွှေဝါစားသောက်ဆိုင် အပေါ်ထပ်တစ်ခုလုံး၌ ဧည့်သည်များ
ပြည့်နှက်နေပြီဖြစ်သည်။

ဧည့်သည်များမှာ စားသောက်ရင်းက ဝါယင်လုံအား စောင့်
မျှော်နေကြသည်။

မကြာမီ ဝါယင်လုံ ရောက်ရှိလာလေ၏။

ဝါယင်လုံ ရောက်လာသည်နှင့် ဧည့်ပရိသတ်များအား ဦးညွှတ်
ကာ တစ်ဦးချင်း ခင်မင်ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

ဧည့်သည်သိုင်းသမားများကလည်း လာရသည့် ရည်ရွယ်ချက်
ကို သူ့အားပြောပြသည်။

ရောက်ရှိလာကြသော ဧည့်သည် သိုင်းသမားများသည် မိမိ အန္တရာယ်ကျရောက်နေပြီဟု ယူဆသဖြင့် ကူညီရန် လာကြခြင်းဖြစ် ကြောင်း သိလိုက်ရလေ၏။

သူ အလွန်ဝမ်းသာသွားရသည်။

ထိုအခိုက် ချန်ရိတို့ လူစုကပါ ရောက်လာပြီး သူ့အားအပြစ် တင် ပြောကြလေတော့၏။

သူတို့သည် ဝါယင်လုံအပေါ် တကယ့် ညီရင်းအစ်ကိုကဲ့သို့ သတ်မှတ်ကြသည်။

ဝါယင်လုံက ချန်ရိကျေနပ်အောင် တောင်းပန်လိုက်ရလေ၏။

ချန်ရိက မကျေမနပ်ဖြင့် ဆူသည်။

"ယင်လုံ ... ကြည့်စမ်း၊ မင်းမိတ်ဆွေတွေ မနည်းပါလားကွ ဒါကြောင့် ငါတို့ကို အရေးမထားတော့ဘူးပေါ့"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"မဟုတ်ပါဘူးကွာ၊ ငါ ကိစ္စရှိလို့ ဘယ်သူနဲ့မှမတွေ့ဘဲ တမင် နေခဲ့တာပါ၊ အခု စီစဉ်တာကလည်း တည်းခိုခန်းပိုင်ရှင်က စီစဉ်တာ ပါ၊ အခု မင်းတို့နဲ့ ငါ တွေ့ရပြီပဲ"

ယီကျောင်နန်က များပြားလှသော သိုင်းသမားများအားကြည့် လိုက်ပြီး ...

"ယင်လုံ ... ဒီလူတွေအားလုံးသာ ညီညီညွတ်ညွတ်နဲ့ ရှိမယ် ဆိုရင် တို့တစ်တွေ ရှန်းမုံဂိုဏ်းကို ဖြိုခွဲနိုင်မှာပဲ"

ဟု တွေးတွေးဆဆနှင့် ပြောလိုက်သည်။



ယီကျောင်နန်သည် အစစအရာရာ စဉ်းစားတတ်သည်။

ချန်ရိကလည်း ...

"ဟုတ်တယ် ... ဒီလူတွေကို မင်း စည်းရုံးသင့်တယ်"

ဟု ဝင်ရောက်ထောက်ခံလိုက်၏။

ဝါယင်လုံမှာလည်း ထိုအကြံကို သဘောကျသွား၏။

ထို့ကြောင့် သူက သိုင်းသမားများဘက်သို့ လှည့်လိုက်ပြီး ...

"တဆိတ် ကျေးဇူးပြုပြီး ကျွန်တော် စကားနည်းနည်းပြောပါ ရစေ"

ဟု အော်ပြောလိုက်၏။

သူ၏အသံကြောင့် အားလုံး တိတ်ဆိတ်သွား၏။

ဝါယင်လုံက ...

"သိုင်းလောကနဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်းပြောချင် ပါတယ် ...

သိုင်းလောကဟာ တည်ငြိမ်နေခဲ့တာ ကြာပါပြီ၊ တည်ငြိမ်မှု ဟာ လှုပ်ရှားမှုရဲ့ အခြေခံဖြစ်တဲ့အတွက် အခုဆိုရင် သိုင်းလောက တစ်ခုလုံး လှုပ်ရှားသွားနိုင်တဲ့ကိစ္စတွေ ပေါ်ပေါက်နေပါတယ်"

အားလုံးသော လူများမှာ ဝါယင်လုံ၏ စကားကို ရူးစိုက် နားထောင်နေကြ၏။ ဝါယင်လုံက အားလုံး ဂရုစိုက် နားထောင် နေမှန်း သိသောကြောင့် ကျူယင်ဂိုဏ်းအကြောင်း၊ ရှန်းမုံဂိုဏ်း အကြောင်းနှင့် ကြယ်တံခွန်ဂိုဏ်းအကြောင်းများကိုပါ ဖွင့်၍ပြောဆို လိုက်သည်။

ထို့နောက် သိုင်းလောကက တည်ငြိမ်မှုအတွက် သူနှင့် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်လိုက်လေသည်။

အချို့မှာ လိုလိုလားလားပင် လက်ခံကြ၏။

အချို့မှာမူ မည်သို့မျှ ဆန္ဒထုတ်ဖော်ခြင်း မရှိပေ။

သို့သော် သူ့အတွက် အင်အားတိုးပွားလာခြင်းသည် အောင်မြင်မှု ခြေလှမ်းအစဖြစ်ကြောင်း သိရှိခံစားလိုက်ရလေတော့သည်။

တွေ့ဆုံပွဲမှာ အထူးအောင်မြင်ခဲ့သည်။

ထိုတွေ့ဆုံပွဲ ပြီးဆုံးပြီးသည့်နောက် ...

ဝါယင်လုံသည် ကျင်လင်ငါးဖော်နှင့်အတူ သူတည်းခိုရာ တည်းခိုခန်းဆီသို့ ပြန်လာခဲ့၏။

ထိုအခါ သူ့အား အသင့်စောင့်နေသော ရှန်မုံဂိုဏ်းမှ ကိုယ်စားလှယ်တစ်ဦးကို တွေ့လိုက်ရသည်။

ရှန်မုံဂိုဏ်းသားက ဝါယင်လုံအား ဂါရဝပြုလိုက်သည်။

"ကျုပ်တို့ဂိုဏ်းချုပ်က သခင်လေးနဲ့ တွေ့ချင်လို့ မနက်ဖြန် မြို့အရှေ့တောအုပ်ကို လာခဲ့ဖို့ ချိန်းလိုက်ပါတယ်၊ သခင်လေး တွေ့ဖို့ လာခဲ့ပါခင်ဗျာ"

သူသည် ပြောပြီးသည်နှင့် ချက်ချင်းပင် ထွက်ခွာသွားသည်။

ချန်ရိက တားသော်လည်း ထိုသူ မနေတော့ပါ။

ယိကျောင်နန်က ...

"ယင်လုံ ဒီကိစ္စ ဘယ်လိုသဘောရသလဲ"

ဝါယင်လုံက ...



"အင်း ... သူတို့ကတော့ ကျုပ်ကိုချိန်းပြီပဲ၊ ဒီတော့ သွားရမှာပေါ့"

ချန်ရိက ...

"မသွားသင့်ဘူး၊ ဒါဟာ ထောင်ချောက်ဆိုရင် ဘယ်လိုလုပ်မလဲ၊ သူတို့က အောက်လမ်းဂိုဏ်း၊ လုပ်ချင်ရာလုပ်တာ၊ ပြောချင်ရာပြောတာ ..."

ဝါယင်လုံက ...

"ထောင်ချောက် ဖြစ်နေပါစေ၊ ကျုပ်က မသွားလို့ဘယ်ဖြစ်မလဲ၊ လာဖို့ ကတိပေးလိုက်ပြီ"

ထိုစဉ် ချိုလွင်သော အသံတစ်ခု ထွက်ပေါ်လာ၏။

"ရှင့်ကိုယ်ရှင် အထင်ကြီးမနေနဲ့၊ ရှန်မုံဂိုဏ်းမှာ ရှင့်ထက်သာတဲ့လူတွေ ဆယ်ဦးမက ရှိတယ်"

အားလုံး အသံလာရာဆီသို့ လှမ်းကြည့်လိုက်၏။

တည်းခိုခန်းထဲသို့ ဝင်လာသော ယောဂီရောင် ဝတ်စုံနှင့် မိန်းကလေးကို တွေ့လိုက်ရ၏။

သူမ၏နောက်၌ ရဲနန်က လိုက်ပါလာ၏။

ဝါယင်လုံက ရယ်မောလိုက်ပြီး ...

"ဘယ်သူများလဲလို့၊ ခင်ဗျားတို့ပါလား"

ရဲနန်က ...

"မင်း ငါတို့ကို ကူညီမယ်လို့ပြောခဲ့တာ မှတ်မိသေးလား"

"မှတ်မိပါတယ်၊ ခင်ဗျားတို့ သခင်ကြီး လွတ်မြောက်အောင် ကျုပ် အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ယောဂီရောင် ဝတ်ဆင်ထားသော မိန်းကလေးက ပြောသည်။

"ရှင်က ကူညီမယ်ဆိုပေမယ့် သူတို့က ရှင့်ထက် အင်အားကော သိုင်းပညာပါ အစစအရာရာ သာလွန်တယ်ရှင့်"

ချန်ယိက ...

"ကဲ ... ဒါတွေထားပါတော့ဗျာ၊ ကျုပ်တို့ သွားသင့်မသွားသင့် ဆွေးနွေးကြရအောင်"

သူတို့က ဆက်လက်ဆွေးနွေးလိုက်ကြသည်။

နောက်ဆုံး၌ ဝါယင်လုံ သွားရန် အားလုံးက သဘောတူကြသည်။

သို့သော် ဝါယင်လုံသွားပြီး အနည်းငယ်ကြာပါက ကျန်ရှိတို့လူစုက လိုက်လာရန်ပါ သဘောတူလိုက်ကြလေ၏။

○ ○ ○

ရောင်နီ သမ်းလာလေပြီ ...။

ညအမှောင်ပျောက်၍ နောက်တစ်နေ့သို့ ကူးပြောင်းရောက်ရှိလာ၏။

ဝါယင်လုံမှာ ရှန်းမုံဂိုဏ်း ချိန်းဆိုရာသို့ ထွက်လာခဲ့သည်။

မြို့ပြင်သို့အရောက်တွင် ဝတ်စုံဖြူ ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးက သူ၏ရှေ့၌လမ်းပိတ်ရပ်နေသည်ကိုတွေ့လိုက်ရ၏။

ဝါယင်လုံ အနီးသို့ရောက်သောအခါ သူမက လက်နှစ်ဖက်ဆုပ်လိုက်ပြီး မေးမြန်းလေ၏။



"ဒုတိယသခင်လေး ဝါယင်လုံ ဟုတ်ပါသလားရှင်"

ဝါယင်လုံက အံ့သြသွားသည်။

"ဟုတ်ပါတယ် ... မင်းက ဘယ်သူလဲ"

မိန်းကလေးက ...

"ကျွန်မ ရှန်းမုံဂိုဏ်းကပါ"

"ဩော် ... ငါ့ကို လာကြိုတာလား"

"မဟုတ်ပါဘူး၊ ရှင့်ကို ပြောစရာရှိလို့ပါ"

ဝါယင်လုံ၏ မျက်ခုံးအစုံမှာ အပေါ်သို့ မြင့်တက်သွားလေ၏။

"ဘာကိစ္စလဲ"

မိန်းကလေးက ...

"ရှင် ... ဒီကနေ လှည့်ပြန်သွားပါ"

"ဗျာ ..."

ဟုတ်ပါတယ်၊ ရှင် ရှန်းမုံဂိုဏ်းကို မသွားပါနဲ့၊ ရှင့်အတွက် အန္တရာယ်များပြားပါတယ်၊ ပြီးတော့ ဂိုဏ်းချုပ်ဟာ ရှင့်ထက် သိုင်းသော ပိုအဆင့်မြင့်ပါတယ်"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်"

မိန်းကလေးက ...

"ဒါဆို ရှင်မသွားတော့ဘူးပေါ့"

"မဟုတ်ပါဘူး၊ သွားမှာပါ"

ပြောပြီးသည်နှင့် ဝါယင်လုံက မိန်းကလေးအား ကျော်ဖြတ်ကာ တောအုပ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

တောအုပ်အတွင်း ဝင်မိသည်နှင့် ရှန်းမုံဂိုဏ်း၏ ကင်းပုန်း တစ်ခုနှင့် တွေ့ဆုံလိုက်ရ၏။

ရှန်းမုံဂိုဏ်းသားတစ်ယောက်က ထွက်၍ကြိုဆိုကာ ရှေ့မှ ဦးဆောင်ခေါ်သွားသည်။

အတန်ကြာ ကွေ့ကွေ့ကောက်ကောက်နှင့် လျှောက်မိသောအခါ အဆောက်အအုံပျက်စီးတစ်ခုဆီသို့ ရောက်ရှိလာလေသည်။

အံ့သြစရာတော့ ကောင်းသည်။ မည်သည့်အချိန်က ဆောက်လုပ်ခဲ့သည့် အဆောက်အအုံဖြစ်သည်ကို မသိရပေ။

ရှန်းမုံဂိုဏ်းသားက ...

"ကျွန်တော် ဆက်ပြီး မပို့တော့ပါဘူး၊ အထဲမှာ ဂိုဏ်းချုပ် ရှိပါတယ်၊ အထဲကိုကြွပါ"

ဝါယင်လုံက ခေါင်းညိတ်ပြလိုက်ပြီး အဆောက်အအုံအား သေချာစွာ အကဲခတ်ကြည့်လိုက်၏။

ထောင်ချောက်မမိစေရန်အတွက် သတိကို ကြိုတင်ထားကာ တစ်လှမ်းချင်း လှမ်းဝင်လိုက်သည်။

အထဲသို့ရောက်သောအခါ ရှန်းမုံဂိုဏ်းသား နှစ်ဆယ်ခန့်နှင့် အတူ ဂိုဏ်းချုပ်ဟုထင်ရသော လူတစ်ယောက်ကို တွေ့ရှိလိုက်ရ၏။

ဝါယင်လုံအား တွေ့သောအခါ ဂိုဏ်းချုပ်က ...

"အင်း ... ဒါကြောင့်လည်း နာမည်ကျော်တာပဲ၊ အကြောင်း အရွံ့မရှိဘဲ လာဝံ့တဲ့ သတ္တိကို ကျုပ် မချီးကျူးဘဲ မနေနိုင်ပါဘူး ဘယ်သူမဆို ဒီလိုလာဖို့ နှစ်ခါစဉ်းစားကြမှာ"



သူက ချီးကျူးပြောဆိုလိုက်၏။

ဝါယင်လုံက လက်နှစ်ဖက် ဂါရဝပြုလိုက်ပြီး ...

"ကျွန်တော့်ကို ဒီကိုဖိတ်ခေါ်ရတဲ့ အကြောင်းရင်းကိုသာ ပြောပါ၊ အချီးနိဒါန်းတွေ မလိုပါဘူးဗျာ"

ဂိုဏ်းချုပ်က ရယ်မောလိုက်ပြီး ...

"မင်းရဲ့သိုင်းပညာကို လေ့လာချင်လို့ပါ"

ဝါယင်လုံ ရင်ထိတ်သွား၏။ ဤသည်မှာ ရန်စကားပင်။

သူ၏သိုင်းပညာအား လေ့လာလိုသည်ဟု စကားလှအောင် ပြောလိုက်သော်လည်း သူ့အား တိုက်ခိုက်ရန်ပင်ဖြစ်ကြောင်း သိလိုက်သည်။

သူသည် ချန်ရိတို့လူစုနှင့် ကြိုတင်ဆွေးနွေးထားသည့်အတွက် စိတ်သက်သာရာ ပြန်ရသွားသည်။ ချန်ရိတို့ ရောက်လာသည်အထိ အချိန်ဆွဲထားရန် ဆုံးဖြတ်လိုက်၏။

ရှန်းမုံ ဂိုဏ်းချုပ်မှာ ဝါယင်လုံက မတုန်လှုပ်ဘဲရှိနေသည့်အတွက် အံ့သြသွား၏။

ဝါယင်လုံ၏ သိုင်းပညာအဆင့်ကိုလည်း မခန့်မှန်းနိုင် ဖြစ်သွား၏။

ထို့ကြောင့် သူကိုယ်တိုင် မတိုက်ခိုက်ဘဲ သူ၏ဂိုဏ်းသားများနှင့် တစ်ယောက်စီ တိုက်ခိုက်ပြီး အားကုန်မှသာ ဝင်၍ တိုက်ခိုက်ရန် စဉ်းစားလိုက်သည်။

ထို့ကြောင့် သူက ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ..."

"ကျုပ်တို့ ရှန်းမုံဂိုဏ်းက မင်းကို အများနဲ့တစ်ယောက် မတိုက်ခိုက်ပါဘူး၊ တစ်ယောက်ချင်းပဲ ယှဉ်ပြိုင်ကြပါ့မယ်"

ဝါယင်လုံက ခပ်အေးအေးပင် ပြောသည်။

"ကြိုက်သလိုလုပ်ပါ၊ ကျုပ် ဘာမှမပြောဘူး၊ ခင်ဗျားပြောသလိုပဲ လိုက်လုပ်မှာပါ"

"ကဲ ... အမှတ်ခြောက် မင်း အရင်ယှဉ်ပြိုင်ပါ"

ဂိုဏ်းချုပ်၏ စကားဆုံးသည်နှင့် အမှတ်ခြောက်က ထွက်လာသည်။

သူသည် ဝါယင်လုံနှင့် ရင်ဆိုင်လိုက်သ၏။

အမှတ်ခြောက်မှာ လှံရှည်ကိုင်သူ ဖြစ်သည်။

သူ၏လှံရှည်ကိုင်တွယ်ပုံကြည့်ခြင်းဖြင့် ကောင်းမွန်စွာ ကျွမ်းကျင် တတ်မြောက်ကြောင်း ထင်ရှား၏။

သူသည် လှံရိုးကိုမမြင်ရလောက်အောင် လှည့်ပတ်ရင်း ဝါယင်လုံအား တိုက်ခိုက်လာ၏။

ဝါယင်လုံက လက်နက်မထုတ်ပါ။

လှံချွန်ထိပ်ဖျား မိမိ၏ရင်ဘတ်အနီးအရောက်မှာ ကိုယ်ကိုဘေးသို့ စောင်းလိုက်ပြီး လှံကိုဖမ်းဆွဲလိုက်၏။

သူ၏လှုပ်ရှားမှုမှာ လျင်မြန်သည်။

တိကျလှပေသည်။

လှံရှည်သမားမှာ ငိုင်ကျသွားသည်။



ထိုတဒင်္ဂအတွင်း ဝါယင်လုံက လှံကို အားနှင့်ဆွဲယူကာ တစ်ဆက်တည်း လက်ဝါးတစ်ချက်ကို တွန်းထုတ်လိုက်၏။

"ဝုန်း ..."

လှံရှည်သမားမှာ မရှောင်နိုင်ဘဲ လဲကျသွားသည်။

ရှန်းမုံဂိုဏ်းချုပ်မှာ ဝါယင်လုံအား ကြိတ်၍ ချီးကျူးမိသည်။

သူ၏ဂိုဏ်းသားကို သိုင်းကွက်တစ်ကွက်မျှနှင့် အနိုင်ယူရန် မလွယ်ကူလှပါ။ သိုင်းပညာထူးချွန်မှသာ ဖြစ်ပါလိမ့်မည်။

ရှန်းမုံဂိုဏ်းချုပ်က ...

"နောက်တစ်ယောက် ..."

ဂိုဏ်းချုပ်အသံ ဆုံးသည်နှင့် ခန္ဓာကိုယ်ထွားကျိုင်းသော လူတစ်ယောက် ဝင်လာသည်။

ထိုလူက ဝါယင်လုံအား အရိုအသေပြုပြီးနောက် တစ်ဆက်တည်း တိုက်ခိုက်သည်။

ထိုလူမှာ လက်သီးလက်ဝါးတို့နှင့် သိုင်းကွက် သုံးကွက်ခန့် အသုံးပြုတိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ဝါယင်လုံမှာ ထိုလူ၏သိုင်းကွက်ကို မြင်သည်နှင့် အေးအေးဆေးဆေး မနေနိုင်တော့ပါ။

ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်လိုက်ရသည်။

ထိုလူမှာ လက်ဝါးသိုင်းပညာ၌ ထူးချွန်သော လူတစ်ယောက် ဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် ဝါယင်လုံက လက်ဝါးသိုင်းပညာဖြင့် ပြန်လည် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

ဝါယင်လုံ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့် ထိုလူက သဘောကျစွာ ရယ်မောရင်း တရကြမ်း တိုက်ခိုက်လာသည်။

ဝါယင်လုံမှာ ပထမလူအား သိုင်းကွက်တစ်ကွက်ဖြင့် အနိုင်ယူနိုင်ခဲ့သော်လည်း ယခုလူကိုမူ သိုင်းကွက် ၁၀ ကွက်ကျော်မှသာ အသာစီး ယူနိုင်ခဲ့သည်။

ဝါယင်လုံက အသာစီးရလာသည်နှင့် သိုင်းကွက် ရုတ်တရက်ပြောင်းကာ ပွဲသိမ်းတိုက်ခိုက်လိုက်၏။

ထိုလူသည် လေထဲ မြောက်တက်သွား၏။

လှလှပပ မြောက်တက်သွားခြင်း မဟုတ်ပါ။ ခြေကားယားလက်ကားယားဖြင့် မလှမပ မြောက်တက်သွားခြင်း ဖြစ်ပါသည်။

"ဝုန်း ..."

ထိုလူသည် ကြမ်းပြင်ပေါ်သို့ ပစ်ကျလာလေ၏။ အကျမကောင်းပါ။ အထိနာသွားပါသည်။ သို့သော် ဝါယင်လုံက ပထမလူကဲ့သို့ လွယ်လွယ်ဖြင့် အနိုင်ယူနိုင်ခဲ့သည်တော့ မဟုတ်ပါ။ ဝါယင်လုံ ချွေးထွက်စ ပြုလာပါသည်။

ဂိုဏ်းချုပ်က ဝါယင်လုံကို စူးစိုက်ကြည့်လိုက်၏။ ထို့နောက် အေးစက်စက်ဖြင့် ချီးကျူးသည်။

**"မင်းမဆိုးဘူး၊ ကဲ ... နောက်တစ်ယောက်"**

ဝါယင်လုံမှာ စိတ်မရှည်တော့ပါ။

ထို့ကြောင့် သူက ဂိုဏ်းချုပ်အား စိုက်ကြည့်လိုက်ပြီး ...

"တခြားလူတွေလွှတ်မယ့်အစား ဂိုဏ်းချုပ်ကိုယ်တိုင် ဝင်လာတာက ပိုကောင်းပါလိမ့်မယ်"၊ တခြားလူတွေနဲ့ဆိုရင် အချိန်ပိုကုန်မယ်"



ဟု၍ အေးစက်စွာ ပြောလိုက်သည်။

ဂိုဏ်းချုပ်က ရယ်မောလိုက်ပြီး ...

"စိတ်ချပါ၊ ကျုပ်နဲ့ မင်းမယှဉ်ခင် ကျုပ်တပည့်တွေကိုပဲ နိုင်အောင် တိုက်ပါဦး"

ထိုစဉ်မှာပင် ဂိုဏ်းသားတစ်ဦးက အတဲသို့ အပြေးအလွှားဝင်ရောက်လာပြီး ဂိုဏ်းချုပ်အား တီးတိုးအစီရင်ခံလိုက်၏။

ဂိုဏ်းချုပ်က မျက်နှာတစ်ချက်ပျက်သွားပြီး ဝါယင်လုံအား စိုက်ကြည့်ကာ ပြောလိုက်၏။

"ကဲ ... တို့ နောက်မှပဲ ဆက်ပြီးယှဉ်ပြိုင်ကြတာပေါ့"

ထို့နောက် အဆောက်အအုံ၏ အနောက်ဘက်အပေါက်မှ လျင် မြန်စွာ ထွက်ခွာသွားလေတော့သည်။

ဝါယင်လုံမှာ ကြောင်သွား၏။ သူရပ်ကြည့်နေမိသည်။

အတန်ကြာမှ သတိဝင်လာပြီး လိုက်ရန်ပြုသည်။

"ဝါယင်လုံ ..."

ခေါ်သံနှင့်အတူ ချန်ရိတို့လူစု အဆောက်အအုံထဲသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

ချန်ရိတို့ လူစုမှာ လူပေါင်း ၅၀ ကျော်ခန့်ရှိသည်ကို တွေ့လိုက်ရ၏။ များပြားသည့် အင်အားပင်။

ချန်ရိက အတွင်းဘက်သို့ လှည့်ပတ်ရှာဖွေလိုက်ပြီး မေးလိုက်လေ၏။

"ဝါယင်လုံ ရှန်းမုံဂိုဏ်းသားတွေ ဘယ်ရောက်သွားပြီလဲ"

ဝါယင်လုံက ပြုံးလိုက်ပြီး ...

"မင်းတို့ရောက်လာလို့ ပြေးပြီလေ"

ချန်ရီက သဘောကျစွာ ရယ်မောလေ၏။

"ဟား ... ဟား ... ဟား ... သူတို့က တို့ကို ယောင်ချောက်မဆင်နိုင်ခင် ခွေးပြေးဝက်ပြေး ပြေးသွားရတာပေါ့ ဟုတ်လား၊ ဟား ဟား ... ဟား"

ချန်ရီတို့၏ ရယ်မောသံသည် အခန်းထဲ၌ ဘောင်ဘင်ခတ်သွားလေတော့သည်။

○ ○ ○

## အခန်း(၅၇)

## ဂိုဏ်းတွင်းပြဿနာ

တောလမ်းကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

တောလမ်းကလေးအတိုင်း လူလတ်ပိုင်း အမျိုးသမီးတစ်ဦး လျှောက်လာနေ၏။

ထိုအမျိုးသမီးမှာ ယင်ယင်ပင်ဖြစ်ပါသည်။

သူမ၏နောက်ဘက် ခပ်လှမ်းလှမ်း၌ ချန်မင်မင်နှင့် အမျိုးသမီးသုံးယောက် ထက်ကြပ်မကွာ လိုက်ပါနေကြ၏။

ယင်ယင်မှာ အတန်ကြာ လျှောက် လာပြီးနောက် ကွက်လပ်ကျယ်တစ်ဆီသို့ ရောက်လာသောအခါ ရပ်လိုက်သည်။

ကျူးယင်ဂိုဏ်းသားများ စခန်းချနေသည်ကို တွေ့လိုက်ရသည်။

ချန်မင်မင်တို့ လူစုမှာ ကျူးယင်ဂိုဏ်းအား တွေ့လိုက်သဖြင့် ကပျာကယာ သစ်ပင်များနောက်သို့ ဝင်ရောက်ပုန်းအောင်းလိုက်ကြရသည်။

ကျူးယင်ဂိုဏ်းသားများမှာ ယင်ယင် ရောက်လာသောကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

ကော့ထင်းတုက ...

"ဘယ်သူများလဲလို့ ယင်ယင်ကိုး၊ အတော်ပဲ ဂိုဏ်းစည်းကမ်း ဖောက်ဖျက်တဲ့အတွက် အပြစ်ပေးရမယ်"

သူက အေးစက်စွာ ပြောလိုက်၏။

ယင်ယင်က ကော့ထင်းတု၏ စကားကို ဂရုမစိုက်ပါ။

ပြုံး၍ပြန်မေးလိုက်၏။

"မင်းတို့ဂိုဏ်းချုပ် ရှိသလား၊ သူနဲ့ပဲ စကားပြောချင်တယ်"

မေစုသည် ထိုင်ရာမှထလာပြီး ယင်ယင်အား စိုက်ကြည့်လိုက်၏။

ထို့နောက် ကော့ထင်းတုတို့လူစုအား ဖယ်ရှားကာ ယင်ယင်နှင့် တွေ့ဆုံလိုက်သည်။

ယင်ယင်၏ စကားက ရည်မွန်သည်။

ယင်ယင်က ...

"ဂိုဏ်းချုပ် ကျွန်မ စကားပြောစရာရှိလို့ လာခဲ့တာပါ"

မေစုက ခါးသီးစွာ ပြောလေ၏။

"ရှင်ဟာ ဂိုဏ်းသစ္စာဖောက်ပဲ၊ ဒါကြောင့် ဂိုဏ်းစည်းကမ်းအရ အပြစ်ပေးရမယ်၊ ရှင်လာရဲတာကို ကျွန်မ အံ့သြတယ်"

သူမက အေးစက်စွာ ပြောသည်။

ယင်ယင်က သက်ပြင်းချပြီး ...



"ကျွန်မပြောချင်တာ အရင်ပြောပါရစေ၊ ပြီးမှ ဒီကိစ္စ ဆက်ပြောတာပေါ့၊ နောက်မှပြောလို့ နောက်မကျပါဘူး"

မေစုက ...

"ရှင့်ဘာပြောချင်လို့လဲ"

ယင်ယင်က ...

"ယင်လုံအကြောင်းပါ"

မေစုမှာ ဝါယင်လုံဟူသော အသံကို ကြားသည်နှင့် စိတ်လှုပ်ရှားသွား၏။

ယင်ယင်က ဆက်ပြောလိုက်၏။

"ယင်လုံဟာ ရှန်းမုံဂိုဏ်းနဲ့ ကြယ်တံခွန်ဂိုဏ်းကို ဖြိုခွဲမယ့်သူပဲ၊ ဒီတော့ ဂိုဏ်းချုပ်တို့ ကျူးယင်ဂိုဏ်းနဲ့လည်း ထိပ်တိုက်တွေ့လာနိုင်ပါတယ်၊ ဂိုဏ်းချုပ်အနေနဲ့ တတ်နိုင်ရင် ကျူးယင်ဂိုဏ်းကို ဒုစရိုက်ဂိုဏ်းတွေနဲ့ မပူးပေါင်းဖို့ ကြိုးစားပါလို့ ပြောချင်တာပါ"

မေစု ရယ်မောလိုက်သည်။ ထို့နောက် တင်းမာစွာပြောလေ၏။

"ရှင်ပြောချင်တာ ဒါပဲမဟုတ်လား"

ယင်ယင်က ...

"ကျွန်မဟာ ကျူးယင်ဂိုဏ်းချုပ်ရဲ့ စည်းကမ်းဖောက်ဖျက်တဲ့သူဆိုတာလည်း ဝန်ခံပါတယ်"

"ဒါဆို ရှင် အပြစ်ဒဏ်ခံရမှာပဲ"

"စိတ်ချပါ၊ ပေးတဲ့အပြစ်ကို ခံပါ့မယ်"

ချန်မင်မင်မှာ ယင်ယင်အတွက် စိုးရိမ်သွားပြီး ဟင်းခနဲ အသံတစ်ချက် ထွက်သွားသည်။

ကျူးယင်ဂိုဏ်းမှ အဆင့်မြင့်သိုင်းသမားများမှာ လူပုန်းအောင်းနေကြောင်း ချက်ချင်းသိရှိသွားသည်။

ထိုစဉ် ကျူးယင်ဂိုဏ်းသားဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးက အားရပါးရ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

သူ၏အပြုအမူမှာ ထူးဆန်းသကဲ့သို့ သူ၏ရယ်သံမှာလည်း ထူးဆန်းလှပေသည်။

အတွင်းအားကို အသုံးပြု၍ ရယ်မောခြင်းဖြစ်သောကြောင့် နားထောင်ရသူများအဖို့ အခံရခက်လှသည်။

ချန်မင်မင် အံကြိတ်နေ၏။

ကျားယ်တို့မှာ မခံနိုင်ဘဲဖြစ်နေကြောင်း တွေ့လိုက်ရသည်။

ထိုဂိုဏ်းသား ရယ်မောရင်း ပြောလိုက်၏။

"ကဲ ... ထွက်လာခဲ့ကြပါ"

ထိုကျူးယင်ဂိုဏ်းသားသည် အော်ပြောလိုက်ခြင်း ဖြစ်သည်။

ချန်မင်မင်၏ အမှားကလေးတစ်ချက်ကြောင့်ပင်။

ချန်မင်မင်မှာ ရင်တိတ်သွား၏။

သူတို့ ထွက်ပြေးရန် စဉ်းစားလိုက်သည်။

ထိုဂိုဏ်းသားက သူတို့၏အကြံအစည်ကို ကြိုတင်သိထားသည့်အလား ထပ်မံ၍ အော်ပြောလိုက်သည်။

"မင်းတို့ အခုမှပြေးလို့လည်း မလွတ်တော့ပါဘူး"

ယင်ယင်မှာ ချန်မင်မင်တို့ဖြစ်ကြောင်း ရိပ်မိလိုက်၏။



ယခု ကျူးယင်ဂိုဏ်းသားမှာ သိုင်းပညာအဆင့်မြင့်ကြောင်းလည်း အသိရှိသည်။

ထို့ကြောင့် သူမက သတိပေးလိုက်သည်။

"မင်မင် ... ထွက်လမ်းကိုရှာ၊ ကျားယန်တို့ကို ဂရုစိုက်"

ယင်ယင်သည် သိုင်းပညာစွမ်း ကြီးမား၏။

သို့သော် ဂိုဏ်းကိုအလွန်သစ္စာရှိသူဖြစ်သည်။

ဂိုဏ်းထဲရှိ ဂိုဏ်းချုပ်နှင့် အဆင့်ဆင့်ခန့်ထားသူတို့၏ စကားကို မပယ်ရှားချေ။ သူသည် ချန်မင်မင်တို့အတွက် လွန်စွာစိုးရိမ်သွားလေ၏။

ခြိမ်းခြောက်အော်ဟစ်နေသော ကျူးယင်ဂိုဏ်းသားက ယင်ယင်သတိပေးသည့်အတွက် လွန်စွာ မကျေမနပ်ဖြစ်သွားသည်။

သို့သော် ဂိုဏ်းချုပ်နှင့် စကားပြောနေသည့်အတွက် ယင်ယင့်ကို သူ အရေးမယူနိုင်ချေ။

သူက အားလုံးကို မကျေနပ်ဘဲ လှမ်းအော်လိုက်သည်။

"မင်းတို့ရောက်နေတာ ငါသိတယ်၊ မသိရင် ငါ့ညံ့ရာကျသွားမှာပေါ့၊ အခု ပြေးဖို့ကြံနေတယ်၊ မင်းတို့ပြေးလို့မလွတ်ဘူး၊ ငါ့နာမည်စက်ဝိုင်းချွန်၊ ငါရှိနေသမျှ မင်းတို့ပြေးမလွတ်ဘူး"

စက်ဝိုင်းချွန်၏ စကားဆုံးသွားသည်နှင့် ...

"တယ်လည်း စကားပြောကြီးကျယ်တဲ့ကောင်ပါလား၊ မင်းမှာဘာအစွမ်းအစတွေများ ရှိလို့လဲ"

ဟူသော အသံ ထွက်ပေါ်လာသည်။

စက်ဝိုင်းချွန်မှာ ထိုအသံကြောင့် မျက်နှာပျက်သွားလေ၏။

"ဘယ်သူလဲ ... ခိုးကြောင်ခိုးဝှက် လုပ်မနေနဲ့၊ ထွက်ခဲ့ပါ"

ဟု ပြန်အော်လိုက်၏။

အသံရှင်က ရယ်မောလိုက်ပြီး ...

"ဟင်း ... ဟင်း ... မင်းစကားက တော်တော်မောက်မာပါလား"

"ခင်ဗျားဘယ်သူလဲ ... ထွက်ခဲ့စမ်း"

"ငါထွက်ဖို့မလိုပါဘူး၊ မင်းက ကိုယ့်ကိုယ်ကိုဖော် မသူတော်ပဲ၊ စက်ဝိုင်းချွန်တဲ့လား၊ စက်ဝိုင်းချွန်လား၊ စက်ဝိုင်းတုံးလား သိချင်တယ်၊ မင်းသတ္တိရှိရင် ငါ့နောက်လိုက်ခဲ့စမ်း၊ မင်း ဘယ်လောက် သတ္တိရှိတယ်ဆိုတာကို ကြည့်ရမယ်"

သူမသည် အော်ပြော့ပြီး သစ်ပင်များနောက်ကွယ်မှ အရိပ်တစ်ခု ဖြစ်သန်းသွားလေ၏။

စက်ဝိုင်းချွန်မှာ ဒေါသအမျက်ချောင်းချောင်း ထွက်သွားပြီး ထိုလူရိပ်နောက်သို့ ပြေးလိုက်သွားတော့သည်။

စက်ဝိုင်းချွန် ထွက်သွားပြီး မကြာမီ သစ်တောအတွင်းမှ လူတစ်ယောက်ထွက်လာသည်။

ထိုလူက ယင်ယင်ရှေ့သို့ လျှောက်လာပြီး ...

"မင်း ငါ့ကိုမှတ်မိတယ် မဟုတ်လား"

ဟု မေးလိုက်၏။

ယင်ယင်က ခေါင်းညိတ်လိုက်၏။



"အစ်ကိုကြီး ကောင်းထိုက်ကို မမှတ်မိဘဲ မနေပါဘူး"

ကော့ထင်းတုက မျက်မှောင်ကြုတ်သွားပြီး ...

"ဒီနေရာဟာ မိတ်ဆွေဟောင်းတွေနဲ့ စကားပြောနေရမယ့်နေရာမဟုတ်ဘူး၊ ခင်ဗျား ဘာကိစ္စနဲ့ ရောက်လာတာလဲ"

ကောင်းထိုက်က ...

"မင်းက ကျူးယင်ဂိုဏ်းချုပ်လား"

"မဟုတ်ဘူး"

"ဒါဆို ကျူးယင်ဂိုဏ်းချုပ်နဲ့ စကားပြောပါရစေ"

ကော့ထင်းတုမှာ ထိုစကားကြောင့် ဒေါသချောင်းချောင်း ထွက်သွား၏။

မေစုက ...

ကျူးယင်ဂိုဏ်းချုပ် မေစုပါ၊ ရှင် ဘာပြောချင်လို့လဲ"

ကောင်းထိုက်က လေးစားဟန်ဖြင့် ကြည့်လိုက်ပြီး ...

"အင်း ... မင်းဟာ သိုင်းပညာလည်းမဆိုးဘူး၊ ကျူးယင်ဂိုဏ်းကိုလည်း ဦးဆောင်နိုင်တယ်၊ မင်းနဲ့ငါ တစ်ခါမှမတွေ့ဖူးပေမယ့် ကျုပ် လေးစားပါတယ်"

မေစုက ချက်မှောင်ကြုတ်ပြီး ပြောလိုက်၏။

"ချီးကျူးစကားတွေ ဖယ်ပြီး ပြောစရာရှိတာသာ ပြောပါ"

ကောင်းထိုက်က ...

"မေစု ... ယင်ယင်ဟာ ကြီးလေးတဲ့အပြစ်ဒဏ်တွေကို အမျိုးမျိုး ခံစားခဲ့ပြီးပါပြီ၊ ဒီတော့ ကျူးယင်ဂိုဏ်းက ထပ်ပြီး ပြစ်ဒဏ်ပေးသင့်တော့ပါဘူး"

မေစုက မဲ့လိုက်ပြီး ...

"ရှင်က ကျွန်မတို့ ဂိုဏ်းစည်းကမ်းကို ဝေဖန်နေတာလား"

ကောင်းထိုက်က ...

"ကျုပ်ပြောတာ မဟုတ်ဘူးလား"

မေစုက ခေါင်းခါယမ်းလိုက်ပြီး ပြောလိုက်၏။

"ဂိုဏ်းရဲ့ကိစ္စကို တခြား ဘယ်သူမှ ဝင်စွက်လို့ မရပါဘူး။ သူ့ကို အပြစ်ဒဏ်ခတ်ပြီး ကျူးယင်ဂိုဏ်းရဲ့ သိက္ခာကို ကာကွယ်ရပါမယ်"

မေစုမှာ တမင် အရွဲ့တိုက်ပြောလိုက်သော်လည်း စိတ်ထဲ၌ ဒွိဟဖြစ်နေ၏။ သူသည် ယင်ယင် ခံစားခဲ့ရသည်များကို ကြားသိခဲ့ရဖူးသည်။

ထိုလူပြောသကဲ့သို့ ပြစ်ဒဏ်ကျခံပြီး သူ့ကို ထပ်မံ ပြစ်ဒဏ်ခတ်ခြင်းသည် တရားမျှတပါမည်လော။

လီကျိုးရီက စိတ်မရှည်ပါ။

သူတို့ဘက်မှ အင်အားသာလွန်နေသည့်အတွက် တိုက်ခိုက်ချင်နေ၏။

မေစုနှင့် ကော့ထင်းတုကမူ တိုက်ခိုက်ရန် မလွယ်ကြောင်း ရိပ်မိထားသည်။ ကောင်းထိုက်နှင့် ယင်ယင်တို့အား ယှဉ်ရန် မလွယ်ပါ။

လီကျိုးရီက ...

"ဂိုဏ်းချုပ် စကားပြောနေမယ့်အစား သူတို့ကို အကြောင်းပြလိုက်တာ ကောင်းမယ်၊ ဒါမှ ကျောင်းမှန်း ကန်မှန်း သိသွားမယ်"



သူ၏စကားဆုံးသည်နှင့် တောအုပ်ထဲမှ အသံထွက်လာ၏။

"အံမယ် ... ကျူးယင်ဂိုဏ်းက တယ်ကြီးကျယ်နေပါလား၊ ခင်ဗျားတို့ကကော ဘာလို့ စိတ်ကောင်းဝင်နေတာလဲ၊ ပြန်ဆုံးမလိုက်စမ်း"

လီကျိုးရီမှာ မျက်နှာပျက်သွား၏။

အသံရှင်မှာ အတွင်းအား အလွန်ကောင်းမွန်သူဖြစ်ကြောင်း သိရှိလိုက်၍ဖြစ်သည်။

ကျူးယင်ဂိုဏ်းသားများမှာ ရင်ထိတ်လာကြ၏။

ယခုဆိုလျှင် ယင်ယင်၊ ချန်မင်မင်နှင့်တကွ အဆင့်မြင့်သိုင်းသမားများ ပူးပေါင်းတိုက်ခိုက်လျှင် သူတို့အတွက် မလွယ်ကူဟု တွေးမိလာကြ၏။

ကော့ထင်းတု၊ စင်စင်စန်းနှင့် ချန်မင်တို့က မေစုအား ဝိုင်းရံကာကွယ်လိုက်ကြသည်။

ပြီးမှ ကော့ထင်းတုက လေးလေးစားစား မေးလေ၏။

"အခုပြောတာ ဘယ်သူပါလဲခင်ဗျာ"

အသံရှင်က ...

"တောင်ဝါတောင် ချီထင်ဟောင်"

ကော့ထင်းတုမှာ မျက်နှာပျက်သွား၏။

ချီထင်ဟောင်သည် သူ့ထက်သိုင်းပညာအဆင့်မြင့်သူ ဖြစ်ကြောင်းလည်း သိရှိလိုက်၏။

ထို့ကြောင့် မျက်နှာမကောင်းဘဲ ...

"ဂိုဏ်းချုပ် ဒီလူဟာ အဆင့်မြင့်တစ်ဦးပဲ"

သူက သတိပေးပြောဆိုလိုက်သည်။

ချန်မင်မင်က မကျေမနပ်ဖြစ်သွားပြီး အော်ခေါ်၏။

"ချီထင်ဟောင် မင်းထွက်ခဲ့စမ်း"

ချီထင်ဟောင်က ရယ်မောလိုက်ပြီး ...

"မင်းတို့နဲ့ မတွေ့ချင်ပါဘူးကွာ"

မေစုက ကော့ထင်းတုဘက်သို့လှည့်၍ ...

"ရှင် ဘယ်လိုသဘောရသလဲ"

ကော့ထင်းတုက ...

"ကျုပ်သဘောဆိုရင် ခုအချိန်ဟာ ရင်ဆိုင်ဖို့ မလွယ်ဘူး၊ ရှန်းမုံဂိုဏ်းဖွင့်ပွဲနေ့ကျမှပဲ ရှင်းတာပဲကောင်းမယ်"

မေစုက လီကျိုရိဘက်သို့လှည့်ပြီး မေးလိုက်ပြန်၏။

လီကျိုရို၊ စင်စင်စန်းတို့လည်း ကော့ထင်းတု ပြောသည့်တိုင်း ဆောင်ရွက်ရန်ပင် အကြံပြုကြသည်။

မေစု သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက် ရှေ့သို့ တိုးထွက်လိုက်ပြီး မေးလိုက်လေ၏။

"ယင်ယင် ကျွန်မနဲ့ရှင် ယှဉ်ပြိုင်ရင် ဘယ်သူနိုင်မယ်ထင်သလဲ"

ယင်ယင် ခေါင်းခါယမ်းလိုက်ပြီး အေးဆေးစွာ ပြောလိုက်၏။

"မင်းက ဘာလို့ ဆုတ်ခွာဖို့ မစဉ်းစားတာလဲ၊ အားလုံး လက်လျော့ချင်နေပြီ မဟုတ်လား၊ မင်းတို့အတွက် အခြေအနေ မပေးတော့ဘူး"



ချန်မင်မင်မှာ သစ်ပင်နောက်ကွယ်မှ ထွက်လာ၏။

သူမ၏စိတ်ထဲ၌ ယင်ယင်သည် မေစုနှင့် ယှဉ်ပြိုင်ပါက ရှုံးလျှင် သိက္ခာကျမည်။

ယင်ယင်အတွက် မတန်ဟုတွေးမိလိုက်သောကြောင့်ဖြစ်သည်။

ချန်မင်မင်က မေစုအား စေ့စေ့ကြည့်လိုက်ပြီး ...

"ယင်ယင်က ရှင်နဲ့ ဘယ်ယှဉ်ချင်မှာလဲ၊ ညည်းကများ ယှဉ်ပြိုင်ဖို့ စဉ်းစားသေးတယ်၊ တိုက်ချင်ရင် ကျွန်မနဲ့ပဲ တိုက်ကြမယ်"

ဟု စိန်ခေါ်လိုက်သည်။

မေစုက ချန်မင်မင်စကားကို မကြားဟန်ဆောင်နေ၏။

သူမက ယင်ယင်အားကြည့်ကာ ပြောလိုက်၏။

"တိုက်ပွဲတစ်ပွဲဟာ အရှုံးအနိုင် ပြောဖို့ခက်ပါတယ်၊ အားလုံး စုပြီးတိုက်မယ်ဆိုရင်လည်း ကျွန်မတို့ဘက်က ရှုံးဖို့များပါတယ်၊ တစ်ဦးချင်းပဲ ယှဉ်ရအောင်၊ တကယ်လို့ ယင်ယင်က ကျွန်မကိုနိုင်ရင် ကျူးယင်ဂိုဏ်းဟာ ယင်ယင်ကို ဘယ်တော့မှ မရှာတော့ပါဘူး၊ တကယ်လို့ ယင်ယင် ရှုံးမယ်ဆိုရင်တော့ ဂိုဏ်းက ချမှတ်တဲ့ပြစ်ဒဏ်မှန်သမျှ လက်ခံရမယ်၊ ဘယ်လိုလဲ"

ယင်ယင်မှာ ထိုစကားကြောင့် တွေဝေသွားသည်။

မေစုပြောသည့်အတိုင်း ယှဉ်ပြိုင်ပါက သူနှင့် ကျူးယင် ဂိုဏ်းကိစ္စ ပြီးဆုံးသွားနိုင်သည်။

သို့သော် မိမိသည် ပြစ်ဒဏ်ကို နောက်ထပ်မခံစားလိုပါ။

ထို့ကြောင့် အနိုင်ရအောင် တိုက်ခိုက်ရမည်ဖြစ်သည်။

တို့အတူ မေစုသည်လည်း ကျူးယင်ဂိုဏ်းသိက္ခာအတွက် အစွမ်းကုန် တိုက်ခိုက်မည်သာ ဖြစ်သည်။

ထိုအခါ မိမိတို့နှစ်ဦးအနက် တစ်ဦးသည် မလွဲမသွေ သေဆုံးရမည်သာ ဖြစ်သည်။

ယင်ယင်မှာ ထိုအခြေအနေကို တွေးမိသောအခါ မည်သို့လုပ်ရမည်မသိ ဖြစ်သွားသည်။

ထို့ကြောင့် သူမက ကောင်းထိုက်ကို လှည့်၍ အကူညီတောင်းသော အကြည့်ဖြင့် ကြည့်လိုက်လေသည်။

ကောင်းထိုက်က ယင်ယင်၏သဘောကို နားလည်လိုက်၏။

ထို့ကြောင့် ...

"မေစု ..."

မေစုက ...

"ရှင်ဘာပြောချင်လို့လဲ"

"ငါ့သဘောကတော့ ဒီကိစ္စကို အလောသုံးဆယ် မလုပ်သင့်ဘူး၊ ရှန်းမုံဂိုဏ်းဖွင့်ပွဲလည်း ကျင်းပခါနီးပြီပဲ၊ အဲ့ဒီကျမှ စုပြီးရှင်းလင်းရင် ကောင်းမယ်ထင်ပါတယ်၊ ရက်နည်းနည်းလောက် ဆိုင်းလိုက်ပါလား"

မေစု ခုမှ သက်ပြင်းချလိုက်၏။

ထိုစကားကြားမှ သူက သိက္ခာရှိရှိ ဆုတ်ခွာနိုင်တော့မည်ဟု တွက်ဆမိလိုက်သည်။

ထိုစဉ် စက်ဝိုင်းချွန်မှာ ပြန်လည်ရောက်ရှိလာ၏။



သူ၏ဝတ်စုံရှည်၌ သွေးများစွန်းနေ၏။

ထို့အတူ ဝတ်စုံမှာလည်း စုတ်ပြဲနေပေသည်။

စက်ဝိုင်းချွန်က ကောင်းထိုက်ကိုကြည့်ရင်း မေးလိုက်၏။

"ကျုပ်ကို မှားခေါ်သွားတဲ့လူက ဘယ်သူလဲ၊ သူ့ဆရာက ကော ဘယ်သူလဲ"

ကောင်းထိုက်က ...

"ဝါဂူ ..."

စက်ဝိုင်းချွန်က မျက်မှောင်ကြုတ်သွားပြီး ...

"တစ်ခါမှ မကြားဖူးဘူး"

ကောင်းထိုက်က ...

"သူ့ရဲ့ဓားပညာကို ခင်ဗျားမြင်ခဲ့ပြီမဟုတ်လား၊ ဓားပညာကိုကြည့်တာနဲ့ သူ့ဆရာ ဘယ်သူဆိုတာ မင်းမသိဘူးလား"

စက်ဝိုင်းချွန်က ခေတ္တစဉ်းစားလိုက်ပြီး ...

"ဪ ... သူတို့ကိုး"

သူ၏အသံမှာ မကျေနပ်သံများ ရောပြွန်းနေ၏။

ချန်မင်မင်မှာ စက်ဝိုင်းချွန်၏ မာနကြီးပုံကို ကြည့်မရသဖြင့် ဝင်ပြောသည်။

"သူများကိုလည်း မနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုလည်း သိပ်အထင်ကြီးနေတယ်၊ အုန်းမှုတ်ခွက်အောက်က ဖားပါလား"

သူမ ဝင်ရောက်ခနဲ့လိုက်ခြင်းမှာ ထိရောက်လှသည်။

စက်ဝိုင်းချွန်မှာ နဂိုကပင် ဝါဂူအား ရှုံးနိမ့်လာသဖြင့် ဒေါသထွက်နေ၏။

ယခု ချန်မင်မင်၏ စကားကို ကြားရသောအခါ သူ၏ဒေါသမှာ ထိန်းမရဘဲ ပေါက်ကွဲသွားတော့သည်။

ချန်မင်မင်ထံ ခုန်ဝင်လာပြီး ...

"နေရာတကာ ပါချင်တဲ့ ကောင်မလေး၊ ငါ့လက်ဝါးတစ်ချက် ခံကြည့်စမ်း"

အော်ဟစ်ရင်း လက်ဝါးတစ်ဖက်ကိုတွန်းထုတ်လိုက်လေသည်။

ချန်မင်မင်က မရှောင်ပါ။

စက်ဝိုင်းချွန်၏ လက်ဝါးကို သူ၏လက်ဝါးဖြင့်ပင် ပြန်လည် ခုခံပေးလိုက်၏။

"ဝုန်း ..."

စက်ဝိုင်းချွန်မှာ နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်သွားရလေတော့သည်။

စက်ဝိုင်းချွန်က ထပ်မံတိုက်ခိုက်ဟန်ပြင်ပြီးမှ မတိုက်တော့ဘဲ မေစုအနီး လျှောက်သွားပြီး တီးတိုးပြောလိုက်သည်။

မေစုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးနောက် ယင်ယင်တို့ဘက်သို့ လှည့်ကာပြောလိုက်၏။

"ကဲ ... ကျွန်မတို့ကိစ္စတွေကို ရှန်းမုံဂိုဏ်းဖွင့်ပွဲနေ့ကျမှပဲ ရှင်းကြတာပေါ့"

ထို့နောက် ယင်ယင်၏ အဖြေစကားပင် မစောင့်တော့ဘဲ လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ထွက်ခွာသွားလေတော့သည်။

○ ○ ○



အခန်း(၅၈)

# လက်လျှော့ရခြင်း

ချန်မင်မင်မှာ မေစုတို့လူစု ထွက်ခွာသွားသည်ကို ငေးကြောင်ကြည့်နေ၏။

တစ်ခဏချင်းပင် မေစုတို့လူစု ပျောက်ကွယ်သွားသည်။

ချန်မင်မင်မှာ အံ့ဩနေမိသည်။

မေစုသည် အဘယ်ကြောင့် အမြန်ဆုံး ဆုတ်ခွာသွားရပါသနည်း။

ကိစ္စတစ်ခုခု ရှိမှာ သေချာပေသည်။

မည်သည့်ကိစ္စနည်း။

သူမ တွေးတောမရပါ။

ထို့ကြောင့် သူမ ကောင်းထိုက်ဘက်သို့ လှည့်လိုက်ပြီး မေးလိုက်၏။

"သူတို့ ဘာလို့ အမြန်ဆုံး ဆုတ်ခွာသွားရတာလဲ"

ကောင်းထိုက် ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ဒါတော့ ငါလည်း ဘယ်သိမလဲ၊ သူတို့ကိစ္စပဲလေ"

ယင်ယင်မှာ မေစုတို့လူစု ထွက်ခွာသွားသောအခါ တောင်ဝါတောင်က ချီထင်းဟောင်ကို သတိရလာ၏။

ထို့ကြောင့် သူမက ဖိတ်ခေါ်လိုက်၏။

"ချီထင်းဟောင် ထွက်လာခဲ့ပါတော့"

သူမ ဖိတ်ခေါ်ချက်မှာ ထုံးစံအတိုင်းပင်။

သို့သော် တုံ့ပြန်သံ တစ်စုံတစ်ရာမှ မကြားရချေ။

ကောင်းထိုက် သက်ပြင်းချလိုက်၏။

"ချီထင်းဟောင်ဟာ စီးမာချန်ချင်းကို လုပ်ကြံတဲ့ တရားခံ မပေါ်မချင်း ဘယ်သူနဲ့မှ အတွေ့မခံဘူးလို့ ကတိသစ္စာပြုထားတယ်"

သူက ရှင်းပြသည်။

ယင်ယင် မျက်မှောင်ကြုတ်ပြီး လေးနက်စွာ ပြောလေ၏။

"မိတ်ဆွေအပေါ် သစ္စာရှိတာတော့ ချီးကျူးပါတယ်ရှင်၊ ဒါပေမယ့် အစွန်းရောက် သဘောထားကတော့ မကောင်းပါဘူး"

ကောင်းထိုက်က ...

"အင်း ... အခုဆို သူ ဒီမှာလည်းရှိမယ်မထင်တော့ပါဘူး"

ချန်မင်မင် ထိုစကားကြောင့် ...

"ဟင် ... ဒါဆို ချီထင်းဟောင်ကို မတွေ့ရတော့ဘူးပေါ့"

သူမက မကျေမနပ်နှင့် ဝင်မေးလိုက်သည်။

ကောင်းထိုက် ခေါင်းကို အသာညိတ်ပြလိုက်၏။

ယင်ယင်မှာ ချန်မင်မင်၏ အသံကြားမှ အတွေးတစ်ခု ဝင်လာသည်။ သူမအဖို့ ဝါမိသားစုနှင့် မပတ်သက်လိုတော့သဖြင့် ရှောင်ခွာကာနေခဲ့သည်။



ယခု ချန်မင်မင် သူမအား အလွတ်ပေးမည်မဟုတ်ပါ။ အတင်းဆွဲထားမည်သာ ဖြစ်၏။

ထို့ကြောင့် အမြန်ဆုံး ထွက်ခွာရန် စဉ်းစားလိုက်ပြီး ...

"ကဲ ... ကျွန်မကိစ္စတွေ ရှိသေးတယ်၊ ကျားယန်မင်းရဲ့ ဆရာမြောက်ပိုင်းကိုသွားပြီး ဂိုဏ်းသုံးဂိုဏ်းအကြောင်း စုံစမ်းနေတယ်၊ သူ့နောက်လိုက်သွားရမယ်"

ကောင်းထိုက်မှာ လူနုံလူအ မဟုတ်ပါ။

ယင်ယင် အခုနေရာမှ ထွက်ခွာသွားလျှင် နောက်တစ်ဖန် တွေ့ရန် လွယ်ကူမည်မဟုတ်ကြောင်း သူသိသည်။

ထို့ကြောင့် သူက ဟန့်တားလိုက်သည်။

"ယင်ယင် ... ခဏနေပါဦး"

ယင်ယင်က ထွက်သွားမည်လုပ်ပြီးမှ ပြန်မေးရလေ၏။

"ဘာပြောချင်လို့လဲ"

ကောင်းထိုက်က ...

"ဝါဂူက နင်နဲ့ စကားပြောချင်လို့တဲ့၊ ဒီတော့ ခဏလောက် သူပြန်လာအောင် စောင့်လိုက်ပါ"

ယင်ယင်က ...

"နောက်မှပဲ ပြောပါလို့ တောင်းပန်ပါရစေ"

ပြောပြီးသည်နှင့် လျှပ်တစ်ပြက် ပြေးထွက်လိုက်၏။

သို့သော် ကောင်းထိုက်က သူမထက် ပို၍လျင်မြန်ပေသည်။

ယင်ယင်၏ ပြေးလမ်းကိုပိတ်ကာ ဟန့်တားလိုက်သည်။

ယင်ယင်က သက်ပြင်းချရင်း ...

"ဘာကြောင့် ကျွန်မကို သွားခွင့်မပြုတာလဲ"

ကောင်းထိုက် လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"သွားခွင့်မပေးတာ မဟုတ်ပါဘူးဗျာ"

ယင်ယင်က ...

"ဒါဆိုရင် ဖယ်ပေးပါ"

ကောင်းထိုက်မှာ မည်သို့တားရမည်၊ စကားပြောရမည်ကို အလျင်အမြန် စဉ်းစားလိုက်၏။

ထိုစဉ် ကျားယန်က ပင်ပြောလိုက်သည်။

"ဒေါ်ဒေါ် ကျူးယင်ဂိုဏ်းနဲ့ ချိန်းဆိုထားတာ ရှိသေးတယ်၊ ဒီကိစ္စပြီးမှပဲ သွားပါလား၊ တော်တော်ကြာ ဒေါ်ဒေါ်ကို ဘယ်နေရာမှာ ရှာရမလဲမသိဖြစ်နေမယ်"

ကောင်းထိုက်ကလည်း အလိုက်သင့် ဝင်ပြောလိုက်၏။

"ဟုတ်တယ် ... ကျားယန်ပြောတဲ့အတိုင်း ကောင်းပါတယ်၊ ပြီးမှ ခင်ဗျား သွားချင်သွားပါ၊ ဟုတ်လား"

ယင်ယင်က ကျားယန်ဘက်သို့ လှည့်လိုက်ပြီး ...

"ကျားယန် ... နင်က ငါ့ကို တားမြစ်နေတာလား"

ဟု အေးတိအေးစက်ဖြင့် မေးလိုက်၏။

ကျားယန်က ထိတ်လန့်သွားပြီး ကမန်းကတန်း ဒူးထောက်ချလိုက်ရင်း ...

"မဟုတ်ပါဘူး ဒေါ်ဒေါ်"

ကောင်းထိုက်က ...

"အကောင်းဆုံးကတော့ ဝါထင်းဟုန်နဲ့ ပြန်ပြီးတွေ့ဆုံဖို့ပဲ"



ယင်ယင် သက်ပြင်းချလိုက်သည်။

သူမအဖို့ အဟောင်းများ အသစ်မဖြစ်လိုပါ။

မေတ္တာကို ရင်ထဲဝယ် သိမ်းဆည်းထားမြဲ ထားချင်၏။

ဖြန့်ပြရန်လည်း အချိန်နှောင်းနေပြီဟု သူမထင်ပါသည်။

ထို့ကြောင့် သူကပြောလိုက်၏။

"ကဲ ... ကျားယန် ထပါ၊ မင်းတို့ ဒီလောက် ဝိုင်းတားနေရင် ငါသွားလို့မလွယ်ဘူး"

ပြီးမှ ကောင်းထိုက်ဘက်သို့ လှည့်၍ ...

"ကောင်းထိုက် ... ဒီကိစ္စကိုလည်း ရှန်းမုံဂိုဏ်း ဖွင့်ပွဲနေ့မှပဲ ရှင်းရင်မကောင်းဘူးလား"

ကောင်းထိုက် တစ်ချက်စဉ်းစားလိုက်ပြီး ...

"ခင်ဗျား တကယ်လာမှာလား"

ဟု ပြန်မေးလိုက်၏။

ယင်ယင်က အဓိပ္ပာယ်ရှိစွာ တစ်ချက်ပြုံးလိုက်ပြီး ...

"စိတ်ချ ..."

ကောင်းထိုက်မှာ မတတ်သာတော့ပါ။

သိုင်းလောကသားများသည် စကားတစ်ခွန်းကို အသက်နှင့်လဲ၍ ကာကွယ်တတ်သူများဖြစ်ကြောင်း သဘောပေါက်ထားသည်။

ထို့ကြောင့် ဆက်လက်တားမြစ်နေလျှင် သူက ယင်ယင်အား အကြောင်းမဲ့ စော်ကားသည်နှင့် တူပေတော့မည်။

ထို့ကြောင့် သူက လမ်းဖယ်ပေးလိုက်ရလေ၏။

"ဒါဆိုလည်း သွားနိုင်ပါပြီဗျာ"

သူက ပြောလိုက်ရလေတော့သည်။

ယင်ယင်မှာ ကောင်းထိုက် လမ်းဖယ်ပေးလိုက်သည်နှင့် ကိုယ်ဖော့ပညာကို အသုံးပြုပြီး ထွက်လာခဲ့လေသည်။

အတန်ကြာ သွားပြီးသောအခါ သူမနောက်မှ တစ်စုံတစ်ယောက် နောက်ယောင်ခံ လိုက်လာသကဲ့သို့ ခံစားလိုက်ရလေသည်။

ထို့ကြောင့် သူမ လှည့်ကြည့်လိုက်၏။

သို့သော် မည်သူ့ကိုမျှ မတွေ့ရပါချေ။

ယင်ယင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ဆက်လက်ထွက်ခွာလာခဲ့၏။

သူမ၏ စိတ်ထဲ၌မူ တစ်စုံတစ်ဦးသည် သူမနောက်၌ ရှိနေကြောင်း အလိုလို ခံစားနေရမိလေသည်။

ထို့ကြောင့် သူမက ပိုမိုလျင်မြန်စွာ ပြေးလွှားလိုက်လေသည်။

တောလမ်းကလေး တစ်ဆစ်ချိုးအကွေ့သို့ ရောက်သောအခါ ဆက်လက်မသွားတော့ဘဲ လမ်းဘေးကျောက်တုံးပေါ်၌ ထိုင်ကာ စောင့်နေလိုက်လေသည်။

ယင်ယင်၏နောက်မှ လိုက်လာသူမှာ အခြားသူမဟုတ်ပါ။

ချန်မင်မင်ပင် ဖြစ်သည်။

ချန်မင်မင်မှာ ယင်ယင်က လျင်မြန်စွာ ပြေးသွားသောကြောင့် သူမလည်း ပြေး၍လိုက်ခဲ့ရ၏။

လမ်းချိုးကွေ့ရောက်သောအခါ ယင်ယင် ထိုင်စောင့်နေသည်ကို မရှောင်နိုင်ဘဲ ပက်ပင်းတိုးသွားရလေတော့သည်။

ယင်ယင် သက်ပြင်းချလိုက်ပြီး မေးလေ၏။



"မင်း ဘာကြောင့် ငါ့နောက်လိုက်နေရတာလဲ"

ချန်မင်မင် ပြုံးပြလိုက်ပြီး ...

"ကျွန်မ ဒေါ်ဒေါ်နဲ့အတူ လိုက်ချင်လို့ပါ"

ယင်ယင် ခေါင်းခါယမ်းလိုက်ပြီး ပြန်မေးလိုက်လေ၏။

"ငါ့စကားကို မယုံလို့ မဟုတ်လား"

ချန်မင်မင်က မသိနားမလည်ဟန်ဖြင့် ...

"ဒေါ်ဒေါ်က ဘာပြောခဲ့လို့လဲ"

ယင်ယင်က ...

"ငါပြောတဲ့ ..."

ချန်မင်မင်က ရယ်မောရင်း ကြားဖြတ်လိုက်၏။

"ကျွန်မ,ကပဲ ပြောလိုက်ပါတော့မယ်၊ ကျောက်စိမ်းပန်းအိုး ယင်ယင်ဟာ သေသွားပြီ၊ ဒါကြောင့် ချိန်းဆိုထားတာလည်း မရှိတော့ဘူး မဟုတ်လား၊ ဒါကို ဘာဘာကောင်းထိုက်က ဘယ်နားလည်မှာလဲ"

ယင်ယင်မှာ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ချန်မင်မင်၏ စကားများမှာ မှန်လှသည်။

သူမက ဤအတိုင်းပင် စိတ်ကူးထားခဲ့သည် မဟုတ်ပါလော။

သူမက ချန်မင်မင်အား စိုက်ကြည့်လိုက်ပြီး ...

"မင်းက သိပ်ဉာဏ်ကောင်းလွန်းတယ်"

ချန်မင်မင်က ပြောလိုက်၏။

"ဒါကြောင့်လည်း ဒေါ်ဒေါ့်နောက်ကို လိုက်လာခဲ့တာပေါ့"

ယင်ယင်က ...

"ဒါပေမယ့် မင်းဆက်မလိုက်ရတော့ဘူး"

ချန်မင်မင်က ...

"ဘယ်ဖြစ်မလဲ၊ ဒေါ်ဒေါ်သွားလေရာ လိုက်နေမှာပဲ"

ယင်ယင်၏မျက်နှာ တင်းမာလာသည်။

"ဆက်ပြီး လိုက်နေမယ်ဆိုရင် မင်းကို ရန်သူအဖြစ် မလွဲမသွေ သတ်မှတ်ရလိမ့်မယ်"

သူမက ခြိမ်းခြောက်လိုက်၏။

ချန်မင်မင်၏ မျက်နှာမှာ သုန်မှုန်သွား၏။

မျက်ရည်များ ရစ်ဝဲလာပြီး ...

"ဒေါ်ဒေါ် ကြိုက်သလိုသာလုပ်ပါ၊ ကျွန်မတော့ မသွားနိုင်ပါဘူး"

သူမက တုန်တုန်ရီရီနှင့် ပြောလိုက်သည်။

ယင်ယင်မှာ ချန်မင်မင်၏ ငိုမလိုဖြစ်နေဟန်ကိုကြည့်ရင်း စိတ်မကောင်းဖြစ်သွားသည်။

ထို့ကြောင့် သူမက ချန်မင်မင်အား ဟန့်တားမှုကို လက်လျှော့လိုက်ရသည်။

"မငိုပါနဲ့ကွယ်၊ ငါ မင်းကို ရန်သူလို့ ဘယ်တော့မှ မသတ်မှတ်ပါဘူး"

ချန်မင်မင်၏မျက်နှာမှာ ရုတ်ခြည်း ရွှင်မြူးလာပြီး ...

"ဒါဆို ကျွန်မ လိုက်ရမယ်ပေါ့"

ဟု ချက်ချင်း မေးလိုက်သည်။



ယင်ယင်က သက်ပြင်းချရင်း ခေါင်းညိတ်ပြလိုက်လေသည်။

ထိုစဉ် အနောက်ဘက်မှ အသံတစ်ခုက လွင့်ပျံလာ၏။

"အင်း ... ချန်မင်မင် အဖော်ရသွားပြီဆိုတော့ ကျုပ် လိုက်ဖို့ မလိုတော့ပါဘူး၊ ယင်ယင် ကျုပ် ဝါဂူ နှုတ်ဆက်ပါတယ်"

ယင်ယင်မှာ အံ့သြသွားပြီး ...

"ဟင် ... မင်းလည်းငါ့နောက်လိုက်နေတာပဲလား"

"ခွင့်လွှတ်ပါ"

အသံမှာ တဖြည်းဖြည်း ဝေးဝေးသွားလေတော့သည်။

ယင်ယင်က ...

"အင်း ... ဝါဂူရဲ့ သိုင်းပညာဟာ တော်တော့်ကို အဆင့်မြင့်နေပြီပဲ၊ ဒါထက် ချန်မင်မင် သူ ငါ့နောက်ကိုလိုက်နေတာကို သိသလား"

ချန်မင်မင်က ရယ်မောလိုက်ပြီး ...

"ဒေါ်ဒေါ် ကျူးယင်ဂိုဏ်းနဲ့ တွေ့တဲ့အချိန်မှာ ကောင်းထိုက်ရောက်လာတာ၊ ချီထင်းဟောင် ရောက်လာတာဟာ တိုက်ဆိုင်မှုလို့တော့ ထင်နေလို့လား"

ဟု ပြန်မေးလိုက်သည်။

ယင်ယင်မှာ ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်သွားရသည်။

အတန်ကြာမှ ချန်မင်မင်ကို ပြောလိုက်လေ၏။

"ကဲ ... ငါတို့သွားကြစို့"

○ ○ ○

## အခန်း(၅၉)

# ဝင့်ထည်သော ဂိုဏ်းဖွင့်ပွဲ

လေးလ ဆယ့်ငါးရက်။

ရှန်းမုံဂိုဏ်းဖွင့်ပွဲ အခမ်းအနား ကျင်းပရန်ရက်မှာ နီးကပ်လာပြီ ဖြစ်ပါသည်။

ထိုအခမ်းအနားသို့ တက်ရောက်ရန် လာကြသူများမှာ ရှန်းမုံဂိုဏ်းဌာနချုပ် ပတ်ဝန်းကျင် မြို့ရွာများသို့ ရောက်ရှိလာကြလေပြီ။ ဌာနချုပ်သို့လာရာ လမ်းတစ်လျှောက်၌ သိုင်းသမားအုပ်စုများ တစ်စုပြီးတစ်စု လာနေကြဆဲပင် ဖြစ်သည်။

သိုင်းလောက၌ လှုပ်ရှားမှုမရှိဘဲ တည်ငြိမ်နေသည်မှာ ကြာပြီဖြစ်သည်။

ယခု ရှန်းမုံဂိုဏ်းဖွင့်ပွဲသည် လှုပ်ရှားမှု၏ အစပင်လောဟုလည်း တွေးတောကာ လာရောက်လေ့လာသူများလည်း မနည်းတော့ပေ။



တက်ရောက်သူနှင့် လေ့လာသူများ ရောထွေးနေသဖြင့် လူစုလူအုပ်ကြီး ဖြစ်နေတော့သည်။

ရှန်းမုံဂိုဏ်း ပတ်ဝန်းကျင်ဒေသများရှိ မြို့ရွာများမှ တည်းခိုခန်းများမှာလည်း တည်းခိုသူများ ပြည့်နှက်နေပြီး အလွန်ပင် စည်ကားနေလေတော့သည်။

ဤသို့သော အခွင့်အရေးမျိုးမှာ တည်းခိုခန်းများ ဆိုင်ခန်းများအတွက် ဆယ်နှစ်လျှင်တစ်ကြိမ်မျှ မရသော အခွင့်အရေးကြီးပင်။

အချို့ စားသောက်ဆိုင်များပင် ချက်ချင်း တည်းခိုခန်းများဘဝသို့ ရောက်သွားကြသည်။

ငါးလပိုင်း၊ တစ်ရက်နေ့။

ငါးလပိုင်း တစ်ရက်နေ့မှစ၍ ရှန်းမုံဂိုဏ်း ဌာနချုပ်ဆီသို့ ဧည့်သည်သိုင်းသမားများ တဖွဲဖွဲရောက်ရှိလာကြသည်။

ရှန်းမုံဂိုဏ်းဌာနချုပ်မှလည်း လာသမျှ အကုန်လက်ခံကာ နေရာချထားပေးသည်။

ရှန်းမုံဂိုဏ်း၏ ဧည့်ကြိုများက အစစအရာရာ လိုလေသေးမရှိ ဆောင်ရွက်ပေးကြသည်။

ထူးခြားချက်မှာ ရှန်းမုံဂိုဏ်း၏ဧည့်ကြိုများသည် သိုင်းသမားများကို ကြည့်ရုံဖြင့် အမည်နာမတပ်ကာ ထုတ်ဖော်ကြိုဆိုနိုင်စွမ်းရှိခြင်းပင် ဖြစ်ပါသည်။

ဤသည်မှာ ထူးခြားလှ၏။

သိုင်းသမားကလည်း များစွာ ကျေနပ်ကြသည်။

ရှန်းမုံဂိုဏ်းဌာနချုပ်သည် မြို့ပေါ်၌လည်းကောင်း၊ ကျေးရွာ၌လည်းကောင်း မဟုတ်ပါ။

တောတဲ တောင်ထဲ၌သာ ရှိသောကြောင့်လည်း သိုင်းသမားတို့အဖို့ သဘာဝရှုခင်းများကို ခံစားနိုင်ကြသည်။

ငါးလပိုင်း၊ လေးရက်နေ့။

ရှန်းမုံဂိုဏ်းဖွင့်ပွဲကျင်းပရန် တစ်ရက်သာ လိုတော့သည်။

သိုင်းလောကမှ နာမည်ကျော်သိုင်းသမားများ။

သိုင်းလောကသားများ။

ဂိုဏ်းအသီးသီးမှ ကိုယ်စားလှယ်များ။

ဖိတ်ကြားထားခြင်း ခံရသောသူများ။

အားလုံးလိုလို စုံလင်စွာ ရောက်ရှိနေကြလေပြီ။

ညနေစောင်းအချိန်၌ ရှန်းမုံဂိုဏ်းဌာနချုပ်ရှိရာ တောင်ကြားကလေးသို့ လူတစ်စု ရောက်ရှိလာကြသည်။

ဧည့်ကြိုတစ်ဦးက လူစုထဲမှ လူတစ်ဦးကို မြင်သည်နှင့် ...

"သိုင်းသမားကြီး တန်စုမင်ပါလား၊ ကြွပါခင်ဗျာ"

ဟု ဖိတ်ခေါ်လိုက်သည်။

တန်စုမင်ဆိုသူမှာ မျက်နှာကွက်ခနဲပျက်သွား၏။

သူသည် သိုင်းလောက၌ ဇာတ်မြှုပ်နေခဲ့သည်မှာ နှစ်နှစ်ဆယ်ပင် ပြည့်တော့မည်ဖြစ်သည်။

ယခုမူ သူ့အား ချက်ချင်းပင် မှတ်မိကာ ကြိုဆိုနှုတ်ဆက်နေသဖြင့် ရှန်းမုံဂိုဏ်းအပေါ် အထင်မသေးရဲတော့ချေ။



သူသည် သိုင်းလောကထဲသို့ မပတ်သက်လိုတော့ပါ။

သို့သော် သူ၏ဂိုဏ်းတူအစ်ကို ချန်းနန်သမားတော် ယီစန်းသက် အဖမ်းခံနေရကြောင်း သတင်းရလာသဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

တန်စုမင်က ဧည့်ကြိုအားကြည့်ပြီး ...

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ကိုသိနေတာတော့ မဆိုးဘူးဗျ"

သူက မေးမြန်းလိုက်လေ၏။

ဧည့်ကြိုက လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"ကျုပ်က စုတ်တံတစ်ချက်ပါ၊ နောင်ကြီးရဲ့ သိုင်းပညာဟာ အရင်ကထက် အများကြီး တိုးတက်နေပါလား၊ ကျုပ်ဂုဏ်ယူပါတယ် ဗျာ"

သူက လေးလေးစားစားဖြင့် ပြောလိုက်သည်။

တန်စုံမင်မှာ ရင်ထဲ၌ လေးလံလာ၏။

သူသည် ရှန်းမုံဂိုဏ်းအတွင်းသို့ ဝင်ရောက်ထိုးဖောက်ကာ သူ၏ အစ်ကိုအား ကယ်တင်ရန် စဉ်းစားလာခဲ့၏။

ထို့ကြောင့် တပည့်အချို့ခေါ်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

မိမိအား သိထားသူမရှိဟုယူဆပြီး လှုပ်ရှားမှု လွယ်ကူမည်ဟု ထင်ထားခဲ့၏။

ယခု ဧည့်ကြို စုတ်တံတစ်ချက်ဆိုသူသည် သိုင်းလောက၌ ဗဟုသုတ အတော်ပင်ပြည့်စုံပုံရ၏။

ထို့ကြောင့် ရှန်းမုံဂိုဏ်းထဲသို့ ထိုးဖောက်ဝင်ရောက်ရန် မလွယ်ကူဟု ကြိုတင်မှတ်ချက်ချမိလေတော့သည်။

တန်စုံမင်က ညှို့ကြိုမာဥပ်ပေါ်၌ ရေးသားထားသော စာကို ဖတ်မိသောအခါ အံ့သြသွားရတော့သည်။ ကြက်သီးများပင် ထမိသည်။

"ရှန်းမုံ့ဂိုဏ်းသည် မိုးအောက်မြေပြင်ပိုင်စိုးသည် ဆိုပါလား၊ ဒါကတော့ ဘာသဘောလဲဗျ၊ ရှင်းပြနိုင်မလား"

သူက မေးမြန်းလိုက်လေ၏။

စုတ်တံတစ်ချက်က ပြုံးလိုက်ပြီး ...

"ဒီစာသားဟာ ခင်ဗျား ဖွင့်ပွဲအခမ်းအနားပြီးသွားတဲ့နောက်ပိုင်းမှာ အလိုလို သိရှိနားလည်လာပါလိမ့်မယ်"

တန်စုမင်က မျက်မှောင်ကြုတ်သွားပြီး အေးစက်စက်မေးလိုက်၏။

"ခင်ဗျား ပြောချင်တာက သိုင်းလောကကို ရှန်းမုံ့ဂိုဏ်းက ချုပ်ကိုင်ထားမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

စုတ်တံတစ်ချက်က အဖြေမပေးပါ။

နောက်ထပ် ရောက်လာသော ဧည့်သည်များကို ကြိုဆိုနှုတ်ဆက်နေတော့သည်။ သူ့ကိုဂရုမပြုတော့ပေ။

တန်စုမင်တို့ လူစုနှင့် အခြားသိုင်းသမားများအား ဧည့်ကြိုလူငယ်နှစ်ဦးက လာရောက်ပြီး ပြောဆိုလာပါသည်။

"ဆရာကြီးတို့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါခင်ဗျာ၊ ဌာနချုပ်ပတ်ဝန်းကျင်ကိုကြည့်ရှုရင်း အနားယူဆောင် ပို့ပေးပါ့မယ်"

ထို့နောက် လူငယ်နှစ်ဦးက ဦးဆောင်ခေါ်သွားလေတော့သည်။



ရှန်းမုံ့ဂိုဏ်းဌာနချုပ်၏ လေးဘက်လေးတန်ကို မတ်စောက်သော တောင်များဖြင့် ဝိုင်းရံထားသည်။

ရှန်းမုံ့ဂိုဏ်းအတွင်းသို့ ရောက်ရန် ကျဉ်းမြောင်းသော တောင်ကြားလမ်းကလေးအတိုင်း လျှောက်ဝင်ရမည်ဖြစ်သည်။

တောင်ကြားလမ်းကလေးတစ်လျှောက်၌ ဘာသာဘာဝ ပျော်မြူးကျက်စားနေကြသော ကျေးငှက်တိရစ္ဆာန်များကို တွေ့ရသည်။

လမ်းဘေး တစ်ဖက်တစ်ချက်၌လည်း မြင့်မားသော သစ်ပင်ကြီးများ ပေါက်ရောက်လျက်ရှိသည်။

အတန်ကြာ လျှောက်လာပြီးမှ လမ်းကလေးမှာ တဖြည်းဖြည်းကျယ်ဝန်းလာသည်။

တန်စုမင်မှာ ရှန်းမုံ့ဂိုဏ်းဌာနချုပ်၏ ဝင်လမ်းများကို ရှာဖွေကြည့်ရာ အခြားနေရာရှာမတွေ့ပေ။

မတ်စောက်သော တောင်များ ဝန်းရံထားသောကြောင့် တောင်ကြားထဲဝင်ရန် ဤလမ်းမှအပမရှိကြောင်း သိလိုက်ရ၏။

ထိုသို့ သိလိုက်သည်နှင့်အမျှ ရင်မှာပို၍လေးလံလာ၏။

ရှန်းမုံ့ဂိုဏ်းသည် ဤလမ်းကြားအား ပိတ်ဆို့လိုက်လျှင် အားသုံးသော လူများသည် လွတ်မြောက်ရန် မလွယ်ကူပေ။

တန်စုမင်က တွေးရင်းတွေးရင်း စိတ်ဓာတ်ကျလာ၏။

ဧည့်ကြိုလူငယ်နှစ်ယောက်က ဌာနချုပ်အကြောင်း၊ ဖွင့်ပွဲအခမ်းအနားသို့ လာရောက်သည့် ဧည့်သည်များအတွက် စီစဉ်ထားပုံများကို ပြောပြနေသော်လည်း စိတ်မဝင်စားမိချေ။

အတန်ကြာ ထပ်လျှောက်လာမိသောအခါ ကွက်လပ်ကျယ် တစ်ခုဆီသို့ ရောက်၍လာတော့သည်။

ထိုကွက်လပ်ကျယ်မှာ မြက်ခင်းပြင်တစ်ခုဖြစ်ကြောင်း သိလိုက် ရလေ၏။

မြက်များကို ညီညာစွာပြုပြင်ထားသဖြင့် အစိမ်းရောင်ကော်ဇော တစ်ချပ် ခင်းထားသည်နှင့် တူနေသည်။

မြက်ခင်း၏အရှေ့ဘက်၌ စင်မြင့်ကြီးတစ်ခု ပြုလုပ်ထားသည်။

စင်မြင့်ကြီးမှာ အတော်ပင်မြင့်မားပြီး လေ့ကားထစ် ၃၀ခန့် ရှိသည်။

စင်မြင့်ပေါ်၌ ကော်ဇောနီ ခင်းထား၏။

လမ်းတစ်လျှောက် ကြည့်လိုက်လျှင် မတ်စောက်သော တောင် နံရံကို ကပ်ကာ ဆောက်လုပ်ထားသည့် အဆောက်အအုံတစ်ခုကို တွေ့လိုက်ရမည်။

အဆောက်အအုံကို တွေ့လိုက်သည်နှင့် တွေ့လိုက်ရသည့် လူအပေါင်းမှာ အံ့အားသင့်သွားရပေသည်။

အဘယ့်ကြောင့်ဆိုသော် အဆောက်အအုံသည် တောင်နံရံ အတိုင်း အထက်သို့မြင့်တက်သွားသောပုံ ဆောက်ထားသောကြောင့် တည်း။

အဆောက်အအုံတစ်ခုလုံးကို ကျောက်ဖြူဖြင့် နန်းတော်ပုံစံ အတိုင်း ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ခေါင်လှသော ဂူတောင်ကြားကလေး၌ ဂူကဲ့သို့သော



အဆောက်အအုံမျိုး ဆောက်ထားသည်ကို တွေ့ရသောအခါ မည်သို့ မျှ မအံ့သြဘဲ မနေနိုင်တော့ပေ။

ထိုမျှသာမက ထိုသို့အဆောက်အအုံလုပ်ရာ၌ ကုန်ကျမည့် စရိတ်၊ အဆောက်အအုံဆောက်မည့် လူအင်အား စသည်တို့ကို တွက် ဆရင်း ရှန်းမုံဂိုဏ်း၏ အင်အားနှင့် ဓနဥစ္စာကို တွက်ဆနိုင်သည် မဟုတ်ပါလော။

တန်စုမင်တို့လူစုမှာ မြက်ခင်းစပ်၌ရပ်ရင်း အတန်ကြာအောင် ထိုအဆောက်အအုံကို ငေးမောကြည့်မိသည်။

တစ်ဖန် စင်မြင့်၏အရှေ့ဘက် ပေ ၇၀၀ခန့်အကွာ၌ ယာယီ မဏ္ဍပ်များ ဆောက်လုပ်ထားသည်ကိုလည်း တွေ့ လိုက်ရပေသည်။

ဧည့်ကြိုလူငယ်နှစ်ဦးမှာ တန်စုမင်တို့လူစုအား မည်သည့်နေရာ မှ ကြာကြာကြည့်ခွင့်မပေးပါချေ။

ယခုနေရာတွင်လည်း အနည်းငယ်ကြာလာသည်နှင့် သွားရန် လောဆော်လိုက်သည်။

ထိုအခါ ဧည့်သည်သိုင်းသမားအချို့က ခံပြင်းလာလေသည်။

မိမိတို့သည် ဧည့်သည်သာဖြစ်သည်။

ရှန်းမုံဂိုဏ်း၏ အကျဉ်းသားများမဟုတ်ချေ။

ယခု မိမိတို့အားအလစ်မပေးဘဲ စောင့်ကြပ်နေခြင်းကို သဘော မကျဖြစ်လာပြီး ...

"တို့ မမောသေးဘူး၊ လျှောက်ကြည့်ဦးမယ်၊ ပြီးတော့ ဒီမှာ လည်း နည်းနည်းကြာကြာကြည့်မယ်"

အတွန့်တက်လိုက်ကြလေသည်။

ဧည့်ကြိုလူငယ်နှစ်ဦးမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

တန်စုမင်ကလည်း ဝင်ပြောသည်။

"ဟုတ်တယ် ... တို့ ဒီမှာနေခဲ့ဦးမယ်၊ မင်းတို့သွားချင်သွားပါ တော့"

လူငယ်နှစ်ဦးမှာ ဘာမျှပြန်မပြောပါ။ အခြားသို့လည်း မသွား ပါ။ တန်စုမင်တို့ အနီး၌သာ ဆက်လက်စောင့်ကြပ်နေ၏။

ထိုအခါ ဧည့်သည်သိုင်းသမားများထဲမှ ပုပုဝဝ လူတစ်ဦးက ဒေါသထွက်လာသည်။

"ငါတို့ အစောင့်မလိုဘူး၊ မင်းတို့သွားတော့၊ ငါတို့ကို စောင့် ကြည့်နေစရာ မလိုဘူးကွ"

သို့သော် လူငယ်နှစ်ဦးက ကြားဟန်မပြုဘဲ ဆက်၍စောင့်နေ ၏။

နောက်တစ်ယောက်ကလည်း ရှိသည်။

"အင်း ... တို့လည်း အခုမှ ကိုယ်ရံတော်တွေ ဘာတွေ ရလ ပါလား"

လူငယ်နှစ်ဦးအနက် တစ်ဦးက ဒေါသထွက်လာပြီး ...

"ဒီမှာ ... ခင်ဗျားတို့ ဧည့်သည်တွေက စကားဆင်ခြင်ပြော ပါ၊ ကျုပ်တို့ကို တာဝန်ပေးထားလို့ ခင်ဗျားတို့ကို အနားယူ အဆောင်ကို လိုက်ပို့တာပါ။ ကဲ ... သွားကြမယ်၊ ဒီမှာဆက်ကြည့် အကြောင်းမရှိဘူး"



သူတို့က ဒေါသဖြင့် ပြန်ပြောလိုက်သည်။

ပုပုဝဝနှင့်လူက ပြုံးလိုက်ပြီး ...

"တို့တော့ မသွားနိုင်ဘူး၊ ဒီမှာအိပ်လို့ကောင်းတယ်"

သူသည် ပြောရင်း မြက်ခင်းစပ်၌ လဲလျောင်းလိုက်သည်။

လူငယ်နှစ်ဦးမှာ ဒေါသထွက်ကာ အသားများ ဆတ်ဆတ်တုန် လာသည်။

ဤသို့ဖြင့် ဧည့်သည်သိုင်းသမားအချို့နှင့် ဧည့်ကြိုလူငယ် တို့မှာ တစ်ယောက်တစ်ခွန်း စကားများလျက်ရှိနေစဉ် ...

"ဆူဆူညံညံနဲ့ ဘာများဖြစ်နေကြတာလဲ"

ဟူသော အသံလွင်လွင်လေး ကြားလိုက်ရလေသည်။

အားလုံးက လှည့်ကြည့်ရာ ဝတ်စုံဖြူ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

တန်စုမင်မှာ ထိုမိန်းကလေးကိုကြည့်ရင်း မျက်မှောင်ကြုတ် အောင် စဉ်းစားလိုက်မိ၏။

မိန်းကလေးအနီးသို့ ရောက်ရှိလာသောအခါ ...

"မိန်းကလေးက ပိုင်မျိုးနွယ်လား၊ ဖန်မျိုးနွယ်လား"

သူက မေးမြန်းလိုက်လေသည်။

မိန်းကလေးက တန်စုမင်အား စိုက်ကြည့်ရင်း မလိုလားဟန် ဖြင့် ပြောသည်။

"လူတောင်မရောက်သေးဘူး၊ မေးခွန်းက စနေပါလား"

သူမ၏ စကားက နွေးထွေးခြင်းမရှိပေ။ အေးစက်နေသည်။

တန်စုမင်က လက်နှစ်ဖက်ဆုပ်ပြီး မေးလိုက်ပြန်သည်။

"မိန်းကလေးရဲ့ အမည်ကို သိပါရစေ"

မိန်းကလေးက ပြုံးရယ်ခြင်းအလျဉ်းမရှိဘဲ ခက်ထန်ထန် ပြောလေ၏။

"ကုယိပိုင်"

တန်စုမင်၏ မျက်နှာပေါ်တွင် မယုံကြည်ဟန်များ ပေါ်လွင်လာသည်။

သူသည် မိန်းကလေးကိုကြည့်ရင်း ပိုင်စုယိကို သတိရလာ၏။

ထိုမိန်းကလေးသည် ပိုင်စုယိနှင့် တစ်ထေရာတည်း တူနေသည် မဟုတ်ပါလော။

မှန်ပါသည်။

တန်စုမင်ကဲ့သို့ ပိုင်စုယိကို သိကျွမ်းသော သိုင်းသမားများကလည်း ထိုမိန်းကလေး ကုယိပိုင်သည် ပိုင်စုယိနှင့် အလွန်တူကြောင်း သတိပြုမိကြသည်။

ကုယိပိုင် ဆက်ပြောလိုက်၏။

"ကျွန်မဆရာက ရှန်းမုံဂိုဏ်းချုပ်ပါပဲ"

ထိုစကားကြားသောအခါ အားလုံးက ပို၍ မယုံကြည်နိုင်အောင် ဖြစ်သွားရတော့သည်။

တန်စုမင်က ကုယိပိုင်အား တစ်စုံတစ်ရာ မေးမြန်းရန် ဟန်ပြင်လိုက်သော်လည်း ကုယိပိုင်က တန်စုမင်အားမကြည့်ဘဲ ညှော်သည်လူငယ်နှစ်ဦးဘက်လှည့်ကာ ငေါက်ငန်းလိုက်၏။



"မင်းတို့ ဘာကြောင့် အခမ်းအနားတက်ရောက်လာတဲ့ ညှော်သည်တွေ စိတ်ဆိုးအောင် လုပ်ရတာလဲ"

ညှော်ကြိုလူငယ်နှစ်ဦးမှာ မျက်နှာပျက်သွားကြပြီး ချက်ချင်းပင် ငြင်းပယ်လိုက်သည်။

"မဟုတ်ပါဘူး၊ သူတို့ ..."

ကုယိပိုင် မျက်နှာတင်းတင်းနှင့် အပြစ်တင်သည်။

"တော် ... သူတို့ဟာ ညှော်သည်တွေ၊ ပြီးတော့ သိုင်းလောကသားတွေ၊ တော်ရုံတန်ရုံနဲ့ စိတ်မဆိုးတတ်ကြဘူး၊ အခု မင်းတို့လုပ်ပုံကိုင်ပုံမဟုတ်လို့ သူတို့စိတ်ဆိုးကြတာပဲ၊ သူတို့အပြစ်မဟုတ်ဘူး၊ မင်းတို့ရဲ့အပြစ်ပဲ"

တန်စုမင် မနေသာတော့ပါ။

"သူတို့အပြစ်လည်း မဆိုသာပါဘူးဗျာ၊ ကျုပ်တို့ကလည်း ညှော်သည်လို မနေမိလို့ပါ"

ဟု ပြေရာပြေကြောင်း ဝင်ပြောလိုက်၏။

ကုယိပိုင် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ညှော်ကြိုလူငယ်တို့အား ခက်ထန်စွာ ဆက်ပြောသည်။

"မင်းတို့ ပိုပြီးအပြစ်ရှိတယ်၊ ညှော်သည်တွေက မင်းတို့ကို အကာအကွယ်ပေးပေးမယ့် ဒီကိစ္စကို ဂိုဏ်းချုပ်သိသွားရင် ဘယ်လိုဖြစ်မယ်ထင်သလဲ"

ညှော်ကြိုလူငယ်နှစ်ဦး၏ မျက်နှာမှာ ကွက်ခနဲပျက်သွား၏။

ခန္ဓာကိုယ်မှာလည်း အနည်းငယ် တုန်ယင်လာသည်။

ခေါင်းကို အောက်ငုံ့ကာ ရပ်နေကြ၏။

ကုယိပိုင်က ...

"ကဲ ... မင်းတို့သွားကြ၊ ဌာနမှူးဆီမှာ သွားပြီး အပြစ်ဝန်ခံကြ"

ဟု ဆက်ပြောလိုက်သည်။

လူငယ်နှစ်ဦး၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ချက်ချင်းပင် ချာခနဲ လှည့်ထွက်သွားဟန် ပြင်လိုက်၏။

တန်စုမင်မှာ ညှော်ကြိုလူငယ်နှစ်ဦးအပေါ် သနားသွား၏။

ထို့ကြောင့် သူဟန့်တားလိုက်သည်။

"ခဏနေပါဦး ..."

ကုယိပိုင်က တန်စုမင်၏ ဟန့်တားသံကြောင့် လူငယ်နှစ်ဦးအား ပြန်ခေါ်လိုက်၏။

ပြီးမှ တန်စုမင်အား စိုက်ကြည့်ကာ မေးလိုက်၏။

"ရှင်တို့ကိုယ်တိုင် သူတို့ကို အပြစ်ပေးချင်လို့လား"

တန်စုမင်က ခေါင်းခါယမ်းလိုက်ပြီး မေးလိုက်၏။

"အခု သူတို့သွားပြီး အပြစ်ဝန်ခံတာကော ပြစ်ဒဏ်ခံရမှာပဲလား"

ကုယိပိုင် ခေါင်းညိတ်၏။

"ဟုတ်တယ် ... ဒါထက် ရှင့်မေးခွန်းက ဆန်းလှချည်လား"

သူမက ပြန်မေးလိုက်၏။

တန်စုမင်က ထပ်မေးပြန်သည်။



"သူတို့ကို ဘယ်လို အပြစ်ပေးမလဲဆိုတာတော့ ပြောပြနိုင်လား"

ကုယိပိုင်က တန်စုမင်အား နားမလည်နိုင်ဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ...

"ကျွန်မတို့ ရှန်းမုဂိုဏ်းစည်းကမ်းဟာ အလွန်တင်းကျပ်ပါတယ်၊ ဒါကြောင့် ပြစ်ဒဏ်အသက်သာဆုံးဟာ မသေရုံလောက်ပါပဲ၊ အပြစ်ရှိတာနဲ့ သေဖို့ပဲရှိပါတယ်"

ဟု တစ်လုံးချင်း ပြောလိုက်သည်။

ထိုစကားကြောင့် အားလုံးက သူငယ်နှစ်ဦးကိုယ်စား ချွေးပြန်သွားကြသည်။

တန်စုမင် ခေါင်းခါယမ်းလိုက်ပြီး လေးပင်စွာ ပြောလိုက်၏။

"ဒါဟာ ရက်စက်လွန်းတ...။ ဒီလောက်သေးတဲ့ ကိစ္စအတွက် ပြစ်ဒဏ်ပေးတာ မတရားပါဘူး"

ကုယိပိုင်ကမူ ပြုံးနေ၏။

သူမအဖို့ အပြစ်ဒဏ်ပေးခြင်းမှာ ရိုးနေဟန်ပင်။

တန်စုမင်က လက်နှစ်ဖက်ဆုပ်ကိုင်ပြီး ...

"ကျွန်တော် တစ်ခုပြောပါရစေ"

ကုယိပိုင်က ...

"ဘာပြောချင်လို့လဲ"

တန်စုမင်က ...

"သူတို့ကို အပြစ်မပေးလို့မရဘူးလား"

ကုယိပိုင်မှာ ထိုစကားကြောင့် ကြောင်သွား၏။

ပြီးမှ တန်စုမင်အား အံ့သြဟန်ဖြင့်ကြည့်ကာ ...

"ရှင် ... ဘယ် ... ဘယ်လို"

ဝဝပုပုနှင့်လူက ...

"တကယ်တော့ သူတို့မှာ အပြစ်မရှိပါဘူး၊ ကျုပ်တို့ရဲ့ မဆင်ခြင်မှုကြောင့်ပါ၊ အပြစ်ပေးမယ့်ပေးရင် တို့ကိုသာ ပေးရမှာပါ"

ကုယိပိုင်က ...

"ကျွန်မက ရှင်တို့စကားကို ယုံကြည်လို့ကို မရဘူးဖြစ်နေတယ်"

ပုပုဝဝနှင့်လူက ထပ်မံ၍ပြောလေ၏။

"ကဲပါ ... သူတို့ကို အပြစ်မပေးပါနဲ့၊ တို့ တောင်းပန်ပါရစေ၊ အပြစ်ပေးရင် ကျုပ်တို့ကိုသာ ပေးပါ"

ကုယိပိုင်က သက်ပြင်းချလိုက်ပြီး ...

"ဧည့်သည်တော်တွေကိုတော့ အပြစ်ပေးဖို့ မပြောနဲ့၊ စိတ်အနှောင့်အယှက်တောင် မဖြစ်စေရပါဘူးရှင်"

တန်စုမင်က ...

ဒါဆို သူတို့ကို လွှတ်ပေးမယ်ပေါ့"

ကုယိပိုင်က လူငယ်နှစ်ဦးအား ခွင့်လွှတ်လိုက်သည်။

"ကဲ ... မင်းတို့သွားကြတော့၊ ကိုယ့်တာဝန်ကိုယ်ပြန်ထမ်းကြ"

လူငယ်နှစ်ဦးမှာ ထိုစကားကြားသည်နှင့် ချက်ချင်းပင် ပြေးလွှားထွက်သွားကြလေတော့သည်။

○ ○ ○



အခန်း(၃၀)

## သံသယ

ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းသာယာနေ၏။

တန်စုမင် စိတ်သက်သာရာ ရသွားသည်။

သူတို့အဖို့ အစောင့်အကြပ်မရှိတော့ပြီ မဟုတ်ပါလား။

ပုပုဝဝနှင့်လူကလည်း သူ့ကဲ့သို့ပင် သဘောရပြီး သူ့အား ပြုံးပြလိုက်သည်။

ထိုစဉ် ကုယိပိုင်က လက်နှစ်ဖက်ဆုပ်လိုက်ပြီး ပြောလေ၏။

"ကျွန်မတို့ ဂိုဏ်းသားတွေရဲ့ ဆက်ဆံရေး ရိုင်းပျတာကို ခွင့်လွှတ်ကြပါရှင်၊ ကျွန်မက အစပေါ့"

တန်စုမင်က ...

"ကိစ္စမရှိပါဘူးဗျာ၊ အမှားအယွင်းဆိုတာတော့ ရှိမှာပေါ့"

ကုယိပိုင်က ...

"ဒီအတွက် လူကြီးမင်းတွေကို တောင်းပန်ပါတယ်၊ လူကြီး

မင်းကို့ကို အဆောင်လိုက်ပို့ဖို့ တာဝန်ကို ကျွန်မပဲ တာဝန်ယူပါမယ်
ရှင်”

ပုပုဝဝနှင့် လူမှာ မျက်နှာရှုံ့မဲ့သွားသည်။

“ကိစ္စမရှိပါဘူး မိန်းကလေး၊ ရပါတယ်”

ကုယ်ပိုင်က မနားတမ်း ဆက်ပြောလေ၏။

“ဘယ်ဟုတ်ပါ့မလဲ၊ လူကြီးမင်းတို့ကို သေသေချာချာ နေရာ
ချထားပေးရမှာပေါ့၊ ကဲ ... သွားကြစို့”

သူမသည် စကားဆုံးသည်နှင့် ရှေ့မှဦးဆောင် လျှောက်သွား
သည်။

တန်စုမင်မှာ သက်ပြင်းချလိုက်၏။

နောက်ဆုံးမှာတော့ သူတို့ လွတ်လပ်ခွင့် မရတာက မရတာ
မဟုတ်ပါလား။

ကုယ်ပိုင်က ရှေ့မှ တစ်လှမ်းချင်း လျှောက်သွားနေ၏။

တန်စုမင်တို့ လူစုမှာ မတတ်သာတော့ပါ။ ငြင်းချက်ထုတ်ခွ
မရတော့ပါ။

သူတို့သည် အဆင့်ဆင့် အစောင့်ချထားကြသည်။ နောက်ဆုံး
လိုက်ပါသွားကြရတော့သည်။

မြက်ခင်းပြင်အား ပတ်၍သွားပြီးနောက် အကွေ့တစ်ခုကွေ့
လိုက်ရသည်။

ကုယ်ပိုင်က နောက်သို့လှည့်ကြည့်လိုက်ပြီး မေးလိုက်၏။

“အခု ကျွန်မတို့ ဂိုဏ်းဖွင့်ပွဲကို တက်လာတဲ့ ဧည့်သည်တွေ



မနည်းပါဘူး၊ ဒီလူတွေအကုန်လုံးကို ကျွန်မတို့က လိုလေသေးမရှိ
ပြုစုနိုင်မယ်လို့ကော ထင်ရဲ့လားရှင့်”

တန်စုမင်က ပြုံးလိုက်၏။

“မပြုစုနိုင်ဘူးလို့တော့ မထင်ဖူးပါဘူးဗျာ”

သူက အလိုက်သင့် ပြောလိုက်ခြင်း ဖြစ်ပါသည်။

သူတို့လူစုမှာ လျှောက်ရင်း လမ်းချိုးကလေးသို့ ရောက်လာ
၏။

လမ်းချိုးလေးသို့ရောက်သောအခါ တန်းစီဆောက်လုပ်ထား
သော အဆောင်ကိုးခုကို တွေ့မြင်လိုက်ရသည်။

ထိုအဆောင်များအား အမှတ်စဉ် တပ်ထားသည်ကိုလည်း
တွေ့ရှိလိုက်သည်။

ကုယ်ပိုင်က ရှင်းပြသည်။

“အဲ့ဒီအဆောင်တွေဟာ ဧည့်သည်တွေအတွက် အနားယူ
ဆောင်ပါပဲ”

တန်စုမင်က မေးလိုက်သည်။

“ဧည့်သည်တော်တွေအားလုံး ဒီအဆောင်မှာပဲ နေရမှာလား၊
တခြား ခွဲမထားဘူးလား”

ကုယ်ပိုင်က ...

“ဟုတ်ပါတယ် ... အဆောင်အမှတ် တစ်ကနေ သုံးအထိ
သိုင်းလောကရဲ့ နာမည်ကျော် သိုင်းသမားတွေနဲ့ အဖွဲ့အစည်းဂိုဏ်း
ခေါင်းဆောင်တွေအတွက်ပါ”

ပုပုဝဝနှင့်လူက ...

"ဒါဆို ကျန်တဲ့ အဆောင်တွေကကော ..."

"သာမန် သိုင်းသမားနဲ့ ဂိုဏ်းသားတွေအတွက်ပါပဲ"

တန်စုမင်က ...

"ဒါဆို ကိုယ့်အဖွဲ့သားတွေနဲ့ ကိုယ် တစ်စုတည်းနေလို့ မရဘူးပေါ့"

ကုယိပိုင်က ရှင်းပြသည်။

"ခွဲခြားထားတယ်လို့တော့ မထင်ပါနဲ့ရှင်၊ အားလုံး ရောထားရင် နာမည်ကြီးသိုင်းသမားတွေ၊ ဂိုဏ်းခေါင်းဆောင်တွေကို မလေးစားရာ ရောက်မှာစိုးလို့ပါ"

တန်စုမင်မှာ ရင်ဖိုလေးလံလာ၏။ သူက အကြံနှင့်လာသည်လူပေကိုး။

ဤအတိုင်းဆိုလျှင် မိမိနှင့် မိမိတပည့်များသည် အတူတကွနေရမည်မဟုတ်ပါ။

ထို့အပြင် လှုပ်ရှားရန်လည်း မလွတ်လပ်ပါ။

ရှန်းမုံဂိုဏ်းသည် ဧည့်သည်များ မလှုပ်ရှားနိုင်ရန် ကြပ်ကြပ်မတ်မတ် ပြုလုပ်ထားသည်။

တပည့်များနှင့် အဆက်အသွယ်လုပ်ရန်မှာ ခက်ခဲနေတော့၏။

တပည့်များနှင့် မဆက်သွယ်ဘဲ တစ်ဦးတည်း လှုပ်ရှားရန်ဆိုသည်မှာ မလွယ်ကူပါ။

ရှန်းမုံဂိုဏ်းက လာသမျှ သိုင်းသမားအားလုံးကို မှတ်သားထားသဖြင့် သူတို့၏အခြေအနေမှာ လွတ်လပ်မှုမရှိပါ။



ထို့အပြင် အဆင့်မြင့်သိုင်းသမားများလည်း မနည်းလှကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့် ပိပိရိရိလှုပ်ရှားရမည်ဖြစ်ပြီး အကယ်၍ မအောင်မြင်ပါက ပြေးရန်လမ်းကို ရှာဖွေထားရမည်ဟု တွေးတောမိသည်။

သူတို့က စကားတပြောပြောနှင့် လျှောက်လာရာ မကြာမီအနားယူဆောင်နားဆီ ရောက်လာ၏။

အဆောင် အမှတ် တစ်၊ နှစ်၊ သုံး ရှေ့တွင် ငယ်ရွယ်၍ လှပစွာ ဝတ်ဆင်ထားသော အမျိုးသမီးများ အသင့်ရပ်နေသည်ကို တွေ့လိုက်ရ၏။

ကုယိပိုင်က လက်ခုပ်တစ်ချက်တီးလိုက်ပြီး ...

"ကဲ ... တချို့ အဖွဲ့သားတွေကို အဆောင်ကို ခေါ်သွားကြပါ"

သူမက ပြောလိုက်သည်။

မိန်းကလေးတချို့ ထွက်လာပြီး သာမန်သိုင်းသမားနှင့် ဂိုဏ်းသားများကို ခေါ်ဆောင်သွားသည်။

နောက်ဆုံး တန်စုမင်တို့ လူစုသာ ငါးယောက်ခန့်သာ ကျန်ခဲ့သည်။

ကုယိပိုင်က အမျိုးသမီးတစ်ဦးအား အမိန့်ပေးလိုက်သည်။

"အခုလာတဲ့ ဧည့်သည်တွေကို ကောင်းကောင်းပြုစု၊ သူတို့ကို အိမ်ဖော် တစ်ယောက်စီ ပေးလိုက်"

တန်စုမင်တို့ လူစုမှာ ထိုအမိန့်ကြောင့် ကြောင်သွား၏။

တန်စုမင် ပျာပျာသလဲ ငြင်းပယ်လိုက်သည်။

"ဟာ ... နေပါစေဗျာ၊ ကျုပ်တို့ အိမ်ဖော်မှ မလိုချင်ပါဘူး"

တန်စုမင်သည် သူနှင့် သူ့တပည့်များ ခွဲခြားနေရမည်ဆို၍ အတော်ခေါင်းခြောက်သွားသည်။ သူ့တပည့်များနှင့် ဆက်သွယ်ရမည့် နည်းလမ်းများကို အပြင်းအထန် ရှာဖွေသည်။

ထိုစဉ် ကုယိပိုင်က အစေခံအမျိုးသမီး တစ်ယောက်စီ ပေးမည်ဆိုသောအခါ အကြီးအကျယ် ခေါင်းစားသွားတော့၏။

သူတို့ကိုယ်တိုင် မလွတ်လပ်တော့ဘဲ အစောင့်ကိုယ်စီနှင့် နေရသည့် အကျဉ်းသားများကဲ့သို့ ဖြစ်သွားပြီကို သိလိုက်သည်။

ထို့ကြောင့် ခါးခါးသီးသီး ငြင်းလိုက်ခြင်းပင်။ သူ့အနေဖြင့် ဤအခြေအနေကို မည်သို့မျှ လက်မခံနိုင်ချေ။

ကုယိပိုင်က ...

"ကျွန်မ ရှင်တို့ကို အခါမလပ် လာမပြုစုနိုင်ပါဘူး၊ ဒါကြောင့် အိမ်ဖော်တစ်ဦးစီ ထည့်ပေးတာပါ"

ပုပုဝဝနှင့်လူက မျက်နှာရှုံ့မဲ့သွား၏။

ဤသို့ အိမ်ဖော်များနှင့် အတူနေရလျှင် မိမိတို့ လွတ်လပ်မှု ပို၍ပင် ရှိမည်မဟုတ်တော့ပါ။

ထို့ကြောင့် ဝင်ရောက်ပြောဆိုလိုက်၏။

"ကျုပ်တို့က ဧည့်ဝတ်မကျေလို့လည်း အပြစ်မပြောပါဘူးဗျာ အိမ်ဖော်တော့ လက်မခံပါရစေနဲ့၊ ကျုပ်တို့ဟာ သိုင်းသမားတွေပါ ဇိမ်ခံတဲ့ လူတန်းစားမဟုတ်ပါဘူး"



အားလုံးက ဝိုင်း၍ ငြင်းပယ်လိုက်သည်။

ကုယိပိုင်က ပြုံးလိုက်ပြီး ...

"အိမ်ဖော်လေးတွေ ပေးတာကို မငြင်းပါနဲ့၊ သူတို့ဟာ ရှင်တို့ကို အနှောင့်အယှက် မပေးစေရပါဘူး၊ ရှင်တို့ရဲ့ အမိန့်ကိုသာ နာခံစေရပါ့မယ်"

ဟု ပြောလိုက်ပြီးနောက် မိန်းကလေးများဘက်သို့ လှည့်ကာ

"ကဲ ... မင်းတို့ ကောင်းကောင်းမွန်မွန် ပြုစု၊ သူတို့အမိန့်ကို မလွန်ဆန်ရ၊ သူတို့ကို နှောင့်ယှက်ရင် သူတို့ပေးတဲ့အပြစ်ကို ခံရမယ်၊ ငါတို့ လုံးဝကယ်မှာမဟုတ်ဘူး"

သူမသည် စကားဆုံးသည်နှင့် ထွက်ခွာသွားလေတော့၏။

ဤသို့ဖြင့် အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေမှာ တောင်ပေါ် မေးတင်နေ၏။

တောင်ကြားဒေသ ဖြစ်သောကြောင့် အခြားဒေသများထက် နေဝင်လွယ်သည်ဟု ပြောရမည်။

မှေးမှိန်ဖျော့တော့သော အလင်းရောင်အောက်ဝယ် တောင်ကြားလေးမှာ လှပနေ၏။

တန်စုမင်မှာ အဆောင်ထဲသို့ မဝင်သေးပါ။

ကုယိပိုင်သွားရာကို ငေးကြည့်နေသည်။

ထိုစဉ် သူတို့ဘက်သို့ လူနှစ်ယောက် အေးအေးဆေးဆေး လျှောက်၍လာနေသည်ကို တွေ့လိုက်ရသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ယောကျာ်းတစ်ဦးနှင့် မိန်းမတစ်ဦးဖြစ်ကြောင်း သိလိုက်ရသည်။

မကြာမီမှာပင် ကုယိပိုင်နှင့် ထိုလူနှစ်ယောက် တွေ့ဆုံတော့မည် ဖြစ်သည်။

တန်စုမင်ကလည်း ထိုနေရာဆီသို့ လျှောက်သွားလိုက်လေ၏။

ကုယိပိုင်မှာ တန်စုမင်တို့လူစုအား လိုက်လံပို့ဆောင်ပြီး ပြန်လာရာလမ်း၌ လူနှစ်ယောက် လာနေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ကြိုဆိုရန် အမြန်လျှောက်သွားလိုက်သည်။

ထိုလူနှစ်ယောက်နှင့် နီးကပ်လာသောအခါ ယောကျာ်းတစ်ဦးနှင့် အမျိုးသမီးကြီး တစ်ဦးကို တွေ့လိုက်ရ၏။

ထို့အပြင် အမျိုးသမီးကြီးကို မြင်သည်နှင့် သူမျက်လုံးပြူးကျယ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် ထိုအမျိုးသမီးကြီးသည် သူမနှင့်အလွန် ပင် တူနေကြောင်း တွေ့လိုက်ရသောကြောင့်ပင်တည်း။

တိုအမျိုးသမီးကြီးအား ငေးစိုက်ကြည့်နေမိသည်။

သူမ၏စိတ်အတွင်း၌ ကြည့်နေရင်းက ထိုအမျိုးသမီးကြီး၏ ရင်ခွင်ထဲသို့ တိုးခွေ့ ဝင်ရောက်လိုစိတ်များ ဖြစ်ပေါ်လာသည်။

ထိုလူနှစ်ယောက်မှာလည်း ကုယိပိုင်ကို တွေ့လိုက်သည်နှင့် ခြလှမ်းရပ်တန့်သွားကြ၏။

အမျိုးသမီးကြီးမှာ ကုယိပိုင်ကို မြင်လျှင်မြင်ချင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အတန်ကြာအောင် ကုယိပိုင်အား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်နေသည်။



ကုယိပိုင်မှာလည်း စကားစရန် စကားလုံး ရှာမရ ဖြစ်နေမိသည်။

အမျိုးသမီးကြီးက အတန်ကြာမှ ကုယိပိုင်အနီးသို့ တိုးလာပြီး

"မိန်းကလေး ..."

ကုယိပိုင်မှာ ကြောင်အမ်းအမ်းဖြင့် ...

"ရှင် ..."

ဟု ပြန်ထူးမိ၏။

ကုယိပိုင်က ရိုရိုသေသေနှင့် ...

"ကျွန်မနာမည် ကုယိပိုင်ပါရှင်"

ဟု ပြန်ဖြေလိုက်သည်။

အမျိုးသမီး၏ မျက်လုံးမှာ မှိုင်းညို့သွားပြီး ...

"စိတ်မရှိပါနဲ့၊ မိန်းကလေးနာမည်က အမှန်ပါပဲနော်"

ဟု ထပ်မေးလိုက်သည်။

ကုယိပိုင်မှာ အခြားသူများသာ သူမ၏စကားကို မယုံကြည်ဘဲ ထပ်မေးလျှင် ဒေါသထွက်မည်မှာ ကျိန်းသေပင်ဖြစ်၏။

သို့သော် ယခုမူ သူမစိတ်ထဲ၌ ဒေါသဟူ၍ မြူမှုန်တစ်မှုန်မျှပင် မရှိပါချေ။

ကုယိပိုင်က ...

"အမှန်ပါပဲရှင်"

ဟု ပြန်ဖြေလိုက်လေသည်။

အမျိုးသမီးက သက်ပြင်းချလိုက်သည်။

ပြီးနောက် အမျိုးသားဘက်လှည့်ကာ ...

"အစ်ကို ... သူပြောတာ ကြားလား"

အမျိုးသမီး၏အသံမှာ ဆို့နင့်နေ၏။

အမျိုးသားကြီးက ထိုအမျိုးသမီး၏ ပခုံးကို ဖေးမရင်း တစ်ချက်ညည်းညူလိုက်သည်။

"ညီမလေးရယ်"

အမျိုးသမီးကြီးက ကုယ်ပိုင်အား စိုက်ကြည့်ရင်း ...

"မိန်းကလေးဇာတိက ဘယ်အရပ်ဒေသများလဲ"

ဟု ထပ်မံမေးမြန်းလိုက်လေသည်။

ကုယ်ပိုင်က ပြုံးလိုက်၏။

ပြီးနောက် အမျိုးသမီးကြီး၏ အမေးကို မဖြေဘဲ ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"ကျွန်မထင်တာ မမှားဘူးဆိုရင်တော့ ဒေါ်ဒေါ်ဟာ နတ်အလံဂိုဏ်းက စေတနာရှင်ဆိုတာပဲ ဖြစ်ရမယ်ထင်ပါတယ်"

အမျိုးသမီးကြီးက ပြုံးလိုက်ပြီး ခေါင်းညိတ်လေ၏။

"ဒါက ငါ့ကို သူများတွေက ခေါ်ကြတာပါ၊ ငါ့နာမည်အရင်း ပိုင်စုယီပါ"

မှန်ပါသည်။

အမျိုးသမီးမှာ နတ်အလံဂိုဏ်းမှ ပိုင်စုယီပင် ဖြစ်သည်။

ပိုင်စုယီမှာ နတ်အလံဂိုဏ်းချုပ် ပိုင်ရှောက်ထင်း၏ ဒုတိယသမီးဖြစ်သည်။



ဝါထင်းဟုန် ဇနီး၏ ညီမလည်းဖြစ်သည်။

အမျိုးသားမှာမူ "ဖန်းပင်"တည်း။

ဖန်းပင်မှာ ယခင်က လမ်းမားပြတစ်ဦး ဖြစ်၏။

ပိုင်စုယီနှင့် အိမ်ထောင်ကျပြီးနောက် အထက်လမ်း သိုင်းသမားအဖြစ်သို့ လုံးဝကူးပြောင်းသွားသူ ဖြစ်ပါ၏။

သူ၏ သိုင်းပညာမှာ အဆင့်မြင့်သောကြောင့် သိုင်းလောက၌ ကျော်ကြားသူတစ်ဦးလည်း ဖြစ်ပါသည်။ လမ်းမားပြဘဝထက် သိုင်းသမားဘဝက ပိုကောင်းပါသည်။

ကုယ်ပိုင်မှာ ပိုင်စုယီအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

အသက်အနည်းငယ်ကြီးနေပြီဖြစ်သော်လည်း အတော်ပင် လှပခန့်ညားနေဆဲဖြစ်ကြောင်း တွေ့ရ၏။

ငယ်စဉ်ကဆိုလျှင် မိမိထက်ပင် လှပချောမောမည်မှာ မလွဲဟုလည်း တွေးမိသည်။

ပိုင်စုယီက ထပ်မံမေးမြန်းလိုက်၏။

"မိန်းကလေး ပြောပြနိုင်မလား"

ကုယ်ပိုင်က အဖြေပေးလိုက်သည်။

"ကျွန်မ ဇာတိက ချင်ကျူဘက်ကပါ"

ပိုင်စုယီမှာ ကုယ်ပိုင်၏ စကားကြားသောအခါ မျှော်လင့်ချက်ကင်းမဲ့သွားဟန်ဖြင့် ညည်းညူလိုက်မိသည်။

"ဪ"

ထို့နောက် ဖန်းပင်အား တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ဖန်းပင်က ပိုင်စုယိအား နှစ်သိမ့်လိုက်သည်။

"စုယိ လောကမှာ တိုက်ဆိုင်မှုတွေ အများကြီးပါ"

သူက ကပြောလိုက်လေ၏။

ပိုင်စုယိက အသံတိမ်တိမ်ဖြင့် ပြောလေ၏။

"ကျွန်မ နည်းနည်းမှ မယုံနိုင်အောင် ဖြစ်နေတယ်ရှင်"

ကုယိပိုင်မှာ ပိုင်စုယိ၏စကားကို နားထောင်ရင်း ပိုင်စုယိသည် သူမအား သူမ၏ သမီးဟုထင်မှတ်နေကြောင်း သိလိုက်သည်။

ပိုင်စုယိက ကုယိပိုင်အား ကြည့်ရင်း

"မိန်းကလေး မိဘတွေကကော ဘယ်မှာဆိုတာ သိခွင့်ရှိမလား"

ဟု ထပ်မံမေးလိုက်ပြန်လေသည်။

ကုယိပိုင် ငိုင်ကျသွား၏။

အတန်ကြာမှ ပြန်ဖြေရန် ဟန်ပြင်လိုက်စဉ် ...

"အဟမ်း"

ဟူသော ချောင်းသံတစ်ချက် ကြားလိုက်ရပြီး လူတစ်ယောက် ရောက်ရှိလာလေသည်။

ထို့ကြောင့် ကုယိပိုင်က မဖြေဖြစ်ဘဲ ထိုလူအားကြည့်လိုက်၏။

ထိုလူမှာ ရှန်းမုံဂိုဏ်းမှ ကွမ်မုစုလန်မင် ဖြစ်ပါသည်။

ကွမ်မုစုလန်က သူတို့အနီးသို့ လျှောက်လာပြီး ဖန်းပင်တို့ ဇနီးမောင်နှံအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီး နှုတ်ဆက်လိုက်၏။



"သြော် ... ပိုင်စုယိတို့ပါလား"

ပိုင်စုယိမှာ ကွမ်မုစုလန်ကို အရေးမထားပါ။

ကုယိပိုင်၏ အဖြေကိုသာ စိတ်ဝင်စားနေသည်။

ကုယိပိုင်က မဖြေသောကြောင့် ထပ်မံမေးလိုက်ပြန်လေသည်။

"မိန်းကလေးရဲ့ မိဘတွေက ဘယ်မှာလဲ"

ကွမ်မုစုလန်က ...

"သြော် ... ပိုင်စုယိက ကုယိပိုင်ရဲ့ မိဘတွေကို သိချင်လို့လား ရှိပါတယ်ဗျာ"

ဟု ကြားဝင်ဖြေလိုက်သည်။

ပိုင်စုယိ ထိုစကားကြားသောအခါ မျက်နှာညှိုးနွမ်းသွားသည်။

သူမက ကုယိပိုင်အား သူမ၏သမီးဟု မှတ်ထင်ယုံကြည်ထား၏။

သူမက မွေးသော သမီးမဟုတ်လျှင် သူမနှင့် ဤမျှအထိ တူနိုင်ပါမည်လောဟုလည်း တွေးတောမိသည်။

ထို့ကြောင့် သူမက စိတ်မလျှော့သေးဘဲ ထပ်မံမေးလေ၏။

"သူ့မိဘတွေနဲ့ တွေ့ခွင့်ရနိုင်မလား"

ကွမ်မုစုလန်က ရယ်မောလိုက်ပြီး ...

"ဘာကြောင့် ဒီလောက်စိတ်ဝင်စားနေတာလဲဗျာ၊ ကျုပ်တို့နဲ့ ခင်ဗျားတို့နဲ့က ရပ်တည်ချက်ချင်း တူတဲ့လူတွေမှ မဟုတ်ဘဲ"

ပိုင်စုယိက ကွမ်စုမုလန်၏ စကားကို မသိကျိုးကျွန်ပြုလိုက်ပြီး ကုယိပိုင်ဘက်သို့လှည့်ကာ မေးလိုက်သည်။

"မင်းနာမည်က ကုဆိုတာ မျိုးရိုးအစစ်မဟုတ်နိုင်ဘူး၊ ဘာကြောင့် မိဘမျိုးရိုးအမည် မမှည့်ဘဲ ဝိုဏ်းချုပ်ရဲ့ မျိုးရိုးအမည်ကို မှည့်ရတာလဲ"

သူမ၏မေးခွန်းကြောင့် ကုယိပိုင်မှာ ကြောင်သွား၏။

ကွမ်မုစုလန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်လေ၏။

"ခင်ဗျားတို့က ဘာလို့ ကျုပ်တို့လူတွေရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဝင်စွက်ဖက်နေရတာလဲ၊ ဒီကိုလာတာ ဧည့်သည်အနေနဲ့ဆိုရင် ဧည့်သည်လိုပဲ နေဖို့ကောင်းတယ်"

ပိုင်စုယိမှာ ကွမ်စုမုလန်အား မကျေမနပ်နှင့် စိုက်ကြည့်လိုက်သည်။

ကွမ်စုမုလန်က မထီမဲ့မြင်နှင့် ရှေ့သို့တိုးလာသည်။

ဖန်းပင် မနေသာတော့ပါ။

လက်ဝါးတွင် အတွင်းအား အပြည့်ထည့်ကာ ရှေ့သို့တွန်းထုတ်လိုက်သည်။

အတွင်းအာလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး ကွမ်မုစုလန်၏ အင်္ကျီများ လှုပ်ရှားသွားသည်။

ကွမ်မုစုလန်မှာ မျက်နှာပျက်သွား၏။

သူက ရှေ့ဆက်မတက်ရဲတော့ချေ။

ဖန်းပင်က ခက်ထန်ထန်ပြောလေ၏။

"ရှေ့မတိုးဘဲ ရပ်မြဲရပ်နေပါ"

သူသည် လက်ဝါးကို ပြန်ရုပ်သိမ်းလိုက်သည်။



ကွမ်မုစုလန်က မျက်နှာမဲ့လိုက်ပြီး ...

"ဖန်းပင် ... မင်းတို့က ဘာသဘောလဲ၊ မင်းဇနီးကို ဧည့်သည်လို နေပါစေ၊ တို့ဂိုဏ်းသားတွေရဲ့ အတွင်းရေးကို ဝင်မစွက်ပါစေနဲ့"

သူက မလိုလားဟန်ဖြင့် ပြောလိုက်သည်။

"ကျုပ်ဇနီးက ဒီမိန်းကလေးနဲ့ စကားပြောတာဟာ ခင်ဗျားတို့ဂိုဏ်းရဲ့ ဘာစည်းကမ်းကိုများ ဖောက်ဖျက်ရာရောက်လို့လဲ"

ဖန်းပင်က ပြန်မေးလိုက်သည်။

ပြီးမှ ကွမ်မုစုလန်အား ကြည့်လိုက်ပြီး ဆက်ပြောသည်။

"ဒီလိုမေးခွန်းမေးတဲ့အတွက် ခင်ဗျားတို့နဲ့ တိုက်ခိုက်ရမှာလား၊ ပြောပါ"

ကွမ်မုစုလန်မှာ မျက်နှာပျက်သွားလေတော့၏။

စကားက ချက်ကျလှသည် မဟုတ်ပါလား။

ဖန်းပင်က ကွမ်မုစုလန်အား စိုက်ကြည့်ပြီး စကားဆက်လိုက်သည်။

"ကျုပ်တို့က ဧည့်သည်တွေပဲ"

"ကျုပ်တို့ သိတာပေါ့ဗျ"

"ခင်ဗျားတို့က အိမ်ရှင်၊ ကျုပ်တို့က အိမ်ရှင်ကို ဂိုဏ်းနဲ့မဆိုင်တဲ့ မေးခွန်းလေးတစ်ခု နှစ်ခု မေးပါတယ်၊ ခင်ဗျားတို့က ကျုပ်တို့ကို ရန်သူကြီးတွေကျနေတာပဲ၊ ဆက်ဆံပုံကဆန်းလိုက်တာ၊ အိမ်ရှင်အနေနဲ့ ဧည့်သည်တွေကို ကြိုက်သလိုလုပ်နိုင်ပါတယ်၊ ခင်ဗျားတို့က စကား တစ်ခွန်း နှစ်ခွန်းမေးတာနဲ့ မကျေနပ်ကြဘူးမဟုတ်လား၊ ခင်ဗျားတို့ ကြိုက်တာလုပ်ကြပါ၊ ဘာလုပ်ချင်သလဲ ပြော ..."

ဖန်းပင်၏ စကားမှာအေးစက်မာကျောနေသည်။

ကွမ်မုစုလန်၏ မျက်နှာတစ်ခုလုံး နီရဲလာ၏။

ဒေါသလည်း ချောင်းချောင်းထွက်လာသည်။

ထိုအခြေအနေကို မြင်သောအခါ ကုယိပိုင်က ဝင်မေးသည်။

"ဘာ ဘာဖြစ်လို့ ဒီလောက်စိတ်ဆိုးနေတာလဲ"

ကွမ်မုစုလန်သည် ထိုအခါကျမှ ရယ်မောလိုက်သည်။

"သူတို့ဇနီးမောင်နှံက ငါတို့ဂိုဏ်းချုပ်ရဲ့ တပည့်မလေးကို နှောင့်ယှက်နေတာကိုးကွ"

သူပြောလိုက်လေတော့သည်။

ပိုင်စုယိက ...

"ကျွန်မတို့ နှောင့်ယှက်တာမှမဟုတ်ဘဲ၊ ကဲ ... မိန်းကလေး သဘောကကော ဘယ်လိုလဲ"

တစ်ဆက်တည်း ကုယိပိုင်အား မေးမြန်းလိုက်သည်။

ကုယိပိုင်က တစ်ချက်စဉ်းစားလိုက်သည်။

"ရှင်တို့ဟာ သိုင်းလောကရဲ့ နာမည်ကျော်တွေပဲ၊ ဒီတော့ တစ်နေ့နေ့မှာ ကျွန်မမိဘက လာတွေ့ပါ့မယ်ရှင်၊ ပြီးတော့ ဆရာ့ရဲ့ မျိုးရိုးကိုယူထားရတာကလည်း မိဘတွေရဲ့ ခွင့်ပြုချက်အရ ငယ်ငယ်ကတည်းက ပြောင်းထားတာပါ"

သူမက ပြောလိုက်လေ၏။

ပိုင်စုယိမှာ ထိုစကားကြောင့် သူမ၌ မျှော်လင့်ချက်ကင်းမဲ့သွားပြီဖြစ်ကြောင်း သိရှိလိုက်၏။



သူ၏ရင်ထဲဝယ် သမီးကလေးသာဖြစ်မည်ဟု မယုံမရဲနှင့် မျှော်လင့်နေဆဲပင်။

မျက်ဝန်းအစုံ၌လည်း အလိုလိုပင် မျက်ရည်များက ရစ်ဝဲလာလေသည်။

ဖန်းပင်လည်း စိတ်မကောင်းဖြစ်လာပြီး နှစ်သိမ့်လိုက်၏။

"ညီမလေးရယ် ... စိတ်ထိခိုက်စရာတွေ မစဉ်းစားပါနဲ့"

ပိုင်စုယိက သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"အင်း ... အစ်ကို သူသာ ညီမတို့ရဲ့ သမီးလေးဖြစ်ရင် ဘယ်လောက် ကောင်းမလဲနော်"

သူမသည် ဆို့နင့်ကြေကွဲစွာ ပြောကြားလိုက်သည်။

ကုယိပိုင်မှာ ထိုစကားကြားသောအခါ စိတ်မကောင်းဖြစ်သွားတော့သည်။

ပိုင်စုယိ၏ ရင်ခွင်ထဲတိုးဝင်ကာ နှစ်သိမ့်လိုသော စိတ်များလည်း အလိုလိုဖြစ်ပေါ်လာသည်။

ဤသို့ အချေအတင်ဖြစ်နေခြင်းကိုလည်းသူမ မလိုလားပါ။ သူမသည် ပိုင်စုယိကို အဆင်ပြေစွာစကားပြောလိုပါသည်။

ကုယိပိုင်က သူမ၏စိတ်တွင်းခံစားချက်ကို ထိန်းချုပ်နေရသည်။

ထို့နောက် သူမက လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်ပြီး ...

"ကဲ ... ကျွန်မသွားတော့မယ်၊ နောက်ရက်တွေ ပြန်တွေ့ကြဦးမယ်လို့ မျှော်လင့်ပါတယ်"

စကားဆုံးသည်နှင့် လှည့်ထွက်သွားတော့သည်။

ကွမ်စုမှုလန်ကလည်း ကုယိပိုင် ထွက်ခွာသွားသည်နှင့် ...

"ကျုပ်လည်း ခင်ဗျားတို့ကို ဧည့်မခံနိုင်တာ ခွင့်လွှတ်ပါ၊ တခြားကိစ္စလေးတွေရှိလို့ သွားခွင့်ပြုပါဦး"

ဟု နှုတ်ဆက်ပြီး ထွက်ခွာသွားတော့သည်။

ပိုင်စုယိမှာ ကွမ်မှုစုလန် နှုတ်ဆက်သည်ကို အရေးမထားပါ။

ကုယိပိုင်ကို လှမ်းကြည့်ရင်း အော်မေးလိုက်၏။

"မိန်းကလေး ဒီရက်အတွင်း ထပ်တွေ့ချင်သေးတယ်၊ ဖြစ်နိုင်မလား"

ကုယိပိုင်က သွားနေရာမှ လှည့်ကြည့်လိုက်ရာ ပိုင်စုယိ၏ တစ်ယောက် မျက်ရည်များ ရစ်ဝဲနေသည်ကို တွေ့လိုက်ရသဖြင့် သူပါ ငိုချင်ချင်ဖြစ်သွားမိသည်။

"ကျွန်မလည်း တွေ့ချင်ပါသေးတယ်၊ ဒီတော့ တွေ့ကြဖို့ အခြေအနေ ပေးလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

သူမသည် စကားဆုံးသည်နှင့် ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့သည်။

ပိုင်စုယိမှာ မလှုပ်မယှက် ရပ်နေ၏။

သူမ၏ ရီဝေသော မျက်လုံးအစုံသည် ကုယိပိုင်၏ နောက်ကျောကို မမှိတ်မသုန်ကြည့်နေမိ၏။

အတိတ်က ဖြစ်ရပ်များသည်လည်း သူမ၏အတွေးထဲသို့ ဝင်ရောက်လာပေတော့သည်။

O O O



ထင်းယှန်တောင် ...

ထင်းယှန်တောင်မှာ လှပသော တောင်တစ်ခုဖြစ်၏။

သီပ်မမြင့်သည့်အတွက် တောင်ကုန်းဟုလည်း ခေါ်ဆိုနိုင်သည်။

ယင်း ထင်းန်တောင်ပေါ်၌ လှပသော အိမ်ကလေးတစ်လုံး ဆောက်လုပ်ထားသည်။

ယင်းအိမ်ကလေး ပိုင်ရှင်မှာ ပိုင်စုယိတို့ဇနီးမောင်နှံပင် ဖြစ်ပါသည်။

ထိုအိမ်ကလေးသည် သူမတို့ မိသားစု၏ အပန်းဖြေရာ အိမ်ကလေးတစ်လုံးပင် ဖြစ်ပါသည်။

ဤအိမ်ကလေး၌ သူတို့ဇနီးမောင်နှံ၊ အိမ်ဖော်မလေးနှစ်ဦးနှင့် သားနှစ်ယောက် သမီးတစ်ယောက် စုစုပေါင်း ခုနစ်ယောက်သာ နေထိုင်ကြသည်။

သိုင်းလောက၌ လှုပ်ရှားသွားလာပြီး အချိန်တန်လျှင် ဤအိမ်ကလေးသို့ ပြန်လာရစမြဲပင် ဖြစ်သည်။

ပိုင်စုယိအဖို့ ယခုနှစ်အတွင်း ဤအိမ်ကလေး၌သာ အနေများနေ၏။

အဘယ့်ကြောင့်ဆိုသော် ...

သူမ၏ သမီးထွေးသည် လူ့လောကသို့ ရောက်သည်နှင့် တစ်နှစ်သာ ရှိသေးသောကြောင့်ပင်တည်း။

ထို့အပြင် သူမတို့ ဇနီးမောင်နှံသည် သိုင်းလောကမှာ ထွက်ပြီး အေးချမ်းသာယာသော အိမ်ထောင်စု ဖန်တီးရန် စိတ်ကူးထားသောကြောင့်လည်း ဖြစ်ပါသည်။

သို့သော် တစ်နေ့တွင် မူလ သူတို့၏ သာယာချမ်းမြေ့ဖွယ် ကောင်းသော အိမ်ကလေးတွင် စိတ်ထိခိုက်စရာ တစ်ခုနှင့် ကြုံခဲ့ရ လေတော့သည်။

ထိုနေ့ကိုမူ ပိုင်စုယိ တစ်ယောက် မေ့နိုင်မည်မဟုတ်ပါချေ။

○ ○ ○

တစ်နေ့....

သာယာသော နေ့ဖြစ်သည်။

အိမ်ဖော်မလေး ကျင်းကျင်းမှာ ပိုင်စုယိ၏ သမီး ရှောင်လီနှင့် အတူ ဆော့ကစားနေ၏။

သမီးလေး ရှောင်ယိမှာ တစ်နှစ်ကျော်ကျော်သာ ရှိသေးပြီး လမ်းလည်း လျှောက်တတ်ခါစပင် ဖြစ်၏။

ပိုင်စုယိနှင့် ဖန်းပင်တို့မှာ အိမ်တွင်း၌ လုပ်စရာရှိသည်များကို လုပ်ကိုင်နေ၏။

ဤသို့ဖြင့် နေရင်း နံနက်စာ စားချိန်သို့ရောက်သောအခါ သမီးကလေးအား သတိရပြီး အပြင်သို့ အော်ခေါ်လိုက်၏။

သို့သော် ပြန်ထူးသံ မကြားရချေ။

ဖန်းပင်က သံသယဝင်လာပြီး အပြင်ထွက်ကြည့်ရာ သမီးလေး ရှောင်ယိနှင့် အိမ်ဖော်မလေးတို့အား မတွေ့ရသဖြင့် စိတ်အလွန်ပူပန် သွားသည်။

ပိုင်စုယိမှာလည်း စိတ်ပူပန်သွားပြီး အိမ်ဘေးအနှံ့ ရှာဖွေလိုက် ၏။



သို့သော် လုံးဝ မတွေ့ရပါချေ။

သမီးကလေးအား မတွေ့လေလေ ပိုင်စုယိအဖို့ ပို၍စိတ်ပူ လေလေ ဖြစ်လာ၏။

ဖန်းပင်မှာ တောင်အောက်သို့ ဆင်းကာရှာဖွေလိုက်၏။

သမီးကလေး အမည်ကို တကြော်ကြော်ဟစ်ခေါ်ရင်း ရှာဖွေခဲ့ ရာ ညနေစောင်းသည်အထိပင် မတွေ့ရပါချေ။

ပိုင်စုယိမှာလည်း တငိုငို တရယ်ရယ် ဖြစ်လာ၏။

ဖန်းပင်မှာ အနီးအနား ကျေးရွာမှ လူများကို အကူအညီ တောင်းကာ တောင်အောက်အနှံ့ ရှာဖွေလိုက်၏။

သုံးရက်လောက်ကြာမှ တောင်ကြားတစ်နေရာ၌ သေဆုံးနေ သော အိမ်ဖော်မလေး အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

အိမ်ဖော်မလေး အလောင်းနံဘေး၌ ရုပ်ဆင်းပျက်နေသော ကလေးငယ်တစ်ဦး၏ အလောင်းကိုပါ တွေ့လိုက်ရလေတော့သည်။

ပိုင်စုယိမှာ အသေစောလှသော သမီးကလေးအတွက် နေ့စဉ် ယူကျုံးမရဖြစ်ခဲ့ရသည်။

မျက်ရည်များလည်း နေ့စဉ်ကျခဲ့ရ၏။

နှစ်အတော်ကြာလာသောအခါမှသာ စိတ်သက်သာရာရခဲ့၏။

အချိန်သည် သမားတော်ဟုဆိုကြသည် မဟုတ်ပါလား။

ယခုမူ သူမနှင့် ချွတ်စွပ်တူလှသော ကုယိပိုင်အား ကြည့်ရင်း ဝေဒနာတို့သည် အဟောင်းမှာသစ် ဖြစ်ခဲ့ရလေတော့သည်။

○ ○ ○

## အခန်း(၆၁)
## ပြဿနာ

ဖန်းပင်က ငေးငိုင်သော ပိုင်စုယီအားကြည့်ရင်း စိတ်မကောင်းဖြစ်လာသည်။

ပိုင်စုယီ၏ ပခုံးအား အသာအယာ ဖက်လိုက်ပြီး လှည့်ထွက်လာသည်။

"ညီမလေး ... တို့ သွားကြစို့"

ပိုင်စုယီက ရီဝေနေသော မျက်လုံးအစုံဖြင့် ဖန်းပင်အား တစ်ချက်ကြည့်လိုက်ပြီး ရှိုက်၍ပြောလိုက်လေ၏။

"အစ်ကို ... ရှောင်ယိသာရှိရင် ဒီအရွယ်ရောက်တော့ ရောက်ပြီထင်တယ်နော်"

ဖန်းပင်က သက်ပြင်းချလိုက်ပြီး နှစ်သိမ့်ရသည်။

သူ့မိန်းမ ထပ်မံမကြေကွဲစေလိုတော့ပါ။

လောကကြီးမှာ ထူးဆန်းတာတွေ အများကြီးပါပဲ၊ လူတူမရှားနာမည်တူမရှားပါပဲ ညီမရယ်၊ ဒါတွေမတွေးနဲ့တော့နော်"



ပိုင်စုယီက ...

"ဒါပေမယ့် ကျွန်မနဲ့ သိပ်တူလွန်းတော့ ..."

ဖန်းပင်က ကြားဖြတ်ပြောလိုက်၏။

"ရှန်းမုံ့ဂိုဏ်းချုပ် ကုစုပြောင်ဟာ ငါတို့အတွက် တမင်ရှာကြံထားတာလည်း ဖြစ်နိုင်ပါတယ်"

ပိုင်စုယီ ဘာမျှပြန်မပြောတော့ပါ။

ကုယိပိုင် ထွက်သွားရာဘက်သို့သာ တစ်ချက်မျှော်ကြည့်လိုက်၏။

တန်စုမင်မှာ ပိုင်စုယီတို့ အဖြစ်အပျက်အားလုံးနှင့် ပြောစကားများကို ကြားနေရသည်။

မည်သူမျှလည်း မရှိတော့သဖြင့် ထွက်ပြီး ဖန်းပင်တို့အား နှုတ်ဆက်လိုက်သည်။

သူတို့ထွက်ခွာစဉ်တွင် နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"ဟော့ ... ဖန်းပင် မင်း ငါ့ကိုမှတ်မိသေးလား"

ဖန်းပင်မှာ ရုတ်တရက် ထွက်လာစဉ် နှုတ်ဆက်လိုက်သဖြင့် ကြောင်သွားသည်။

သို့သော် တန်စုမင်အား မှတ်မိသွားလေ၏။

"ဟာ ... တန်စုမင်ပါလား"

ဟု ဝမ်းသာအားရနှင့် ပြန်လည်နှုတ်ဆက်လိုက်သည်။

ပိုင်စုယီကလည်း ပြောသည်။

"မတွေ့တာတောင် နှစ်အတော်ကြာပြီထင်တယ်"

ဝင်၍ နှုတ်ဆက်လိုက်လေ၏။

တန်စုမင်က ခေါင်းညိတ်လိုက်ပြီး ...

“ဟုတ်ပါတယ်၊ ကျုပ်က ဓာတ်မြှုပ်ပြီး သိုင်းပညာတစ်မျိုး လေ့ကျင့်နေလို့ပါ”

ဖန်းပင်က ဆက်၍မေးလေ၏။

“ခင်ဗျားကိုကော ရှန်းမုံဂိုဏ်းက ဖိတ်ကြားလို့လား၊ ဒါမှ မဟုတ် ကိစ္စနဲ့လာတာလား”

တန်စုမင်က ပြုံးပြီး ပြောလိုက်လေ၏။

“ဒီကိုလာတဲ့လူတိုင်းဟာ ကိစ္စရှိပါတယ်ဗျာ၊ ဒါထက် ကျုပ် ခင်ဗျားတို့ကို မေးစရာတစ်ခုရှိသေးတယ်”

ဖန်းပင်က ...

“ဘာများလဲ၊ မေးပါဗျာ ... မေးပါ”

တန်စုမင်က အခြေအနေကို ပြန်လည်ပြောပြနေ၏။

“ကုယိပိုင်ဟာ ခင်ဗျားဇနီးနဲ့ တော်တော်တူတယ်နော်၊ လူတိုင်းကလည်း သားအမိလို့ပဲ ထင်ကြတယ်ဗျ”

ပိုင်စုယိက မချိုမြုံး ပြုံးလိုက်ပြီး ပြန်မေးသည်။

“ဒါထက် ရှင်တို့ရော ကုယိပိုင်နဲ့ သိကျွမ်းသလား၊ သူ့စိတ်ထားက ဘယ်လိုရှိသလဲ”

တန်စုမင်က ပြုံးလိုက်၏။

သူမ ပိုင်စုယိ၏သဘောအား နားလည်လိုက်သည်။

သူမသည် ကုယိပိုင်အပေါ် မိခင်စိတ်နှင့် မေးခြင်းဖြစ်၏။



ထို့ကြောင့် သူက သက်ပြင်းချရင်း ပြောလိုက်သည်။

“ဒီမိန်းကလေးဟာ စိတ်ရင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ဒုစရိုက်ဂိုဏ်းထဲ ပါနေတာရယ်၊ မာနနည်းနည်းကြီးတာရယ်၊ စကားပြော မယဉ်ကျေးတာတွေက သူ့ကို ဆက်ဆံရတာ အခက်တွေ့နေပါတယ်”

ပိုင်စုယိ အံ့သြသွားသည်။

“ကျွန်မနဲ့ စကားပြောတော့ ဖော်ဖော်ရွေရွေပဲရှင့်”

သူမက ပြန်ပြောပြ၏။

တန်စုမင်က ...

“ဒါကတော့ ခင်ဗျားတို့နဲ့ ဆက်ဆံတာကိုး၊ ကျန်တဲ့လူတွေ ကျုပ်အပါအဝင်ပေါ့၊ ဒီလိုမဆက်ဆံဘူးဗျ”

တန်စုမင် အမှန်တကယ်ပြောနေကြောင်း သိလိုက်ရသဖြင့် ပိုင်စုယိမှာ ပို၍ အံ့သြသွားရသည်။

ထိုစဉ် အိမ်ဖော်မလေးနှစ်ယောက် ရောက်ရှိလာပြီး ...

“လူကြီးမင်းတို့ရှင့် ... နေဝင်ပါတော့မယ်၊ စားသောက်ဖွယ်ရာတွေလည်း အသင့်ပြင်ပြီးပါပြီ၊ ကြွကြပါရှင်”

သူမက ပြောလိုက်သည်။

တန်စုမင်တို့ ဘာမျှဆက်မပြောတော့ပါ။

လာရောက်ခေါ်သော အိမ်ဖော်မလေးများနောက်မှ လိုက်သွားကြတော့သည်။

○ ○ ○

အဆောင် အမှတ်တစ်။

အဆောင် အမှတ်တစ်မှာ သီးသန့်အဆောင်ဖြစ်၏။

ဧည့်သည်များအတွက် သီးသန့်အိပ်ခန်းများရှိ၏။

အဆောင်နံဘေးဘက် ခမ်းလှမ်းလှမ်းတွင် ရေကန်တစ်ခုရှိ၏။

တန်စုမင်တို့ အဆောင်ထဲသို့ရောက်သောအခါ မီးများ လင်းထိန်စွာ ထွန်းညှိထားသည်ကို တွေ့လိုက်ရ၏။

စားသောက်ခန်းထဲ၌ လူခုနစ်ယောက်ခန့်သာ ရှိသည်ကို တွေ့ရသည်။

ထိုလူများမှာ မစားသေးပါ။

တန်စုမင်တို့ ရောက်လာအောင် စောင့်နေကြသည်။

အမှန်စင်စစ် တန်စုမင်မှာ ဖိတ်မြှုပ်ထားသူဖြစ်၍ လူသိနည်းလှ၏။

သို့သော် အတူရောက်လာသည့် ဧည့်သည်မို့ စောင့်နေကြခြင်းပင် ဖြစ်၏။

တန်စုမင်၊ ဖန်းပင်၊ ပိုင်စုယိတို့ ဝင်ရောက်ထိုင်လိုက်သည်နှင့် အိမ်ဖော်မလေးများက စားသောက်ဖွယ်ရာများ ချူးခပ်လိုက်ကြပြီး အရက်များလည်း ငှဲ့ပေးကာ ကောင်းမွန်စွာ ပြုစုကြသည်။

ဖန်းပင်က ...

"နေပါစေ ... ငါတို့ဘာသာ စားပါ့မယ်"

အိမ်ဖော်မလေးများ ဘာမှပြန်မပြောပါ။

ဆက်လက်၍ ပြုစုနေ၏။



တန်စုမင်က ...

"ငါတို့ကို မင်းတို့က ဘာမှအနှောင့်အယှက်မပေးရဘူးလို့ ဆိုတယ်၊ မင်းတို့ရှိနေတာဟာ ငါတို့အတွက် အကြီးအကျယ် အနှောင့်အယှက် ဖြစ်နေတယ်၊ မင်းတို့အားလုံး ထွက်သွားကြ၊ ငါ့အမိန့်ပဲ"

သူက အသံမာမာနှင့် ပြောလိုက်သည်။

တန်စုမင်၏ စကားကြောင့် အိမ်ဖော်မလေးများမှာ တွန့်ဆုတ်သွားကြပြီး အခန်းထဲမှ ထွက်ခွာသွားကြလေတော့သည်။

တန်စုမင်က သဘောကျစွာ ရယ်မောရင်း ...

"အင်း ... ဒီတစ်ခါတော့လည်း တယ်ဟုတ်ပါလား၊ ခုမှပဲ လွတ်လွတ်လပ်လပ် နေရတော့တယ်"

သူက ပြောလိုက်သည်။

ပိုင်စုယိက ပြတင်းပေါက်အပြင်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး အကြံပြုလိုက်လေ၏။

"လသာသားပဲ၊ မီးတွေငြိမ်းလိုက်တာ ပိုကောင်းပါတယ်"

အားလုံး သဘောတူကြသည်။

ထို့ကြောင့် အားလုံး မီးငြိမ်းလိုက်၏။

ဖန်းပင်က တိုးဝင်လာသော လရောင်ကိုကြည့်ရင်း ...

"ကဲ ... ကောင်းသောညဖြစ်ပါစေဗျာ၊ အားလုံး စားသောက်ကြပါစို့"

ဟုပြောရင်း အရက်ခွက်ကို စတင်သောက်လိုက်လေတော့သည်။

အားလုံး အတန်ကြာ စားသောက်ပြီးစီးသွားသောအချိန်တွင် ပြတင်းပေါက်မှ လူတစ်ယောက် ခုန်ဝင်လာသည်။

ဖန်းပင်နှင့် တန်စုမင်က ရင်ထိတ်သွားပြီး လှမ်းမေးလိုက်၏။

"ဟော့ ... ဘယ်သူလဲ"

ဝင်လာသူက ...

"ဂူကျားဟာန်ပါ"

ဂူကျားဟာန်ဆိုသူမှာ အထက်လမ်းသိုင်းသမားတစ်ဦး ဖြစ်ပါသည်။

ထို့ကြောင့် အားလုံးက စိတ်သက်သာရာ ရသွားကြသည်။

တန်စုမင်က မေးလိုက်၏။

"ခင်ဗျား ဘယ်လိုလုပ် ဝင်လာတာလဲဗျာ၊ ပြီးတော့ ဘယ်အဆောင်မှာ နေရတာလဲ"

ဂူကျားဟာန်က ပြောလိုက်၏။

"ကျုပ် ဘယ်မှာမှမနေဘူး၊ ဒီထဲကိုခိုးပြီးဝင်လာခဲ့တာ"

အားလုံးမှာ ဂူကျားဟာန်၏ စကားကြောင့် အံ့သြသွားကြ၏။

ဖန်းပင်က ...

"ဘယ်လို ... ခိုးဝင်လာတာ ဟုတ်လား"

ဂူကျားဟာန်က ...

"ဟုတ်ပါတယ်၊ ဖြောင့်ဝင်လာရင် လှုပ်ရှားဖို့ မလွယ်လို့ ခိုးဝင်လာတာပါ"

လူတစ်ယောက်က မေးလိုက်၏။



"ခင်ဗျား ရှန်းမုံဂိုဏ်းအင်အားကို စုံစမ်းလို့ရသလား"

ဂူကျားဟာန်က ရှင်းပြသည်။

"အင်အားကတော့ မနည်းဘူး၊ အဆင့်မြင့် သိုင်းသမားတွေလည်း မနည်းဘူးဗျ"

အခြားသိုင်းသမားတစ်ဦးကလည်း ဝင်ပြောသည်။

"ရှန်းမုံဂိုဏ်းချုပ်ဟာ ဘာအကြံအစည်ရှိသလဲ မသိဘူးဗျာ၊ အကြံကတော့ ရှိမှာသေချာပါတယ်"

ဂူကျားဟာန်က ပြန်မေးလိုက်လေ၏။

"သူတို့အကြံအစည်ကို ခုထိတော့ မသိရသေးဘူး၊ ဒါပေမယ့် ဒီနေရာရဲ့ အနေအထားကိုတော့ ခင်ဗျားတို့ အကဲခတ်မိမှာပေါ့"

တန်စုမင် မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်တယ်ဗျ၊ ဒီနေရာဟာ မတ်စောက်တဲ့ တောင်တွေနဲ့ ဝိုင်းနေတယ်၊ ပြီးတော့ အဝင်အထွက်လမ်းကလည်း တစ်ခုတည်းဗျ"

သူ၏စကားကြောင့် အားလုံး၏ရင်ထဲ၌ လေးလံသွားလေ၏။

ပိုင်စုယီက ညည်းညူမိသည်။

"ကုစုပြောင်ဟာ ဘာတွေများ တို့ကို ထောင်ချောက်ဆင်မလဲ မသိဘူး"

တန်စုမင်ကလည်း ညည်းညူးသည်။

"ကျုပ်တော့ရင်လေးနေတယ်၊ ဒီထဲက ပြန်မှထွက်နိုင်ပါ့မလား မသိဘူး"

ထို့နောက် တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုနေကြလေ၏။

ဖန်းပင်က ပြောလိုက်လေ၏။

"အားလုံး ဘာမှမစဉ်းစားနေကြပါနဲ့၊ ခုချိန် စဉ်းစားလို့ ခေါင်း ရှုပ်ရုံပဲရှိမယ်၊ ဘာမှထူးခြားမှာမဟုတ်ဘူး၊ အချိန်တန်ရင် မီးစင်ကြည့် ကကြရမယ်၊ ဒါပဲရှိတော့တယ်"

တန်စုမင်က ...

"ဘယ်ဟုတ်မလဲ၊ သူတို့ဘာလုပ်မယ်ဆိုတာ ကြိုတင်တွေးထားမှ တန်ရုံကျမှာပေါ့၊ ကျုပ်တို့လည်း ကာကွယ်နိုင်တာပေါ့"

ဖန်းပင်နှင့် ရှင်းပြသည်။ သူ့စကားကလည်း ဟုတ်မှန်သည်။

"ရှန်းမုံဂိုဏ်းဖွင့်ပွဲက မနက်ဖြန်ဆိုရင်ပဲ ကျင်းပတော့မှာပဲ၊ အဲ့ဒီအခါကျရင် သူတို့အကြံကို အကုန်သိရမှာပါ၊ အကောင်းဆုံးကတော့ အနားယူပြီး အားမေးနေကြဖို့ပဲ"

ပိုင်စုယိက ဝူကျားဟန်အား မေးလိုက်သည်။

"ဒါထက် ဝါယင်လုံကော တွေ့မိသလား"

ဝူကျားဟန်က ...

"မိုးကြိုးဂိုဏ်းချုပ် ထန်ရှိနဲ့အတူ ပါသွားတယ်"

ဖန်းပင်က ...

"သူ အဆိပ်မိထားသေးတယ်ဆို"

ဝူကျားဟန်က ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဘာမှအန္တရာယ်မရှိတော့ပါဘူး"

ပိုင်စုယိက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဒါထက် သူဘယ်မှာရှိသလဲ"



ဟု ထပ်မေးလိုက်၏။

ဝူကျားဟန်က သက်ပြင်းချကာပြောလိုက်၏။

"သူကဘယ်မှာရှိမယ်ဆိုတာ အတိအကျပြောလို့မရဘူး၊ နေရာတစ်ခုကို ချက်ချင်းရောက်လာတတ်သလို ချက်ချင်းပဲ ပြန်ထွက်သွားတတ်တယ်"

ဖန်းပင်က ...

"အင်း ... ဒီကလေးကတော့ ဒီအတိုင်းပါပဲလား၊ ခုထိ ဖွတ်တရွတ်အကျင့် မပျောက်သေးဘူး"

ပိုင်စုယိမှာ ဝါယင်လုံတွင် အန္တရာယ်မရှိဟုဆိုသော်လည်း မိမိ၏တူတစ်ယောက်ဖြစ်သောကြောင့် စိုးရိမ်နေမိ၏။

ထို့နောက် အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြလေတော့သည်။

ညမှာ တဖြည်းဖြည်း နက်လာ၏။

လမှာ ထိန်ထိန်သာနေသော်လည်း ကြီးမားသော သစ်ပင်ရိပ်ကြီးများကြောင့် အချို့နေရာများတွင်မူ မှောင်မည်းနေ၏။

တန်စုမင်၊ ဖန်းပင်၊ ပိုင်စုယိနှင့် ဝူကျားဟန်တို့မှာ မအိပ်သေးပါ။

တန်စုမင်၏အခန်းဦး ဝိုင်းဖွဲ့စကားပြောနေကြ၏။

ထိုအခိုက် သံသံချင်း ထိခိုက်သံအချို့ကို ကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် လူသံများကိုလည်း ကြားလိုက်ရပြန်သည်။

ဖန်းပင်က ထိုင်ရာမှထလိုက်ပြီး ပြတင်းပေါက်ကို တွန်းဖွင့်ကာ ပတ်ဝန်းကျင်ကို နားစွင့်လိုက်၏။

ထိုအခါ တိုက်ပွဲဖြစ်သံများ ပီပီပြင်ပြင် ကြားလိုက်ရလေတော့သည်။

အဆောင်၏ အနောက်ဘက်ယွန်းယွန်း၌ မီးရောင်များ လင်းထိန်နေသည်ကို တွေ့လိုက်ရသည်။

အသံများမှာ ထိုနေရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အားလုံးက ပြတင်းပေါက်နားသို့ တိုးကပ်လာကြသည်။

ပိုင်စုယီက မီးရောင်လင်းထန်နေသည်ကို ကြည့်ရင်း ...

"ဒါ မီးရှို့တာပဲ"

ဖန်းပင်က ...

"ဟုတ်တယ် ..."

ပိုင်စုယီက ...

"ဒီနေရာမှာ ဘယ်သူကများ လာသောင်းကျန်းနေသလဲမသိဘူး"

သူမသည် တစ်ကိုယ်တည်းပြောသလိုနှင့် ပြောလိုက်၏။

အခြားအဆောင်များမှလည်း ပြတင်းပေါက်များ ပွင့်လာပြီး အားလုံးလိုလို အခြေအနေ အကဲခတ်ကြည့်နေသည်ကိုလည်း တွေ့လိုက်ရသည်။

သို့သော် မည်သူမျှ သွားရောက်ကြည့်ရှုခြင်း မရှိချေ။

ကြည့်နေရင်းမှပင် မီးမှာပို၍တောက်လောင်လာလေသည်။



နံဘေးပတ်ဝန်းကျင်သို့ပါ ကူးစက်လောင်ကျွမ်းလာ၏။

အခြေအနေမှာ ပိုမိုရှုပ်ထွေးလာဟန်ရှိသည်။

ပိုင်စုယီက ထိုနေရာသို့ စိုက်ကြည့်ရင်း ဝေဖန်ချက်ပေးလိုက်၏။

"အရင်ဂိုဏ်းဟောင်းက လူတွေပဲ လာသောင်းကျန်းနေသလားမသိဘူး၊ ဒီနေရာဟာ လုံခြုံတာတော့ အမှန်ပဲ"

ဝူကျားဟန်က ခေါင်းခါယမ်းရင်း ...

"မဟုတ်နိုင်ဘူး"

တန်စုမင်က ...

"ဒါဆို အထက်လမ်းသိုင်းသမားတွေပဲလား မသိဘူး"

ဝူကျားဟန်က ...

"မဖြစ်နိုင်ဘူး"

"ဘာလို့လဲ"

"ကျုပ်တို့လူတွေ တချို့ အပြင်မှာ ပုန်းအောင်းနေတာတော့ မှန်တယ်၊ ဒါပေမယ့် အချက်မပေးမချင်း ဘာမှလှုပ်ရှားကြမှာ မဟုတ်ဘူး"

ပိုင်စုယီက ...

"သူတို့အချင်းချင်းပဲလား၊ သူတို့ဂိုဏ်းသုံးဂိုဏ်းက ပူးပေါင်းထားတယ်ဆိုပေမယ့် အပေါ်ယံသဘောပါပဲ၊ ဒါပေမယ့်လည်း ခုချိန်မှာတော့ ပြဿနာဖြစ်ကြမယ် မထင်ပါဘူး"

ဖန်းပင်က ရယ်မောပြီး မေးလေ၏။

"ခုထိ စဉ်းစားလို့မရသေးဘူးလား"

ပိုင်စုယိက မျက်မှောင်ကြုတ်သွားပြီး မေးလိုက်၏။

"ဝါယင်လုံလား"

ဖန်းပင်က ခေါင်းခါသည်။

"သူက ဒီလိုလုပ်တတ်တဲ့ လူမျိုးမှမဟုတ်တတာ၊ သူဟာ ဘယ်တော့မှ ခိုးကြောင်ခိုးဝှက်မလုပ်ဘူး၊ လုပ်ရင် ဖြောင်ပဲလုပ်မှာ၊ သူတိုက်ချင်ရင် ဖြောင်ပဲတိုက်မှာ၊ ဘာဖြစ်လို့ ဝါယင်လုံကို မေးရတာလဲ"

ပိုင်စုယိက ပြန်မေးလေ၏။

"ဒါဆို ကျွန်မ မစဉ်းစားတတ်တော့ဘူး၊ ဘယ်သူလဲဆိုတာ ရှင်သိလား"

ဖန်းပင်က ရယ်မောရင်း ...

"ငါလည်း ညီမနဲ့အတူတူရှိနေတာပဲ၊ ဘယ်သိမှာလဲ၊ အေး... ဒါပေမယ့် ပြန်လာရင်တော့ ဘယ်သူဆိုတာကို ပြောပြနိုင်မှာပါ"

သူသည် စကားဆုံးသည်နှင့် ပြတင်းပေါက်မှ ခုန်ထွက်သွားလေသည်။

ပိုင်စုယိမှာ ဟန့်တားရန် ကြိုးစားလိုက်သော်လည်း မမီတော့ပါ။

ဖန်းပင်မှာ မှောင်ရိပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

○ ○ ○



အခန်း(၆၂)

## ဌာနချုပ်ကို မီးရှို့ခြင်း

လူသံများမှာ ပို၍ဆူညံလာ၏။

အချို့အဆောင်များမှ သိုင်းသမားအချို့လည်း အပြင်သို့ ထွက်လာကြ၏။

တန်စုမင်မှာ ပြတင်းပေါက်၌ရပ်နေရင်း သွားကြည့်ရန် သင့်မသင့် စဉ်းစားနေ၏။

အတန်ကြာမှ ဝူကျားဟန်ဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားကော သွားမကြည့်ဘူးလား"

သူက မေးမြန်းလိုက်သည်။

ဝူကျားဟန်က ...

"ကျုပ်တို့ထဲက တစ်ယောက်သွားပြီ၊ လုံလောက်ပါပြီ၊ ကျုပ်ကိုကတော့ ဒီကပဲထိုင်ကြည့်နေတာ ပိုကောင်းမယ်ထင်တယ်ဗျ"

ဟု ပြန်ဖြေလိုက်သည်။

တန်စုမင်က ဆက်မမေးတော့ပါ။

ထို့အတူ သူလည်း သွားကြည့်ရန် မမဥ်းစားတော့ပါ။

ပြတင်းပေါက်မှသာ အခြေအနေကိုကြည့်နေမိသည်။

ဝူကျားဟန်က သက်ပြင်းချလိုက်သည်။

"အခုလာတဲ့လူဟာ ဘယ်သူပဲဖြစ်ဖြစ် သူတို့အကြံအောင်ဖို့ မလွယ်နိုင်ဘူး၊ ပြီးတော့ အစောင့်အကြပ်လည်း ပိုများလာမှာ အမှန်ပါပဲ"

သူသည် တစ်ကိုယ်တည်း ပြောနေလေ၏။

ထိုစဉ် မီးမှာ ပို၍တောက်လောင်လာ၏။

လူသံများလည်း ပိုဆူညံလာသည်။

"မီး ဘယ်သူရှို့တာလဲ"

"ဘာကြောင့်များ မီးရှို့ရတာလဲ"

"မီးရှို့တဲ့လူကို မိပြီလား"

အဆောင်များမှ တစ်ယောက်တစ်ပေါက် ပြောဆိုနေသံများမှာလည်း ပိုမိုကျယ်လောင်လာသည်။

ထိုစဉ် လူရိပ်တစ်ခုမှာ ပိုင်စုယိတို့ အဆောင်ဘက်သို့ ပြေးလာနေသည်ကို တွေ့လိုက်ရလေသည်။

ပိုင်စုယိက ထိုလူရိပ်ကိုကြည့်ရင်း ...

"ဟင် ... ဝါဝူပါလား"

လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

လူရိပ်မှာ လျင်မြန်စွာ ပြေးလွှားလာ၏။



အနီးရောက်လာမှ ဝါဝူသည် လူငယ်တစ်ဦးကို ပွေ့၍ပြေးလာခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။

ပိုင်စုယိက လှမ်း၍အချက်ပေးလိုက်၏။

ဝါဝူမှာ ပိုင်စုယိ၏အချက်ပေးသံကြားသောအခါ သူတို့၏ အခန်းထဲသို့ ခုန်ဝင်လာသည်။

ဝါဝူမှာ အခန်းထဲသို့ရောက်သောအခါ ပွေ့ချီလာသော လူငယ်တစ်ယောက်ကို ခုတင်ပေါ်သို့ အသာချထားလိုက်၏။

ပိုင်စုယိက ထိုလူငယ်အားကြည့်လိုက်ရာ ထိုလူငယ်သည် မျက်လုံးအစုံ မှိတ်ထား၏။

မျက်နှာတစ်ခုလုံးမှာ သွေးမရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး နှုတ်ခမ်းထောင့်တွင် သွေးများယိုစီးကျနေသည်ကို တွေ့ရ၏။

ပိုင်စုယိက လူငယ်ကိုကြည့်ရင်း ရေရွတ်လိုက်သည်။

"ဟင် ... အတွင်းဒဏ်ရာ ရထားတဲ့ပုံပဲ"

ဝါဝူက ခေါင်းညိတ်လိုက်လေ၏။

"ဟုတ်တယ် ... သူအတွင်းဒဏ်ရာရထားတယ်၊ အစ်မ ကြည့်ပေးနိုင်မလား"

သူက မေးသည်။

ပိုင်စုယိက ထိုလူငယ်အနီး လျှောက်သွားရင်း ဝါဝူကို လှမ်းပြောလေ၏။

"ကဲ ... မင်းအနားယူလိုက်ပါဦး၊ သူ့ကို ငါ စစ်ဆေးကြည့်လိုက်ဦးမယ်"

ပိုင်စုယီက လူငယ်၏ သွေးကြောများကို စမ်းသပ်စစ်ဆေးလိုက်သည်။

ပြီးမှ ဝါဂူအား မေးလိုက်၏။

"ဒီလူငယ်လေးက ဘယ်သူလဲ"

ဝါဂူတာ ...

"ကျင်လင်ငါးဖော်က ယီကျောင်နန်ပါ အစ်မ၊ သူ့ကို ကုသလို့ရနိုင်မလား"

ပိုင်စုယီက ပြန်ပြောလိုက်၏။

"ရပါတယ်၊ သူဟာ ရန်သူနဲ့ လက်ဝါးချင်း ရိုက်ခဲ့ပုံရတယ်၊ ပြီးတော့ သွေးမအန်ဘဲ အောင့်ထားတာဟာ သူ့အခြေအနေကို ပိုဆိုးစေတယ်၊ သွေးအန်ထွက်သွားရင်တော့ သက်သာသွားမယ်၊ ဒါပေမယ့် ကောင်းကောင်း အနားယူဖို့တော့ လိုမယ်"

ပိုင်စုယီ၏ စကားအရ အခြေအနေ သိပ်မဆိုးကြောင်း သိလိုက်ရသည်။

ပြီးနောက် ပိုင်စုယီက ဆေးပုလင်းတစ်ခု ထုတ်ယူလိုက်ပြီး ဆေးသုံးလုံးခန့်ကို အမှုန့်ကြိတ်လိုက်သည်။

တန်စုမင်က အနီးရောက်လာပြီး မေးမြန်းသည်။

"ကျုပ် အကူအညီပေးစရာ လိုသေးလား"

ပိုင်စုယီက ခေါင်းညိတ်ပြီး ...

"လိုတာပေါ့ရှင်"

တန်စုမင်က ...



"ဒါဆို ဘာလုပ်ပေးရမလဲ"

ပိုင်စုယီကည

"ကျွန်မ သူ့ရဲ့သွေးကြောတွေကို ရွှေအပ်နဲ့ အလျင်စိုက်လိုက်ဦးမယ်၊ ပြီးမှ ရှင်က သူ့ကို အတွင်းအားနဲ့ နှိပ်နယ်ပေးပါ"

"ကောင်းပြီ ..."

ပိုင်စုယီက ယီကျောင်နန်၏ ရင်ဝရှိ သွေးကြော ၁၀ နေရာခန့်၌ ရွှေအပ်များ တစ်ချောင်းပြီးတစ်ချောင်း စိုက်လိုက်သည်။

တန်စုမင်ကလည်း အတွင်းအားဖြင့် နှိပ်နယ်ပေးလေတော့သည်။

အတန်ကြာသောအခါ ယီကျောင်နန်မှာ လူးလွန့်လာ၏။

ထို့နောက် ညိုမည်းနေသော သွေးများ ပွတ်ခနဲ အန်ချလိုက်သည်။

ပိုင်စုယီက သက်ပြင်းချရင်း ပြောလိုက်၏။

"အင်း ... မသေနိုင်တော့ပါဘူး၊ တန်စုမင် ရှင်လည်း နားနိုင်ပါပြီ"

တန်စုမင်က အတွင်းအားဖြင့် နှိပ်နယ်ပေးခြင်းကို ရပ်နားလိုက်သည်။

ပိုင်စုယီက အသင့်ကြိတ်ထားသော ဆေးမှုန့်များကို တိုက်ကျွေးလိုက်သည်။

ပြီးမှ ရွှေအပ်များကို ပြန်လည်နှုတ်ယူလိုက်သည်။

ယီကျောင်နန်မှာ လူးလွန့်လာပြီး ယောင်ယမ်းလေ၏။

"မေမေ ..."

သူ့အမေကို ယောင်ယမ်းသည်။ အမေချစ်သော သားပင်။

ပိုင်စုယိက ပြောသည်။

"သူ့ကို အနားပေးထားမှဖြစ်မယ်"

ပြောပြော ဆိုဆို ယီကျောင်နန်၏ သွေးကြောကို ထောက်လိုက်သည်။

ခဏအကြာ၌ ယီကျောင်နန်မှာ နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့၏။

တန်စုမင်က အခန်းအပြင်ထွက်သွားပြီး အရက်တစ်အိုး ယူလာကာ ဝိုင်းဖွဲ့လိုက်သည်။

ဝါဂူက ပိုင်စုယိအား ကြည့်ရင်း ...

"အစ်မ ... အင်္ကျီလက်မှာ သွေးတွေစွန်းကုန်ပြီ"

ဟု ပြောလိုက်သည်။

ပိုင်စုယိက ရယ်မောရင်း ...

"ကိစ္စမရှိပါဘူး၊ ဒါ့ထက်မေးရဦးမယ်"

ဝါဂူက ...

"ဘာများမေးမလို့လဲ"

ပိုင်စုယိက ဒဲ့ဒိုးမေးလိုက်လေ၏။

"စောစောက မီးရှို့တာဟာ မင်းလား"

ဝါဂူက ...

"မဟုတ်ပါဘူးဗျာ"



ပိုင်စုယိက မျက်မှောင်ကြုတ်သွားလေ၏။

"ဒါဆို ဝါယင်လုံ ထင်တယ်"

ဝါဂူက ရယ်မောရင်း ပြန်မေးလိုက်လေ၏။

"အစ်မကလည်း ယင်လုံကို ကျွန်တော် တွေ့တောင်မတွေ့သေးဘူး၊ ဘာဖြစ်လို့ ဒီလူငယ်ကိုတော့ မထင်တာလဲ"

ပိုင်စုယိက ...

"မီးရှို့တာ, သူ ... ဟုတ်လား"

မယုံကြည်နိုင်ဟန်ဖြင့် မေးလိုက်သည်။

တန်စုမင်က ...

"ဒီလူငယ်သာ မီးရှို့တယ်ဆိုရင်တော့ ကိစ္စရှိလို့ပဲ ဖြစ်ရမယ်၊ ဒါကြောင့်သာ အသေခံပြီး ဝင်လာတာပဲ"

သူမက တွေးတွေးဆဆနှင့် ပြောလိုက်သည်။

ဝါဂူက ခေါင်းညိတ်ရင်း ပြောပြလိုက်၏။

"ဟုတ်တယ် ... သူ့ဖခင်က ကျန်းနန်သမားတော် ယီစန်းသက်ပါ၊ သူ့ရဲ့မိဘတွေကို ဖမ်းထားလို့ ပြန်ကယ်ဖို့ ကြိုးစားကြတာပဲ"

တန်စုမင်က ခေါင်းတဆတ်ဆတ်ညိတ်၏။

"အင်း ... ဒီသူငယ်ရဲ့ သတ္တိ မဆိုးဘူး၊ အဖေ့ကို အသက်စွန့်ကယ်တာပဲ"

သူက ချီးကျူးလိုက်လေ၏။

ပိုင်စုယိက ခန့်မှန်း၍ မေးလိုက်သည်။

"မင်းစကားသံက ကြည့်ရတာ သူတစ်ယောက်တည်းတော့ မဟုတ်ဘူးထင်တယ်၊ တစ်ယောက်ယောက်များ သူနဲ့ပါလာသလား"

ဝါဂူက ရှင်းပြလေ၏။

"သူတို့ ကျင်လင်ငါးဖော်နဲ့ လူငယ်တချို့ ဝင်လာကြတာပဲ၊ ရန်သူကို ဂရုမစိုက်ဘဲ အတင်းဝင်ထိုးဖောက်ဖို့ ကြိုးစားကြတယ်လေ၊ ရှန်းမုံဂိုဏ်းကလည်း အရှင်ဖမ်းမိအောင် ကြိုးစားလို့ သူတို့သက်သာတာ၊ ပြီးတော့ ငါသာ စောစောမရောက်ရင် ဒီကလေးအခြေ မလှယ်ဘူး၊ သူတို့ တကယ်မိုက်တာပဲ"

ပိုင်စုယိက ...

"ကျွန်တော့်လူတွေက မိသွားပြီလား"

စိုးရိမ်စိတ်နှင့် မေးလိုက်လေ၏။

ဝါဂူက ...

"အကုန်လုံး လွတ်မယ်တော့ထင်တယ်၊ ဒါပေမယ့် အသေအချာတော့ မပြောနိုင်ဘူး၊ ကျွန်တော်လည်း အစ်ကိုကြီး ဖန်းပင်နဲ့ တွေ့လို့ သူက ဒီဘက်ကို သွားဆိုလို့ ထွက်လာခဲ့တာ"

အားလုံးမှာ ပြောစရာ ကုန်သွားသည့်အလား ငြိမ်ကျသွား၏။

အရက်ကိုသာ တွင်တွင်သောက်နေကြသည်။

အားလုံး၏ စိတ်အစဉ်၌ ရှုပ်ထွေးနေကြလေတော့သည်။

○ ○ ○

ဖန်းပင်သည် အဆောင်မှ ထွက်လာရာလမ်း၌ ဝါဂူနှင့် တိုးမိ၏။



ဝါဂူထံတွင် ဒဏ်ရာရနေသော လူငယ်တစ်ယောက် ပါလာသဖြင့် သူတို့၏အဆောင်သို့ လမ်းညွှန်ကာ သွားခိုင်းလိုက်၏။

ထို့နောက် သူ့ရှေ့ဆက်၍ သွားလိုက်သည်။

အတန်ကြာ လျှောက်မိသောအခါ မီးလောင်နေသော နေရာအနီးသို့ ရောက်ရှိလာသည်။

ဖန်းပင်က ရှေ့ဆက်မတိုးတော့ဘဲ အခြေအနေကို အကဲခတ်ကြည့်လိုက်၏။

ရှန်းမုံဂိုဏ်းသားများမှာ ရေပုံးများကို အေးဆေးတည်ငြိမ်သောကြောင့် ရှန်းမုံဂိုဏ်းသည် စည်းကမ်းအလွန်သေဝပ်သော ဂိုဏ်းတစ်ဂိုဏ်းဟု နားလည်လိုက်သည်။

ထိုသို့ နားလည်သည်နှင့်အမျှ ဤဂိုဏ်းအား စောစီးစွာ မဖြိုဖျက်နိုင်လျှင် သိုင်းလောကတစ်ခုလုံးကို ဝါးမျိုသွားနိုင်ကြောင်း သဘောပေါက်လာ၏။

သူ၏ရင်မှာလည်း လေးလံလာသည်။

မီးများမှာ အရေးမကြီးသော အဆောက်အဆုံအချို့ကိုသာ လောင်ကျွမ်းနေသည်။

ထို့အပြင် သစ်ပင်များကိုပါ ကူးစက်လောင်ကျွမ်းနေ၏။

သို့သော် အလျင်အမြန် ငြိမ်းသတ်နိုင်သဖြင့် မီးညွှန့်ကျိုးကျသွားပြီဖြစ်သည်။

မီးအလင်းရောင်အောက်၌ ကွမ်မုစုလန်က ရေသယ်သူများကို နေစ်တကျ အမိန့်ပေးနေသည်ကို တွေ့ရသည်။

မီးလောင်ပြင်၏ တစ်ဖက်ကွပ်လပ်၌ ရှန်းမုံဂိုဏ်း၏ ဒုတိယ ဂိုဏ်းချုပ် ဝူတုံချွမ်က ရပ်နေ၏။

သူ၏အနီးတွင် လူငယ်သုံးယောက်မှာ လဲကျနေကြ၏။

ဖန်းပင်က ထိုလူငယ်များသည် သွေးကြောပိတ် အဖမ်းခံထားကြောင်း နားလည်လိုက်သည်။

သူဝင်ရောက် ကယ်တင်သင့်ကြောင်း တွေးတောမိ၏။

သို့သော် ရှန်းမုံဂိုဏ်းအင်အား အလွန်များနေသဖြင့် မကယ်နိုင်ဘဲ မိမိပါဒုက္ခရောက်နိုင်သဖြင့် ချီတုံချတုံ ဖြစ်နေသည်။

အတန်ကြာ စဉ်းစားပြီးနောက် အဆောင်သို့ပြန်ကာ လူထပ်ခေါ်ပြီးမှ လာရောက်ကယ်တင်ရန် ဆုံးဖြတ်လိုက်၏။

သူ့ဘက်တွင် အဆင့်မြင့်သိုင်းသမား လေးငါးယောက်ခန့်ပါလာလျှင် သူဦးဆောင်ကာ ထိုလူငယ်များကို လွှတ်ပေးရန် တောင်းဆိုမည်။

မလွှတ်ပေးပါက တိုက်ခိုက်မည်ဟုလည်း တစ်ဆက်တည်း ဆုံးဖြတ်ချက်ချလိုက်သည်။

သူပြန်လှည့်ရန် ဟန်ပြင်နေစဉ်မှာပင် အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

စာစဉ်(၅) ပြီး၏

တက္ကသိုလ်နေလင်းအောင်

တက္ကသိုလ်နေလင်းအောင်

# ချိုင်းကြွေရင်ဘောဂရှူလက်လှမ်းမချီ

စာစဉ် (၆) ( ဇာတ်သိမ်း )

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၅၄၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၆၀၉၀၈
၂၀၀၉ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 ( H ) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး ( မုံရွေး-ပုံနှိပ်တိုက် )
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

"ဟော့ ... ဂူတုံချွမ်၊ ခင်ဗျားနဲ့ ကျုပ်ထပ်ပြီး ယှဉ်ပြိုင်ရအောင်"

ဖန်းပင်မှာ စိတ်ဝင်စားသွား၏။

ထို့ကြောင့် မပြန်ဖြစ်တော့ဘဲ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ဂူတုံချွမ်က နှာခေါင်းရှုံ့လိုက်ပြီး ...

"ဟွန့် ... မင်း သေချင်လို့ ပြန်လာတာကိုး၊ အေးအေးဆေးဆေး မထွက်သွားတာ မင်းကံဆိုးတာပဲ"

ကွမ်မုစုလန်က ဒုဂိုဏ်းချုပ်အနီးသို့ ကပ်ခါ တီးတိုးပြောလေ၏။

"ဒုဂိုဏ်းချုပ် ... ဒီကောင်လေး ပြန်လာရဲတာ သူ့နောက်မှာ အားကိုးပါလာလို့ပဲ ဖြစ်ရမယ်"

ဂူတုံချွမ် ခေါင်းညိတ်ရင်း လက်ခံသည်။

"မင်းပြောတာ ဖြစ်နိုင်တယ်"

အသံရှင်မှာ လူငယ်တစ်ဦး ဖြစ်၏။

ထိုလူငယ်အား မြင်သောအခါ ရှန်းမုံဂိုဏ်းသားများက ဝိုင်းဝန်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြ၏။

သို့သော် ဒုဂိုဏ်းချုပ် ဂူတုံချွမ်က လက်ကာပြလိုက်သဖြင့် အားလုံး ကိုယ်ရှိန်သတ်သွားကြသည်။

လူငယ်မှာ ဂူတုံချွမ်၏ရှေ့သို့ လျှောက်လာသည်။

"ဂူထုံချွမ် ခင်ဗျားနဲ့ ကျုပ် ထပ်ပြီး တစ်ပွဲလောက် ယှဉ်ရအောင်"

သူက ထပ်မံစိန်ခေါ်လိုက်လေ၏။

ဂူတုံချွမ်က သဘောကျစွာ ရယ်မောရင်း ...

"မင်းက သေချင်နေတာကိုး၊ သတ္တိတော့ မဆိုးပေဘူး၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

မေးမြန်းလိုက်သည်။

လူငယ်က ထီမထင်ဘဲ ပြောသည်။

"ကျင်လင်ငါးဖော်က ချန်ရီဆိုတာ ကျုပ်ပဲ"

ဂူတုံချွမ်က ဘာမျှဆက်မပြောတော့ပါ။

ရှေ့တိုး၍ ချန်ရီအား လက်ဝါးတစ်ချက် ရိုက်ချသည်။

ချန်ရီကလည်း မကြောက်မရွံ့ ပြန်လည်တိုက်ခိုက်လိုက်၏။

ချန်ရီ၏ သိုင်းပညာမှာ ယခင်ကထက် တိုးတက်လာသော်လည်း ဂူတုံချွမ်၏ ပြိုင်ဘက်မဟုတ်ပေ။

ဂူတုံချွမ်က ရပ်တန့်လိုက်ပြီး ...

"မင်း ငါ့ပြိုင်ဘက်မဟုတ်ပါဘူး၊ အေးအေးဆေးဆေး အဖမ်းခံစမ်း ..."



ချန်ရီက အံကြိတ်လိုက်၏။

"တော်စမ်းပါ၊ ခင်ဗျားကကော ဘယ်လောက် အစွမ်းရှိလို့လဲ"

သူက ပြန်ပက်သည်။

ဂူတုံချွမ်က လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး ...

"သူ့ကို အရှင်ဖမ်း"

ဟု အမိန့်ပေးလိုက်လေ၏။

ရှန်းမုံဂိုဏ်းသားများမှာ ဂူတုံချွမ်၏ အမိန့်ရသည်နှင့် ချန်ရီအား ဝိုင်းရံတိုက်ခိုက်ကြတော့သည်။

ချန်ရီမှာ အံကိုတင်းတင်းကြိတ်လျက် ပြန်လည်တိုက်ခိုက်လိုက်သည်။

သို့သော် အများနှင့်တစ်ယောက်မို့ တစ်ဧ ထက်တစ်ဧ အရေးနိမ့်လာရလေသည်။

ချန်ရီက ဒေါသထွက်လာပြီး ...

"မင်းတို့ ရှန်းမုံဂိုဏ်းက အများနဲ့ဝိုင်းပြီး အနိုင်ယူချင်တာ မရှက်ဘူးလား"

ဟု အော်ဟစ်လိုက်၏။

ဖန်းပင်မှာ ချန်ရီကိုကြည့်ရင်း သဘောကျလာ၏။

သူသည် ချန်ရီလောက်ပင် သတ္တိမရှိဟုလည်း တွေးမိလာသည်။

ထို့ကြောင့် သူက ပုန်းကွယ်ရာမှ ထွက်လာပြီး ချန်ရီဘက်မှ အားပေးလိုက်သည်။

"ညီလေး ... ချသာချ၊ ဘယ်သူ့ကိုမှ မကြောက်နဲ့"

ချန်ရိမှာ တိုက်ခိုက်နေရင်းက သူ့ဘက်မှ အားပေးသူ ရောက်လာသဖြင့် အားတက်သွား၏။

သူ့ကို အားပေးသူအား ကြည့်လိုက်ရာ သူတစ်ခါမျှ မမြင်ဖူးသူဖြစ်နေသောကြောင့် အံ့ဩသွားသည်။

"ချန်ရိက ...

"ခင်ဗျား ဘယ်သူလဲ"

သူသည် ခုခံတိုက်ခိုက်ရင်း မေးခြင်းဖြစ်သည်။

ဖန်းပင်က ပြုံး၍ ...

"ကျုပ်နာမည်က ဖန်းပင်ပါ"

ဟု ပြောလိုက်သည်။

ဝူတုံချွမ်မှာ ဖန်းပင်ဟူသော အမည်ကို ကြားသောအခါ သူ၏ငယ်သားများအား တိုက်ခိုက်ခြင်း ရပ်တန့်ရန် အမိန့်ပေးလိုက်သည်။

"အားလုံး နောက်ဆုတ်"

ဂိုဏ်းသားများ အားလုံး နောက်ဆုတ်သွား၏။

ဝူတုံချွမ်က ဖန်းပင်အား တစ်ချက်ကြည့်ပြီးနောက် ချန်ရိရှေ့သို့ လျှောက်သွားပြီး မေးခွန်းထုတ်လိုက်၏။

"မီးရှို့တာ မင်းမဟုတ်လား"

ချန်ရိက အဖြေမပေးပါ။

ဝူတုံချွမ်က ...

"ဒီလိုလုပ်ပါ၊ မင်း ငါနဲ့ယှဉ်လို့ သိုင်းကွက်သုံးဆယ်ကို ခံနိုင်ရင် မင်းကို ငါလွှတ်ပေးပ့ါမယ်"

ချန်ရိက ...



"ခင်ဗျားရှုံးရင်ကော ဘာဘာ ကျန်းနန် သမားတော်ရယ်၊ မိထားတဲ့ လူတွေရယ် လွှတ်ပေးမလား"

ဟု ပြန်မေးလိုက်၏။

ဝူတုံချွမ်က ရယ်မောရင်း ပြောသည်။

"မင်း အန္တရာယ်အတွက် ငါက အခွင့်အရေးပေးတာပဲ၊ ကျန်တာတွေတောင်းဆိုတာ မင်းလွန်တာပေါ့၊ မင်းအသက်အတွက် အရေးကြီးတယ်"

ချန်ရိက အံကိုကြိတ်လိုက်ပြီး ...

"ကျန်တဲ့လူတွေကို မလွှတ်ရင်တော့ ခင်ဗျား အကွက်သုံးရာအထိတိုက်လည်း ကျုပ်ကမသွားနိုင်ပါဘူး"

ဟု ပြတ်သားစွာ ပြောချလိုက်လေ၏။

ဝူတုံချွမ်က တစ်ချက်စဉ်းစားလိုက်၏။

သူသည် ချန်ရိ၏ သိုင်းပညာကို တွေ့ဖူးထားပြီဖြစ်သည်။

ထို့ကြောင့် အကွက် ၂၀ လောက်နှင့်ပင် အမိဖမ်းနိုင်ကြောင်း တွက်ဆမိလေသည်။

ဝူတုံချွမ်က ကတိပေးသည်။

"ကောင်းပြီလေ ... မင်းသာ ငါ့သိုင်းကွက်သုံးဆယ်ကို ခံယူနိုင်ရင် ဒီလူတွေကို လွှတ်ပေးပ့ါမယ်"

ချန်ရိက ...

"ခင်ဗျား ကတိတည်ပါစေ"

ဖန်းပင်မှသာ အခက်ကြုံသွား၏။ သူတို့နှစ်ဦးသာ ယခုလိုယှဉ်ပြိုင်လျှင် သူက ဝင်ကူညီ၍ မရတော့ပါ။

ယှဉ်ပြိုင်လျှင် ချန်ရီ ရှုံးမည်မှာ သေချာ၏။

ရှန်းမုံဂိုဏ်း၏ ဒုဂိုဏ်းချုပ် ဝူတုံချွမ်၏ သိုင်းပညာကို လျော့တွက်၍မရသေး။

ထို့ကြောင့် သူက မယှဉ်ဖြစ်အောင် ကြားဝင်လိုက်သည်။

ဖန်းပင်က ဝင်ပြောလိုက်၏။

"ခင်ဗျားက ဒုဂိုဏ်းချုပ်လုပ်နေပြီး လူငယ်လေးတစ်ယောက်ကို အနိုင်ကျင့်ချင်တာကိုးဗျ"

ဝူတုံချွမ်က ဖန်းပင်အား လှည့်ကြည့်လိုက်၏။

ထိုစဉ် အမျိုးသမီးတစ်ဦး၏ အသံကို ကြားလိုက်ရလေသည်။

"ဟဲ့ ... သား သတ္တိကောင်းနေပါလား၊ နောက်ဆုတ်လိုက်စမ်း"

အားလုံးက အသံလာရာကို ကြည့်လိုက်ကြ၏။

အသံမှာ ထင်းရှူးတောဘက်မှ ထွက်လာခြင်းဖြစ်သည်။

အသံနှင့် မရှေးမနှောင်းမှာပင် အမျိုးသမီးတစ်ယောက်သည် ထင်းရှူးတောထဲမှ ထွက်လာလေသည်။

တစ်ခဏအချင်းမှာပင် အနီးသို့ရောက်ရှိလာလေ၏။

အားလုံးက ထိုအမျိုးသမီးကြီး၏ ကိုယ်ဖော့ပညာကို ကျိတ်၍ချီးကျူးမိကြသည်။

ဝူတုံချွမ်မှာလည်း ရင်ထိတ်သွား၏။

အမျိုးသမီး၏ပုံစံမှာ သိုင်းပညာရှင်တစ်ဦးနှင့်တူ၏။

အမျိုးသမီးမှာ ဖန်းပင်အား တစ်ချက်ကြည့်ပြီးနောက် ဝူတုံချွမ်အား စိုက်ကြည့်လိုက်သည်။



ဝူတုံချွမ်က လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးလိုက်၏။

ထိုစဉ် ချန်ရိက မကျေမနပ်နှင့် ...

"မေမေက ဘာလို့ခုမှလာရသလဲ"

ပြစ်တင်ပြောဆိုလိုက်သည်။

မှန်သည်။

ထိုအမျိုးသမီးမှာ ရှင်ဝင်လန်ပင် ဖြစ်ပါသည်။

ဝူတုံချွမ်က မေးလိုက်၏။

"ဒီကလေးတွေအတွက် ရောက်လာတာလား"

ရှင်ဝင်လန်က တည်တည်ငြိမ်ငြိမ် ပြောသည်။

"ဒီကလေးတွေကိုတော့ ခွင့်လွှတ်သင့်ပါတယ်"

ဝူတုံချွမ်က ရှင်ဝင်လန်၏ စကားနောက်ကွယ်၌ ကလေးများသည် မိမိတို ရှန်းမုံဂိုဏ်းက သမားတော်ယီဝန်းသက်ကို ဖမ်းထားသဖြင့် ယခုလို လာရောက်သောင်းကျန်းကြသည်ဟု ဆိုလိုကြောင်းနားလည်ရိပ်စားမိလိုက်သည်။

ဝူတုံချွမ်က ...

"ဒီကလေးတွေကို မီးရှို့တဲ့အတွက် အပြစ်ပေးမလို့ပါပဲ၊ ဒါပေမယ့် ခင်ဗျားမျက်နှာထောက်ထားပြီး လွှတ်ပေးပါ့မယ်"

ရှင်ဝင်လန်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

"ဒါဆို ကျေးဇူးတင်ပါတယ်ရှင်"

တစ်ဆက်တည်းပင် ချန်ရိအား ...

"ကဲ ... မင်းအစ်ကိုတွေကို သွေးကြောဖွင့်ပေးလိုက်ပါ"

ခိုင်းလိုက်လေသည်။

ချန်ရိက သွားမည်အပြု ဂူတုံချွမ်က ဟန့်တားလိုက်ပြီး ...

"နေပါဦး ... ကျုပ်စကားမဆုံးသေးဘူးဗျ"

ဟု ပြောလိုက်၏။

ရှင်ဝင်လန်က ...

"ရှင် ဘာပြောစရာရှိသေးလို့လဲ"

ဂူတုံချွမ်က မီးလောင်ထားသော နေရာများကို ညွှန်ပြပြီး ...

"ကျုပ်တို့အဆောက်အအုံတွေ မီးလောင်ခံထားရပါတယ်၊ ဒါကို ကျုပ်တို့က လက်ပိုက်ကြည့်နေရမှာလား"

ဟု ပြောလိုက်လေသည်။

"ရှင်ဝင်လန်က မျက်မှောင်ကြုတ်သွား၏။

ထိုစဉ် အသံတစ်သံ ဝင်ရောက်လာ၏။

"ခင်ဗျားက ဒုဂိုဏ်းချုပ်မှ ဟုတ်ရဲ့လား၊ ကိုယ့်စကားကိုယ် တည်ဖို့ ကောင်းပါတယ်"

ဂူတုံချွမ်က အသံရှင်ကို လှမ်းကြည့်လိုက်၏။

အသံရှင်မှာ မီးလောင်ရာသို့ လာရောက်ကူးစမ်းသော ဧည့်သည် သိုင်းသမားများထဲမှ ဖြစ်၏။

ထိုလူမှာ တောင်ပိုင်းသိုင်းသမား ကျန်ပိုင်ချင်းပင် ဖြစ်သည်။

ဂူတုံချွမ်က ထိုလူအား တစ်ချက်အသာကြည့်ပြီး ရှင်ဝင်လန် အား စိုက်ကြည့်လိုက်သည်။

ရှင်ဝင်လန်က ပြောဆိုလိုက်၏။

"ရှင်တို့ ပျက်ဆီးဆုံးရှုံးမှုမှန်သမျှ ကျွန်မက လျော်ကြေးပေးပါ့ မယ်ရှင်"



ဂူတုံချွမ်မှာ ရှင်ဝင်လန်ထံမှ မျှော်လင့်မထားသော စကားကို ကြားလိုက်ရသဖြင့် ကြောင်သွား၏။

အတန်ကြာမှ ပြုံးလိုက်ပြီး ...

"ကျုပ်တို့ဂိုဏ်းဟာ ခနဉစ္စာ ပြည့်စုံပါတယ်၊ လျော်ကြေးယူ တာလည်း မကောင်းပါဘူး၊ ဒီလိုလုပ်ပါ"

"ရှင်က ဘာများပြောချင်လို့လဲ"

"ခင်ဗျားရဲ့ သိုင်းပညာကို လေ့လာပါရစေ၊ ဒါဆို သူတို့ကို လွှတ်ပေးလို့ ရမယ်ထင်ပါတယ်"

ဟု ပြောလိုက်လေသည်။

လူတိုင်းမှာ ရှင်ဝင်လန်ကိုကြည့်နေကြ၏။

ထိုအချိန်၌ မီးမှာ အတော်ပင်ငြိမ်းသွားပြီဖြစ်၏။

ရှန်းမုံဂိုဏ်းသားအများစုမှာ အခင်းဖြစ်ရာနေရာသို့ စုရုံးရောက် လာကြသည်။

ရှင်ဝင်လန်မှာ ယခုအခြေအနေ၌ မိမိ၏သိုင်းပညာကို ပြသမှ သာ ဖြစ်တော့မည်ဟု တွေးမိလိုက်ပြီး ...

"အင်း ... ကျုပ်ရဲ့သိုင်းပညာလေးကို မပြမဖြစ်တော့လည်း ပြပါ့မယ်ရှင်"

ဟုပြောရင်း လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

ဂူတုံချွမ်အနီး၌ သွေးကြောပိတ်ခံနေရပြီး လဲလျောင်းနေသော လူငယ်သုံးယောက်မှာ သွေးကြောများ ပွင့်သွားပြီး ထထိုင်လိုက်ကြ လေသည်။

အားလုံးမှာ အံ့သြသွားကြ၏။

ဝူတုံချွမ်မှာမူ အံ့သြမဆုံး ဖြစ်နေလေတော့သည်။

ထိုလူငယ်သုံးယောက်အား သူကိုယ်တိုင် သွေးကြောပိတ်ထားသည် မဟုတ်ပါလား။

ယခု ရှင်ဝင်လန်က လက်တစ်ချက်ဝှေ့ရုံမျှဖြင့် ထိုလူငယ်သုံးဦးစလုံးကို တစ်ပြိုင်နက် သွေးကြောပွင့်နိုင်စေခဲ့သည်။

သူမသည် လက်နက်ပုန်းပညာ၌ အလွန်ထူးချွန်ကြောင်း ရိပ်စားမိလိုက်သည်။

ချန်ရိက လွတ်မြောက်လာသော လူငယ်များအားမေးလိုက်၏။

"မင်းတို့ ဘာဖြစ်သေးသလဲ"

လူငယ်များက ...

"ဘာမှမဖြစ်ပါဘူး၊ အားလုံးကောင်းတယ်"

ရှင်ဝင်လန်က အားလုံးကို အချက်ပြလိုက်၏။

"ဒါဆို သွားကြစို့"

ဝူတုံချွမ်မှာ မကျေနပ်ချေ။ သူတို့ရှုံးသလိုဖြစ်သွားရသည်ကိုး။

"ကျုပ်တို့ မနက်ဖြန်မှပဲ တွေ့ကြသေးတာပေါ့"

ရှင်ဝင်လန်က ဂရုမစိုက်ပါ။

ဖန်းပင်ဘက်သို့ လှည့်လိုက်ပြီး ...

"ကျွန်မ ကလေးရဲ့ အခက်အခဲကို အကူအညီပေးတာ ကျေးဇူး တင်ပါတယ်ရှင်"

ဖန်းပင်က ရယ်မောလိုက်ပြီး ...

"ကျုပ်က ဘာမှမကူညီလိုက်ရပါဘူးဗျာ၊ ခင်ဗျားရဲ့ စွမ်းဆောင်မှုကြောင့်သာ သူတို့လွတ်လာတာပါ"



ရှင်ဝင့်လန်က ...

"ကျွန်မ မရောက်လာရင် ရှင်က ဝင်ကူညီမှာပဲ မဟုတ်လား"

ဖန်းပင် ဘာမှပြန်မပြောနိုင်တော့ပါ။

ရှင်ဝင်လန်က ဆက်ပြောလိုက်၏။

"ကဲ ... ခွင့်ပြုပါဦးရှင်"

ဖန်းပင်က ပြောလိုက်သည်။

"ခင်ဗျားမှာ တခြားကိစ္စမရှိရင် ကျုပ်တို့အဆောင်ကို လိုက်ပြီး ကျန်တဲ့လူတွေနဲ့ တွေ့ပါဦးလား"

ရှင်ဝင်လန်က ပြန်မပြောမီ ချန်ရိက ...

"ဟုတ်တယ် ... မေမေ လိုက်သွားဖို့ကောင်းတယ်"

ဟု ဝင်ရောက်တိုက်တွန်းလေ၏။

ရှင်ဝင်လန်က စဉ်းစားလိုက်ပြီး သူ့ကိုယ်သူ ပြောလိုက်လေ၏။

"အင်း ... ငါလည်း သိုင်းလောကထဲကို ဝင်လာပြီပဲ၊ ဒီတော့ သိုင်းသမားတွေနဲ့ ကင်းကင်းနေလို့ ဘယ်ဖြစ်တော့မလဲ၊ လိုက်သွားသင့်တယ်"

ထို့ကြောင့် ခေါင်းညိတ်ရင်း ...

"ဟုတ်ကဲ့ ... လိုက်ခဲ့ပါ့မယ်ရှင်"

ဖန်းပင်က ရှင်ဝင်လန်အား ဦးဆောင်ခေါ်ငင်သွားလေတော့၏။

❋ ❋ ❋

## အခန်း(၆၃)
## သိမ်း

ဂူတုံချွမ်မှာ ဖန်းပင်တို့ ထွက်သွားသည်ကို ငေးကြည့်နေ၏။

လာရောက်စုံစမ်းကြသော သိုင်းသမားများမှာလည်း ကိုယ့်အဆောင် ကိုယ်ပြန်သွားကြပြီဖြစ်သည်။

ဂူတုံချွမ် ငယ်သားတွေ ချန်ထားပြီး ချိုင့်ဝှမ်းရှေ့ဘက်တောင်ဆိပ်ကို လာခဲ့”

ဂူတုံချွမ်မှာ ထိုအသံကြောင့် ဝမ်းသာအားရ ဖြစ်သွား၏။

အသံ မည်သည့်နေရာမှ ပြောသည်ကို လှည့်ပတ်ရှာဖွေကြည့်လိုက်လေသည်။

သို့သော် သူက အသံရှင် မည်သူမည်ဝါ ဖြစ်သည်ကို သိရှိထားပါသည်။

အဘယ့်ကြောင့်ဆိုသော် သူ့အား တုံချွမ်ဟု ခေါ်ဝံ့သူသည် လောက၌ တစ်ဦးတည်းရှိသောကြောင့်ပင်တည်း။



ထိုလူမှာ သူ၏ဖနီး ချစ်စုပင် ဖြစ်သည်မဟုတ်ပါလော။

ကွမ်မုစုလန်မှာ ဂူတုံချွမ်အားကြည့်လိုက်ရာ ဂနာမငြိမ်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် သူက ...

“ဒုဂိုဏ်းချုပ် ...”

သူ စကားမစမီပင် ဂူတုံချွမ်က ဝှေ့ယမ်းလိုက်ပြီး ...

“မင်း ဒီအထဲမှာ သေသေချာချာစောင့်ကြပ်၊ ဒီအဖြစ်မျိုး နောက်ထပ်မဖြစ်စေနဲ့၊ ငါသွားမယ်”

ဟု ကြားဖြတ်ပြောလိုက်၏။

ထို့နောက် ချိုင့်ဝှမ်းအရှေ့ဘက်သို့ ဦးတည်လျက် ပြေးထွက်သွားလေတော့သည်။

ကွမ်မုစုလန်မှာလည်း ငယ်သားများအား လူစုခွဲကာ အစောင့်အကြပ်ကို ပို၍ ထူထပ်စွာ ချထားလိုက်လေ၏။

❋ ❋ ❋

ချိုင့်ဝှမ်း အရှေ့ဘက် ...။

ချိုင့်ဝှမ်းအရှေ့ဘက်၌ ရေတံခွန်တစ်ခုရှိ၏။

ထိုရေတံခွန်မှ ရေများ ကျဆင်းနေသည်မှာ အားနည်းလှသည်။

အဘယ့်ကြောင့်နည်း။

အဘယ့်ကြောင့်ဆိုသော် တောင်ပေါ်၌ ရေများကို ရေကာတာတစ်ခုဖြင့် တားထားသောကြောင့်ပင်တည်း။

ဂူတုံချွမ်မှာ အရှေ့ဘက်ချိုင့်ဝှမ်းဘက်သို့ ရောက်လာပြီးနောက် တော်ဆောက်သော တောင်ကုန်းကို စတင်တက်လိုက်သည်။

သူက သွားရင်း ပတ်ဝန်းကျင် သူ၏ဇနီးအား ရှာဖွေနေသည်။ မျက်လုံးက နေရာအနှံ့ လျှောက်ကြည့်နေ၏။

တောင်တစ်ဝက်ခန့် တက်မိသောအခါ တောင်ပေါ်၌ လူရိပ်တစ်ခု ဆင်းလာသည်ကို တွေ့လိုက်ရသည်။

သူက သေသေချာချာ ကြည့်လိုက်ရာ လက်ထဲ၌ ချိတ်သဏ္ဌာန်လက်နက် ကိုင်ဆောင်ပြီး မီးခိုးရောင် ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးဖြစ်ကြောင်း တွေ့လိုက်ရ၏။

ဂူတုံချွမ်မှာ ဝမ်းသာသွားသည်။

ဤကဲ့သို့ ပုံစံမျိုးမှာ သူ၏ဇနီး ချင်စုတစ်ယောက်သာ ဝတ်ဆင်တတ်သည်။

သူသည် ဆက်တက်သွားလိုက်သည်။

တဖြည်းဖြည်း သူတို့နှစ်ဦးမှာ ပေ ၃၀ ခန့်သာ ကွာခြားပေတော့သည်။

ဂူတုံချွမ်က ချင်စုမင်အား စိုက်ကြည့်လိုက်သည်။

ကွဲကွာခဲ့သော နှစ် ၂၀ လောက်အတိုင်းပင် ဖြစ်၏။

ချင်စုမင်မှာ ထူးခြားစွာပြောင်းလဲမှုမရှိသေးဟု မှတ်ချက်ချမိ၏။

သူက ရှေ့သို့ ဆက်လက်တိုးမည်အပြုတွင် ခက်ထန်တားမြစ်သံ ထွက်ပေါ်လာ၏။



"ရပ်နေ ..."

ချင်စုက ဟန့်တားလိုက်ခြင်း ဖြစ်ပါသည်။

ဂူတုံချွမ်မှာ ကြောင်သွားပြီး ခြေလှမ်းကို ရပ်မိ၏။

ချင်စုမင်က ...

"ဒီအတိုင်းပဲ စကားပြောမယ်၊ စကားပြောလို့ အဆင်ပြေရင် ရှင်နဲ့ပြန်ပေါင်းမယ်၊ အဆင်မပြေရင်တော့ ..."

ဂူတုံချွမ်က ကြားဖြတ်ကာပြောလိုက်၏။

"မင်း ပြန်သွားဦးမယ်ဆိုပါတော့ ..."

ချင်စုမင်က ...

"ဟုတ်တယ်"

ဟု အသံပြတ်နှင့် ပြောလိုက်၏။

ဂူတုံချွမ်က သက်ပြင်းချရင်း မသက်မသာပြောလိုက်၏။

"ကဲ ... မင်း ဘာပြောချင်သလဲ၊ ပြောစရာရှိတာပြောပါ"

ချင်စုမင်က ...

"ကျွန်မ ဘာပြောမယ်ဆိုတာ ရှင်သိပြီးသားပါ"

ဂူတုံချွမ်က ...

"ပြောမယ့်စကားသာ ပြောပါ၊ ပြီးရင် ငါလည်း ပြောစရာရှိသေးတယ်"

ချင်စုမင်က ...

"ဒါဆို ရှင်အရင်ပြော"

ဂူတုံချွမ်က ပြုံးလျက် ဂုဏ်ယူဝံ့ကြွားစွာဖြင့် ...

"မနက်ဖြန်ပြီးရင် ငါတို့ ရှန်းမုံဂိုဏ်းဟာ သိုင်းလောကရဲ့ ခေါင်းဆောင်ဖြစ်လာတော့မယ်ကွ"

သူကပြောလိုက်သည်။

ချင်စုမင်က မဲ့လိုက်ပြီး လှောင်ပြောင်လိုက်လေ၏။

"ရှင်တို့ကိုယ်ရှင်တို့ အထင်ကြီးလှချည်လား"

ဂူတုံချူမ်က ...

"မင်းမယုံဘူးလား၊ မင်းမယုံဘူးဆိုတာ ငါနားလည်ပါတယ်၊ ငါတို့ဂိုဏ်းဟာ ဒီလောက်ကြီးမားတဲ့ ရည်ရွယ်ချက်အတွက်ပဲ လှုပ်ရှားတာ၊ အသေးအဖွဲမလုပ်ဘူးကွ၊ မင်းမယုံရင် အခြေအနေ စောင့်ကြည့်နေပါ"

ချင်စုမင်က ရယ်လိုက်လေ၏။

"ဝါထင်းဟုန်တို့ အုပ်စုကို ဖယ်ထားပြီး ကျန်တဲ့ သိုင်းသမားတွေပဲ နိုင်အောင်ကြိုးစားစမ်းပါဦး"

သူမက ခပ်လှောင်လှောင် ပြောသည်။

ဂူတုံချူမ်က အားရပါးရ ရယ်မောလိုက်ပြီး ...

"စုမင် ... မင်းဘာမှ နားမလည်သေးပါဘူး"

ချင်စုမင်က ...

"ဘာကိုနားလည်ရမှာလဲ၊ ရှင်တို့ဂိုဏ်းဟာ ဘယ်လောက်ကြောက်စရာကောင်းမှာမို့လဲ"

ဂူတုံချူမ်က အားရပါးရ ပြောသည်။

"အခုလာတဲ့ သိုင်းသမားတွေမပြောနဲ့၊ ဒီထက်အဆင့်မြင့်တဲ့ သိုင်းသမားတွေ လာလည်း ကြက်ငှက်ကလေးတွေလို အလွယ်တကူ ဖမ်းနိုင်ပါတယ်ကွ၊ မင်းမယုံရင် လိုက်ကြည့်ပါ"



ချင်စုမင်က ရယ်လိုက်၏။

"ဝါထင်းဟုန်ကော ..."

"သူလည်း မမှုပါဘူး"

"ရှင်က ကြီးကျယ်ရအောင် ရှင်ကော ရှင်တို့ဂိုဏ်းချုပ်ကော နှစ်ယောက်ပေါင်းတောင် သူ့ကိုနိုင်မလား၊စဉ်းစဉ်းစားစားပြောစမ်းပါ"

ဂူတုံချူမ်က ရယ်မောရင်း ...

"စိတ်ချ ... ဝါထင်းဟုန်ကို နိုင်မယ့်လူရှိတယ်"

ချင်စုမင်က မယုံကြည်ဟန်ဖြင့် ...

"ဝါထင်းဟုန်ကို နိုင်မယ့်လူ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူလဲ ..."

"ငါမပြောနိုင်ဘူး"

"ဘာလို့လဲ"

"ငါပြောလို့ မင်းက ဝါထင်းဟုန်ကို ပြောပြလိုက်ရင် သူ ထွက်ပြေးသွားလို့ ငါ့ဂိုဏ်းချုပ်က လိုက်ရှာရခက်နေမယ်၊ ဟား ... ဟား ... ဟား"

ချင်စုမင်က ဒေါသထွက်လာပြီး ...

"ရှင်ပြောချင်တာ ဒါပဲလား"

ဂူတုံချူမ်က ...

"ဟုတ်တယ် ... ပြီးတော့ မင်း ငါနဲ့အတူ ပြန်လာနေပါ"

ချင်စုမင် နှာခေါင်းရှုံ့လိုက်ပြီး မေးလိုက်လေ၏။

"ရှင်ကြည့်ရတာ ကျွန်မ နောက်ကိုတောင် ပြန်လိုက်ချင်ပုံ မပေါ်တော့ဘူး၊ ရှင် ဒီဂိုဏ်းက မထွက်နိုင်ဘူးပေါ့"

ဂူတုံချွမ်က ...

"ဘာလို့ ထွက်ရမှာလဲ၊ ဒီဂိုဏ်းမှာ ငါဟာ ကြီးကျယ်တဲ့ ခေါင်းဆောင်ကြီး ဖြစ်တော့မှာပဲ"

ချင်စုမင်က ...

"ရှင်ဟာလေ အသက်ကြီးလေ မိုက်လုံးကြီးလေပဲ"

ဂူတုံချွမ်က ...

"တို့က သိုင်းလောကကို စိုးမိုးဖို့ ဘယ်လောက်ကြာအောင် ဒုက္ခခံခဲ့ရသလဲ၊ ခုနေမှတော့ ..."

ချင်စုမင်က ကြားဖြတ်ပြောလိုက်၏။

"ရှင် ဘာလို့ ဒီစိတ်မွေးရတာလဲ၊ သိုင်းလောကကို စိုးမိုးဖို့ ဆိုတဲ့ အကြံတွေဟာ ဘယ်တော့မှလည်း မအောင်မြင်ဘူး၊ ငြိမ်လည်း မလာနိုင်ဘူး"

ဂူတုံချွမ်က မဲ့ပြုံးပြုံးလိုက်ပြီး ခိုင်ခိုင်မာမာ ပြောလေ၏။

"အခု ဖြစ်ကိုဖြစ်ရတော့မယ်"

ချင်စုမင်က ...

"ကျွန်မ ဒီကိုလာပြီး ဆွေးနွေးတာ ဘာအကျိုးမှမရှိပါလား၊ ကျွန်မက လာချင်လို့တော့ မဟုတ်ပါဘူး၊ သမီးကြောင့် လာခဲ့တာ"

ဂူတုံချွမ်မှာ သမီးဟူသော စကားကြောင့် မျက်နှာပေါ်တွင် ထူးခြားသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။



"သမီး ... ဟုတ်လား"

ဟုလည်း ကမန်းကတန်း မေးလိုက်၏။

ချင်စုမင်က ...

"ဟုတ်တယ် ..."

"ဘယ်က သမီးလဲ"

ကျွန်မရဲ့ သမီး ဝမ်ကျောက်နီ ဆိုတာလေ"

"ဒါ ငါနဲ့ဘာဆိုင်သလဲ"

"ရှင် အတော်ထူတာပဲ"

"ငါဘာထူလို့လဲ"

"ထူတယ်ဆိုတာ မပါးတာကို ပြောတာ၊ သူတစ်ပါးပြောတာကို လှစ်ခနဲ လှစ်ခနဲ သိတာကို ပြောတာ"

"အပြစ်တင်ရင်လည်း ခံရမှာပဲ၊ ဘာလဲဆိုတာ ဒဲ့ဒိုးပြောပါတော့ ..."

"ဝမ်ကျောက်နီကို ရှင်တွေ့ဖူးတာပဲ၊ ရှင် နည်းနည်းမှ ကူးတယ်လို့ မထင်မိဘူးလား၊ ဘယ်သူနဲ့ တူတယ်လို့ ရှင်မထင်မိဘူးလား"

ဂူတုံချွမ်မှာ တွေဝေသွား၏။

အတန်ကြာမှ ...

"သူ ... သူဟာ ငါ့သမီးလား"

"ဟုတ်တယ် ကိုယ့်သမီးတောင် ကိုယ်မသိတဲ့လူက သိုင်းလောကကို အုပ်စိုးချင်သေးသတဲ့"

"ဟင် ..."

ဂူတုံချွမ်မှာ ထိတ်လန့်သွား၏။

မျက်နှာမှာလည်း ဖြူရော်သွားသည်။

"မင်း ရှင်းရှင်း ပြောစမ်းပါ"

ချင်စုမင်က ...

"ရှင် ကျွန်မကို ပစ်သွားတော့ ကိုယ်ဝန် ကျန်ခဲ့တယ်လေ၊ ရှင် ... ရှင်ဟာ သိပ်ရက်စက်တဲ့လူ"

ဂူတုံချွမ်မှာ အလွန်အမင်း ထိတ်လန့်သွားလေတော့သည်။

ဝမ်ကျောက်နီအား ကြယ်တံခွန်ဂိုဏ်းမှ ဖျက်ဆီးပစ်ပြီး အဆိပ်နှင့်ပါ ရက်ရက်စက်စက် ပြုခဲ့ကြောင်း သူသိထားသည် မဟုတ်ပါလော။

သူသည် ချက်ချင်း မျက်ရည်များ လိမ့်ဆင်းကျလာသည်။

"သမီး ... သမီးအပေါ် အဖေ တာဝန်မကျေခဲ့ပါလား၊ အဖေ ရက်စက်တဲ့ လူတစ်ယောက်ဖြစ်နေပါရောလား"

ဟု တီးတိုးရေရွတ်လိုက်၏။

ထို့နောက် အားရပါးရ ရယ်မောလိုက်လေသည်။

တစ်ဆက်တည်းပင် ကြေကွဲနာကြည်းသံဖြင့် အော်လိုက်၏။

"တုံးကော့ချူ ... ငါ မင်းတို့ကြယ်တံခွန်ဂိုဏ်းကို တစ်ယောက်မကျန် သုတ်သင်ပစ်မယ်ကွ"

သူသည် ကြုံးဝါးလိုက်လေ၏။

ချင်စုမင်က အေးစက်သော လေသံဖြင့် ...

"သြော် ... ကိုယ့်သမီးထိတော့ နာတတ်ပါလား၊ သမီးနေရာမှာ တခြားလူဆိုရင် ရှင်က လက်ပိုက်ကြည့်နေမှာပဲ မဟုတ်လား"



ချင်စုမင်က ထေ့လိုက်လေသည်။

ဂူတုံချွမ်မှာ ဒေါသထွက်သွားပြီး ...

"တိတ်စမ်း ... ထပ်မပြောနဲ့၊ ငါ့သမီးကို စော်ကားတဲ့လူ ဘယ်သူလဲဆိုတာ သိသလား"

ချင်စုမင်က ...

"သေသွားပြီ"

ဂူတုံချွမ်က မကျေမနပ်နှင့် အော်ဟစ်လိုက်၏။

"ဒါဆို ကြယ်တံခွန်ဂိုဏ်းကို ဖျက်ဆီးပစ်မယ်"

သူ ကြုံးဝါးလိုက်ပြန်၏။

ချင်စုမင်က ...

"ခုမှတော့ ကြယ်တံခွန်ဂိုဏ်းကို ဖျက်ဆီးပစ်လည်း ပြန်ပြင်လို့ မရတော့ပါဘူး"

ဂူတုံချွမ်မျက်နှာမှာ စိတ်ထိခိုက်ဟန်အထင်းသားပေါ်လွင်နေ၏။

ဂူတုံချွမ်က သက်ပြင်းချရင်း မေးလိုက်လေ၏။

"သမီးအတွက် ငါဘာလုပ်ပေးရမလဲဟင်"

ချင်စုမင်က ...

"သမီးက ရှင့်ကို တစ်ခုပဲ တောင်းဆိုလိုက်တယ်"

ဂူတုံချွမ်က ...

"ဘာများလဲ ... သူလိုချင်တာ ငါရအောင် လုပ်ပေးမယ်"

ချင်စုမင်က ...

"ရှင် ... ရှန်းမုံဂိုဏ်းကထွက်ပြီး အေးအေးဆေးဆေး ဓာတ်မြုပ်နေပါတဲ့"

ဂူတုံချွမ်က ငိုင်ကျသွား၏။

အတန်ကြာမှ ...

“ဗိုက်ထဲရှင်းပြီးတဲ့နောက် ငါစဉ်းစားပါ့မယ်”

သူသည် မယုတ်မလွန် ဖြေလိုက်သည်။

ချင်နုမင်က မဲ့လိုက်ပြီး ...

“ဟွန်း ... ရှင်က ကုစရာဆေးမရှိတော့ပါဘူး၊ သမီးကြောင့်သာ ရှင့်ကိုလာတွေ့တာ၊ တကယ်ဆိုရင် ရှင့်ကို သူသေကိုယ်သေ တိုက်ခိုက်ပစ်ချင်တာရှင့်”

သူမသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

ဂူတုံချွမ်မှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

လှမ်းခေါ်မည်ပြုသောအခါ ချင်စုမင်မှာ အဝေးသို့ ရောက်ရှိသွားပြီဖြစ်ပါသည်။

တုံချွမ်မှာ ငေးငိုင်နေမိ၏။

သူ၏ တစ်ကိုယ်လုံး၌ အင်အားများ ပျောက်ကွယ်သွားပြီး နုံးချိနေသည်ဟု ခံစားလိုက်ရသည်။

သူ၏ ရုပ်သွင်မှာလည်း ချက်ချင်းပင် လူအိုကြီးတစ်ယောက်လို အိုစာသွားသည်။

မည်မျှကြာအောင် ရပ်နေမိသည်မသိ။

ဆိုက်ခတ်လာသော လေကြောင့် တစ်ကိုယ်လုံး အေးစက်နေသည်ကို ခံစားမိပြီးသတိဝင်လာသည်။



ဂူတုံချွမ်မှာ လာစဉ်က ပေါ့ပါးသွက်လက်လှသလောက် အပြန်ခရီးတွင်မူ ခြေလှမ်းများ လေးလံနေသည်။

သူ၏ရင်ထဲ၌ ရည်ရွယ်ချက်များ ကင်းမဲ့နေသည်ဟု ခံစားလိုက်ရသည်။

တစ်ခါမှမဝင်ဖူးသော အတွေးများကလည်း ရင်ထဲသို့ ဝင်လာ၏။

သူသည် ဇနီးသည်မှအပ ခင်မင်စရာ ဆွေမျိုးမရှိခဲ့ပေ။

ယခု သူ့၌ သမီးတစ်ဦးရှိသည်ဆိုသဖြင့် ဝမ်းသာရ၏။

သို့သော် သူ၏သမီးမှာလည်း ကြယ်တံခွန်ဂိုဏ်း၏ ရက်စက်ယုတ်မာမှုကို ခံခဲ့ရသည်။

ယင်းသို့ ဖြစ်ရခြင်းမှာ မိမိတာဝန် မကင်းဟု ခံစားရင်း တဖြည်းဖြည်း စိတ်ထဲ၌ နာကျင်လာသည်။

ပထမဆုံးအကြိမ်အဖြစ် မိမိကိုယ်မိမိ ဆန်းစစ်မိလာလေသည်။

ဂူတုံချွမ်မှာ သူမည်ကဲ့သို့ တောင်ပေါ်မှ ဆင်းလာပြီး မိမိအခန်းသို့ ပြန်ရောက်လာမှန်း မသိပါ။

သူ၏ခေါင်းထဲ၌ အတွေးများကသာ ရှုပ်ထွေးနေသည်။

တွေးရင်း တွေးရင်း မိုးလင်းခါနီးမှ မှေးခနဲ တစ်ချက် အိပ်ပျော်သွားလေတော့သည်။

❋ ❋ ❋

## အခန်း(၆၄)

# ကြွေးဟောင်းကြွေးသစ် ဈေးမဆစ်ရ

ရှန်းမုံဂိုဏ်း ဖွင့်ပွဲနေ့ . . . ။

ဤနေ့သည် ငါးလပိုင်း ငါးရက်နေ့ ဖြစ်သည်။

ရှန်းမုံဂိုဏ်းဖွင့်ပွဲ အခမ်းအနား ကျင်းပမည့်နေ့ပင် ဖြစ်ပါသည်။

နံနက်စောစောပင် ရှိသေးသော်လည်း ဧည့်သည် သိုင်းသမားများမှာ စင်မြင့်ရှေ့ဘက် မဏ္ဍပ်များတွင် နေရာဝင်ယူနေကြပြီ ဖြစ်ပါသည်။

အေးစိမ့်နေသော တောင်ကြားကလေးမှာ နေရောင်ခြည်ကျရောက်လာသဖြင့် နွေးထွေးပြီး သက်သောင့်သက်သာ ရှိလာပေသည်။

စင်မြင့်၏ အရှေ့ဘက်တည့်တည့် မဏ္ဍပ်မှာ ဧည့်သည် သိုင်းသမားများအတွက် မဟုတ်ပါ။

ရှန်းမုံဂိုဏ်း၏ မဟာမိတ်၊ ကျူးယင်ဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းတို့အတွက် ဖြစ်သည်။



ထိုမဏ္ဍပ်၌လည်း လူစုံနေပြီ ဖြစ်သည်။

မဏ္ဍပ်ထဲ၌ ကျူးယင်ဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းမှာ ခွဲခြား၍ ထိုင်နေကြ၏။

ကျူးယင်ဂိုဏ်းက ဘယ်ဘက်ခြမ်း၌ ထိုင်ပြီး ကြယ်တံခွန်ဂိုဏ်းက ညာဘက်ခြမ်း၌ ထိုင်နေကြသည်။

ကျူးယင်ဂိုဏ်း၏ ရှေ့ဆုံးခုံတန်းတွင် မေစုက ထိုင်နေပြီး သူမ၏ ဘေးတစ်ဖက်တစ်ချက်၌ လိကျိုရှိ။

ကော့ထင်းတု။

စင်စင်စန်း။

ဝမ်ပင် အစရှိသည့် ဌာနမှူး လေးယောက်နှင့် စက်ဝိုင်းချွန်တို့ကပါ ထိုင်နေကြသည်။

ကြယ်တံခွန်ဂိုဏ်း၏ ရှေ့ဆုံးခုံတွင်မူ စင်ချူကျူက ထိုင်နေ၏။

ထုံးကော့ချူကိုမူ မတွေ့ရချေ။

ဂိုဏ်းနှစ်ဂိုဏ်းပေါင်း အင်အားစုစုပေါင်းမှာ ၂၀၀ ခန့်သာ ရှိသည်။

ထိုဂိုဏ်းနှစ်ဂိုဏ်းကိုကြည့်လျှင် သိုင်းပညာအဆင့်မြင့်များ ရှိသော်လည်း နည်းပါးလှကြောင်း တွေ့ရလေ၏။

ထိုမဏ္ဍပ်၏ ဘယ်ဘက်မဏ္ဍပ်မှာ သိုင်းလောကသား နာမည်ကျော်များက စုရုံးထိုင်နေကြ၏။

အားလုံးပေါင်း ၁၀၀ ခန့်ရှိသည်။

ရှေ့ဆုံးခုံတန်း၌ ခေါင်းဆောင်အဖြစ် ဖန်းပင်က နေရာယူထားသည်ကို တွေ့ရသည်။

သူ၏ဘေး၌ ပိုင်စုယီနှင့် ရှင်ဝင်လန်တို့က ထိုင်နေကြသည်။

မဏ္ဍပ်သုံးခုအနက် လူအနည်းဆုံး မဏ္ဍပ်တစ်ခုပင် ဖြစ်ပါ၏။

ကျူးယင်ဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းမဏ္ဍပ်၏ ညာဘက်မဏ္ဍပ်မှာမူ အသံများ ဆူညံလျက်ရှိ၏။

ထိုမဏ္ဍပ်မှာ လူအများဆုံးပင် ဖြစ်သည်။

အားလုံးပေါင်း ၅၀၀ ကျော်ခန့် ရှိသည်။

ထိုမဏ္ဍပ်တွင် ခေါင်းဆောင်ထိုင်နေသူဟူ၍ မရှိပါ။

အဘယ့်ကြောင့်ဆိုသော် ထိုမဏ္ဍပ်အတွင်းရှိ လူများသည် သာမန် သိုင်းလောကသားများဖြစ်သောကြောင့်တည်း။

အားလုံးလိုလိုမှာ စင်မြင့်နှင့် ခင်းကျင်းထားသည်တို့ကို လည်းကောင်း၊ အခြားမဏ္ဍပ်များသို့ လည်းကောင်း လက်ညှိုးညွှန်ကာ တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြလေ၏။

အခမ်းအနား ကျင်းပရာ စင်မြင့်၌ လူတစ်ဦးတစ်ယောက်မျှ မရောက်သေးချေ။

စင်မြင့်ရှေ့တည့်တည့် အိုးကြီးထဲတွင် အမွှေးတိုင်များ ထွန်းထားသည်။

စင်မြင့်ပေါ်၌ လှပသော ပန်းများ၊ သစ်သီးဝလံများ၊ လက်နက်များ ခင်းကျင်းထားလေ၏။

သိုင်းလောက၌ နာမည်ကျော်ကြားနေပြီး လူကိုမူ မမြင်ဘူးသေးသော ရှန်းမုံဂိုဏ်းချုပ် ကုစပြောင်ကို မြင်ရတော့မည် ဖြစ်သည်။

အားလုံးက အခမ်းအနား ကျင်းပပွဲကို စောင့်စားမျှော်လင့်နေကြသည်။



ထိုစဥ် ဖန်းပင်တို့ရှိရာ မဏ္ဍပ်ဆီသို့ လူသုံးဦး ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုလူသုံးဦးမှာ ကောင်းထိုက်၊ ဝါဂူနှင့် ဘာဘာကျူထုံတို့ပင် ဖြစ်ပါသည်။

ကောင်းထိုက်က မဏ္ဍပ်အတွင်း တစ်ချက် အကဲခတ်ကြည့်လိုက်၏။

ယင်ယင်အား မတွေ့ရချေ။

ထို့ကြောင့် မျက်မှောင်ကြုတ်သွားပြီး စိတ်ပျက်သွားဟန်လည်း ပေါ်လာလေသည်။

ဖန်းပင်မှာ ကောင်းထိုက်တို့ ရောက်လာသဖြင့် ခေါင်းဆောင်နေရာကို လွှဲပြောင်းပေးလိုက်၏။

သို့သော် ကောင်းထိုက်တို့က မယူဘဲ ငြင်းပယ်လိုက်ပြီး နံဘေးတွင်သာ ဝင်ထိုင်လိုက်ကြလေသည်။

ကောင်းထိုက်က ရှင်ဝင်လန်ကို တွေ့သွားသောအခါ ...

“ချန်မင်မင် ယင်ယင်နဲ့ အတူလိုက်သွားတာ မလာကြသေးဘူးလား”

ဟု မေးလိုက်လေသည်။

ရှင်ဝင်လန်မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ပြီးမှ ...

“သမီးက ဘာဖြစ်လို့ ယင်ယင်နဲ့အတူ လိုက်သွားတာလဲ၊ ကျွန်မတောင် မသိပါလား”

ဟု ပြန်မေးလိုက်လေ၏။

ဝါဂူက ဝင်ပြောလိုက်၏။ ထိုအကြောင်းကို ကောင်းထိုက်သိမည် မသိမည် ဝါဂူ မသိချေ။

"ယင်ယင်ကို ဝါထင်းဟုန်က ရှာနေတယ် မဟုတ်လား၊ ဒါကြောင့် ယင်ယင်ကို ပြေးမရအောင် သူပါလိုက်သွားတာနဲ့ တူပါတယ်"

ဟု ဝင်ပြောလိုက်၏။

ရှင်ဝင်လန်မှာ တွေဝေသွား၏။

သိုင်းလောကကိစ္စမှန်သမျှ ဝါမိသားစုထံ သွားရောက်စုံစမ်းလျှင် သိရှိနိုင်၏။

သို့သော် ယင်ယင့်အကြောင်းကိုမူ မသိနိုင်ပါ။

ထို့အပြင် ယင်ယင်သည် ယခုတလော အန္တရာယ်များနေ၏။

ထို့ကြောင့် ယင်ယင်နှင့်အတူရှိနေသော သမီးအပေါ် အန္တရာယ်ကျလာလေမည်ကိုလည်း တွေးပူလာသည်။

ကောင်းထိုက်က ညည်းညူလိုက်လေ၏။

"ဒုက္ခပါပဲ … ယင်ယင်က ကျူးယင်ဂိုဏ်းနဲ့ ချိန်းထားတာ မလာရင်တော့ …"

ဝါဂူက သိလိုက်၏။

တစ်ဦးသည် သမီးဖြစ်သူအတွက် အန္တရာယ်ကို စိုးရိမ်နေပြီး ကျန်တစ်ဦးကလည်း ယင်ယင် အချိန်မီ မလာမှာကို စိုးရိမ်နေသည်။

ထို့ကြောင့် သူက ပြုံးလိုက်ပြီးပြောလိုက်သည်။

"ဘာမှပူမနေကြပါနဲ့ဗျာ၊ ချန်မင်မင်ဟာ ဉာဏ်ကောင်းပါတယ်၊ ယင်ယင်ကို သူစိတ်ပြောင်းလာအောင် တတ်နိုင်ပါတယ်"



ရှင်ဝင်လန်က စိုးရိမ်စိတ်ဖြင့် ပူပန်စွာပြောသည်။

"ခုထိမရောက်သေးဘူးဆိုတော့ လမ်းမှာ ရန်သူနဲ့တွေ့နေပြီလားမသိဘူး"

ဝါဂူက နှစ်သိမ့်လိုက်၏။

"ကိစ္စမရှိပါဘူး၊ ချန်မင်မင်ရယ်၊ ယင်ယင်ရယ် နှစ်ဦးပေါင်းတိုက်ခိုက်ရင် တော်ရုံ ရန်သူလက်ထဲက ကောင်းကောင်းထွက်လာနိုင်ပါတယ်"

ထိုစဉ် ခေါင်းလောင်းသံ ထွက်ပေါ်လာ၏။

"ဒေါင် … ဒေါင်"

ဆယ့်နှစ်ချက်တိတိ ဖြစ်သည်။

မွန်းတည့်ချိန်သို့ ရောက်ရှိလာပြီဖြစ်သည်။

အားလုံး ဆူညံသံများ ငြိမ်ကျသွားလေသည်။

ထိုစဉ် နန်းတော်နှင့်တူသော အဆောက်အအုံတံခါး ပွင့်သွားပြီး ဝတ်စုံဖြူ ဝတ်ဆင်ထားသော လူများ နှစ်တန်းခွဲ၍ တန်းစီထွက်လာကြလေသည်။

ထိုအဖြူရောင် ဝတ်စုံနှင့်လူများသည် ကော်ဇောတစ်လျှောက် နန်းတော်မှ စင်မြင့်ဆီသို့ လျှောက်သွားပြီး ကော်ဇော၏ ဘေးတစ်ဖက်တစ်ချက်၌ ရပ်နေကြသည်။

စင်မြင့်နှင့် နန်းတော်မှာ ပေ ၁၀၀၀ ခန့်ကွာဝေး၏။

အဖြူရောင် ဝတ်ဆင်ထားသော သူများမှာ တစ်ဦးနှင့်တစ်ဦး ငါးပေခန့်ခွာကာ တန်းစီထားသဖြင့် နှစ်တန်းပေါင်း လူလေးရာခန့်ရှိပေသည်။

အားလုံးလိုလို ခါးတွင် ဓားများချိတ်ဆွဲထားကြသည်။

သူတို့၏ လှုပ်ရှားမှုမှာ တိကျသည်။

စည်းကမ်းသေဝပ်သော ဂိုဏ်းသားများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ထိုစဉ် ခေါင်းလောင်းသံနှစ်ချက် ထပ်မံထွက်ပေါ်လာသည်။

နန်းတော်နှင့်တူသော အဆောက်အအုံထဲမှ ခန္ဓာကိုယ် ထွားကျိုင်းသော အနက်ရောင်ဝတ်စုံ ဆင်တူ လူနှစ်ဆယ်ခန့်ထွက်လာ၏။

ထို့နောက် ခရမ်းရောင် ဝတ်စုံဆင်တူ ၁၀ ဦးခန့် ထွက်လာသည်။

သူတို့အားလုံးမှာ စင်မြင့်ရှေ့ဘက်၌ ဘယ်ညာခွဲကာ ရပ်နေကြသည်။ အားလုံးသည် တရုတ်နန်းတွင်း ဇာတ်ပွဲကဲ့သို့ ဖြစ်နေလေ၏။

အားလုံးထဲ၌ ခရမ်းရောင်ဝတ်ဆင်ထားသူများသည် အသက်ကြီးသူများ အများဆုံးပါဝင်၏။

ထို့အတူ အားလုံးလိုလို အဆင့်မြင့် သိုင်းသမားများဖြစ်ကြောင်း သိသာလှပေသည်။

တန်စုမင်က...

"ရှန်းမုံဂိုဏ်းဖွင့်ပွဲက တယ်ခမ်းနားပါလား"

ဟု ချီးမွမ်းလိုက်၏။

ဝါဂူ နှာခေါင်းရှုံ့ရင်း ရွတ်ချလိုက်၏။

"ဒါလေးများ ဘာများခမ်းနားလို့လဲ၊ နတ်အလံဂိုဏ်းလောက်ပဲ ရှိပါတယ်"



ကောင်းထိုက်က တွေးတွေးဆဆ ပြောသည်။

"အင်း... ဒီရာစုနှစ်အတွင်းမှာ သိုင်းလောကမှာအဖြူနဲ့အမည်းတိုက်ပွဲဖြစ်ခဲ့တာ သုံးကြိမ်ရှိခဲ့ပြီ"

ဖန်းပင်က ခေါင်းညိတ်လိုက်ပြီး ဝေဖန်ပိုင်းခြားပြလေ၏။

"ဟုတ်တယ်... ဒါပေမယ့် ရှန်းမုံဂိုဏ်းကို အထင်သေးလို့မရဘူး၊ ခရမ်းရောင်ဝတ်စုံနဲ့ လူတွေကို သတိထားရမယ်၊ ကျန်တဲ့လူတွေကတော့ ဒီလောက် ကြောက်စရာမကောင်းဘူး၊ ဘာပဲပြောပြော ရှန်းမုံဂိုဏ်းဟာ အင်အားကြီးမားတာတော့ အမှန်ပါပဲ"

တဂူက ဝင်ပြောလိုက်သည်။

"တော်တော် စိတ်ဓာတ်ကျစရာ မပြောနဲ့၊ ဒီကောင်တွေကို သုတ်သင်ဖို့ပဲ အရေးကြီးတယ်၊ သူတို့ကို အထင်ကြီးစကား မပြောစမ်းပါနဲ့ဗျာ"

ထိုစဉ် ခေါင်းလောင်းသံတစ်ချက် ထပ်ကြားလိုက်ပြန်လေ၏။

ခေါင်းလောင်းသံအဆုံး၌ အဆောက်အအုံအတွင်းမှ တေးသွားသီးမှုတ်သော လူတစ်စု ထွက်လာ၏။

သူတို့အနောက်မှ အဝါရောင်ဆင်တူ မိန်းမငယ်ဆယ်ယောက်ခန့် လိုက်ပါလာသည်။

သူတို့နောက်၌ အကျီအနီရောင် ဝတ်ဆင်ထားသော လူတစ်ယောက် ထွက်လာသည်။

ထိုလူမှာ ရှန်းမုံဂိုဏ်းချုပ် ကုစုပြောင်ပင် ဖြစ်ပါသည်။

အားလုံးက ကုစုပြောင်အား စိတ်ဝင်တစားနှင့် ကြည့်လိုက်ကြ၏။

ကုန်းမြောင်နောက်မှ ကပ်လျက် ဒုဂိုဏ်းချုပ် ဂူတုံချွမ်ကလိုက်ပါလာလေ၏။

ပြီးမှ ...

အတိုးအို ဆယ်ယောက်ခန့်က လိုက်ပါလာလေတော့သည်။

ကျူထုံမှာ တိုအတိုးအိုများ ထွက်လာသည်ကို တွေ့သောအခါ မျက်နှာပျက်သွားသည်။

သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး ညည်းညူမိသည်။

"အင်း ... ဒီလူတွေ မသေသေးပါလား၊ ဒါဆိုရင်တော့ သိုင်းလောက ကပ်ဆိုက်တော့မှာပဲ"

ဖန်းပင်က မျက်မှောင်ကြုတ်သွားပြီး မေးသည်။

"ဘယ်သူ့ကို ပြောတာလဲ"

ကျူထုံက ...

"ဂူတုံချွမ်နောက်က ဒုတိယလူရယ်၊ ပဥ္စမလူရယ်၊ ဆဋ္ဌမလူရယ် သုံးယောက်ပေါ့"

ဟု ညွှန်ပြလိုက်၏။

ဖန်းပင်က ထိုလူများအား အကဲခတ်ကြည့်လိုက်သည်။

ထိုလူများမှာ ဒုက္ခိတများဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဖန်းပင်က အံ့သြသွားပြီး ပြန်မေးသည်။

"ဒီသုံးယောက်စလုံးက ဒုက္ခိတတွေပါလားဗျ"

ကျူထုံက ရှင်းပြသည်။

"ဟုတ်တယ်၊ သူတို့က မွေးရာပါ ဒုက္ခိတတွေပဲ၊ သိုင်းပညာအဆင့်မြင့်သလောက် သိပ်ပြီး ရက်စက်ကြမ်းကြုတ်တယ်၊ သူတို့



အားလုံး သေကုန်ပြီဆိုတဲ့ သတင်းကို ကြားခဲ့ရဖူးတယ်၊ သူတို့မသေတာ ပြဿနာပဲ၊ သေသွားရင် သိုင်းလောကမှာ ပြဿနာမပေါ်တော့ဘူးပေါ့၊ ခုတော့ ..."

တန်စုမင်မှာ ထိုစကားကြားသောအခါ ရင်ထဲ၌ ပို၍ လေးလံသွားလေ၏။

ယခုအခြေအနေအရ ရှန်းမုံဂိုဏ်းသည် အဆင့်မြင့်သိုင်းသမားအင်အား မနည်းလှပေ။

အကယ်၍ တိုက်ပွဲဖြစ်ပွားပါက အထက်လမ်းသိုင်းသမားများအတွက် မလွယ်ဟုလည်း တွေးမိသွားသည်။

"အင်း ... ဝါမိသားစုကလူတွေလည်း မလာကြသေးဘူး၊ သူတို့ လာမှဖြစ်တော့မယ်"

သူသည် ဝါမိသားစုဝင်များကို တမ်းတလိုက်မိသည်။

ရှင်ဝင်လန်က နှစ်သိမ့်လိုက်လေ၏။

ဝါမိသားစုဟာ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး၊ သူတို့မှာ သီးခြားအစီအစဉ်ရှိနိုင်ပါတယ်"

ပိုင်စုယီက ထွက်လာသော လူများကို အကဲခတ်ကြည့်ရင်း ...

"ခုထက်ထိ ရှန်းမုံဂိုဏ်းက လင်းရှန်ကို မတွေ့သေးဘူး၊ သူ့အဆင့်အရဆိုရင် ဂူတုံချွမ်နောက်က ထွက်လာရမှာပဲ၊ ခု သူ ဘယ်ရောက်နေသလဲ မသိဘူး"

ဟု တီးတိုးရေရွတ်မိ၏။

ထိုစဉ်မှာပင် ကုစုပြောင်တို့ လူစုသည် ကော်ဇောအတိုင်း လျှောက်သွားပြီး စင်ပေါ်သို့ တက်သွားကြသည်။

အဝါရောင်ဆင်တူ လူငယ်မိန်းမငယ်များက လေ့ကားထစ်၌ ဘယ်ညာခွဲ၍ ရပ်နေလိုက်ကြသည်။

လူအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်သွား၏။

အခမ်းအနားဖွင့်ပွဲကိုသာ အာရုံစူးစိုက်နေကြသည်။

ထိုအခိုက် စင်ရှေ့၌ စီတန်းနေကြသော ငယ်သားများက ကြွေးကြော်ပြီး ဒူးထောက်အလေးပြုလိုက်ကြသည်။

ကုစုပြောင်က အလေးပြုခြင်းကိုခံယူပြီးနောက် လက်တစ်ဖက် ထောင်လိုက်ပြီး ...

"အားလုံး သက်သာသလိုနေပါ"

ဂိုဏ်းသားများက ဒူးထောက်ရာမှ ထလိုက်ကြသည်။

သူတို့၏ လှုပ်ရှားမှုမှာ ညီညာ၏။

စနစ်ကျလှသည်။

ကုစုပြောင်က စင်မြင့်ရှေ့သို့ တိုးလာပြီးနောက် အောင်မြင်သော အသံဖြင့် စတင်ပြောကြားလေတော့သည်။

"ကျုပ်တို့ ရှန်းမုံဂိုဏ်းဖွင့်ပွဲကို ကြွရောက်လာတဲ့ သိုင်းလာက သား အကျော်အမော်များကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

မေစုကလည်း မဏ္ဍပ်ထဲမှ ထရပ်လိုက်ပြီး ခွန်းတုံ့ပြန် နှုတ်ဆက်လိုက်၏။

"ခုလို ရှန်းမုံဂိုဏ်းဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ရတာ ကိုပဲ ဂုဏ်ယူမဆုံးပါဘူးရှင်"

ကုစုပြောင်က လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး ...

ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်"



ကြယ်တံခွန်ဂိုဏ်းမှ စစ်ချူကျူကလည်း ထရပ်လိုက်ပြီး ...

"ခုလို အခမ်းအနားတက်ခွင့်ရတာ ဝမ်းသာပါတယ်၊ ရှန်းမုံ ဂိုဏ်း အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းလိုက်ပါတယ်"

သူက အလေးအနက်ပြောလိုက်၏။

ကုစုပြောင်ကလည်း ကျေးဇူးတင်စကား ပြောလိုက်ပြန်သည်၊

ရှင်ဝင်လန်က ဖန်းပင်အား ကြည့်ရင်း ပြောသည်။

"ကျုပ်တို့အထဲကလည်း ရှင်ပဲပြောလိုက်ပါ"

ဖန်းပင်က မတ်တတ်ထရပ်လိုက်ပြီး ...

"ခုလို ရှန်းမုံဂိုဏ်းရဲ့ ကြီးကျယ်လှတဲ့ အခမ်းအနားကို တက် ရောက်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်၊ အထက်လမ်း သိုင်း သမားများကိုယ်စား မင်္ဂလာစကား နည်းနည်း ပြောပါရစေလား ခင်ဗျာ"

ဟု ခွင့်ပန်လိုက်၏။

ကုစုပြောင်က ...

"ပြောပါဗျာ ... ပြောပါ"

ဖန်းပင်က ...

"သိုင်းလောကဟာ တည်ငြိမ်ခဲ့တာကြာပါပြီ၊ ဒီတော့ လှုပ်ရှား မှုများ သွေးထွက်သံယိုမှုများ မပေါ်ပေါက်စေချင်ပါဘူး၊ ခင်ဗျားတို့ ရှန်းမုံဂိုဏ်းဟာလည်း တရားမှုတစွာနဲ့ လူအများကောင်းကျိုးကို တစ်တပ်တစ်အား ပါဝင်သယ်ပိုးဆောင်ရွက်မယ်ဆိုရင် သိုင်းလောက သားများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြမှာပါ"

ကျူးထုံကလည်း ထလိုက်ပြီး ရောယောင် ထောက်ခံလေ၏။

"မင်းပြောတဲ့ စကားဟာ အမှန်ကန်ဆုံးပါပဲ"

ကုစုပြောင်မှာ ကျူးထုံအား တွေ့မြင်သွား၏။

"ဟင် ... ဒီလူလည်း ရောက်နေပါလား"

ကျူးထုံက မဏ္ဍပ်အတွင်းမှ စင်မြင့်ရှေ့သို့ လျှောက်လာသည်။

ထိုစဉ် စင်မြင့်ပေါ်မှ အသံတစ်သံ ထွက်ပေါ်လာ၏။

"လူပုကြီး မင်းနေရာ မင်းမနေဘဲ ဒီကိုလာဖို့မကောင်းဘူး"

ထိုအသံကို အားလုံးက ပီပီသသ ကြားလိုက်ရသည်။

ပြောလိုက်သူမှာ ဒုက္ခိတတစ်ဦးပင် ဖြစ်သည်။

ကျူးထုံက ရယ်မောရင်း သူက ရန်စကားပြောလိုက်၏။

"ဘယ်သူများလဲလို့ ... ဒုက္ခိတပါလား၊ မင်း မသေသေးဘူးလား"

လောကရှိ လူသားများ၌ အစွဲတစ်ခုရှိသည်။ ထိုအချက်မှာ သူတို့၏ အားအနည်းဆုံး အချက်အား လှောင်ပြောင်ခေါ်ဝေါ်ခြင်းအာ။

ပုသော လူသော လူပု ...။

အရုပ်ရှည်သော လူအား ထန်းပင်။

မျက်စိတစ်ဖက်မကောင်းသူအား ငရမာန်။

အိုနာကျိုးကန်း တစ်ခုခုဖြစ်သူအား ဒုက္ခတိ။

စသည် ... စသည် ခေါ်ခြင်းမျိုး ဖြစ်သည်။

ယခုလည်း ကျူးထုံက ဒုက္ခိတဟုခေါ်သောအခါ ဒေါသ အမျက်ခြောင်းခြောင်း ထွက်လာလေတော့သည်။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ...



"အေး ... မင်းလည်း ဒုက္ခိတအရသာကို ခံစားချင်သလား"

ဟု အေးစက်စွာ မေးလိုက်၏။

ကျူးထုံမှာ ထိုဒုက္ခိအား အရင်ရှင်းပစ်ရန် စိတ်ကူးထား၏။

သို့မှသာ အကယ်၍ တိုက်ပွဲဖြစ်ပွားလျှင် ဖန်းပင်တို့ သက်သာမည်ဟု တွေးမိ၏။

ထို့ကြောင့် သူက ထပ်မံဆွပေးလိုက်ပြန်သည်။

"မင်းက ငါနဲ့တိုက်ခိုက်ဖို့ တန်လို့လား၊ အင်္ဂါမစုံတဲ့လူတွေကို ငါက အနိုင်ကျင့်နေသလို ဖြစ်နေဦးမယ်၊ မင်းပေါင်းစုံတဲ့ပွဲမှာ ငါ အရှက်မရပါစေနဲ့ကွာ"

ဒုက္ခိတမှာ အကြီးအကျယ် ဒေါသထွက်လာလေတော့၏။

စင်အောက်သို့ လွှားခနဲခုန်ဆင်းလာပြီး ကျူးထုံရှေ့သို့ ရောက်လာလေသည်။

ဒုက္ခတိတစ်ဦး၏ လျင်မြန်သော လှုပ်ရှားမှုကို တွေ့သောအခါ အားလုံးက အံ့အားသင့်သွားကြသည်။

ကျူးထုံမှာလည်း ရင်ထိတ်သွား၏။

ဤသူမှာ ဒုက္ခိတများထဲမှ အမှတ်သုံးဖြစ်၏။

သူပင် ဤမျှအထိ သိုင်းပညာတိုးတက်လာလျှင် ကျန်လူများမှာ ပိုဆိုးတော့မည်ဟု တွက်ဆ၏။

ဒုက္ခိတက ကျူးထုံရှေ့သို့ရောက်လာပြီး လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်၏။

အမှန်စင်စစ် လက်နှစ်ဖက်ဆုပ်ဟန်ဖြင့် အဆိပ်အပ်များ ပစ်လွှတ်လိုက်ခြင်းပင် ဖြစ်သည်။

ကျူးထုံ ထိတ်လန့်သွားပြီး ယပ်တောင်ဖြင့် ကာကွယ်လိုက်ရသည်။

ပြီးမှ ရယ်မောရင်း ပြောလိုက်မိသည်။

"ဒုက္ခိတတွေရဲ့ ဂါရဝတရားကို ကျုပ်က မခံယူရဲဘူးဗျ"

အားလုံးမှာ သူတို့နှစ်ဦး၏ လျှပ်တစ်ပြက် တိုက်ခိုက်မှုကို မမြင်ကြပါ။

တစ်ဦးက ဂါရဝပြုသည်ကို တစ်ဦးက ယပ်တောင်ခတ်ရင်း ငြင်းနေသည်ဟုသာ ထင်ကြသည်။

ဒုက္ခိတမှာ မျက်နှာပျက်သွား၏။

ချက်ချင်းပင် ရှေ့သို့တိုးပြီး တိုက်ခိုက်လိုက်သည်။

ကျူးထုံကလည်း မရှောင်ဘဲ တုံ့ပြန်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ဦး၏ လှုပ်ရှားမှုမှာ မြန်ဆန်လှ၏။

"ဝုန်း....."

ကျူးထုံမှာ နောက်သို့ လွင့်စဉ်ယိမ်းယိုင်သွား၏။

ပါးစပ်မှလည်း သွေးများ ယိုစီးကျလာသည်။

ဒုက္ခိတမှာမူ နဂိုနေရာ၌သာ ရှိနေသည်။

အတန်ကြာမှ ဝမ်းခေါင်းသံဖြင့် ရယ်မောလိုက်ပြီး ...

"မင်းနိုင်တယ်၊ ငါ မင်းကိုချီးကျူးပါတယ်၊ ငါ့အနေနဲ့ မင်းလက်ချက်နဲ့ သေရတာကို ဂုဏ်ယူပါတယ်"

ပြောပြီးသည်နှင့် သွေးများပွက်ခနဲ အန်ကျလာတော့သည်။

ခန္ဓာကိုယ်မှာလည်း ယိမ်းယိုင်ကာ နောက်ဆုံး လဲကျသွားလေတော့၏။



လူအားလုံးမှာ အံ့အားသင့်သွားကြသည်။

အမှန်စင်စစ် သူတို့နှစ်ဦး ယှဉ်ပြိုင်ပါက အနိုင်အရှုံး ခွဲခြားရန် သိုင်းကွက် ၃၀ ခန့် လိုမည်ဖြစ်သည်။

ယခုမူ သိုင်းကွက် တစ်ကွက်တည်းသာ ယှဉ်ပြိုင်ရသောကြောင့် အံ့သြရခြင်းဖြစ်သည်။

ကျူးထုံမှာလည်း အနိုင်အရှုံးအခြေအနေကို တွက်ဆမိ၏။

သူက ရေရှည်ယှဉ်ပြိုင်ရန်အတွက် အချိန်မပေးချင်ပါ။

ထို့ကြောင့် သူသေကိုယ်သေ တစ်ကွက်တည်းဖြင့် စွန့်စားယှဉ်ပြိုင်လိုက်ခြင်းဖြစ်သည်။

ယခု သူနိုင်သည်မှာ မှန်ပါသည်။

သို့သော် သူလည်း ပြင်းထန်သော ဒဏ်ရာရခဲ့သည်။

အားလုံး တုန်လှုပ်နေကြ၏။

ဖန်းပင်တို့လူစုမှာ ထရပ်လိုက်ကြသည်။

ဖန်းပင်က ပြေးထွက်လာပြီး ကျူးထုံအား ဖေးမထားလိုက်၏။

စင်မြင့်ပေါ်မှ ဒုက္ခိတနှစ်ဦးမှာ ဒေါသအမျက်ချောင်းချောင်းထွက်နေကြ၏။

သူတို့က အောက်ဆင်းလာပြီး လဲကျနေသော ဒုက္ခိတကို စစ်ဆေးလိုက်သည်။

"ဟင် ... အမှတ်သုံး ညီလေး သေပြီ"

အမှတ်တစ် ဒုက္ခိတမှာ ပို၍ ဒေါသထွက်သွားသည်။

ကျူးထုံအား မီးထွက်မတတ် မျက်လုံးများနှင့် စိုက်ကြည့်ပြီး တစ်လှမ်းချင်း ရှေ့တိုးလာ၏။

ရှင်ဝင်လန် မနေသာတော့ပါ။

ကျူးထုံနှင့် ဖန်းပင်ရှေ့မှ အကာအကွယ်ပြုထားလိုက်သည်။

ဒုက္ခိတက ...

"မင်းနဲ့မဆိုင်ဘူး ဖယ်ပေးပါ"

ရှင်ဝင်လန်က ဘာမျှပြန်မပြောပါ။

တိုက်ခိုက်လာလျှင် ခုခံရန်အတွက် အသင့်ပြင်ထား၏။

ဒုက္ခိတတစ်ဦးက ရှင်ဝင်လန်ကို ကျော်ဖြတ်သွားဟန်ပြင်လိုက်၏။

ဝါဂူ၊ ကော်င်းထိုက်တို့လည်း မနေသာတော့ပါ။

ထိုဒုက္ခိတ၏ သွားလမ်းကို ပိတ်ဆို့ထားလိုက်သည်။

အခြေအနေမှာ တင်းမာလာ၏။

မလွဲမရှောင်သာသော တိုက်ပွဲဖြစ်ပွားရန် အစပျိုးလာခြင်းဖြစ်ပါသည်။ တကယ်တိုက်ပွဲဖြစ်ရန် ဤအခြေအနေမျိုး လိုအပ်၏။

ကုစုပြောင်မှာ သက်ပြင်းချလိုက်၏။

အခမ်းအနားမှာ စတင်ကာစ ရှိသေး၏။

မတိုက်ခိုက်လိုသေးပ့ါ။

ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ဤသို့ ဆုံးဖြတ်ရသည်မှာ မလွယ်ပါ။

"အားလုံး ပြန်လာကြပါ"

သူက အမိန့်ပေးလိုက်၏။

ဒုက္ခိတများမှာ တိုက်ခိုက်ရန် ဟန်ပြင်နေရာမှ ကုစုပြောင်၏ အမိန့်ကြောင့် ရပ်တန့်သွားသည်။



ကုစုပြောင်က ဆက်ပြောလိုက်၏။

"အခမ်းအနားဖွင့်ပြီးပြီးတာနဲ့ ကြွေးဟောင်း ကြွေးသစ်တွေ ...စ်ပါတည်း ရှည်းပါ့မယ်"

ထိုစကားကြားသောအခါ ဒုက္ခိတများက နောက်ပြန်လှည့်လာ၏။

သူတို့အလောင်းကို ထမ်းကာ စင်ပေါ်သို့ ပြန်တက်သွားကြလေတော့သည်။

ဖန်းပင်တို့လူစုမှာ ကုစုပြောင်၏ စကားကြောင့် ရင်လေးသွားကြသည်။

ကျူးထုံအား ဖေးမကာ ပြန်လာခဲ့၏။

မဏ္ဍပ်အတွင်းရောက်သောအခါ ကျူးထုံအား ပိုင်စုယီက စမ်းသပ်စစ်ဆေးလိုက်၏။

ကျူးထုံ၏ မျက်နှာတစ်ခုလုံးမှာ မည်းနေ၏။

ထို့အပြင် မှုးယစ်ရီဝေနေသည်။

ပိုင်စုယီက အတန်ကြာစမ်းသပ်ပြီးမှ ...

"အတွင်းဒဏ်ရာတော့ မရပါဘူး၊ ဒါပေမယ့် အဆိပ်တော့ ...မိသွားပုံရတယ်"

ဝါဂူက ...

"အစ်မ ကုနိုင်မလား"

ပိုင်စုယီက ...

"အဆိပ်က နည်းနည်းထူးဆန်းတယ်၊ ဖြေဆေး လည်း မပါလာဘူး"

ကောင်းထိုက်က ဝမ်းနည်းသံဖြင့် ပြောလေ၏။

"ဒါဆိုရင် မကုနိုင်ဘူးပေါ့"

ပိုင်စုယိက အတိအကျပြောသည်။

"ပြေဆေးမပါပေမယ့် အပ်စိုက်ပြီးတော့ အဆိပ်ကို ထိန်းထား လို့ရပါတယ်၊ နှစ်ရက်သုံးရက်တော့ ခံနိုင်တယ်၊ ပြီးမှ ဖြေဆေးယူပြီး ဆက်ကုရမှာပေါ့"

ဝါဝူနှင့် ကောင်းထိုက်မှာ ထိုစကားကြားတော့မှ စိတ်သက် သာရာ ရသွားကြလေတော့သည်။

ပိုင်စုယိက ရွှေအပ်ကိုထုတ်လိုက်၏။

ထို့နောက် ကျူထုံ၏ ရင်ဝရှိ သွေးကြောများကို စိုက်ထား လိုက်လေတော့သည်။

❋ ❋ ❋



အခန်း(၆၅)

## မြှောင် အဆိပ်မယ် သုံးဦး

စင်မြင့်ပေါ်မှ အမွေးနံ့သာများမှ ချိုင့်ဝှမ်းတစ်ခုလုံးသို့ သင်း ပျံ့နေ၏။

တေးသံသာများသည် ပြန်လည်တီးမှုတ်နေပြီဖြစ်သည်။

ကုစုပြောင်က စင်ပေါ်၌ ကတိသစ္စာ ခံယူနေ၏။

ထို့နောက် စင်ပေါ်ရှိ ရွှေဖလားထဲသို့ လက်မောင်းသွေးအနည်း ငယ် ဖောက်ထည့်လိုက်သည်။

ကောင်းထိုက်က ယခုမှ စင်ပေါ်သို့ကြည့်လိုက်၏။

စင်မြင့်ပေါ်၌ မည်သည့်အချိန်က ရောက်နေမှန်းမသိသည့် အစိမ်းရောင် အဘိုးအိုတစ်ဦးက ကုစုပြောင်နံဘေး၌ ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူ မည်သူမည်ဝါ ဖြစ်သည်ကိုမူ မသိချေ။

မိမိတို့သာမက ကျူးယင်ဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းတို့ကပါ ထိုလူအား တီးတိုးဝေဖန်နေသည်ကို တွေ့လိုက်ရသည်။

ရှင်ဝင်လန်ကလည်း ထိုလူအားကြည့်ရင်း မျက်မှောင်ကုပ်သွား သည်။

"ဒီလို ဘယ်သူလဲ"

ရှင်ဝင်လန်က မေးလိုက်၏။

ဖန်းပင်က ...

"ကျုပ်လည်း မသိဘူး"

ရှင်ဝင်လန်က ...

"ဒီလူဟာ သိုင်းပညာအဆင့်မြင့်လှချည်လား"

ဝေဖန်လိုက်သည်။

ကောင်းထိုက်က ...

"ဟုတ်ရဲ့လား"

ရှင်ဝင်လန်က မှတ်ချက်ချ၏။

"ဟုတ်တယ် ... ကျွန်မထက်သာတာတော့ အမှန်ပဲ၊ သူ့ကို ယှဉ်နိုင်မယ့်သူဆို ဝါထင်းဟုန်ပဲ ရှိမယ်ထင်တယ်"

ဝါဂူတို့လူစုမှာ ရှင်ဝင်လန်၏ စကားကို မယုံကြည်ကြချေ။

ဝါဂူက အထွန့်တက်သည်။

"ဒီလူ ဒီလောက်မဟုတ်နိုင်ပါဘူး"

ရှင်ဝင်လန်က ပြောချလိုက်သည်။

"ကျွန်မ အမှန်ပြောတာ၊ ရှင်လည်း သူ့ကိုမနိုင်နိုင်ဘူး"

ဝါဂူ မခံနိုင်ချေ။

သူမကျေမနပ်ဖြစ်သွားပြီး ထိုလူအား စိုက်ကြည့်နေလေတော့ သည်။



ကုစုပြောင်က အစိမ်းရောင်ဝတ်ထားသော အဘိုးအိုကို ဂါရဝ တစ်ချက်ပြုလိုက်သည်။

ထို့နောက် လက်မောင်းသွေးဖောက်ထားသော ရွှေဖလားကို ကိုင်မြှောက်ကာ ကြေညာလိုက်လေတော့သည်။

"ဒီနေ့ကစပြီး ရှန်းမုံဂိုဏ်း ဖွင့်လှစ်ပါပြီ၊ ဆက်လက်ပြီး နေရာ အနှံ့ ဂိုဏ်းခွဲများ ဖွင့်လှစ်ပါ့မယ်၊ ဂိုဏ်းသားများ လက်ခံပါ့မယ်"

ထို့နောက် ရွှေဖလားထဲသို့ အရက်အိုးတစ်အိုး လောင်းထည့် လိုက်သည်။

ပြီးမှ စင်မြင့်အောက်ရှိ အရက်အိုးကြီးထဲသို့ သွန်ချလိုက်လေ တော့သည်။

ဂိုဏ်းဖွင့်ပွဲ ကြေညာပြီးစီးခဲ့ပြီဖြစ်သည်။

မကြာမီမှာပင် အခမ်းအနား ပြီးဆုံးတော့မည်ဖြစ်သည်။

အခမ်းအနားပြီးဆုံးသည်နှင့် တိုက်ပွဲများက မလွှဲမသွေ ဖြစ် လာနိုင်၏။

တန်စုမင်မှာ တွေးရင်း တွေးရင်း ရင်ထဲ၌ လေးလံလာသည်။

တန်စုမင်က သက်ပြင်းချရင်း ပြောလိုက်လေ၏။

"ဝါထင်းဟုန် မလာသေးဘူးလား၊ ဒီအဘိုးကြီးကို ယှဉ်ဖို့ လူမရှိဘူး၊ အရေးကြီးတာက ဒီအဘိုးကြီးကို ပြိုင်မယ့်လူ ရှိဖို့ပဲ၊ မရှိဘူးဆိုရင် ကျုပ်တို့ ရှုံးလိမ့်မယ်"

ဝါဂူ နှာခေါင်းရှုံ့လိုက်ပြီး ...

"ကိစ္စမရှိဘူး၊ သူထွက်လာရင်ငါပဲယှဉ်မယ်၊ တစ်သက်မှာ

တစ်ခါ သေရတာပဲ၊ သေရမှာ ကြောက်နေရင် လူဘယ်ဟုတ်တော့မလဲ”

ကောင်းထိုက်က ခေါင်းခါယမ်းလေ၏။

“မင်း အကျိုးမဲ့စကားတွေ ပြောမနေနဲ့”

သူက တားမြစ်လိုက်သည်။

ဝါရူက မကျေမနပ်ဖြင့် ပြောသည်။

“ဘာဖြစ်လို့ ရန်သူလို အထင်ကြီးရတာလဲ”

တန်စုမင်မှာ စိတ်တွင်းမှ တွေးတောနေ၏။

ဝါထင်းဟုန် အဘယ်ကြောင့် မလာရသေးသနည်း။

အဘယ်ကြောင့်များ လျစ်လျူရှုထားရပါသနည်း။

သူတွေးတောမရပါ။

ထို့ကြောင့် ရှင်ဝင်လန်ကို မေးလိုက်သည်။

“ခင်ဗျားက ဝါဂေဟာက ထွက်လာတာဆိုတော့ ဝါထင်းဟုန်ဘယ်မှာရှိသလဲ သိသလား”

ရှဲဝင်လန်က ပြုံး၍ ...

“သူတို့က ဘာမှ ကျွန်မကို မပြောလိုက်ဘူးရှင်”

တန်စုမင် မျက်မှောင်ကြုတ်သွား၏။

သူတို့ စကားပြောဆိုနေချိန်၌ စင်မြင့်အောက်မှ အရက်အိုးထဲသွန်ထည့်ပြီးနောက် ငယ်သားများကို သောက်ခိုင်းလိုက်သည်။

ဂိုဏ်းသား ၇၀ ကျော်မှ သောက်ပြီးချိန်ဝယ် ပထမသောက်သူ အတော်များများမှာ လဲကျကုန်လေသည်။



ကုစုပြောင်မှာ အံ့အားသင့်သွား၏။

အားလုံးသော ဂိုဏ်းသားများမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြကာ အရက်အိုးကို မည်သူမျှ မခပ်ရဲတော့ပေ။

တစ်ခဏချင်းမှာပင် အရက်သောက်ပြီးသူ အကုန်လဲကျသွား၏။

ကုစုပြောင်မှာ မျက်မှောင်ကြုတ်သွား၏။

အိုးထဲမှ အရက်သည် အရက်ပြင်းမဟုတ်ပါ။

ထို့အပြင် သောက်ခဲ့သူများကလည်း တစ်ယောက်လျှင် တစ်ငုံသာ ဖြစ်၏။

အဘယ်ကြောင့် လဲကျသွားရပါသနည်း။

တွေးရင်း တစ်စုံတစ်ယောက်ကို သတိရလာလေသည်။

သူ၏မျက်နှာမှာလည်း ဒေါသကြောင့် နီရဲလာသည်။

ကုစုပြောင် စင်မြင့်ပေါ်မှ မဏ္ဍပ်များဆီသို့ တစ်ချက်ဝေ့ကြည့်လိုက်၏။ မျက်တောင့်နီကြီးဖြင့် ကြည့်ခြင်းဖြစ်သည်။

“မြောင်နယ်ခြားကလူတွေ ရောက်လာပြီကိုး၊ ပုန်းမနေပါနဲ့၊ ထွက်ခဲ့ပါ”

သူက အော်ဟစ်ခေါ်ထုတ်လိုက်သည်။

မှန်သည်။

အဆိပ်ပညာ၌ မြောင်နယ်ခြားမှ လူများကို မည်သူမျှ မမီသည်မဟုတ်ပါလား။ မြောင်နယ်ခြားမှ လူများသည် အဆိပ်ပါရဂူများဖြစ်ကြသည်။

အားလုံးကလည်း မြောင်နယ်ခြားမှ လူများကို စောင့်နေလိုက်ကြသည်။

ထိုစဉ် ကြည်လင်သော မိန်းကလေးအသံ ထွက်ပေါ်လာလေသည်။

"ကုစုပြောင် ... ငါတို့က ဒီဘက်မှာပါ၊ မဏ္ဍပ်ထဲမှာ မဟုတ်ပါဘူး"

အားလုံးက အသလာရာသို့ ကြည့်လိုက်၏။

ကုစုပြောင်းမှာလည်း လှောင်ပြောင်ခြင်း ခံရသဖြင့် ပိုမို ဒေါသထွက်လာသည်။

အသံမှာ နန်းတော်နှင့်တူသော အဆောက်အအုံထဲမှ ဖြစ်သည်။

တစ်ခဏအတွင်း အဆောက်အအုံထဲမှ အသက်သုံးဆယ်ခန့်ရှိ အမျိုးသမီးသုံးယောက် ထွက်လာသည်။

ထိုအမျိုးသမီးမှာ ဝါယင်လုံ၏ မိခင်နှင့် ဂိုဏ်းတူညီမများပင်ဖြစ်သည်။

အားလုံးသော လူများမှာ ထိုအမျိုးသမီးသုံးယောက်ကို တွေ့သောအခါ ထိတ်လန့်သွားကြ၏။

မြောင်နယ်ခြားက အဆိပ်သုံးဖော်ပါလား"

အဆိပ်သုံးဖော်မှ တစ်ဦးက ရယ်မောလိုက်လေ၏။

"ကုစုပြော် .. မင်းရဲ့ နန်းတော်ကို ပထမတုန်းက ဖြိုပစ်မလို့၊ သိပ်လှတော့ နှမြောပြီး မဖြိုဖြစ်တာ၊ ငါတို့ကို ကျေးဇူးမတင်ဘူးလား"



သူတို့သည် ကုစုပြောင်အတွက် ဖြေရခက်သည့် စကားကိုပြောကြသည်။

ကုစုပြောင်မှာ ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

အဆောက်အအုံအတွင်းရှိ အစောင့်များအတွက်လည်း စိုးရိမ်သွားပြီး မေးလိုက်သည်။

"အထဲက အစောင့်တွေကို သတ်ပစ်လိုက်ပြီလား"

အဆိပ်သုံးဖော်အနက် တစ်ဦးက ...

"သူတို့တစ်တွေ စောင့်နေရတာ သနားလို့ ခဏအနားပေးထားလိုက်တယ်၊ ငါတို့က စေတနာနဲ့ပါ"

ကုစုပြောင်မှာ မျက်နှာမည်းလာ၏။

အဆိပ်သုံးဖော်သည် မိမိအား တမင်သက်သက် အရှက်ခွဲနေခြင်းဖြစ်ကြောင်းလည်း ရိပ်မိလိုက်သည်။

ကုစုပြောင်က ...

"မင်းတို့နဲ့ ငါ ဘာမှရန်ငြိုးမရှိဘူးလို့ ထင်ပါတယ်၊ မင်းတို့က သေချင်လို့ ငါ့ကိုရန်စတာပဲ၊ ငါတစ်ခုမေးပါရစေ"

"ဘာများလဲ ..."

"ဒီအရက်အိုးထဲကို မင်းတို့ ဘယ်လိုအဆိပ်ခတ်နိုင်သလဲလို့"

အဆိပ်သုံးဖော်က ထိုစကားကြားသောအခါ ရယ်မောလိုက်ပြီး ...

"ဒါက လွယ်လွယ်လေးပါ၊ ဒီအရက်အိုးထဲ ကို ငါတို့က အဆိပ်လာသုတ်ထားလို့ပဲပေါ့"

ဟု ပြောလိုက်၏။

ကုစုပြောင်က ...

"မဖြစ်နိုင်ဘူး၊ ဒီအရက်အိုးကို မခိုးပ်မခတ်နိုင်အောင် ငါတို့ သေသေချာချာ အစောင့်ချထားတာပဲ"

အဆိပ်သုံးဖော်က ရယ်မောလိုက်၏။

"မယုံလည်း မတတ်နိုင်ဘူး၊ ရှင်တို့အစောင့်တွေ တာဝန်မကျေ လို့ ဖြစ်မှာပေါ့၊ အခု အဆိပ်မိတာ လက်တွေ့ပဲမဟုတ်လား"

သူတို့သည် ပြောရင်း တခစ်ခစ်နှင့် ရယ်နေကြ၏။

ပိုင်စုယီမှာ အဆိပ်သုံးဖော်နှင့် ကုစုပြောင်တို့၏ အခြေအနေ ကိုကြည့်ရင်း အဆိပ်သုံးဖော်အတွက် စိုးရိမ်လာ၏။

ထို့ကြောင့် ဖန်းပင်အား တီးတိုးပြောလိုက်၏။

"အဆိပ်သုံးဖော်ကတော့ ကုစုပြောင်ကို တမင်ရန်စနေပြ ကုစုပြောင်က သူတို့ကို လွှတ်မှာမဟုတ်တော့ဘူး"

ဖန်းပင်က ...

"ကိစ္စမရှိပါဘူး၊ သူတို့အဆိပ်က ရှန်းမုံဂိုဏ်းကလူတွေကို ထိန်းနိုင်ပါလိမ့်မယ်၊ အခုပဲ လူတော်တော်များများ အဆိပ်မိကုန်ပြ ကျန်တဲ့လူတွေကို အဆိပ်နဲ့ မထိန်းချုပ်နိုင်ဘူးလို့ ဘယ်သူက ပြောမှာ ပဲ၊

ပိုင်စုယီက ...

"ရန်သူကို လျှော့တွက်လို့ မရဘူး"

ဖန်းပင်က ...



"သူတို့ ဒုက္ခရောက်ရင်တော့ ငါတို့မနေပါဘူး၊ ဝင်ကူညီပါ ယ်၊ ကုစုပြောင်ဟာ ဘုံရန်သူပဲဥစ္စာ"

သူက ကတိပြုလိုက်သည်။

ကုစုပြောင်မှာ ဒေါသအမျက်ချောင်းချောင်း ထွက်နေ၏။

သူအဖို့ အဆိပ်သုံးဖော်အား အမှုန့်ကြိတ်ပစ်ရန် ဆုံးဖြတ်လိုက် ၏။ အရေးအကြီးဆုံး ဂိုဏ်းဖွင့်ပွဲနေ့တွင်မှ သူအရှက်ခွဲခံသည် ဟုတ်ပါလော။

သူသည် နောက်မှ အဘိုးအို သုံးယောက်ကို လက်ဖြင့်ဝေ့ယမ်း ရင်း အချက်ပေးလိုက်၏။

အဘိုးအိုသုံးယောက်မှာ ကုစုပြောင်အား အရိုအသေပြုကာ င်မြင့်ပေါ်မှ ဆင်းလာ၏။

အဆိပ်သုံးဖော်ကလည်း သိုင်းကွက်ခင်းလိုက်ကြသည်။

တိုက်ပွဲကြီး မလွဲမသွေ ဖြစ်ပေါ်ပေတော့မည်။

အဘိုးအိုသုံးယောက်မှာ လှေကားတစ်ဝက်ခန့်သာ ဆင်းရသေး သည်။

ထူးဆန်းစွာ ခွေယိုင်လဲကျသွားလေတော့၏။

အဘိုးအိုတစ်ဦးက ကမန်းကတန်း ပြန်ထရန် ကြိုးစားသော် သည်း မတတ်နိုင်ဘဲ လှေကားထစ်အတိုင်း အောက်သို့ တလိမ့်ခေါက် ကွေး ပြုတ်ကျသွားလေတော့သည်။

ထိုအဘိုးအိုသုံးယောက်မှာ အဆင့်မြင့်သိုင်းသမားများ ဖြစ် သည်။

ထို့ကြောင့် အဆိပ်မယ်သုံးဦးအား လွယ်ကူစွာပင် ယှဉ်ပြိုင်နိုင်မည်ဟု ယူဆထားသည်။

သို့သော် စင်အောက်ပင် မဆင်းရသေးမီ သေဆုံးသွားသည့်အတွက် ကုစုပြောင်မှာ ဒေါသပို၍ထွက်သွားရသည်။

မျက်နှာလည်း ပျက်သွားသည်။

အဆိပ်သုံးဖော်ဘက်ကို စိုက်ကြည့်ပြီး ရေ့ခဲတမျှ အေးစက်စွာပြောသည်။

"မင်းတို့ကို ဒီနေ့ မသတ်ရရင် ငါမကျေနပ်ဘူး၊ မသတ်နိုင်ရင် ငါ့ရှန်းမုံဂိုဏ်းကို ဖျက်ပစ်မယ်၊ ဒါ ငါ့ကတိပဲ"

အားလုံးမှာ အဆိပ်သုံးဖော်အတွက် စိုးရိမ်သွား၏။

ကြီးမားသော ရန်မီးတစ်စ စတင်လာသည့်အတွက် ရင်ထဲ၌လေးလံလာကြပေတော့သည်။

အလွန်ပြင်ထန်းသည့် တိုက်ပွဲကြီးတစ်ပွဲ မလွဲမသွေ ဖြစ်လာတော့မည်ဖြစ်ကြောင်း သိလိုက်ကြသည်။

❋ ❋ ❋



အခန်း (၆၆)

## ထိပ်သီးနှစ်ဦး ပြိုင်ပွဲ

ကုစုပြောင်၏ မျက်နှာမှာ မည်းပုတ်နေ၏။

သူသည် မတ်တတ်ရပ်ရင်း စဉ်းစားနေသည်။

ကုစုပြောင်က မည်သူ့အား လွှတ်ရမည်ကို စဉ်းစားနေ၏။

ထိုစဉ် အဆိပ်သုံးဖော်က ပြောလိုက်၏။

"ကုစုပြောင် ... မင်းကိုယ်တိုင် လာခဲ့ပါလား၊ ငါတို့ လေ့ကားထစ်တွေမှာ အဆိပ်ဝက်ပါတစ်ခု လုပ်ထားတယ်၊ အားလုံး ဆယ်ထစ်လုပ်ထားတာ၊ မင်းလူတွေအသုံးမကျပါဘူး၊ ငါးထစ်ပဲ ကျော်လာနိုင်တယ်၊ မင်းကော ဘယ်နှစ်ထစ် ကျော်နိုင်မှာလဲ၊ မင်းရဲ့အစွမ်းကြည့်ရအောင် တက်လာခဲ့ပါ"

ကုစုပြောင်မှာ မျက်နှာပျက်သွားသည်။

အတန်ကြာမှ အိမ်းရောင်ဝတ်ထားသော အဘိုးအိုဘက်သို့ လှည့်ကြည့်လိုက်ပြီး တလေးတစား မေးလိုက်၏။

"အစ်ကိုကြီး ... ဒီအတိုင်းဆိုရင် သူတို့ကို အစ်ကိုကြီး ဖမ်းပေးနိုင်မယ်ထင်တယ်"

အဘိုးအိုက ရယ်မောရင်းပြောသည်။ သူသည် အဆိပ်မယ်သုံးဖော်ကို အရေးထားဟန်မတူချေ။

"စိတ်ချပါ၊ ငါဖမ်းပေးပါ့မယ်၊ သူတို့ အဆိပ်ဝက်ပါရဲ့ လျှို့ဝှက်ချက်ကိုကော သိချင်သလား"

ကုစုပြောင်က ဝမ်းသာသွားသည်။ ချက်ချင်းမေးသည်။

"ဟုတ်ကဲ့ ... အစ်ကိုကြီး သိချင်ပါတယ်"

သူကပြန်မေးလိုက်၏။

အဘိုးအိုက ကုစုပြောင်၏ နားဆီသို့ တီးတိုးပြောလိုက်ပြီး လေကားထစ်အတိုင်း ဆင်းသွားတော့သည်။

ကုစုပြောင်မှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျန်ခဲ့၏။

အဘိုးအိုပြောသွားသော စကားမှာ ...

"ကုစုပြောင် ... လေကားပေါ်မှာ ဘာအဆိပ်မှမရှိပါဘူး၊ ရှိရင်မင်းတို့တက်လာကတည်းက သေပြီပေါ့၊ သူတို့က ဆံမျှင်အဆိပ်အပ်နဲ့ တို့လူသုံးယောက်ကို လုပ်ကြံလိုက်တာပဲ"

ဟုပင် ဖြစ်ပါသတည်း။

တတ်လည်း တတ်နိုင်သည့် အဆိပ်မယ်များပါပေ။

အစိမ်းရောင်ဝတ်ထားသော အဘိုးအိုမှာ လေကားထစ်များအတိုင်း ဆင်းလာသည်။

သူ၏လှုပ်ရှားမှုမှာ ပေါ့ပါးသွက်လက်လှသည်။



ဖန်းပင်မှာ အဆိပ်သုံးဖော်အတွက် အခြေအနေမကောင်းတော့နားလည်လိုက်၏။

ထို့ကြောင့် သူက မဏ္ဍပ်အပြင်သို့ ထွက်လိုက်၏။

ဝါဂူနှင့် ရှင်ဝင်လန်တို့လည်း လိုက်ထွက်လိုက်သည်။

ကုစုပြောင်က ဒုက္ခိတနှစ်ဦးကိုပါ လွှတ်လိုက်၏။

ရှင်ဝင်လန်က ဖန်းပင်အား လှမ်းမေးလိုက်၏။

"တို့ဝင်တိုက်ရတော့မလား"

ဤအုပ်စု၌ ဖန်းပင်သည် မဏ္ဍပ်တိုင်ဖြစ်နေ၏။ အားလုံးက သူ့ကို အမေးပြီးမှ လှုပ်ရှားကြသည်။ ဖန်းပင်သည် အခြေအနေအားလုံးကို သိရှိနေသူဖြစ်၍ ထွက်ရမည့်အချိန်၊ ဝင်ရမည့်အချိန်တို့ကို သိရှိသည်။ တိုက်ရမည့်အချိန်၊ ဆုတ်ရမည့်အချိန်တို့ကို သိရှိသည်။

ထို့ပြင် သူ၊ ဝါမိသားစုဝင် ပိုင်ကျွမ်ယိ၏ ညီမဖြစ်နေသည်မဟုတ်ပါလော။

တစ်နည်းတစ်ဖုံအားဖြင့် ဝါမိသားစုနှင့် ဆက်စပ်နေသည်မဟုတ်ပါလား။

ဖန်းပင်က ...

"အချိန်မတန်သေးပါဘူး၊ သူတို့ဟာ မနိုင်ရင်တောင် ထွက်ပြေးမယ်လို့ ထင်တယ်"

ဝါဂူက မကျေမနပ်ဖြင့် ပြောလေ၏။

"ဘာဖြစ်လို့ ကျုပ်တို့က မဝင်ရမှာလဲ"

ဖန်းပင်က ရှင်းပြသည်။

"မလိုအပ်ဘဲ ပြဿနာမတက်စေနဲ့ဦး၊ မင်းစိတ်ကို ထိန်းထား

စမ်းပါ၊ ဒီနေ့ တိုက်ပွဲနဲ့ ရှောင်လွဲလို့ရမှာမဟုတ်ပါဘူး၊ မင်း မတိုက်ချင်ဘူး ဘယ်လောက်ပြောပြော တိုက်ရမှာပဲကွ”

အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုက အဆိပ်သုံးဖော်ရှေ့သို့ ရောက်ရှိလာပြီး အေးဆေးစွာပြောသည်။

“ကဲ … မင်းတို့ အေးအေးဆေးဆေး အဖမ်းခံပါ၊ မင်းတို့ရဲ့ အပြုအမူက အိမ်ရှင်ကို စော်ကားတဲ့ အပြုအမူပဲ”

အဆိပ်သုံးဖော်က အဘိုးအိုအား ကြည့်လိုက်ပြီး ပြန်မေးလေ၏။

“ရှင်က ဘယ်သူလဲ”

အဘိုးအိုက ပြုံး၍ …

“ငါ့နာမည်ကြားရင် မင်းတို့ လန့်သေသွားမယ်၊ ဒီတော့ မပြောတာပဲကောင်းပါတယ်၊ မင်းတို့ လန့်သေမှာစိုးလို့ပဲ၊ မင်းတို့ အေးအေးဆေးဆေး အဖမ်းခံ …”

အဆိပ်သုံးဖော်က ခံပြင်းသွားလေ၏။

“ရှင်က သိပ်ကြီးကျယ်ပါလား”

“ကျုပ်က မင်းတို့ အဆိပ်ဝင်္ကပါကို ဖြတ်လာနိုင်ပြီပဲ”

အဆိပ်သုံးဖော်မှာ မျက်နှာပျက်သွား၏။

ဤအဘိုးအိုသည် နှယ်နှယ်ရရမဟုတ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး အချက်ပြလိုက်ပြီး အဘိုးအိုအား အဆိပ်အပ်ကလေးများဖြင့် တိုက်ခိုက်လိုက်သည်။

“ဝှစ် … ဝှစ် … ဝှစ်”



အဘိုးအိုက အင်္ကျီလက်ကို အတွင်းအားထည့်၍ ပြန်လည်ခါထုတ်လိုက်လေသည်။

အဆိပ်အပ်များမှာ လာလမ်းအတိုင်း ပြန်လှည့်သွားလေသည်။

ဖန်းပင်တို့လူစုမှာ ထိတ်လန့်သွားပြီး ဟန့်တားရန် ကြိုးစားသော်လည်း မမီတော့ပါ။

သို့သော် …

အဆိပ်အပ်တစ်ချောင်းသည် အဘိုးအို၏ အင်္ကျီစကို စိုက်ဝင်ပြီး အသားကို အနည်းငယ် ခြစ်မိသွား၏။

ထိုစဉ်မှာပင် …

“ဝှစ် … ဝှစ် … ဝှစ်”

လေတိုးသံ ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။

အတွင်းအား ကောင်းသူတိုင်း သောတအာရုံသမာဓိကြောင့် လေတိုးသံထွက်ပေါ်လာသည်ကို ကြားနိုင်သည်။

လေတိုးသံဟုဆိုခြင်းထက် အတွင်းအားလှိုင်းများ တုန်ခါမှုဟု ဆိုနိုင်၏။

တစ်စုံတစ်ယောက်သည် ကြီးမားပြင်းထန်သော သမာဓိအတွင်းအားလှိုင်းဖြင့် လက်နက်ပုန်းများကို ကြားဖြတ် ဟန့်တားလိုက်ခြင်းပင်။

တိုက်ပွဲကြည့်နေသူများ အသက်ရှူရန်ပင် မေ့လျော့နေကြသည့်အလား ငေးကြည့်နေသည်။

မထင်မှတ်သော အဖြစ်အပျက်များ၊ လွန်စွာ အံ့သြဖွယ်ကောင်းသည့် အဖြစ်အပျက်များ ဆက်တိုက်လိုလို ဖြစ်ပေါ်လာနေသည်။

အဆိပ်လက်နက်ပုန်းများသည့် အစိမ်းရောင်ဝတ်ဆင်ထားသည့် အဘိုးအိုကြောင့် အမျိုးသမီးသုံးယောက်ဘက်သို့ ပြန်လည်လွင့်ပျံလာရာမှ တစ်ခုတစ်ယောက်က ကြားဖြတ်ပိတ်ဟန့်တားမှုကြောင့် မည်သူ့ကိုမျှ မထိမှန်ဘဲ မြေပေါ်သို့ တဖုတ်ဖုတ်ကျကုန်၏။

ကြည့်နေကြသူများသာမက ကံယကံရှင် အစိမ်းရောင်အဘိုးအိုကိုယ်တိုင်ပင် တအံ့တသြဖြစ်သွားသည်။

ချက်ချင်းပင် တစ်ဖက်သို့ ခေါင်းငဲ့ကြည့်လိုက်၏။

တောင်နံရံနှင့်ကပ်လျက် ဆောက်လုပ်ထားသော နန်းဆောင်အတွင်းမှ လူနှစ်ယောက် ထွက်လာကြသည်ကို တွေ့ရသည်။

ထိုနှစ်ယောက်မှာ ချန်မင်မင်နှင့် အဘိုးအိုချင်ယွင်တို့ ဖြစ်ကြသည်။

ချင်ယွင်သည် အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုအား မှိတ်မသုန် စိုက်ကြည့်ရင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာ၏။

ချန်မင်မင်မှာ သူ၏ နောက်ခြေတစ်လှမ်းအကွာမှ လိုက်ပါလာခြင်းဖြစ်ပေ၏။ သူတို့နှစ်ယောက်ကို ကြည့်သောအခါ ခပ်အေးအေး လျှောက်လာသလ ထင်မှတ်ရသည်။

မိန်းကလေးသုံးယောက် ချက်ချင်း နောက်ဆုတ်သွားကြသည်။

ချင်ယွင်ကို ကျေးဇူးတင်စကား ပြောသင့်သောအချိန် မဟုတ်သဖြင့် ကျေးဇူးတင်စကား မပြောကြပါ။

အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုအပေါ် ချင်ယွင်၏ အာရုံစူးစိုက်မှု လျော့ပါးသွားစေနိုင်ခြင်းကြောင့် ဆိတ်ဆိတ်နေလိုက်ကြ၏။



အစိမ်းရောင် အဘိုးအိုအား ချင်ယွင်သာလျှင် ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း နားလည်ထားကြသည်။

အစိမ်းရောင်ဝတ် အဘိုးအိုသည် ချင်ယွင်၏ တည်ငြိမ်ရင့်ကျက်သော ရုပ်သွင်ကို တွေ့မြင်လိုက်ရသည်နှင့် နဖူးကြောများရှုံ့လာအောင်ပင် မျက်မှောင်ကြုတ်သွားလေတော့သည်။

သူ့ကိုယ်သူ သိုင်းလောကတွင် နံပါတ်တစ်သိုင်းသမားဟု အထင်ရောက်နေခဲ့သည်။

သို့ဖြစ်ရာ ချင်ယွင်၏ အတွင်းအားပညာကို သိရှိလိုက်ရသည်နှင့် ပြိုင်ဘက်တစ်ယောက် ပေါ်ပေါက်လာပြီ ဖြစ်ကြောင်းနားလည်မိ၏။

ပြိုင်ဘက်ရှိလျှင် နံပါတ်တစ်သိုင်းသမား မဖြစ်နိုင်ပါချေ။

အစိမ်းရောင်ဝတ် အဘိုးအို ဒေါသဖြစ်လာသည်။

မျက်နှာတစ်ခုလုံးလည်း နီရဲလာသည်။

မည်သို့ဆိုစေ သိုင်းပညာအထွတ်အထိပ် ရောက်ရှိနေသော သိုင်းသမားတို့ ထုံးစံအတိုင်း တည်ငြိမ်ရင့်ကျက်သော လေသံဖြင့် ...

"ခင်ဗျားက ချင်ယွင် မဟုတ်လား"

အံ့သြသွားရသူမှာ ချင်ယွင်ဖြစ်သည်။

သူ့နာမည်ကိုသိနေသည်။

ချင်ယွင်က အံ့သြသဖြင့် ...

"ခင်ဗျားက ကျုပ်ကိုသိတယ် ဟုတ်လား"

သူက ပြန်မေးလိုက်သည်။

အစိမ်းရောင်ဝတ်ဆင်ထားသည့် အဘိုးအိုက အေးစက်စက် ပြောလိုက်၏။

"သိုင်းလောကမှာ အဆင့်မြင့်တဲ့လူ သိပ်မရှိပါဘူး၊ ဒီတော့ ခင်ဗျားဟာ ဝါထင်းဟုန်မဟုတ်တော့ ချင်ယွင်ပဲ ဖြစ်ရမှာပေါ့၊ ဝါထင်းဟုန်ကို ကျုပ်သိတယ်"

ရှင်ဝင်လန်မှာ ချင်ယွင်၏နောက်မှ သူ၏သမီးချန်မင်မင်ကို တွေ့သဖြင့် ဝမ်းသာသွား၏။

သို့သော် အခြေအနေအရ မခေါ်ဘဲနေလိုက်သည်။

ချင်ယွင်က လက်နှစ်ဖက်ဆုပ်ကိုင်လိုက်ပြီး တောင်းပန်လိုက်၏။

"ကျုပ် ခုလိုစွက်ဖက်မိတာ ခွင့်လွှတ်ပါဗျာ"

ချန်မင်မင်မှာ အဘိုးဖြစ်သူကိုကြည့်ရင်း မကျေမနပ်ဖြစ်သွားသည်။ ဤအစိမ်းရောင်ဝတ်လူကြီးနှင့် ပဋိသန္ဓာရစကား ပြောနေဖို့ မလိုဟု မှတ်ထင်တားမိသည်။

အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုက ...

"ချင်ယွင် ခင်ဗျားရဲ့ အတွင်းအားပညာကတော့ မဆိုးပါဘူး"

ချန်မင်မင်က မကျေမနပ်ဖြင့် ဝင်ပြောလိုက်၏။

"ရှင်က ဘာဖြစ်လို့ ကျွန်မအဘိုးကို ရိုရိုသေသေ မဆက်ဆံတာလဲ၊ စကားပြောကို ဆင်ခြင်ပါ"

အဘိုးအိုမှာ ချန်မင်မင်၏ ဒေါနှင့် မောနှင့် ဝင်ပြောဟန်ကို ကြည့်ရင်း စိတ်မဆိုးသည့်အပြင် သဘောကျစွာ ရယ်မောရင်း ...

"မင်းအဘိုးနဲ့ ငါဟာ အရွယ်တူတွေပါပဲ၊ ငါကတောင် ကြီးချင်ကြီးဦးမယ်"

ချန်မင်မင်က မကျေမနပ်နှင့် မျက်မှောင်ကြုတ်သွား၏။



အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုက ...

"မင်းက ခုထိ မကျေနပ်သေးဘဲကိုး၊ ကဲ ... ငါ မင်းအဘိုးနဲ့ စကားပြောလိုက်ဦးမယ်"

သူသည် ချင်ယွင်ဘက်သို့ လှည့်လိုက်၏။

ချင်ယွင်က ထိုအဘိုးအိုကို စိုက်ကြည့်ရင်း မေးလိုက်လေ၏။

"ခင်ဗျားက ဘယ်သူလဲ"

အဘိုးအိုက ...

"ကျုပ်နာမည်အရင်းတော့ မေ့နေပြီ၊ ကျုပ်ဟာ သိုင်းဘုရင်ပဲ"

ချန်မင်မင်မှာ ထိုစကားကြားသောအခါ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး မိန်းကလေးငယ်နှင့် မတန်သည့် စကားကို မပြောလိုက်မိ၏။

"ဟွန်း ... ကြီးကျယ်လိုက်တာ၊ လူနဲ့တောင်မတန်ဘူး"

သူက ဝင်ပြောလိုက်ပြန်သည်။

သိုင်းဘုရင်က ...

"ချင်ယွင် ခင်ဗျားပြောပါ၊ ကျုပ်ပညာနဲ့ ဒီနာမည်နဲ့ တန်ရဲ့လားလို့"

ချင်ယွင်က တစ်ချက်စဉ်းစားလိုက်ပြီး ပြောလိုက်၏။

"တန်ပါတယ်ဗျာ၊ ဒါတက် ကျုပ် ခင်ဗျားကို စကားတစ်ခွန်း ပြောပါရစေ"

သိုင်းဘုရင်က ...

"ဘာပြောချင်သလဲ၊ ပြောပါ"

ချင်ယွင်က ...

"ခင်ဗျား သိုင်းပညာအဆင့်မြင့်တာ မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ ခင်ဗျားတို့ အရွယ်တွေဟာ အေးအေးဆေးဆေး နေသင့်ပြီ မဟုတ်လား၊ ဘာဖြစ်လို့ ..."

ချင်ယွင်၏ စကားမဆုံးမီ သိုင်းဘုရင်က လက်ကာပြလိုက်၏။

"တော်ပြီ ... တော်ပြီ၊ ဒါတွေ ပြောနေစရာမလိုပါဘူး၊ ကျုပ်နားလည်ပါတယ်၊ အခုလောလောဆယ်တော့ ခင်ဗျားရဲ့ ပညာကို ကျုပ်ကြည့်ချင်တယ်"

သိုင်းဘုရင်ဆိုသူ၏ ကြားဖြတ်စကားပင် ...။

ချင်ယွင် သက်ပြင်းချရင်း ညည်းညူလိုက်သည်။

"ဘာဖြစ်လို့ ကျုပ်ကိုပါ ဒုက္ခဝဲထဲ ခေါ်နေရတာလဲ"

သိုင်းဘုရင် မျက်မှောင်ကြုတ်သွားပြီး ထပ်ပြောသည်။

"ခင်ဗျားက လက်မခံရင်တော့ ကျုပ်ရဲ့ သိုင်းကွက် ၁၀ကွက်လောက် လက်ခံပါ ဟုတ်လား"

ချန်မင်မင်မှာ ဒေါသထွက်သွားပြီး ဝင်ပြောသည်။

အမှန်တော့ အဘိုး၏စကားဝိုင်းတွင် ချန်မင်မင် မပါသင့်ပေ။

"ဘိုးဘိုး ... ဒီလူကို နည်းနည်းလောက် ဆုံးမလိုက်စမ်းပါ"

ချင်ယွင်မှာ သိုင်းဘုရင်ခေါ် အဘိုးအို၏ သိုင်းပညာကို ခန့်မှန်းမိ၏။

သူ့ထက်ပင် သာနိုင်မည်ဟုလည်း တွေးမိ၏။

ဤသို့ တွေးမိသော်လည်း သိုင်းသမားတို့၏ ထုံးစံအတိုင်း ကြောက်စိတ်လုံးဝမဖြစ်ပေါ်ချေ။ သိုင်းသမားတို့သည် အသက်ကို လုံးကဝ ထည့်မတွက်ကြပေ။



ဤအဘိုးအိုသည် အမိကပြိုင်ဘက်တစ်ယောက်ပင် ဖြစ်သည်။ ယခု မယှဉ်ပြိုင်လည်း နောက်ပိုင်း၌ ယှဉ်ပြိုင်ရမည်သာဖြစ်သည်။ ထို့ကြောင့် သက်ပြင်းချရင်း ...

"ကဲ ... ခင်ဗျားက ပညာကိုကြည့်ချင်တယ်ဆိုရင်လည်း ပြရဘာပေါ့ဗျာ"

သူသည် ပြောရင်း အသင့်ပြင်လိုက်၏။

သိုင်းဘုရင်က ချင်ယွင်၏ အနေအထားကိုအကဲခတ်လိုက်၏။ အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်ကြောင်း သံသယဖြစ်ရန် မလိုပ်ပါ။

သိုင်းဘုရင်က ...

"အင်း ... ငါ့အတွက် သိုင်းလောကမှာ ပြိုင်ဘက်သိပ်မရှိဘူး၊ ဒါထင်းဟုန်ပဲ ရှိမယ်ထင်တယ်၊ မင်းကတော့ နည်းနည်းခံနိုင်မယ်ထင်ပါတယ်"

စကားဆုံးသည်နှင့် တိုက်ခိုက်လေတော့သည်။

ချင်ယွင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့၏ တိုက်ခိုက်မှုမှာ လျင်မြန်ခြင်း မရှိပါ။

လေးလံနှေးကွေး၏။

ပါတ်ဟန်လည်း မရှိပေ။

သာမန် သိုင်းသမားများမှာ ပွဲကြီးပွဲကောင်း ကြည့်ရပြီဟုဆထားပြီး ယခုကဲ့သို့ တိုက်ခိုက်ပုံကိုက တွေ့သောအခါ စိတ်ပျက်များကြသည်၊

သိုင်းကွက်များမှာလည်း ထူးဆန်းခြင်းမရှိပေ။

သို့သော် အဆင့်မြင့် သိုင်းသမားများကမူ ရိပ်စားမိ၏။

သူတို့နှစ်ဦး ယှဉ်ပြိုင်ရာ၌ နှေးကွေးလေးလံနေသော်လည်း သိုင်းကွက် တစ်ကွက်စီတွင် ပြောင်းလဲမှု များစွာရှိနေ၏။

တစ်ဦးက တိုက်ကွက် ထုတ်သုံးရုံဖြင့် တစ်ဦးက ခုခံပိတ်ဆို့ထား၏။

ထို့ကြောင့် မတိုက်ခိုက်ဖြစ်ဘဲ တစ်ကွက်ပြီးတစ်ကွက် ပြောင်းနေရသောကြောင့် နှေးကွေးသည်ဟု ထင်ရခြင်းဖြစ်သည်။

အဆင့်မြင့်သိုင်းသမားများ တိုက်ခိုက်ရာတွင် ခန့်မှန်းမှုသည် အရေးကြီးဆုံးပင် ဖြစ်သည်။

သိုင်းကွက် တစ်ကွက်ကို ခန့်မှန်းမှုမှားသွားသည်နှင့် အရှုံးနှင့် ရင်ဆိုင်ရမည်သာ ဖြစ်သည်။

ထိုမျှမကသေး။ လူပါသေစေနိုင်ပေသည်။

သိုင်း ငါးကွက်ခန့် ထုတ်ပြီးနောက် အစိမ်းရောင် အဘိုးအိုမှာ နောက်သို့ဆုတ်သွား၏။

ထို့နောက် မျက်နှာနီရဲလာပြီး ခန္ဓာကိုယ်မှာလည်း တုန်ယင်လာလေသည်။

သို့သော် လူမှာ ရွေ့လျားခြင်းမရှိဘဲ တည်ငြိမ်စွာ ရပ်နေ၏။

ချင်ယွင်မှာ သိုင်းဘုရင်ကို ဇဟိုပြု၍ လှည့်ပတ်နေ၏။

အတန်ကြာ လှည့်ပတ်မိသောအခါ တဖြည်းဖြည်း မြန်လာ၏။ နောက်ဆုံး လူရိပ်ပင် မတွေ့ရတော့ချေ။

❋ ❋ ❋



အခန်း(၆၇)

## စကားစစ်ထိုးပွဲ

ချင်မင်မင်နှင့် ရှင်ဝင်လန်တို့မှာ ချင်ယွင်အတွက် စိုးရိမ်နေကြ၏။

သူတို့က တိုက်ပွဲကို မမိုတ်မသုန် ကြည့်နေကြသည်။

အတန်ကြာမှ အစိမ်းရောင် အဘိုးအို သိုင်းဘုရင်က သက်ပြင်းချလိုက်၏။

မျက်နှာ အနီရောင်များလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

သိုင်းဘုရင်က သဘောကျစွာ အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

ချင်ယွင်မှာလည်း လှည့်ပတ်နေရာမှ ရပ်တန့်လိုက်သည်။

သိုင်းဘုရင်က လေးပင်စွာ ပြောလိုက်၏။

"အင်း ... မင်းကို ငါသတ်ဖို့ အခွင့်အရေးရှာမရသေးလို့ သက်လျှော့လိုက်ပြီ"

သူ့ပြောအဆိုကလည်း ချင်ယွင်အား လေးစားမှုမရှိတော့သလို ပင်။

ချင်ယွင်ကလည်း စိတ်တွင်း၌ သိုင်းဘုရင်အား သုတ်သင်၍ အခွင့်အရေးမရကြောင်း တွေးမိ၏။

တစ်ဆက်တည်း နည်းလမ်းများကိုပါ တွေးတောရှာဖွေနေမိသည်။

ကုစုပြောင်မှာ စင်မြင့်ပေါ်မှနေ၍ အခြေအနေကို အကဲခတ်နေသည်။

ချင်ယွင် ရောက်ရှိလာခြင်းသည် သူ့အတွက် နိမိတ်မကောင်းဟု တွေးတောမိသည်။

ထိုစဉ် ချင်ယွင်က သိုင်းဘုရင်အား မေးလိုက်၏။

"ခင်ဗျား သိုင်းလောကကို ဘာကြောင့် ဝင်လာရတာလဲ"

သိုင်းဘုရင်က အံကြိတ်၍ ပြောသည်။

"ငါက ဝါထင်းဟုန်အတွက် လာတာပါ၊ သူနဲ့ ယှဉ်ပြိုင်ဖို့ပဲ"

ချင်ယွင်က မျက်မှောင်ကြုတ်သွားပြီး မေးလိုက်လေ၏။

"ခင်ဗျားနဲ့ ဝါထင်းဟုန် ဘာရန်ငြိုးရှိလို့လဲ၊ သိရနိုင်မလား"

သိုင်းဘုရင်က ...

"ငါက ကျေးဇူးပြန်ဆပ်တဲ့အနေနဲ့ ယှဉ်ပြိုင်ပေးရမှာပါ"

ကျေးဇူးဆပ်သတဲ့လား။

ချင်ယွင်က ...



"အင်း ... ဒီကိစ္စတွေထားလိုက်ပါတော့၊ ခင်ဗျား ဘယ်သူလဲဆိုတာ မသိရဘူးလား၊ သိုင်းဘုရင်ဆိုတာတော့ မပြောနဲ့တော့၊ ဒါက အရေးမပါပါဘူး"

"မင်းနဲ့ဒါ သိုင်းဖကွက်ဖလှယ်ပြီးပြီပဲ၊ အဲ့ဒီကနေ စဉ်းစားကြည့်ပါလား၊ မင်း စဉ်းစားလို့မရမှ ငါပြောမယ်"

ချင်ယွင်မှာ မျက်မှောင်ကြုတ်သွားလေ၏။

သိုင်းဘုရင် အသုံးပြုသော သိုင်းကွက်များကို ပြန်စဉ်းစားလိုက်သည်။

သိုင်းဘုရင်သည် သိုင်းကွက် ငါးကွက်ကို ဂိုဏ်းငါးဂိုဏ်းမှ တစ်ကွက်စီ အသုံးပြုသွားသည်။

ထို့ကြောင့် သူက ...

"ပထမသိုင်းကွက်ဟာ မောင်စန်းတောင်က သိုင်းကွက်ပဲ"

သိုင်းဘုရင်က ဝန်ခံလိုက်၏။

"မင်းမဆိုးဘူး"

ချင်ယွင်က ...

"ဒုတိယသိုင်းကွက်က ဝူတန်ဂိုဏ်းကပဲ"

"ဒါလည်း ဟုတ်တယ်၊ ဒါပေမယ့် ငါက ဂိုဏ်းတစ်ဂိုဏ်းက သိုင်းကွက်တစ်ကွက်စီ အသုံးပြုခဲ့တာပဲ၊ မင်း ခန့်မှန်းလို့ ရပါ့မလား"

ချင်ယွင်က တစ်ကွက်ချင်း ပြောပြလိုက်၏။

ပြောပြရင်းက ဝါယင်လုံ သူ့အား တစ်ခါပြဖူးသော ဝါးပေတံပေါ်မှ သိုင်းကွက်များကို အမှတ်ရလာသည်။

ထို့ကြောင့် သူက ပြုံးလိုက်ပြီး ...

"မှန်တယ်၊ ခင်ဗျားက ဂိုဏ်းတစ်ခု၏ အထွတ်အ ဒိပ်သိုင်းကွက်တွေကို အသုံးပြုသွားတယ်၊ ဒါပေမယ့် အသုံးပြုပုံချင်းကျတော့ မတူပါဘူး၊ ကျူးချူပညာရပ်ဘက်ကို များနေပါတယ်"

ချင်ယွင်က ပြောလိုက်လေ၏။

သိုင်းဘုရင်က အံ့သြပြီး ချီးကျူးမိလေ၏။

"မင်းက ကျူးချူပညာကိုတောင် သိတယ်ဆိုတော့ မဆိုးဘူးပဲ"

ပြီးမှ ဆက်မေးလိုက်သည်။

"ဒါဆို ငါဘယ်သူလဲဆိုတာကော ခန့်မှန်းနိုင်ပြီပေါ့"

ချင်ယွင်က ရေရွတ်လိုက်သည်။

"ကျူးချူဂိုဏ်းချုပ်ဟာ အားလုံး ၃၆ ယောက်ရှိခဲ့တယ် ၃၅ ဦးဟာ တိုက်ပွဲတစ်ခုမှာ သေဆုံးခဲ့တယ်၊ ကျန်တဲ့တစ်ယောက်ဟာ ချောင်ထင်တွား ဆိုတဲ့လူပဲ၊ ဒါပေမယ့် သူဟာ သေဆုံးသွားပြီလို့ ပြောကြတယ်"

သိုင်းဘုရင်က ရယ်မောလိုက်ပြီး ...

"မင်း ငါ့ကိုသိသားပဲ"

ချင်ယွင် မျက်မှောင်ကြုတ်သွားပြီး ...

"ဒါဆို ခင်ဗျား ချောင်ထင်တွားပေါ့"

သိုင်းဘုရင်ခေါ် ချောင်ထင်တွားက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... ကျုပ်သေပြီလို့ လူတိုင်းထင်ခဲ့တယ်၊ ကျုပ် မသေသေးပါဘူး"

သိုင်းသမားအားလုံးမှာ ထိတ်လန့်သွားကြ၏။



ကျူးယင်ဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းမှာလည်း ထိတ်လန့်သွားကြတော့သည်။

ချောင်ထင်တွား၏အမည်မှာ လွန်ခဲ့သော အနှစ် ၃၀ ကျော်ခန့်က အလွန်ပင် ထင်ရှားခဲ့၏။

ကျူးယင်ဂိုဏ်းဂိုဏ် မေစုမှာ အခြေအနေကို အကဲခတ်ပြီးနောက် သူ၏ဌာနမှူး လေးယောက်အား တိုးတိုးပြောလိုက်၏။

"ကုစုပြောင်ဟာ ဘယ်လိုသဘောလဲ၊ သူဟာ အင်အားကို လျှို့ဝှက်ထားတယ်၊ ဒါကြောင့် ဗိုလ်နဲ့ပူးပေါင်းတာဟာ အကြောင်းရှိနိုင်တယ်"

ကောင်ထင်းတုက မျက်မှောင်ကြုတ်၍ တစ်ချက်စဉ်းစားလိုက်ပြီး ပြန်မေးလိုက်၏။ သူ့သဘောကို အရင်မပြောချေ။

"ဂိုဏ်းချုပ်သဘော ဘယ်လိုရှိသလဲ"

မေစုက လေသံဖြင့် ပြောသည်။ သူတို့ တိုးတိုးတိုင်ပင်နေခြင်းဖြစ်သည်။

"သတိထားဖို့လိုမယ်၊ သူတို့ဟာ ငါတို့ဂိုဏ်းကိုပါ ရန်မပြုဘူးလို့ မပြောနိုင်ဘူး၊ ပြီးတော့ ကြယ်တံခွန်ဂိုဏ်းကလည်း ကောက်ကျစ်တဲ့လူတွေ၊ တို့မှာ အခက်အခဲတွေ့ရင် သူတို့က ဝင်ကူညီမှာမဟုတ်ဘူး"

မေစုမှာ အခြေအနေကို သုံးသပ်ရင်း ဝါယင်လုံကို သတိရလာ၏။

ယခုထိ ဝါယင်လုံအား မတွေ့ရသေးပါ။

ဝါယင်လုံမှာ အထက်လမ်း သိုင်းလောကသားများဘက်မှ

ခေါင်းဆောင်တစ်ဦးဖြစ်၍ အန္တရာယ်ကျနေပြီလောဟုပင် တွေးထင်မိသည်။

သူ၏အတွင်းစိတ်အမှန်၌ ဝါယင်လုံအတွက် ပူပန်နေမိသည်။

ကောဇထင်းတုက ပြန်မေးလိုက်၏။

“ဂိုဏ်းချုပ်ဘယ်လိုလုပ်ချင်သလဲ”

ထိုအခါ မေစု သတိပြန်ဝင်လာပြီး ...

“ကျွန်မသဘောအရတော့ ဘယ်အခြေအနေပဲဖြစ်ဖြစ် အမိန့်မရဘဲ မလှုပ်ရှားစေချင်ဘူး”

စင်စင်စန်းက ...

“ကျွန်တော်တို့ ဂိုဏ်းသုံးဂိုဏ်း ပေါင်းထားတာဟာ အထက်လမ်း သိုင်းသမားတွေကို ရှင်းပစ်ဖို့ပဲမဟုတ်လား၊ ဒီအချိန်ဟာ အခွင့်ကောင်းပဲ၊ ဘာပဲဖြစ်ဖြစ် လှုပ်ရှားသင့်တာပေါ့”

ဟု ဓောဒက တက်လိုက်၏။

လုကျိုယီကလည်း မေးမြန်းသည်။

“ဂိုဏ်းချုပ် ဘာကြောင့် လက်ပိုက်ကြည့်နေခိုင်းရတာလဲ”

မေစုက သက်ပြင်းချရင်းပြောလိုက်လေ၏။

“လက်ပိုက်ကြည့်နေခိုင်းတာ မဟုတ်ပါဘူး၊ အချိန်တန်ရင် လှုပ်ရှားရမယ်၊ ဘာပဲဖြစ်ဖြစ် အမိန့်မရဘဲနဲ့ မလှုပ်ရှားကြပါနဲ့”

ထိုအချိန်၌ ကြယ်တံခွန်ဂိုဏ်းမှ စင်ချူကျူတို့လည်း အစီအစဉ်များ ရေးဆွဲနေသည်။

စင်ချူကျူက ငယ်သားများအား တီးတိုးပြောလိုက်၏။

“ကုစုပြောင်ဟာ အင်အားမနည်းလှဘူး၊ အဆင့်မြင့်သိုင်းသမား



တွေလည်း နောက်မှာရှိနေတယ်၊ ကျုပ်တို့ မဟာမိတ်ဂိုဏ်းသုံးဂိုဏ်းတို့ကို သူတို့က အုပ်စိုးသွားနိုင်တယ်”

သူသည် ကျူးယင်ဂိုဏ်းဘက်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက် ချရင်းပြောလိုက်၏။

“ရှန်းမုံဂိုဏ်းသာမကဘူး၊ ကျူးယင်ဂိုဏ်းလည်း အင်အားနည်းဘူး၊ ကြောက်စရာကောင်းတယ်၊ တို့ဂိုဏ်းသုံးဂိုဏ်းမှာ အင်အားအနည်းဆုံးကတော့ ငါတို့ပဲ”

ဂိုဏ်းခွဲခေါင်းဆောင်တစ်ဦးက ...

“ကျွန်တော်တို့ဂိုဏ်းဟာ ကျူးယင်ဂိုဏ်းထက်တော့ မညံ့ပါဘူး၊ သူတို့အင်အားများတာတော့ မှန်ပါတယ်”

စင်ချူကျူက တွေးတွေးဆဆဖြင့် ပြောသည်။

“တကယ်လို့များ တိုက်ပွဲဖြစ်ခဲ့ရင် တို့က လူနည်းစုဆိုတော့ပိုပြီး အင်အားနည်းသွားနိုင်တယ်၊ ဒီတော့ မလောကြနဲ့၊ တိုက်ပွဲဖြစ်ရင် ရှေ့ဆုံးက မဝင်ကြနဲ့”

ဂိုဏ်းခွဲခေါင်းဆောင်တစ်ဦးက ...

“ဒီလိုဆိုရင် ကျုပ်တို့က ငြိမ်နေရမှာပေါ့”

ဟု မကျေမနပ်နှင့် ဝင်ပြောလိုက်လေ၏။

စင်ချူကျူက ...

“တိုက်ပွဲဟာ ရှောင်လွှဲလို့မရတာ သေချာပါတယ်၊ ဒါပေမယ့်တို့က အခြေအနေကြည့်ပြီးမှ လှုပ်ရှားရမယ်”

ဟု သံပြတ်နှင့် ပြောလိုက်လေတော့သည်။

ထိုစဉ် ချင်ယွင်နှင့် ရှောင်ထင်တွားတို့မှာလည်း တစ်ဦးနှင့် တစ်ဦး စိုက်ကြည့်နေကြသည်။

ရှောင်ထင်တွားက ထပ်မံစိန်ခေါ်လိုက်၏။

"ကဲ ... ချင်ယွင် မင်းမှာ တခြားကိစ္စမရှိရင် ငါတို့ ထပ်ယှဉ် ပြိုင်ရအောင်"

ချင်ယွင်က ...

"ခင်ဗျားပဲ လက်လျှော့လိုက်ပြီဆို၊ အမျိုးမျိုး ပြောနေပါ ကလား"

ရှောင်ထင်တွားက ...

"ပြိုင်ဘက်တစ်ယောက်ကို တွေ့တဲ့အခါ မယှဉ်ပြိုင်ဘဲ မနေနိုင် ဘူးကွ၊ ငါ လက်လျှော့တယ်ဆိုတာက မင်းကိုသတ်ဖို့ကိစ္စကို လက် လျှော့လိုက်တယ်ဆိုတာပဲ"

ချင်ယွင်က သက်ပြင်းချရင်း ရှောင်ထင်တွားအား စိုက်ကြည့် လိုက်သည်။

ရှောင်ထင်တွား၏ မျက်နှာပေါ်၌ ဝမ်းသာဟန်များ၊ ဝမ်းနည်း ဟန်များ တစ်ပြိုင်တည်းဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရသဖြင့် အံ့အား သင့်သွားရသည်။

ချင်ယွင်က ...

"ကျုပ် တစ်ခုမေးနိုင်မလား"

ရှောင်ထင်တွားက ...

"ဘာမေးမလို့လဲ၊ မြန်မြန်မေးပါ၊ ပြီးရင် ကျုပ်တို့ ယှဉ်ပြိုင် ကြမယ်"



ချင်ယွင်က လေးနက်စွာ မေးလိုက်လေ၏။

"ခင်ဗျားက ဘာလို့ ဝမ်းသာဝမ်းနည်းဖြစ်နေရတာလဲ"

ရှောင်ထင်တွားက ရယ်မောလိုက်ပြီး ...

"ဝမ်းသာတာက ကျုပ်အတွက် ပြိုင်ဘက်တစ်ယောက် ရလိုက် သို့ပါ"

"ဝမ်းနည်းတာကကော ..."

"ဝမ်းနည်းတာကတော့ မင်းက ငါနဲ့ယှဉ်ပြိုင်ပြီးရင် သေသွား မှာမို့ပါ"

ချင်ယွင်က မဲ့ပြုံး ပြုံးလိုက်သည်။

ပြီးမှ ...

"အပြောကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ခက်တာက ခင်ဗျား ဟာ ပြောင်းပြန်ပြောနေတာပဲ"

ရှောင်ထင်တွားက ...

"ငါအမှန်ပြောတာ၊ မင်းနဲ့ငါတိုက်ရင် နောက်ဆုံး ငါပဲနိုင် မှာပဲ"

ချင်ယွင်က အေးအေးဆေးဆေးပင်။

"ကျုပ်မနိုင်လည်း ခင်ဗျားကို နိုင်မယ့်လူ ရှိပါတယ်"

ရှောင်ထင်တွားက ...

"ဘာလဲ ... ဝါထင်းဟုန်လား"

"ဟုတ်တယ်"

"အင်း ... ဝါထင်းဟုန်က ငါ့ရဲ့အဓိကပြိုင်ဘက်ပဲ၊ ဒါပေမယ့် သူဟာ ငါ့ထက်ဝါနုပါတယ်၊ ငါ့ကိုယှဉ်ပြိုင်နိုင်မှာ မဟုတ်ပ ဘူး"

ချန်မင်မင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး...

"နွားခြေရာခွက်ထဲက ဖားငယ်လိုပဲ ကိုယ့်ကိုယ်ကို အထင်ကြီးလှချည်လား၊ ရှင်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး တခြားသူတွေကို အထင်သေးတယ်၊ ဒါ ရှင့်ချို့ယွင်းချက်ပဲ"

သူမက လှောင်ပြောင်လိုက်၏။

ချောင်ထင်တွားက ချန်မင်မင်အား စိုက်ကြည့်လိုက်သည်။

ချန်မင်မင်၏ ကလေးဆန်လှသော အပြောအဆိုကို သူက စိတ်မဆိုးသည့်အပြင် ချစ်နေမိသည်။ ထို့ပြင် အပြောအဆိုက ရိုင်းစိုင်းသေးသည်။

ထို့ကြောင့် သူက...

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ချန်မင်မင်က...

"ချန်မင်မင်..."

ချောင်ထင်တွားက ပြောလိုက်လေ၏။

"မင်း ငါ့ကို မွေးစားအဖေအဖြစ် လက်ခံမလား၊ ဒါဆိုရင် မင်းကို ငါ ပထမသိုင်းသမားနေရာရအောင် လုပ်ပေးမယ်"

ချန်မင်မင်က ပြန်မေးသည်။

"ရှင့်ကိုယ်ရှင် ပြိုင်ဘက်မရှိဘူးလို့များ ထင်နေလို့လား"

ချောင်ထင်တွားက...

"မင်းမယုံရင် မင်းအဘိုးကို မေးကြည့်ပေါ့ကွ၊ ငါ့ပြိုင်ဘက် ရှိသလား၊ မရှိဘူးလားဆိုတာ..."

ချင်ယွင်က စဉ်းစဉ်းစားစား ပြောလိုက်၏။



"ခင်ဗျားကို ကျုပ်မနိုင်နိုင်ဘူး၊ ဒါပေမယ့် ဝါထင်းဟုန်ကိုတော့ …နိုင်ဖို့မလွယ်ဘူး၊ ဒီအပြင် မင်းကို နိုင်မယ့်လူလည်း တစ်ယောက် …သေးတယ်"

ချောင်ထင်တွားမှာ ထိုစကားကြောင့် အံ့သြသွားလေတော့ …ည်။ သူက သိချင်စွာမေးသည်။

"ဘယ်သူလဲ... နောက်တစ်ယောက်က"

ချင်ယွင်က တည်တည်ငြိမ်ငြိမ်ပင် ပြောသည်။

"အခုတော့ ရောက်မလာသေးဘူး၊ မင်း စိတ်ဝင်စားရင် စောင့်ဆိုင်းပါလား"

ချောင်ထင်တွားမှာ တွေဝေသွား၏။

ချင်ယွင် အမှန်တကယ် ပြောနေကြောင်း သူသိသည်။

ချင်ယွင်သည် ညာဖြီးတတ်သည့် လူစားမျိုးမဟုတ်ပေ။

ထို့ကြောင့်...

"မင်းပြောတာ စိတ်ဝင်စားစရာကောင်းတယ်၊ ငါတောင် ဒီလူနဲ့ ချက်ချင်း ယှဉ်ချင်လာတယ်၊ တကယ်လို့ မင်းက အချိန်ဆွဲထားတာဆိုလည်း ငါကျေနပ်ပါတယ်"

တစ်ဆက်တည်းပင် ချန်မင်မင်ဘက်သို့ လှည့်လိုက်ပြီး...

"သမီးနဲ့ အခု မဆွေးနွေးတော့ဘူး၊ ပြီးမှ ဆက်ဆွေးနွေးကြတာပေါ့"

ချန်မင်မင်က...

"ရှင် ရှုံးသွားရင်ကော မဆွေးနွေးလိုက်ရဘဲဖြစ်နေမယ်"

ချောင်ထင်တွားက...

"ရှုံးတယ်ဆိုတာ ငါ့အဖို့ မဖြစ်နိုင်ဘူး"

ချန်မင်မင်က ...

"လောကမှာ မဖြစ်သေးတာပဲရှိတယ်၊ မဖြစ်နိုင်တာမရှိပါဘူး ဒါကြောင့် အရှုံးကိုပါ ထည့်တွက်ထားပါ၊ နို့မဟုတ်ရင် ရှင် စိတ် ထိခိုက်ရလိမ့်မယ်"

ချောင်ထင်တွား က ရယ်မောလိုက်ပြီး ...

"ငါ့ထက်သာတဲ့လူ ဒါမှမဟုတ် လက်ရည်တူတဲ့ လူရှိရင် ငါလည်း မင်းကို ပထမသိုင်းသမားဖြစ်အောင် မလုပ်ပေးနိုင်သေးပါ ဘူး၊ ဒါပေမယ့် အရာတစ်ခုတော့ လက်ဆောင်ပေးလိုက်ပါ့မယ်"

"ရှင်တကယ်ပြောတာနော်၊ ရှုံးရင် မငြင်းနဲ့"

ထိုစဉ် အဆုံးသုံးဖော် အသံထွက်လာ၏။

"ချင်ယွင် ဒီလူကြီးကို သုတ်သင်လိုက်တာ အကောင်းဆုံးပဲ"

ချင်ယွင်က ...

"ငါ ဒီလိုအခွင့်အရေးမျိုး မယူတတ်ပါဘူးကွယ်"

ချောင်ထင်တွား မျက်နှာပျက်သွားသည်။

အဘယ့်ကြောင့်ဆိုသော် သူ၏လက်တွင် ခြစ်မိသွားသော အဆိပ်က သူ၏လက်မောင်းတစ်ခုလုံးအား ထုံကျင်လာအောင် ခံစား လိုက်ရသောကြောင့်ပင်တည်း။

ချောင်ထင်တွားက ဣန္ဒြေဆည်လိုက်ပြီး ပြောလိုက်သည်

"မင်းတို့အဆိပ်က ငါ့ကို ဘာမှဒုက္ခမပေးနိုင်ပါဘူး"

တစ်ဆက်တည်းပင် အဆိပ်များကို အတွင်းအားဖြင့် ညှစ်ထုတ် နေသည်။



စင်မြင့်ပေါ်မှ ကုစုပြောင်မှာ ထိုစကားကြားသောအခါ မျက်နှာ ပျက်သွား၏။

ချက်ချင်းပင် ချောင်ထင်တွားအနီးသို့ ရောက်လာပြီး အကာ ကွယ်ပေးထားလိုက်သည်။

အတန်ကြာသောအခါ ချောင်ထင်တွားက နဂိုအတိုင်း ပြန်ဖြစ် လာ၏။ ကုစုပြောင်က စိတ်သက်သာရာရသွားပြီး အဆိပ်သုံးဖော် ဘက်သို့ လှည့်ကာ ...

"မင်းတို့ ယုတ်မာလှချည်လား"

ဟု ကြိမ်းမောင်းလိုက်၏။

အဆိပ်သုံးဖော်က ...

"ရှင် သတ္တိရှိရင် ကိုယ်တိုင်လာပါ"

ကုစုပြောင်က ဒေါသထွက်သွားပြီး သွားမည်အပြု ချောင်ထင် တွားက ဟန့်တားလိုက်သည်။

"သူတို့ ဒီထဲက ပြန်ထွက်သွားလို့ မရပါဘူး၊ ပြီးမှ စာရင်း ရှင်းကြတာပေါ့"

သူသည် ချဖ်ယွင်ဘက်သို့ လှည့်ကာ ...

"ချင်ယွင် ... မင်းရဲ့တစ်ခုတည်းသော အခွင့်အရေး လက်လွတ် သွားပြီ၊ မင်း ငါ့ကို ဘယ်လိုမှ မနိုင်တော့ပါဘူး"

သူသည် စကားဆုံးသည်နှင့် စင်မြင့်ပေါ်သို့ ပြန်တက်သွား တော့သည်။

❋ ❋ ❋

## အခန်း(၆၈)

# အချိန်မီရောက်လာသူ

ချင်ယွင်နှင့် ချန်မင်မင်တို့မှာလည်း မဏ္ဍပ်အတွင်းသို့ ဝင်လာကြသည်။

ဖန်းပင်က သက်ပြင်းချရင်း ချင်ယွင်ကို မေးလိုက်၏။

"ချောင်ထင်းတွာဟာ ကြောက်စရာကောင်းတယ်၊ ဦး သူ့ကို နိုင်ပါ့မလား"

ချင်ယွင်က အမှန်အတိုင်း ပြောပြသည်။

"အရင်တုန်းက အခြေအနေဆိုရင် သူနဲ့သရေကျနိုင်တယ်၊ ခု သူက အတွင်းအားပိုကောင်းတော့ နိုင်ဖို့မလွယ်ဘူး၊ ဒါအမှန်ပါပဲ"

ဖန်းပင်တို့လူစုမှာ စိတ်ညစ်သွား၏။

သူတို့က ချင်ယွင်အား အားကိုးထား၏။

ယခုမူ ချင်ယွင်ပင် မနိုင်လျှင် ချောင်ထင်တွာအား ဟန့်တားနိုင်မည့်သူ မရှိတော့ပေ။



ချန်မင်မင်က တစ်စုံတစ်ရာကို သတိရလာဟန်ဖြင့် ...

"ဘိုးဘိုး စောစောကပြောတဲ့ ချောင်ထင်တွာကိုနိုင်မယ့်လူ ရှိတယ်ဆိုတာ တကယ်ပြောလား"

ဟု မေးလိုက်သည်။

ချင်ယွင်က ခေါင်းညိတ်ရင်း ...

"တကယ်ပြောတာပါ၊ ငါက သူ့ကို ချောက်ချတာမဟုတ်ပါဘူး"

ဖန်းပင်က စိတ်ဝင်စားသွားပြီး မေးလိုက်လေ၏။

"ဘယ်သူလဲ၊ ကျွန်တော်တို့ကို ပြောပြနိုင်မလား"

ချင်ယွင်က အားလုံးကို တစ်ချက် ဝေ့ကာ အကဲခတ်ကြည့်ပြီးမှ ...

"ဝါယင်လုံ ..."

ဟု တစ်လုံးတည်း ပြောလိုက်လေ၏။

အားလုံးမှာ ထိုစကားကြောင့် ကြောင်သွား၏။

ယုံရလည်း ခက်နေကြသည်။

ဝါဝူက ခေါင်းခါယမ်းလိုက်သည်။

ဝါယင်လုံ၏ သိုင်းပညာကို သူသိ၏။

ထို့ကြောင့် သက်ပြင်းချရင်း ...

"မဖြစ်နိုင်ပါဘူး"

သူဥက စိတ်မကောင်းခြင်းကြီးစွာဖြင့် ခေါင်းခါလိုက်၏။

ပိုင်စုယိကလည်း ဝင်ရောက်ပြောကြားသည်။

"ကလေးက သတ္တိရှိတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ချောင်ထင်တွားနဲ့တော့ ပြိုင်ဘက်မဟုတ်သေးဘူး"

တန်စုမင်က အရေးကြီးသော အချက်ကို ထောက်ပြသည်။

"ဘာဖြစ်လို့ ခင်ဗျားတို့က မယုံကြည်တာလဲ၊ ဒါထက် ဝါယင်လုံ အခုဘယ်မှာလဲ၊ အဲ့ဒါသိဖို့လိုတယ်ဗျ၊ သူပြိုင်နိုင်ပေမယ့် မရှိရင် ဘယ်လိုလုပ်မလဲ"

ချန်မင်မင်ကလည်း ဝင်မေးလိုက်၏။

"သူ အခု ဘယ်ရောက်နေသလဲ"

ဝူကျားဟန်ကလည်း မေးလိုက်ပြန်၏။

"သူက ဘာလို့ မလာသေးတာလဲ"

ချင်ယွင်က သက်ပြင်းချရင်း ...

"သူက သိုင်းသမားတွေကို ကယ်တင်ဖို့လုပ်နေတယ်"

ဝူကျားဟန်က ...

"သူရှိတဲ့နေရာ ပြောနိုင်မလား၊ ကျုပ်သွားကူညီမယ်"

တစ်ဦးပြီးတစ်ဦး အလုအယက် မေးနေကြသဖြင့် ချင်ယွင်မှာ ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေသည်။

ထိုအချိန်၌ ကုစုပြောင်လည်း အခမ်းအနားဖွင့်ပွဲကို တက်သုတ်ရိုက် ဆောင်ရွက်နေ၏။

ထို့နောက် စင်မြင့်ရှေ့ကွက်လပ်မှ ငယ်သားများအား ဖယ်ရှားလိုက်သည်။

ထိုအခါ တိုက်ခိုက်ရန်အတွက် လုံလောက်သော ကွက်လပ်တစ်ခု ဖြစ်ပေါ်လာတော့သည်။



ထိုစဉ်မှာပင် ကျူးယင်ဂိုဏ်းမှ စက်ဝိုင်းချွန်က ဖန်းပင်တို့မဏ္ဍပ်ရှေ့ဘက်သို့ လျှောက်လာပြီး မေးလိုက်လေ၏။

သူ့အမူအရာက မခန့်လေးစား မဟုတ်တော့ပေ။

"ယင်ယင် ရောက်ပြီလား ခင်ဗျာ"

ထိုစကားကြောင့် ဖန်းပင်တို့လူစု ကြောင်သွား၏။

ကောင်းထိုက်မှာ ချန်မင်မင်အား စိုက်ကြည့်သည်။

ဝါဂူကလည်း မေးလိုက်၏။

"မင်မင် ယင်ယင်နဲ့အတူ သွားတာမဟုတ်လား၊ အခု သူ ဘယ်မှာကျန်ခဲ့သလဲ"

ချန်မင်မင်က ပြန်ဖြေရန် ဟန်ပြင်စဉ်မှာပင် ...

"ငါ ဒီမှာရှိပါတယ်"

ဟူသော အသံထွက်ပေါ်လာသည်။

အားလုံးက အသံလာရာသို့ လှည့်ကြည့်လိုက်၏။

ချန်မင်မင်မှာမူ စိုးရိမ်သွားပြီး ...

"ဘာဖြစ်လို့ လာရတာလဲ မသိဘူး"

ဟု တီးတိုးရေရွတ်ကာ မဏ္ဍပ်အတွင်းမှ ထွက်၍ ကြိုဆိုလိုက်သည်။

ဝါဂူတို့ လူစုကလည်း ထွက်လာ၏။

မေစုမှာ မနေသာတော့ပါ။

သူမနှင့် ယင်ယင် ဤနေရာတွင် ချိန်းထားသည်မဟုတ်ပါလား။

သူမလည်း ထွက်လာရတော့သည်။

စက်ဝိုင်းချွန်က ယင်ယင်အား ကြည့်ပြီး ...

"မင်း ကတိတည်သားပဲ"

ဟုပြောရင်း တစ်ဆက်တည်း မေစုဘက်သို့လှည့်ကာ ...

"ဂိုဏ်းချုပ် အမိန့်ပေးပါ"

ဟု အမိန့်တောင်းလိုက်သည်။

မေစုမှာ မည်သို့လုပ်ရမည်ကို စဉ်းစားနေ၏။

လိကျိုရိက ခွင့်ပန်လာလေ၏။ သူသည် ဂိုဏ်းချုပ် အဆင်ပြေစေရန် ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်ပဲ ဂိုဏ်းချုပ်ကိုယ်စား ယှဉ်ပါရစေ"

မေစု ခေါင်းခါယမ်းလိုက်ပြီး ...

"နေပါစေ ... ရှင် အသာနေပါ"

ယင်ယင်က အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီးနောက် ...

"ဒီနေ့ စာရင်းအားလုံး စုရှင်းမယ်၊ ဖန်စုရိ နင်လည်းလာခဲ့"

ဖန်စုရိမှာ ယင်ယ်၏ ဂိုဏ်းတူညီမဖြစ်။

ယခု ယင်ယင်က သူမနှင့် စာရင်းရှင်းရန် ခေါ်သဖြင့် ဝမ်းနည်းသွား၏။

မျက်ရည်များ ကျလာသည်။

ချန်မင်မင် သက်ပြင်းချရင်း ပြောလိုက်လေ၏။

"ဒေါ်ဒေါ် ဒီကိုလာဖို့ မလိုဘဲ ဘာလို့လာပြီး ဒုက္ခရှာရတာလဲ"



ဖန်စုရိကလည်း ဝမ်းနည်းစွာ ပြောလိုက်သည်။

"ကလေး ... ဒီကိစ္စတွေ မင်းနားမလည်ပါဘူးကွယ်"

သူမသည် မျက်ရည်ကျလာပြန်သည်။

ဖန်းပင်က သက်ပြင်းချလိုက်လေ၏။

"ဒီကိစ္စတွေဟာ ရှင်းကိုရှင်းရမှာပဲ၊ ကျုပ် ကျူးယင်ဂိုဏ်းနဲ့ သွားဆွေးနွေးလိုက်ဦးမယ်"

သူသည် စကားဆုံးသည်နှင့် မေစုထံသို့ လျှောက်သွားလိုက်၏။

ဖန်စုရိက ဟန့်တားလိုက်သည်။

"ဖန်းပင် မသွားနဲ့ ... ပြန်လာခဲ့"

ဖန်းပင် ရပ်လိုက်ပြီး ပြန်မေးလေ၏။

"ဘာဖြစ်လို့လဲ"

ဖန်စုရိက ရှင်းပြသည်။

"ကျွန်မအစ်မဟာ ကျူးယင်ဂိုဏ်းကလူပါ၊ ဒီတော့ ကျူးယင်ဂိုဏ်း ပျက်စီးသွားမှာကို မလိုလားတာအမှန်ပဲ၊ အခု ကျူးယင်ဂိုဏ်းဟာ အောက်လမ်းဂိုဏ်း မဟုတ်သေးပါဘူး၊ သူတို့ဟာ ရှန်းမုံဂိုဏ်းနဲ့ ကြယ်တံခွန်ဂိုဏ်းနဲ့ သွားပူးပေါင်းတာတစ်ခုပဲ အမှားရှိပါတယ်"

ဖန်းပင်က ပြောလိုက်လေ၏။

"အခု ကျူးယင်ဂိုဏ်းက စိန်ခေါ်နေပြီပဲ၊ ရင်မဆိုင်ဘဲ ရှောင်လွှဲလို့ရမလား"

ဖန်စုရိမှာ ငေးငိုင်သွားသည်။

မေစုမှာ ရှေ့သို့ထွက်လာ၏။

သူမအဖို့ ခြေတစ်လှမ်းလှမ်းတိုင်း လေးလံလွန်းသည်ဟု ခံစားလိုက်ကြရသည်။

မေစုက ယင်ယင်အား ကြည့်လိုက်ပြီး ...

"ရှင် ..."

သူမ၏အသံမှာ မုန်းတီးဟန်များ ရောယှက်နေ၏။

ယင်ယင်က စကားပြောမခံဘဲ လက်ကာပြလိုက်၏။

ထိုစဉ်မှာပင် စူးရှသော လေသံတစ်ချက် ထွက်ပေါ်လာ၏။

လေချွန်သံပိုင်ရှင်မှာ အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း သိသာ၏။

ချောင်ထင်တွားပင် မျက်မှောင်ကြုတ်သွားသည်။

"ဝါထင်းဟုန်လား"

သူက အော်မေးလိုက်သည်။

အားလုံးကလည်း လေချွန်သံထွက်ပေါ်လာရာ တောင်ကုန်းပေါ်သို့ ကြည့်လိုက်ကြသည်။

တောင်ထိပ်ပေါ်မှ ...

"အဖေကိုယ်တိုင် လာစရာမလိုပါဘူး၊ ကျုပ်က ဝါယင်လုံပါ၊ ကျုပ်နဲ့ပဲ ပြီးပါတယ်"

အသံနှင့်အတူ လူရိပ်တစ်ခု ပေါ်လာတော့၏။

စင်ချူကျူမှာလည်း ထိတ်လန့်သွား၏။

"ဟင် ... ဒီကောင်လေး မသေသေးပါလား"



သူ့သည် တွေးနေလေ၏။

ကုစုပြောင်မှာလည်း အံ့အားသင့်နေ၏။

ဝါယင်လုံမှာ ဤမျှအထိ သိုင်းပညာအဆင့်မြင့်မည်ဟု သူမတွေးထင်ခဲ့ပါ။

ထို့ကြောင့် ချောင်ထင်တွားဘက်သို့ လှည့်လိုက်ပြီး ပြောလိုက်လေ၏။

"အစ်ကိုကြီး ဒီကောင်လေးကို ရှင်းပစ်ရမယ်"

ချောင်ထင်တွားက ခေါင်းညိတ်လိုက်ပြီး ခေါ်လိုက်သည်။

"ဝါယင်လုံ မင်း အောက်ကိုဆင်းလာခဲ့ပါ"

ထိုအချိန်၌ ကျူးယင်ဂိုဏ်းနှင့် ယင်ယင်တို့၏ ရန်ကြွေးကိစ္စများမှာ ခေတ္တရပ်ဆိုင်းသွားပြီး အခြေအနေကို စောင့်ကြည့်နေကြ၏။

ဝါယင်လုံက မေးသည်။

"အခုပြောတာ ချောင်ထင်တွားလား"

ချောင်ထင်တွားက ဒေါသထွက်သွားပြီး ...

"မင်းဟာ လူမှုရေးတောင် နားမလည်ဘဲကိုး၊ ငါ့ကို ရိုရိုသေသေ ဆက်ဆံစမ်း၊ မင်းရဲ့အဘိုးအရွယ် ရှိတယ်ကွ"

ဝါယင်လုံက ခါးသီးစွာ ပြောလေ၏။

"ဒုစရိုက်ဂိုဏ်းသားတွေကို ကျုပ်က ရိုသေစရာမလိုပါဘူး၊ ဒုစရိုက်သမားဆိုတာ အားလုံးကို စိတ်မချမ်းမြေ့အောင် လုပ်တတ်တဲ့လူတွေပဲ"

ချောင်ထင်တွားမှာ ပို၍ ဒေါသထွက်သွားပြီး ...

"မင်း ... ဆင်းလာခဲ့စမ်း"

ဝါယင်လုံက ...

"ကျုပ်က ဆင်းလာရမှာပျင်းတယ်၊ ခင်ဗျား သတ္တိရှိရင် တက်လာခဲ့"

စကားဆုံးသည်နှင့် လူရိပ်လည်း ပျောက်ကွယ်သွားလေတော့၏။

ချောင်ထင်တွားက ကုစုပြောင်ဘက်သို့ လှည့်လိုက်ပြီး ...

"ငါ တက်သွားမယ်"

ကုစုပြောင်က တစ်ချက်စဉ်းစားပြီး ဟန့်တားသည်။

နေပါဦး ... ကျွန်တော် လူတချို့ပဲ လွှတ်လိုက်မယ်"

ထိုစဉ် တောင်ကုန်း၏ အခြားတစ်ဖက်မှ အသံထွက်ပေါ်လာ၏။

"ကျုပ်ကို လိုက်ရှာလို့မလွယ်ပါဘူး၊ ကျုပ် စကားတစ်ခွန်း ပြောစရာရှိတယ်၊ ဒီစကားကိုသာ ကြားရင် ခင်ဗျား တုန်လှုပ်သွားမှာ သေချာတယ် ကုစုပြောင်"

ကုစုပြောင်မှာ မျက်မှောင်ကြုတ်သွား၏။

အတန်ကြာမှ စဉ်းစဉ်းစားစားဖြင့် ပြောသည်။

"ငါ့ကို တုန်လှုပ်အောင် မင်း ဘာမှမလုပ်နိုင်ပါဘူး"

ဝါယင်လုံက ...

"ဒါဆို နားမထောင်ဘူးပေါ့"

ကုစုပြောင်မှာ တွေဝေသွား၏။



ထိုစဉ် ဈေးဆိုင်ထဲမှ လူတစ်ဦး ထွက်လာလေသည်။

ထိုသူမှာ လုံယောင်ဖြစ်၏။

လုံယောင်က ...

"မင်းစကားကို ငါနားထောင်ချင်တယ်"

ဝါယင်လုံက ...

"လုံယောင်လား ... မင်းရဲ့ ညီနောင် ဝိယိဖုံးကော မပါဘူးလား"

ဝိယိဖုံးကပါ ထွက်လာရသည်။

ဝါယင်လုံက ...

"ခင်ဗျားတို့နှစ်ယောက် ဒီနေရာကနေ အမြန်ဆုံး ထွက်သွားကြပါ၊ ကျုပ် နောက်ဆုံး သတိပေးတာပဲ"

"ဘာဖြစ်လို့လဲ"

"တော်တော်ကြာ ပြေးလို့မလွတ်မှာ စိုးလို့"

"မင်းစကားကို ရှင်းရှင်းပြောစမ်းပါ"

"ဒါဆိုရင် ထုံးကော့ချူ ဘယ်သွားသလဲ၊ သိသလား၊ ပြီးတော့ ဒီတောင်တွေရဲ့ လေးဘက်လေးတန်မှာ ယမ်းဘီလူးတွေ မြှုပ်ထားတာကော သိသလား၊ အားလုံး ဒီထဲမှာ သေကြမှာပဲ"

ဟု ပြောလိုက်သည်။

အားလုံးမှာ ထိုစကားကြောင့် ထိတ်လန့်သွား၏။

ကြယ်တံခွန်ဂိုဏ်းအား ဝိုင်းကြည့်လိုက်ကြသည်။

စင်ချူကျူက ဒေါသထွက်လာပြီး အော်ဟစ်လိုက်လေ၏။

"မင်း မဟုတ်တရုတ်တွေ မစွပ်စွဲနဲ့"

ဝါယင်လုံက ...

"ကျုပ်က စွပ်စွဲတာမဟုတ်ဘူး၊ အမှန်ပြောတာပါ"

သူ၏စကားကြောင့် ရှန်းမုံဂိုဏ်း၊ ကျူယင်ဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းတို့မှာ အမြင်မကြည်လည် ဖြစ်လာကြသည်။

မေစုက စက်ဝိုင်းချွန်အား ...

"တို့ကိစ္စ နောက်မှပဲရှင်းမယ်"

စက်ဝိုင်းချွန်က အံကြိတ်၍ ပြောလိုက်၏။

"သစ္စာဖောက် တစ်ယောက်ကို အပြစ်မပေးဘဲ ခွင့်လွှတ်လို့ကော့ မဖြစ်ဘူး"

မေစုက ရှင်းပြလိုက်၏။

"မင်း အဲဒီလိုမတွက်နဲ့၊ ခုချိန်မှာ ယင်ယင်ကို ထိရင် အထက်လမ်း သိုင်းသမားတွေက ငြိမ်နေမှာမဟုတ်ဘူး၊ ငါတို့ဂိုဏ်းတောင် ပြိုကွဲသွားနိုင်တယ်၊ အဲ့ဒါကို ရှင်တွေးမိရဲ့လား"

ချန်မင်မင်ကလည်း ...

"ဒေါ်ဒေါ် ... ယင်လုံ ခုမှ ပေါ်လာတာဟာ ဒေါ်ဒေါ်နဲ့ ကျူယင်ဂိုဏ်း ပြဿနာမဖြစ်အောင်လို့ ထင်တာပဲ၊ ဒီတော့ ပြန်ဆုတ်ပါ၊ ရှင်းစရာရှိရင်လည်း ရှန်းမုံဂိုဏ်းနဲ့ ကြယ်တံခွန်ဂိုဏ်းကိုပဲ အရင်ရှင်းပစ်ရမယ်"

သူမက ဖျောင်းဖျလိုက်သည်။

စင်ချူကျူက ပြောလိုက်သည်။



"ယင်လုံ မင်းဟာ တို့ကို သက်သက်မယ့် စော်ကားနေတာပဲ"

ဝါယင်လုံက ပြန်မေးလေ၏။

"ဒါဆို ထုံးကော့ချူ ဘယ်မှာလဲဆိုတာ ခင်ဗျား ပြောနိုင်မှာပါ"

ကုစုပြောင်က အကြံတစ်ခုရလာသည်။

အကယ်၍ ဤအောက်၌ တိုက်ပွဲဖြစ်ပွားလာပါက ဝါယင်လုံသည် မဆင်းလာဘဲ နေနိုင်မည်မဟုတ်တော့ပါ။

ထို့ကြောင့် သူက သဘောကျစွာ ရယ်မောလိုက်ပြီး ...

ယင်လုံ ... မင်းအပေါ်ကပဲ အေးအေးဆေးဆေး တိုက်ပွဲကို ကြည့်နေပေါ့၊ ဟား ... ဟား ... ဟား"

ဝါယင်လုံက ထိတ်လန့်သွားသည်။

"ကျုပ် ကိစ္စရှိသေးတယ်၊ သွားတော့မယ်ဗျို့"

စကားဆုံးသည်နှင့် ပျောက်ကွယ်သွားလေတော့သည်။

❋ ❋ ❋

## အခန်း(၆၃)

## အသက်လုတိုက်ပွဲ

အဆိပ်သုံးဖော်မှာ ဝါယင်လုံ၏ အပြုအမူကို အံ့အားသင့်နေ
သည်။

သူအဘယ့်ကြောင့် ထွက်ပြေးသွားသနည်း။

ထို့ကြောင့် ချင်ယွင်အား မေးလိုက်၏။

"ဦး ... ယင်လုံ ဘာလုပ်နေတာလဲ"

ချင်ယွင်က စဉ်းစားပြီး ပြောလိုက်သည်။

"ငါလည်း သေသေချာချာ မသိဘူး၊ ဖြစ်နိုင်တာကတော့
ယင်ယင်နဲ့ ကျူးယင်ဂိုဏ်း ပြဿနာမတက်အောင် လာလုပ်တာလို့
ထင်တယ်"

ထိုအချိန်၌ ကုစုပြောင်က သူ၏ငယ်သားအချို့အား ဝါယင်
လုံကို ရှာဖွေရန် အမိန့်ပေးလိုက်သည်။

စက်ဝိုင်းချွန်မှာ ဖန်းပင်တို့လူစုဘက်သို့ မကျေမနပ်နှင့် ကြည်



နေသည်။ ဝါဂူသည် သူ့ကို ဒဏ်ရာရာအောင် လုပ်ခဲ့ဖူးသည် မဟုတ်
ပါလော။ သူအခဲမကျေပေ။

ဝါဂူအား မြင်သောအခါ ပို၍ ဒေါသထွက်လာသည်။

သူက ချက်ချင်း တိုးထွက်လာသည်။

"ဝါဂူ ... မင်းကို ငါ မကျေနပ်သေးဘူး၊ တို့ ယှဉ်ကြရအောင်"

သူက စိန်ခေါ်လိုက်သည်။

ဝါဂူက ခေါင်းညိတ်လိုက်ပြီး လက်ခံလေ၏။

"မင်း မကျေနပ်သေးရင် လာယှဉ်ပါ"

စက်ဝိုင်းချွန်က ...

"ဒီနေ့ မင်းနဲ့ငါ သူသေကိုယ်သေပဲ၊ မင်း သတိထားပါ၊
ငါ စ,ပြီ"

သူသည် စကားဆုံးသည်နှင့် တိုက်ခိုက်လိုက်လေတော့သည်။

အခြေအနေမှာ စတင်ပြောင်းလဲလာ၏။

ဝါဂူနှင့် စက်ဝိုင်းချွန်တို့၏ တိုက်ပွဲသည် ဤချိုင့်ဝှမ်းတွင်းရှိ
လူများကို တိုက်ပွဲအတွင်း ပါဝင်အောင် အစပြုလိုက်သကဲ့သို့ ရှိနေ
လေတော့သည်။

ရှန်းမုံဂိုဏ်း၊ ကျူးယင်ဂိုဏ်း၊ ကြယ်တံခွန်ဂိုဏ်း သုံးဂိုဏ်း
စလုံးမှာ အကြိတ်တူနေကြသည်။

မည်သူမှ တိုက်ပွဲအတွင်းသို့ ရှေ့ဆုံးမှ မပါဝင်လိုကြပေ။

အဆင့်မြင့်သိုင်းသမားများကို လျှို့ဝှက်ထားပြီး သာမန် အငယ်
သားများတို့သာ စေလွှတ်တိုက်ခိုက်လိုကြ၏။

ခေါင်းဆောင်များက တိုက်ပွဲအခြေအနေကို အကဲခတ်နေကြသည်။

အထက်လမ်းသိုင်းသမားများကလည်း အခြေအနေကို ရိပ်စားမိကြသည်။

ယနေ့အဖို့ မည်သူမျှ တိုက်ပွဲကို ရှောင်လွှဲမရတော့ချေ။

ကုစုပြောင်က ချောင်ထင်တွားအား ...

"ခင်ဗျား ချင်ယွင်ကို ထိန်းထားပါ၊ ဒါဆိုရင် ကျုပ်အတွက် လုံလောက်ပါပြီ၊ ကျုပ် ကျန်တဲ့ လူတွေကို နိုင်တယ်ဗျ"

ချောင်ထင်တွားက ရယ်မောရင်း ခေါင်းညိတ်လေ၏။

"စိတ်ချ ..."

သူသည် စကားဆုံးသည်နှင့် ရှေ့သို့ထွက်သွားလေတော့သည်။

ကုစုပြောင်ကလည်း စင်ပေါ်မှ ဆင်းလာသည်။

မေစုမှာလည်း မနေသာတော့။

အခြေအနေကို အကဲခတ်ရင်း တိုက်ပွဲနှင့်နီးကပ်ရာနေရာတွင် အသင့်စောင့်ဆိုင်းနေလိုက်သည်။

စင်ချူကျူကလည်း အသင့်ပြင်ထားလိုက်၏။

ဖန်းပင်မှာ ကုစုပြောင်တို့လူစု ဆင်းလာသည်ကို တွေ့သောအခါ ရင်ထဲ၌ လေးလံလာ၏။

ယင်ယင်၊ ရှင်ဝင်လန်တို့မှာလည်း တိုက်ပွဲအတွင်းသို့ ဝင်ရောက်သွားကြပြီ ဖြစ်သည်။

ပိုင်စုယိမှာ မဏ္ဍပ်အတွင်း၌ ထိုင်နေပြီး ဆေးကုသရန် တာဝန်ယူထားလိုက်သည်။ သူတို့သည် ကိုယ့်တာဝန်နှင့်ကိုယ်ပင်။



ချန်ရှိတို့လူငယ်အုပ်စုမှာလည်း တိုက်ပွဲအတွင်းသို့ ပြေးဝင်သွားကြသည်။

မကြာခင် တိုက်ပွဲမှာ ပြင်းထန်စွာ ဖြစ်ပွားလာလေတော့၏။

ယင်ယင်မှာ ကျူးယင်ဂိုဏ်းသားများနှင့် မဆုံမိအောင် ဂရုစိုက်ရင်း တိုက်ခိုက်နေသည်။

သို့သော် ကော့ထင်းတုကမူ ယင်ယင်ထံသို့သာ ဦးတည်တိုက်ခိုက်နေသည်။

ဖန်းပင်က ယင်ယင်၏အခြေအနေကို ရိပ်စားမိ၏။

ထို့နောက် ကော့ထင်းတုကို ဟန့်တားတိုက်ခိုက်လိုက်သည်။

ယခုထိ တိုက်ပွဲအတွင်းသို့ မဝင်သေးသူမှာ မေစု၊ ကုစုပြောင်၊ စင်ချူကျူနှင့် ဂူတုံချွမ်တို့ပင် ဖြစ်သည်။

ဂူတုံချွမ်က ကုစုပြောင်အား သတိပေးလိုက်လေ၏။

"လုံယောင်တို့လူစု ဘယ်ရောက်သွားသလဲမသိဘူး၊ လင်းရှန်လည်း ပျောက်နေတယ်"

ကုစုပြောင်က တစ်ချက်စဉ်းစားလိုက်ပြီး ...

"အင်း ... ဒါမရိုးသားဘူး၊ ဒါပေမယ့် သူတို့လူစုက တို့ကို ဘာအန္တရာယ်မှ မပေးနိုင်ပါဘူး"

ဂူတုံချွမ်က ...

"သူတို့ကို ကျွန်တော်လိုက်ရှာမယ်"

ကုစုပြောင်က ...

"မလိုသေးဘူး၊ မင်း အခု ခရမ်းရောင်ဝတ်စုံတွေကို ဦးစီးပြီး အထက်လမ်းသိုင်းသမားတွေကို ရှင်းပစ်ပြီးမှ ဒီကောင်တွေကို ရှင်းပါ"

ဂူတုံချွမ်က ခေါင်းညိတ်လိုက်ပြီး ခရမ်းရောင်ဝတ်စုံနှင့် လူများကို ဦးဆောင်ကာ တိုက်ပွဲအတွင်းသို့ ဝင်သွားလေတော့၏။

တိုက်ပွဲအခြေအနေ ရုတ်ခြည်း ပြောင်းလဲသွားသည်။

ဂူတုံချွမ် ခေါင်းဆောင်သော ရှန်းမုံဂိုဏ်းသားများ ဝင်ရောက်တိုက်ခိုက်လာသည်နှင့် အထက်လမ်းသိုင်းသမား အများစုမှာ တဖြည်းဖြည်း နောက်ဆုတ်ပေးလိုက်ရသည်။

ရှန်းမုံဂိုဏ်းမှာ သိုင်းပညာ အဆင့်မြင့်သူများကို စိစစ်ရွေးချယ်ကာ အသုံးချခဲ့ခြင်းပင် ဖြစ်သည်။

တိုက်ပွဲ လွန်စွာပြင်းထန်နေသည်။

ဂူတုံချွမ် ခေါင်းဆောင်သော ရှန်းမုံဂိုဏ်းသားများသည် အထက်လမ်းသိုင်းသမားများကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသည်။

တိုက်ပွဲ၏အခြေအနေကြောင့် မြောင်နယ်ခြား အဆိပ်မယ်သုံးဖော် စိတ်ပျက်သွားကြသည်။

သူတို့ ပါဝင်တိုက်ခိုက်သော်လည်း ရန်သူများကို အနိုင်ရရန် မလွယ်ပါ။

သို့ဖြစ်ရာ သူတို့ကျွမ်းကျင်သော အဆိပ်ပညာကို အသုံးပြုရန် စဉ်းစားမိကြ၏။

အဆိပ်ပညာ အသုံးပြုလျှင် ရန်သူများကို ကောင်းစွာ ဆုံးမနိုင်လိမ့်မည်ဖြစ်ပေသည်။

သို့သော် အထက်လမ်းသိုင်းသမားများသည်လည်း ဒုက္ခကြုံရမည်ဖြစ်၏။



'မြောင်နယ်ခြားသုံးဖော်' မှာ ရန်သူများကို ပြတ်ပြတ်သားသား သုတ်သင်နိုင်ပါလျက် လက်ဆမထုတ်ဝံ့ဘဲ အခက်ကြုံနေရတော့သည်။

မြောင်နယ်ခြား အဆိပ်မယ်သုံးဖော်အနက် အသက်အကြီးဆုံးဖြစ်သူက အမိန့်ပေးသည်။

"တို့ရဲ့အဆိပ်ပညာ အသုံးမပြုရင် ရန်သူတွေ ပိုပြီး အတင့်ရဲကြလိမ့်မယ်၊ ဒါကြောင့် အဆိပ်ကိုသုံး၊ လူရွေးပြီး တိုက်ခိုက်ကြ"

သူတို့ အဆိပ်အသုံးပြုကြတော့မည်ဟုကြားလျှင် တိုက်ခိုက်နေသူများ နံဘေးသို့ ရှဲသွားကြသည်။

တိုက်ပွဲရပ်တန့်သွားခြင်းကား မဟုတ်ချေ။

တိုက်ခိုက်နေကြသူများသည် သူတို့သုံးယောက်အား ရှောင်ကွင်းကာ ခပ်ဝေးဝေးသို့ သွားရောက်တိုက်ခိုက်နေကြခြင်းကြောင့်ဖြစ်သည်။

မည်သို့ဆိုစေ အဆိပ်ပညာဖြင့် တွင်တွယ်ကျယ်ကျယ် အသုံးပြုတိုက်ခိုက်နိုင်ခြင်း မရှိသော်လည်း လူရွေးတိုက်ခိုက်နိုင်ပြီ ဖြစ်ပါ၏။

မြောင်နယ်ခြား အဆိပ်သုံးဖော်သည် ရှည်ရှည်ဝေးဝေး တွေးတောမနေဘဲ လူအများကြားတွင် ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင် ဖြစ်နေသော ရှန်းမုံဂိုဏ်းသားများအား အဆိပ်ပညာဖြင့် မလွတ်တမ်း တိုက်ခိုက်ပစ်လိုက်သည်။

သူတို့ အသုံးပြုသည်မှာ ဆံခြည်အဆိပ်အပ်ကလေးများပင် ဖြစ်သည်။ သူတို့ လက်နက်ပုန်းများမှာ ထိရောက်လှ၏။ ရန်သူများ တဝုန်းဝုန်းနှင့် လဲကျသွားကြသည်။

အဆိပ်မယ်များသည် ရွေးချယ်တိုက်ခိုက်နေခြင်းဖြစ်၏။

သူတို့ စိတ်လိုက်မာန်ပါ တိုက်ခိုက်ပါက မဆီမဆိုင်သူတွေ သာမက မိမိတို့၏ ဘက်တော်သား အထက်လမ်းသိုင်းသမားများပါ ထိခိုက်သွားနိုင်ပေသည်။

သူတို့ သတိကြီးစွာထား၍ တိုက်ခိုက်နေရခြင်းကြောင့် တိုက်ခိုက်မှု အရှိန်အဟုန်ကို အပြည့်အဝအသုံးမချနိုင်ဘဲ ရှိနေသည်။

မည်သို့ဆိုစေ သူတို့၏ တိုက်ခိုက်မှု ထိရောက်မှုကား ရှိပါသည်။ ရှန်းမုံဂိုဏ်းသားများသည် တိုက်ခိုက်နေရင်းမှ စူးစူးဝါးဝါး အော်ဟစ်လိုက်ကြပြီး တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ လဲကျသွားကြသည်။

မြောင်နယ်ခြား သုံးဖော်၏ အဆိပ်ပညာဖြင့် တိုက်ခိုက်မှုကြောင့် တစ်ခဏအတွင်းမှာပင် ရှန်းမုံဂိုဏ်းများမှ အဆင့်မြင့်သိုင်းသမား အတော်များများ မြေပေါ်သို့ အတုံးအရုန်း လဲကျကုန်လေ၏။

ထိုအဖြစ်ပျက်ကြောင့် ရှန်းမုံဂိုဏ်းသားများ တုန်လှုပ်သွားကြသည်။

တိုက်ပွဲကို ဆက်မတိုက်ရဲတော့ဘဲ နောက်ဆုတ်သွားကြသည်။

မြောင်နယ်ခြား သမုံးဖော်၏ အဆိပ်ပညာသည် တိုက်ပွဲကို ခေတ္တရပ်ဆိုင်းသွားစေနိုင်ခဲ့သည်။

ဤသည်ကို အခွင့်အကောင်းယူကာ ချီထင်းဟောင် ရောက်လာသည်။

သူ ချက်ချင်းပင် စင်ချူကျူနှင့် ရင်ဆိုင်လိုက်လေတော့သည်။



စင်ချူကျူသည် တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်နေသည်။

ရှန်းမုံဂိုဏ်းဖွင့်ပွဲသည်ပင် ရှုပ်ထွေးသောခြေအနေကို ဖန်တီးရာ ရောက်ပေသည်။

ရှန်းမုံဂိုဏ်း၏အကြံ မဆိုးသော်လည်း အန္တရာယ်များသည်ဟု တွေးမိ၏။

သူအခြေအနေစောင့်ကြည့်နေစဉ် ချီထင်းဟောင် သူ့ရှေ့သို့ ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

ချီထင်းဟောင်ကို တွေ့ရလျှင် စင်ချူကျူ ရင်ထိတ်သွားသည်။

ချီထင်းတောင် ခပ်ပြတ်ပြတ်ပြောလာသည်။

"စင်ချူကျူ ကျုပ်တို့ တစ်ပွဲတစ်လမ်းလောက် ယှဉ်ပြိုင်ကြအောင်"

စင်ချူကျူ ငြင်းဆန်နိုင်ခြင်း မရှိတော့ချေ။ ငြင်းဆန်လျှင် သူ ကြောက်ရွံ့သူတစ်ဦးဖြစ်သွားမည် မဟုတ်ပါလော။

သက်ပြင်း မသိမသာချရင်း ...

"ကောင်းပြီလေ"

ပြောရင်း ချီထင်းဟောင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ချီထင်းဟောင် မဲ့ပြုံး ပြုံးကာ ...

"ကျုပ်ရဲ့ လက်ဝါးကို သတိထားပါ"

စကားဆုံးသည်နှင့် လက်ဝါးတစ်ချက်ရိုက်ချပြီး တိုက်ခိုက်လိုက်လေ၏။

ချီထင်းဟောင်၏ လက်ဝါးနှစ်ဖက်သည် သိမ်းငှက်တစ်ကောင် အစာသုတ်သည့်ပုံဟန်မျိုးဖြင့် စင်ချူကျူအား ရိုက်ချလာသည်။

ရိုက်ချရင်း စင်ချူကျူ၏ ရင်ဘတ်နှင့် ပခုံးကို ကုတ်ဆွဲလိုက်သည်။

အတွင်းအား အပြည့်အဝသုံးကာ တိုက်ခိုက်လိုက်ခြင်းဖြစ်၍ ကုတ်ဆွဲခြင်းခံရပါက အရိုးအဆစ်များ ကြေမွသွားနိုင်၏။

စင်ချူကျူသည် ကြယ်တံခွန်ဂိုဏ်းချုပ်၏ အစ်ကိုဖြစ်သည့်အလျှောက် သိုင်းပညာမခေချေ။

ချီထင်းဟောင်၏ သိုင်းကွက်ကို တွေ့ရသည်နှင့် ကိုယ်ဖော့ပညာ အသုံးပြုကာ ခပ်သွက်သွက်ကလေး ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းပင် ခြေတစ်ဖက် ရှေ့သို့ဆန့်ထုတ်ကာ ချီထင်း ဟောင်၏ ဝမ်းဗိုက်ကို ကန်ကျောက်လိုက်၏။

သူက ပြန်လည်တိုက်ခိုက်ခြင်းမပြုလျှင် ချီထင်းဟောင်၏ တိုက်ကွက်များကိုသာ ရှောင်နေရတော့မည်ဖြစ်သည်။

ပြန်လည်တိုက်ခိုက်ပါမှ တိုက်ပွဲကို ညီမျှစေမည် ဖြစ်ပေသည်။

ချီထင်းဟောင်ကလည်း သူ၏တိုက်ကွက်ကိုက ရှောင်ရင်း ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

သူတို့နှစ်ယောက် ရှောင်ရင်းတိမ်းရင်း တစ်ယောက်နှင့် တစ်ယောက် ဘတစ်ပြန်ကျားတစ်ပြန် တိုက်ခိုက်နေကြလေတော့သည်။

တိုက်ပွဲသည် ချိုင့်ဝှမ်းအတွင်း နေရာအနှံ့၌ ဖြစ်ပေါ်နေပေသည်။



အတက်လမ်း သိုင်းသမားများနှင့် အောက်လမ်း သိုင်းသမားများသည် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် တိုက်ခိုက်လျက်ရှိပါသည်။

ရှန်းမုံဂိုဏ်းဖွင့်ပွဲမှသည် ယခုလို တိုက်ပွဲကြီးတစ်ရပ် ဖြစ်ပေါ်သာအောင် ရှန်းမုံဂိုဏ်းချုပ် ကုစုပြောင်က တမင်တကာ စီစဉ်ထားခဲ့ရသည် မဟုတ်ပါလား။

မေစုသည် တိုက်ပွဲအတွင်း၌ ပါဝင်တိုက်ခိုက်ခြင်း မရှိချေ။

သူမသည် ပြင်းထန်စွာ တိုက်ခိုက်နေသူများကို ငေးကြည့်နေသည်။

သူမ၏ ဟန်အမူအယာကို တွေ့ရရုံမျှဖြင့် သူမ၏ရင်ထဲ၌ မည်သို့သော ခံစားချက်များ ဖြစ်ပေါ်နေသည်ကို ခန့်မှန်း၍ ရမည် မဟုတ်ချေ။

တိုက်ပွဲအတွင်းမှ ဝါဂူသည် အဆက်မပြတ် တိုက်ခိုက်နေသည်။

သူ၏ပစ်မှတ်မှာ ကြယ်တံခွန်ဂိုဏ်းသားများနှင့် ရှန်းမုံဂိုဏ်းသားများပင် ဖြစ်ပါသည်။

ဝါဂူ၏ တိုက်ကွက်များ ပြင်းထန်ထက်မြက်လှသည်ဖြစ်ရာ သူရောက်ရှိသွားရာနေရာတိုင်း၌ ရန်သူများ အတုံးအရုံး လဲကျသွားကြလေတော့သည်။

ဝါဂူတစ်ယောက်တည်း တိုက်ခိုက်ရှုနှင့်ပင် ရှန်းမုံဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းသားများ အထိနာနေကြလေတော့သည်။

ပါဝူနည်းတူ ပိုင်ရှောက်ထင်းသည်လည်း တိုက်ပွဲအတွင်းသို့ ပါဝင်တိုက်ခိုက်နေပြီဖြစ်သည်။

ပိုင်ရှောက်ထင်းသည် လူထူးလူဆန်းကြီးဖြစ်သလို သူ၏ ဘိုက်ကွက်များသည် မည်သူမျှ ကြိုတင်မခန့်မှန်းမိသော ထူးဆန်းသည့် တိုက်ကွက်များ ဖြစ်နေသည်။

သူ၏တိုက်ကွက်များကြောင့် ရန်သူများ မရှုမလှ အရေးနိမ့်နေကြသည်။

လက်အောက်ငယ်သားများ အခြေအနေမလှသည်ကို တွေ့ရလျှင် ကွမ်မုစုလန်သည် ရှေ့သို့ပြေးထွက်ကာ ဝါဂူအား ဟန့်တားတိုက်ခိုက်လေတော့သည်။

ကွမ်စုမုလန်၏ သိုင်းပညာမှာလည်း မြင့်မားထက်မြက်သည်။

ဝါဂူမှာ ကွမ်မုစုလန်အား အခြားရန်သူများကဲ့သို့ တစ်ခဏအတွင်း မြေပေါ်လဲကျသွားအောင် မတိုက်ခုက်နိုင်ချေ။

ကွမ်မုစုလန်သည်လည်း ဝါဂူအား ပြတ်ပြတ်သားသား တိုက်ခိုက်နိုင်ခြင်း မရှိချေ။

သို့သော် သူတို့တိုက်ခိုက်နေရသဖြင့် ဝါဂူသည် ရှန်းမုံဂိုဏ်းသားနှင့် ကြယ်တံခွန်ဂိုဏ်းသားများကို သွားရောက် ဒုက္ခမပေးနိုင်အောင် ဟန့်တားနိုင်ခဲ့သည်။

ဝါဂူ အံတင်းတင်းကြိတ်ကာ ကွမ်မုစုလန်နှင့် တိုက်ခိုက်နေသည်။

ရန်သူဘက်မှ အဆင့်မြင့်သိုင်းသမားတစ်ယောက်ကို သုတ်သင်



နိုင်လျှင် အထက်လမ်းသိုင်းလောကသားများနှင့် အများပြည်သူအတွက် အဆိပ်မြွေဆိုးတစ်ကောင် သုတ်သင်ပစ်လိုက်ခြင်း ဖြစ်ပေ၏။

သို့ဖြစ်၍ ကြိုးကြိုးစားစား တိုက်ခိုက်နေခြင်း ဖြစ်ပါသည်။

ဝါဂူသည် လူငယ်သော်လည်း သိုင်းပညာမခေသဲ ကြောက်ရကောင်းသူဖြစ်ကြောင်း ရိပ်မိသည့်အတွက် ကွမ်မုစုကန်က အပြင်းအထန် ခုခံနေရသည်။

သူတို့နှစ်ယောက်၏ တိုက်ပွဲမှာ အလွန်ပြင်းထန်လှသည်။

သို့သော် ...

သိုင်းကွက် ၅၀ ကျော် တိုက်ခိုက်ပြီးသော်လည်း မည်သူမျှ အသာစီးမရခဲ့ကြချေ။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အလဲထိုးနိုင်သည်အထိ ဆက်၍ တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြပေသည်။

တကယ့် အသေအလဲ တိုက်ပွဲပင်တည်း။

❋ ❋ ❋

## အခန်း(၇၀)
# အာဏာရှူးသူတစ်ဦး

ကုစုပြောင်သည် မလှမ်းမကမ်းတွင်ရပ်ကာ တိုက်ပွဲကို သုံးသပ်နေသည်။

သူ၏အစီအစဉ်အတိုင်း တစ်ခုပြီးတစ်ခု ဖြစ်လာသည်။

နှစ်ပေါင်းများစွာ ကြိုတင် စီစဉ်ထားသည့်အတိုင်း အံဝင်ခွင်ကျဖြစ်လာပြီး နောက်ဆုံး အောင်ပန်းဆွတ်ခူးနိုင်မည် ဖြစ်သည်။

သူသည် ငယ်စဉ်ကပင် ဤသို့ အစီအစဉ်နှင့် ပြုလုပ်တတ်သည်။

သူ၏အကြံအစည်များ လုံးဝ အထမြောက်ပြီးစီးမည့်အချိန် မဝေးလှတော့ပါ။

ထိုအချိန်တွင် သိုင်းလောကတစ်ခုလုံးသည် သူ လက်ညှိုးညွှန်သည်နှင့် ပြားပြားဝပ် ခစားကြရမည်ဖြစ်သည်။

သူ၏စကားကို အားလုံး ခေါင်းညိတ်နားထောင်ကြရမည် ဖြစ်သည်။



သိုင်းလောကတစ်ခုလုံး သူ၏ခြေဖဝါးအောက်သို့ ရောက်ရှိတော့မည် ဖြစ်ပေသည်။

ကုစုပြောင် တွေးရင်းတွေးရင်း သဘောကျစွာ ပြုံးလိုက်မိသည်။

"ဝါထင်းဟုန် ... မင်းတို့ ဒီအတိုင်းနေနိုင်တော့မလား၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ကိစ္စတွေကို မကြာခင် ရှင်းပစ်နိုင်တော့မှာပေါ့"

သူသည် စိတ်ထဲမှ ကျိတ်၍ ကြုံးဝါးလိုက်၏။

မှန်သည်။

လက်ရှိအခြေအနေအရ ဝါရင်လုံတစ်ယောက်မှအပ မှုစရာလူမရှိတော့ပါ။

ကြယ်တံခွန်ဂိုဏ်းနှင့် ကျူးယင်ဂိုဏ်းတို့ ပူးပေါင်းကာ ပြန်လည်တိုက်ခိုက်မည်ဆိုလျှင်လည်း ရှန်းမုံဂိုဏ်းကို နိုင်လိမ့်မည် မဟုတ်ချေ။ ရှန်းမုံဂိုဏ်းကား အင်အားသာသည်။

သူ၏ ရှန်းမုံဂိုဏ်းသည် အထက်လမ်းသိုင်းသမားများကိုသာမက ကြယ်တံခွန်ဂိုဏ်းနှင့် ကျူးယင်ဂိုဏ်းသားများကိုပါ ကောင်းမွန်စွာ ထိန်းချုပ်ထားနိုင်မည် ဖြစ်ပေ၏။

"ခုခံနေသူတွေကို အပြတ်ရှင်းပစ်ရမယ်၊ ရှန်းမုံဂိုဏ်းက အင်အား ထပ်သုံးရမယ်၊ တိုက်ပွဲကို အမြန်ဆုံး အဆုံးသတ်ရမယ်၊ တိုက်ပွဲပြီးရင် ငါ့ဆန္ဒပြည့်ပြီ"

ကုစုပြောင်သည် တိုက်ပွဲ အမြန်ဆုံး အဆုံးသတ်ရန် ဆုံးဖြတ်လိုက်သည်။

ရှန်းမုံဂိုဏ်းမှ လူအင်အား ထပ်သုံးပြီး လိုအပ်ပါက သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်လိုက်၏။

သူက အမိန့်ပေးရန် ဟန်ပြင်လိုက်စဉ် မမျှော်လင့်သော အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

"အားလုံး ရပ်လိုက်ကြပါ"

ရုတ်တရက် ကျယ်လောင်သော စကားသံတစ်ချက် တောင်ထိပ်ပေါ်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စကားသံကြားရသည်နှင့် ဝါယင်လုံ၏ အသံဖြစ်ကြောင်း ကုစုပြောင်နှင့် အခြားလူအတော်များများ သိလိုက်ကြ၏။

အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်သောအခါ ဝဲဘက်တောင် ထိပ်တွင် ဝါယင်လုံ မားမားမတ်မတ် ရပ်နေသည်ကို တွေ့မြင်လိုက် ရသည်။

ဝါယင်လုံ၏ ဟန့်တားသံသည် တောင်နံရံများမှ တစ်ဆင့် ပဲ့တင်ထပ်ကာ မြည်ဟည်းထွက်ပေါ်လာလေ၏။

တိုက်ခိုက်သူများ ကြောင်အမ်းအမ်းဖြစ်ကာ တိုက်ပွဲကို ရပ်တန့်လိုက်ကြသည်။

အားလုံး ငြိမ်သက်သွားကြလေပြီ။

ဤတွင် ကုစုပြောင် ဒေါသခြောင်းခြောင်းထွက်ကာ အော်လိုက်၏။

"ဟေ့ ... ဘာငိုင်နေကြတာလဲ၊ ဆက်ပြီး တိုက်ခိုက်ကြပါတော့လား"



သူကဆက်တိုက်ရန် အမိန့်ပေးသည်။

သူ၏အမိန့်ပေးသံကြောင့် ရပ်တန့်သွားသော တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်လာ၏။

ရှန်သူများသည် ဝါယင်လုံ၏ စကားကို အရေးမစိုက်ဘဲ ဆက်၍ တိုက်ခိုက်ကြရတော့၏။

တောင်ထိပ်ပေါ်မှ စောင့်ကြည့်နေသော ဝါယင်လုံ စိတ်ပျက်သွားသည်။

တစ်ဖက်နှင့်တစ်ဖက် သဲကြီးမဲကြီး တိုက်ခိုက်ရန်သာ စိတ်ဝင်စားနေလျှင် နှစ်ဖက်စလုံး ဒုက္ခရောက်ကြမည်ကို သူသိထားသည်။

ကုစုပြောင်က အပေါ်သို့ မော့ကြည့်ရင်း အော်ပြောလေ၏။

"ဟေ့ ... ဝါယင်လုံ မင်း အောက်ဆင်းလာရမှာ ကြောက်နေသလား၊ သတ္တိရှိရင် အခုချက်ချင်း ဆင်းလာခဲ့၊ မင်းကို ငါ ဆုံးမမယ်"

သူသည် ပရိယာယ်ဆင်၍ မခံချင်အောင် ပြောလေ၏။

ဝါယင်လုံ ခေါင်းခါယမ်းလိုက်ပြီး ...

"ကုစုပြောင် ... ခင်ဗျားမှားနေပြီ၊ အခု လင်းရှန်နဲ့ လုံယောင်တို့ လူစု ဘာလုပ်နေကြသလဲဆိုတာ ခင်ဗျား သိသလား"

ထိုစကားကြောင့် ကုစုပြောင် မျက်မှောင်ကြုတ်သွားသည်။

လင်းရှန်တို့ ထွက်သွားသည်မှာ အကြောင်းတစ်ခုခု ရှိရမည်ဟု သူတွေးထားပြီးဖြစ်သည်။

ဝါယင်လုံက ဆက်ပြောလိုက်၏။

"သူတို့တစ်တွေ ခင်ဗျား စီစဉ်ထားတဲ့ ပေါက်ကွဲစေမယ့် ယမ်းတွေကို မီးရှို့နေကြပြီ"

"ဘာ ..."

ကုစုပြောင်၏အသံ ဟိန်းထွက်လာသည်။

ဤတောင်ကြားတစ်ဝိုက်တွင် ပေါက်ကွဲစေမည့် ယမ်းများ မြှုပ်နှံထားသည်မှာ သူ၏အစီအစဉ်ဖြစ်သည်။

အကယ်၍ ချိုင့်ဝှမ်းအတွင်းမှ တိုက်ပွဲသည် တစ်စုံတစ်ရာ များယွင်းကာ အရေးနိမ့်သွားမည်ဆိုပါလျှင် အထက်လမ်းသိုင်းသမားများ၏ ထွက်ပေါက်ထွက်လမ်းအားလုံးကို ယမ်းများပေါက်ခွဲကာ ပိတ်ဆို့ပစ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ထွက်ပေါက်များသာမက တောင်ထိပ်ရှိ ကျောက်စိုင်ကျောက်သားများကို ဖြိုခွဲခြင်းဖြင့် တောင်အောက်ချိုင့်ဝှမ်းအတွင်းရှိ လူများကိုမြေမြှုပ်လုပ်ကြပြီးသား ဖြစ်သွားပေမည်။

အလွန်ရက်စက်ကြမ်းကြုတ်သော အစီအစဉ်ဖြစ်သည်။

ယခုမူ ကိုယ့်ဘေးဒဏ် ကိုယ်ပြန်ထိချေပြီ။

သူကိုယ်တိုင် ချိုင့်ဝှမ်းဘောက်သို့ ရောက်နေသည်။

ယခုအချိန် ယမ်းများဖောက်ခွဲလိုက်ပါက သူ့ကိုလည်း မြေမြှုပ်ပြီးသား ဖြစ်သွားပေလိမ့်မည်။

ကုစုပြောင်၏ မျက်လုံးများသည် အရေးပေါ် လျှို့ဝှက်ထွက်ပေါက်ဆီသို့ ရောက်ရှိသွားသည်။

သူက အရေးပေါ်ထွက်ပေါက်သို့ အရောက်သွားနိုင်ရန် အချိန်ရပါဦးမလား။



လင်းရှန်သည် သူ့အမိန့်မပေးဘဲ အဘယ်ကြောင့် ယမ်းများကို မီးရှို့ဖောက်ခွဲပါသနည်း။

လင်းရှန် သစ္စာဖောက်ပြီဟု အလိုလို တွေးမိလာလေတော့သည်။

ထိုသို့တွေးမိသည်နှင့် ကုစုပြောင် အကြီးအကျယ် မျက်နှာပျက်သွားသည်။

ထိုစဉ် ဝါယင်လုံ၏ စကားသံ ထွက်ပေါ်လာလေတော့၏။

"လင်းရှန်က သစ္စာဖောက်ပြီး ယမ်းတွေဖောက်ခွဲလိုက်ရင် ခင်ဗျားတို့ တောင်အောက်မှာပဲ သေကြရလိမ့်မယ်"

သူ၏စကားသံနှင့် မရေးမနှောင်းမှာပင် ...

"ဝုန်း ..."

ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ချက် ထွက်ပေါ်လာသည်။

ချိုင့်ဝှမ်းအတွင်းရှိ တိုက်ခိုက်နေသူများ ထိတ်လန့်တုန်လှုပ်ကာ တိုက်ပွဲရပ်တန့်သွားသည်။

ချိုင့်ဝှမ်းအပေါ်ဘက်ရှိ ကျောက်တောင်မှ မြေသားများ ဖွာခနဲ လွင့်စဉ်ထွက်ပေါ်လာသည်။

တဝုန်းဝုန်း မြည်သံများနှင့်အတူ ယမ်းဖောက်ခွဲမှုကြောင့် ပဲ့ထွက်လာသော ကျောက်သားများသည် ချိုင့်ဝှမ်းအတွင်းသို့ မိုးသည်းထန်စွာ ရွာချလိုက်သည့်အလား ကျဆင်းလာလေတော့သတည်း။

ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းညို့သွားသည်ဟုပင် ထင်ရ၏။

ကျောက်မှုန်များသည် အလင်းရောင်ကိုပင် ပိတ်ဆည်းထား လိုက်ကြသည်။

တောင်အောက် ချိုင့်ဝှမ်းအတွင်းရှိ တိုက်ခိုက်နေသူများ ထိတ် လန့်တုန်လှုပ်ကာ အော်ဟစ်လိုက်ကြ၏။

တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ရန် မေ့လျော့ကာ အပေါ်ဘက် ကျဆင်းလာသော ကျောက်တုံးကျောက်ခဲများကို ရှောင်တိမ်းရ ဘေးလွတ်မည်ထင်ရာသို့ အော်ဟစ်ပြေးလွှားသွားကြသည်။

ပြေးရင်းလွှားရင်း တစ်ယောက်နှင့်တစ်ယောက် တိုက်မိကြ သည်။

မြေပေါ်တွင် အလဲလဲအပြိုပြို ဖြစ်ကုန်သည်။

ပြေးလွှားရင်းပင် အပေါ်ဘက်မှ အရှိန်ပြင်းထန်စွာ ကျဆင် လာသော ကျောက်တုံးကျောက်ခဲများ ထိမှန်ကာ အချို့လူများ သေဆုံ သွားကြသည်။

အချို့က ထပ်ပေါက် ခေါင်းကွဲ ခြေကျိုး လက်ကျိုးဖြစ်ကာ အချို့မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြလေတော့၏။

"လင်းရှန် ..."

ကုစုပြောင်၏အသံသည် တဝုန်းဝုန်း ကျဆင်းလာသော ကျောက်တုံးများ၏ မြည်သံအကြားတွင် ကွယ်ပျောက်သွားလေသည်

ကုစုပြောင်၏ မျက်နှာ နီရဲခက်ထန်နေသည်။

အံကိုတင်းတင်းကြိတ်ထားရင်း လင်းရှန်ကို အပြတ်ရှင်း စိတ်များ တဖွားဖွားပေါ်ပေါက်လာသည်။



မည်သို့ပင်ဆိုစေ သူသည်လည်း သွေးသားဖြင့် တည်ဆောက် ထားသူဖြစ်ပေသည်။

ကျောက်တုံး ကျောက်ခဲများ ထိမှန်လျှင် အသက်အန္တရာယ် းရှိမ်ရသည်ဖြစ်၍ ရှေးဦးစွာ ဘေးလွတ်ရာသို့ ရှောင်တိမ်းပြေးလွှား သွားရသည်။

သူက လျှို့ဝှက်ထွက်ပေါက်ဆီသို့ မသွားရဲချေ။

အဘယ့်ကြောင့်ဆိုသော် ပေါက်ကွဲမှုဖြစ်ပသွားသောနေရာသည် ျှို့ဝှက်ထွက်ပေါက်၏ အပေါ်ထည့်တည့်မှ ဖြစ်နေသောကြောင့် တည်း။

လျှို့ဝှက်ထွက်ပေါက်နှင့် အခြားသော ထွက်ပေါက်များသို့ ကျောက်တုံး ကျောက်ခဲများ အဆက်မပြတ်ဆိုသလို ကျဆင်းလာနေ ခြင်းကြောင့် ဖြစ်သည်။

ထိုစဉ် ...

"ဝုန်း ... ဝုန်း ... ဝုန်း ... ဝုန်း"

နောက်ထပ် ပေါက်ကွဲသံများ ဆက်တိုက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျောက်တုံးကျောက်ခဲများ တစ်သုတ်ပြီးတစ်သုတ် ကျရောက် လာပြန်သည်။

ချိုင့်ဝှမ်းအတွင်းရှိလူများမှာ ပြေးစရာထွက်ပေါက်လည်းမရှိ၊ ပုန်းကွယ်ရာလည်းမရှိသဖြင့် အပေါ်မော့ကြည့်ရင်း ကျဆင်းလာသော ကျောက်တုံးများကို ရှောင်နေကြ၏။

ကိုယ်ဖော့ပညာနှင့် အတွင်းအားနုနယ်သူများမှာ ရှောင်တိမ်းရင်း ခြေကုန်လက်ပန်းကျကာ နောက်ဆုံး ကျောက်တုံးထိမှန်ခြင်းဖြင့် လဲကျသွားကြလေသည်။

ချိုင့်ဝှမ်းအတွင်း ကမ္ဘာပျက်သလို ကျွတ်ကျွတ်ညံနေသည်။

ဆိုးရွားလှသော မြင်ကွင်းကို မကြည့်ရက်တော့သည့်အလား ဝါယင်လုံ မျက်လုံးပိတ်ထားလိုက်လေတော့သည်။

အချိန်မည်မျှ ကြာသွားသည်မသိပေ။

ပေါက်ကွဲမှုများ ရပ်တန့်သွားပြီ ဖြစ်ပါသည်။

ကျောက်တုံး ကျောက်ခဲများ ကျဆင်းမှုလည်း ရပ်သွားသည်။

ခမ်းခမ်းနားနားရှိခဲ့သော ချိုင့်ဝှမ်းအတွင်းမှ နန်းဆောင်များမှာ ကျောက်တုံး ကျောက်ခဲများ ထိမှန်မှုကြောင့် အပျက်အစီးပုံကြီးသဖွယ် ကြည့်မကောင်းရှုမကောင်းအောင် အကျည်းတန်နေသည်။

ထွက်ပေါက်နေရာများတွင် ကျောက်တုံးများ အစုလိုက် အပြုံလိုက် ရှိနေသည်။

လျှို့ဝှက်ထွက်ပေါက်သာမက အခြားအခြားသော ထွက်ပေါက်များသည် လုံးဝ ပိတ်ဆို့သွားပြီဖြစ်သည်။

ချိုင့်ဝှမ်းအတွင်း ကျောက်တုံးများ တောင်လိုပုံနေသည်။

ထိခိုက်ဒဏ်ရာရသူများ၏ အော်ဟစ်ညည်းညူနေသံများကို နားမဆံ့အောင် ကြားနေရသည်။

သေဆုံးသွားကြသူများလည်း မနည်းလှချေ။

ကံကောင်းထောက်မသဖြင့် ကုစုပြောင် ဘေးမသီရန်မခခဲ့ချေ။



"လင်းရှန် ..."

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဒေါသထွက်လွန်းသဖြင့် လှိုင်းသံထွက်ပေါ်နေသည်။

မရေးမနှောင်းမှာပင် ရယ်မောသံများ ထွက်ပေါ်လာသည်။

"ဟား ... ဟား ... ဟား"

ရယ်သံအဆုံး၌ ဝါယင်လုံ ရပ်နေသော တောင်ထိပ်နှင့် မျက်နှာချင်းဆိုင် တစ်ဖက်တောင်ထိပ်မှ လူတစ်ယောက် ထွက်ပေါ်လာ၏။

ထိုလူကား လင်းရှန်ပင်တည်း။

လင်းရှန်၏ အနောက်မှ လူတစ်စု အလျှိုအလျှို ပေါ်လာကြသည်။

ထိုလူများသည် လင်းရှန်ကို သစ္စာခံကြသော ရှန်းမုံဂိုဏ်းသားများ ဖြစ်ကြပေ၏။

လင်းရှန်သည် တောင်အောက်မှ အနိဋ္ဌာရုံမြင်ကွင်းကိုကြည့်ကာ သဘောကျစွာဖြင့် အော်ဟစ်ရယ်မောနေသည်။

တောင်အောက်ရှိ လူများအတွက် ထွက်ပေါက် ထွက်လမ်း မရှိတော့ချေ။

လင်းရှန်သည် တောင်အောက်ရှိလူများကို သူ၏လက်ခုပ်ထဲမှ ရေပမာ သွန်လိုသွန် မှောက်လိုမှောက် လုပ်နိုင်သည်ဟု တွက်ဆကာ ရယ်မောနေခြင်းဖြစ်သည်။

ဝါယင်လုံကို သူအရေးမစိုက်ပါ။

တောင်အောက်ရှိ လူများ၏ အသက်ဖြင့် ဝါယင်လုံကို မလှုပ်ရှားနိုင်အောင် ခြိမ်းခြောက်နိုင်မည်ဟု တစ်ထစ်ချ တွက်ဆထားသည်။

လင်းရှန် ရယ်မောနေသည်ကို တွေ့သောအခါ ကုစုစပြောင် ပို၍ ဒေါသထွက်ပြီးရင်း ထွက်လာသည်။

"လင်းရှန်"

သူက ထပ်မံအော်ဟစ်လိုက်သည်။

လင်းရှန်က မေးလေ၏။

"ကုစုပြောင် ... ခင်ဗျား ကျုပ်ကိုခေါ်တာ ဘာပြောချင်လို့လဲ"

နာမည်ခေါ်လိုက်သဖြင့် ဂိုဏ်းချုပ်ဟု အသိအမှတ်မပြုတော့ကြောင်း ကုစုပြောင် နားလည်လိုက်သည်။ ဒေါသလည်း အလိပ်လိုက်တက်လာသည်။

လင်းရှန်၏ အနောက်ဘက်တွင် ရပ်နေကြသော လုံယောင်နှင့် ဝီယိဖုံးတို့အား တွေ့လျှင် ဝါယင်လုံ၏ ပြောစကားများ အမှန်ပင်ဖြစ်ကြောင်း နားလည်လာ၏။

လင်းရှန်သည် သူတို့အားလုံးကို အကျပ်ကိုင်ပေတော့မည်။

ကုစုပြောင်က စိတ်လှုပ်ရှားမှုကို ချုပ်ထိန်းရင်း ...

"လင်းရှန် ... မင်း အောက်ကိုမြန်မြန်ဆင်းခဲ့စမ်း၊ မင်းနဲ့ စကားပြောချင်တယ်"

လင်းရှန် တဟားဟား ရယ်မောရင်း ...

"ခင်ဗျား ဆင်းခိုင်းတိုင်း ကျုပ်ဆင်းလာရမှာလားဗျ၊ ခင်ဗျားစကားကို ကျုပ်နားမထောင်နိုင်ဘူး၊ ခင်ဗျားသာ ကျုပ်စကား နားထောင်ရလိမ့်မယ်၊ အခြေအနေက ပြောင်းပြန်ဖြစ်သွားပြီဗျ"



ကုစုပြောင်မှာ သူ့အကြံနှင့်သူ ခံနေရချေပြီ။

သူတစ်ပါးအပေါ် အကောက်ကြံထားခဲ့သမျှ လင်းရှန်က သစ္စာဖောက်ကာ သူ့အပေါ် မကောင်းကြံနေချေပြီ။

အထက်လမ်းသိုင်းသမားများအား လုပ်ကြံရန် စီစဉ်ခဲ့သမျှ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်မိသလို ဖြစ်နေချေပြီ။

ကုစုပြောင် ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေလေလေ လင်းရှန် သဘောကျလေလေပင်။ သူ ရယ်မောမဆုံး ဖြစ်နေလေ၏။

ကုစုပြောင်က ...

"လင်းရှန် ... မင်းဘာကြောင့် သစ္စာဖောက်ရတာလဲ၊ ငါ့ရှေ့ကို မြန်မြန်လာပြီး ဒူးထောက်စမ်း၊ မင်းကို ငါ အသက်ချမ်းသာခွင့်ပေးမယ်"

ပြောသာပြောလိုက်သော်လည်း လင်းရှန် နားထောင်တော့မည် မဟုတ်ကြောင်း သိနေ၏။ အခြေအနေ ပြောင်းနေလေပြီ။

အကယ်၍များ လင်းရှန် စိတ်ပြောင်းသွားပြီး ဒူးထောက်မည်ဆိုပါက သူက အသက်ချမ်းသာခွင့် ပြုနိုင်မည်မဟုတ်ပါ။

လက်ဝါးတစ်ချက်တည်းဖြင့် လင်းရှန်ကို သုတ်သင်ပစ်လိုက်မည်သာ ဖြစ်ပါသည်။

ကုစုပြောင်၏ စကားများနှင့် မရှေးမနှောင်းတွင် လင်းရှန်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ကျုပ် ခင်ဗျားဆီမှာ တပည့်ခံခဲ့တာကြာပါပြီ၊ အခုတော့ ကျုပ်ဟာဆရာတစ်လှည့်ဖြစ်ဖို့ အချိန်ကောင်းပဲဗျ၊ ခင်ဗျားသာ ကျုပ်

ရှေ့ဒူးထောက်ပြီး လာခဲ့ပါ၊ ခင်ဗျားကို အသက်ချမ်းသာပေးမယ် ဒါ သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာနော်”

“လင်းရှန် … မင်း … မင်း”

ကုစုပြောင် ဒေါသထွက်လွန်း၍ စကားများပင် ထစ်တစ်ငေါ့ ငေါ့ ဖြစ်နေသည်။

လင်းရှန်က …

“ဟား … ဟား … ဟား … ကျုပ် ခင်ဗျားဆီမှာ အမှုထမ်း ရင်း ဘာတွေစဉ်းစားနေခဲ့တယ်ဆိုတာ ခင်ဗျား မတွေးမိခဲ့ဘူး မဟုတ် လားဗျ၊ ဒါ ခင်ဗျားညံ့လို့ပေါ့”

ကုစုပြောင် အံကြိတ်နေရုံမှတစ်ပါး အခြားမရှိတော့ပြီ။

လင်းရှန်ကို လျော့၍တွက်မိသည်က သူ့အမှားဖြစ်သည်။

လင်းရှန် သူ့အပေါ် အကောက်ကြံလာမည်ဟု လုံးဝမထင် မိခဲ့ချေ။ အမှန်တော့ သူ၏အကျင့်စရိုက်များနှင့် ကောက်ကျစ်စဉ်းလဲ မှုသည် အနီးကပ်ဆုံးနေခဲ့သော လင်းရှန်ထံသို့ ကူးစက်သွားခြင်းသာ ဖြစ်ပေလိမ့်မည်။

ကုစုပြောင်က လင်းရှန်ကို အမှန့်ကြိတ်ပစ်ချင်လောက်အောင် စိတ်ဆိုးနေလေတော့သည်။

ကုစုပြောင်က လင်းရှန်ကို မမေးသော်လည်း တစ်ဖက်မျက်နှာ ချင်းဆိုင် တောင်ထိပ်မှ ဝါယင်လုံကမူ မေးကြည့်လိုက်သည်။

“လင်းရှန် … ခင်ဗျားက ကုစုပြောင်ဆီမှာ နှစ်ပေါင်းများစွာ အမှုထမ်းရင်း ဘာတွေအကြံထုတ်ခဲ့တာလဲဗျ”



လင်းရှန်က ဝါယင်လုံအား လှမ်းကြည့်လိုက်လေ၏။

ထို့နောက် လှမ်းမေးသည်။

“မင်း ဝါယင်လုံ မဟုတ်လား”

“ဟုတ်ပါတယ်”

လင်းရှန် မကျေမနပ်ဖြင့် ပြောသည်။

“ငါ့ရဲ့ယေ်သားတွေကို မင်းဘာလုပ်ထားသလဲ”

ဝါယင်လုံ ပြုံးလိုက်ပြီး …

“သွေးကြောပိတ်ပြီး ဖမ်းထားပါတယ် ခင်ဗျာ”

“အင်းလေ … မင်းဟာ တို့တစ်တွေ ပာမ်းတွေမြုပ်ထားတာကို ကြိုပြီးသတိထားနိုင်တာ ချီးကျူးရမှာပေါ့၊ တကယ်လို့များ မင်းလည်း တောင်အောက်မှာ ရောက်နေမယ်ဆိုရင် ကျုပ်နဲ့ အခုလို စကားပြောဖို့ မဖြစ်နိုင်တော့ဘူး”

တောင်အောက်က လူတွေကို စကားပြောဖို့ ခင်ဗျားက အခွင့် အရေး မပေးနိုင်တော့ဘူး ဆိုပါတော့ …”

“ပေးနိုင်ပါတယ်၊ ဒါပေမယ့် သူတို့က ကျုပ်စကား နားထောင် ရလိမ့်မယ်”

ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

“ခင်ဗျားမှားနေပြီ၊ သူတို့ကို ကယ်တင်ဖို့ ကျုပ်တစ်ယောက် လုံး ရှိသေးတယ်ဆိုတာ မေ့ထားလို့ ဖြစ်မလား၊ တကယ်တော့ ခင်ဗျားဟာ ခေါင်းမကောင်းတော့ဘူး”

လင်းရှန် စိတ်ဆိုးသွား၏။

"မင်း ကယ်နိုင်ရင် ကယ်ပေါ့၊ ကျုပ်က ယမ်းတွေ ထပ်ဖောက်ခွဲဖို့ ဝန်မလေးဘူး"

"ဒါ ခင်ဗျားသဘောပဲ၊ အောက်ကလူတွေ ပြန်မထွက်နိုင်အောင် ထွက်ပေါက်တွေကို ပိတ်ဆို့ဖို့ ကြံစည်ထားတယ်ဆိုတာ ကျုပ်သိတယ်၊ သူတို့အားလုံးကို မြေမြှုပ်ပစ်နိုင်အောင် ကျောက်တောင်တစ်ခုလုံး ဖြိုချဖို့ ခင်ဗျားတတ်နိုင်မလား"

"ကျုပ်တတ်နိုင်တယ်"

"ခင်ဗျား မသိပါဘူး၊ ယမ်းမြုပ်ထားတဲ့ နေရာအားလုံး ခင်ဗျား မသိဘူး၊ သိတာ ကုစပြောင်တစ်ယောက်တည်းပဲ ရှိတယ်၊ ခင်ဗျားက ကံကောင်းပြီး ဝင်ပေါက် ထွက်ပေါက်တွေကို ပိတ်ဆို့ဖို့ပဲ သိခဲ့တာပဲ"

သူတို့နှစ်ယောက် စကားပြောနေကြသဖြင့် အောက်ဘက်မှ လူအများ၏ ဒုက္ခကို မေ့လျော့နေသလို ရှိပေသည်။

ချန်မင်မင် စိတ်မရှည်တော့ဘဲ အော်ပြောလေ၏။

"ရှင်က ဒီလူယုတ်မာနဲ့ စကားပြောပြီး အချိန်ဖြုန်းနေတော့မှာလား၊ အောက်ကလူတွေကို မကူညီတော့ဘူးလား"

ထိုစကားကြားရလျှင် ဝါယင်လုံ စိတ်အေးအေးထားရန် လက်ကာပြလိုက်သည်။

"ဘာမှ စိတ်မပူနဲ့ ခဏစောင့်နေပါ"

ပြောပြီး လင်းရှန်ကို မေးသည်။

"ပြောစမ်းပါဦး ... ခင်ဗျားက ဘာတွေကြံစည်ထားသလဲ"



လင်းရှန်က တဟားဟား ရယ်မောကာ ...

"ဟား ... ဟား ... ဟား ... ကျုပ်က ဂိုဏ်းသုံးဂိုဏ်းစလုံးနဲ့ အောက်မှာရောက်နေတဲ့ လူအားလုံးကို ငြိမ်းချမ်းအောင် လုပ်ပေးမယ်၊ သူတို့အားလုံး တမလွန်မှာ ချစ်ချစ်ခင်ခင် နေကြရမှာပေါ့၊ ဒီကလူတွေကို သုတ်သင်ပြီး ကျုပ်ကိုယ်တိုင် ယင်ယင်ကို သုတ်သင်မယ်"

သူတို့နှစ်ယောက် စကားပြောနေစဉ် ယင်ယင်တို့ လူစု ရောက်လာကြသည်။

ထင်ယိတို့သည် ဝါယင်လုံအနီးသို့ တိတ်တဆိတ် ရောက်လာကြခြင်းဖြစ်၏။

ထင်ယိက ဝါယင်လုံအနီးသို့ ချဉ်းကပ်သွားပြီး အရိုအသေပြုလိုက်သည်။

သူတို့ရောက်လာကြသည်ကို ဝါယင်လုံ သိထားပြီးဖြစ်သည်။

ထင်ယိကို တွေ့ရလျှင် လင်းရှန် မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

"မင်းက ဝါယင်လုံဘက်ကို ပါသွားပြီလား"

သူ့လေသံက လှောင်ပြောင်သံပါသည်။

ထင်ယိက လုံးဝအရေးမစိုက်ဘဲ မျက်နှာထားတင်းတင်းဖြင့် ပြော၏။

"မင်းကော ငါပါ ဝါမိသားစုကျေးဇူးနဲ့ မကင်းကြပါဘူး၊ မင်း စဉ်းစားပါ၊ မင်း ဘာဖြစ်လို့ မိုက်တွင်းနက်ဖို့ စဉ်းစားနေရတာလဲ၊ မင်း စဉ်းစားရင် အဖြေပေါ်လာမှာပါ"

လင်းရှန်သည် ရှန်းမုံဂိုဏ်းကိုသာမက သိုင်းလောကတစ်ခုလုံးကိုပင် အပိုင်စီးရန် အိပ်မက် မက်နေသူဖြစ်သည်။

ကုစုပြောင်၏ စိတ်ကူးယဉ် အိပ်မက်များကို သူစွဲလမ်းနေမိပြီဖြစ်သည်။

ထင်ယိကို ကြည့်ရင်း ရယ်လိုက်၏။

"ဟဲ ... ဟဲ ... မိုးကြိုးဂိုဏ်းချုပ်ကြီးက ဒီလိုစကားမျိုး ပြောတာကြားရလို့ ကျုပ်ဖြင့် ကိုယ့်နားတောင် ကိုယ်မယုံချင်တော့ဘူးဗျ၊ ဟား ... ဟား ... ဟား"

"လူဆိုတော့ ပျက်အစဉ် ပြင်ခဏပါ၊ မင်း နောင်တရမယ်ဆိုရင် လက်ကမ်းကြိုဆိုမယ့်လူတွေ အများကြီး ရှိပါတယ်၊ မင်း စဉ်းစားပါ၊ ချွေးမြီးကောက်ကိုတော့ မမိုက်နဲ့ပေါ့ဗျာ"

လင်းရှန် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် စဉ်းစားပြီးမှ လုပ်တာပဲ၊ ထပ်ပြီး စဉ်းစားစရာ မလိုတော့ဘူး၊ ကျုပ် ဘယ်သူ့ကိုမှ မကြောက်ဘူး၊ သေရမှာလည်း မကြောက်ဘူး၊ ဟဲ ... ဟဲ ... လူတွေအားလုံးကသာ ကျုပ်ကို ကြောက်ရလိမ့်မယ်"

လင်းရှန် ရူးသွားပြီဟု ထင်ယိ တွေးမိသည်။

ထိုစဉ် ဝါယင်လုံ၏ နောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။

"ဆရာ ..."

သူမက လင်းရှန်ကို လှမ်းခေါ်လိုက်သည်။



ထိုလူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။

ယောဂီမယ်ကလေး လင်ပု ဖြစ်လေ၏။

လင်ပုကို တွေ့ရသောအခါ လင်းရှန် စိတ်ဆိုးသွားသည်။

"မင်း ငါ့ကို ဆရာလို့မခေါ်နဲ့၊ မင်း ဘာကြောင့် ဝါယင်လုံနဲ့ သွားပြီးပူးပေါင်းရတာလဲ"

လင်ပု မျက်ရည်ဝဲလာသည်။

"ဆရာဟာ ဆရာပါပဲ၊ ဆရာပြန်ပြီး စဉ်းစားဖို့ ကျွန်မ တောင်းပန်ပါတယ်ရှင်"

"မလိုဘူး၊ ငါ့ကိုလာပြီး မဖျောင်းဖျနဲ့"

"ဆရာ ... ဆရာသာ မကောင်းမှုတွေကို စွန့်ပြီး သိုင်းလောကက ဒာတ်မြှုပ်မယ်ဆိုရင် ကျွန်မ ဆရာ့နောက်ပါးကလိုက်ပြီး တစ်သက်လုံး ပြုစုစောင့်ရှောက်ပါမယ်ရှင်"

မမျှော်လင့်သော စကားကြားရလျှင် လင်းရှန် အံ့သြသွားသည်။

ရုတ်တရက် စကားမပြောနိုင်ဘဲ ငိုင်ကျသွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် ချကာ

"မဖြစ်ဘူး၊ ဒီအခြေအနေရောက်လာအောင် ငါနှစ်ပေါင်းများစွာ အောင့်အည်း သည်းခံခဲ့ရတာ၊ ငါနောက်မဆုတ်နိုင်တော့ဘူး၊ မင်း ငါ့ကို ဆရာလို့သတ်မှတ်တယ်ဆိုရင် ဒီဘက်ကိုလာခဲ့"

လင်ပု ခေါင်းခါယမ်းလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ မလာပါရစေနဲ့၊ ဆရာ ပြန်ပြီး စဉ်းစားပါဦး"

ပြောရင်း သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

လင်ပုံ ငိုကြွေးနေသည်ကိုတွေ့ရလျှင် ဝါယင်လုံ စိတ်မကောင်းဖြစ်သွားရသည်။

လင်ပုက ...

"ဆရာ ... ဆရာ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား"

"ငါ ဘယ်တော့မှ မပြင်ဘူး"

"ကျွန် ... ကျွန်မ သွားတော့မယ်"

လင်ပု ပြောပြောဆိုဆို တစ်ဖက်သို့ ထွက်သွားလေတော့၏။

ဝါယင်လုံ ကပျာကယာ လှမ်းပြောလိုက်၏။

"သိပ်ဝေးဝေးမသွားနဲ့၊ ဒီအနီးတစ်ဝိုက်မှာ လင်းရှုန်ရဲ့ လူတွေရှိတယ်၊ သတိထား ..."

လင်ပု ခေါင်းညိတ်သည်။

သူမက ခပ်သွက်သွက် လှမ်းထွက်သွားရာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

❋ ❋ ❋



အခန်း(၇၁)

## ယုတ်မာသောအကြံ ပျက်စီးခြင်း

လင်းရှုန် ငြိမ်သွားလေတော့သည်။

တောင်အောက်မှ လူများလည်း အခြေအနေ စောင့်ကြည့်နေကြသည်။

ဝါယင်လုံက ငြိမ်သက်နေသော အချိန်အတွင်း စီးမာမိသားစု လုပ်ကြံခံရသည့်ကိစ္စကို ဖော်ထုတ်ရန် စဉ်းစားမိလေသည်။

သိုင်းလောကတွင် ထင်ရှားသော အထက်လမ်းသိုင်းသမားများနှင့် အောက်လမ်းသိုင်းသမားများ တစ်စုတစ်ရုံးတည်း ရောက်ရှိနေသည် မဟုတ်ပါလား။

ထိုလူစုတွင် စီးမာမိသားစုအား လုပ်ကြံခဲ့သူများ ကျိန်းသေပါဝင်နေမည်ဟု သူတစ်ထစ်ချ ယုံကြည်ထားသည်။

ဝါယင်လုံက အောက်ဘက်ရှိလူများကို လှမ်းကြည့်လိုက်သည်။

ကုစုပြောင်၊ မေစု၊ ချီထင်းဟောင်၊ ထွမ်မုစုလန်၊ ချန်မင်မင်၊ ...င်ချူကျူတို့သည် သူ့အားငေးကြည့်နေကြသည်ကို တွေ့ရသည်။

အမှန်တော့ အောက်မှလူများသည် ထွက်ပေါက်ပိတ်သွားပြီး ဖြစ်ရာ ဝါယင်လုံကို အားကိုးကြီးစွာဖြင့် ကြည့်နေကြခြင်း ဖြစ်သည်။

သူတို့အား ဝါယင်လုံကသာ ကယ်တင်ပေလိမ့်မည်။

လင်းရှန်ကမူ အားလုံးကို သုတ်သင်ပစ်မည်ဟု ယုံကြည်ထား သည်။

ဝါယင်လုံက ဝေ့ကြည့်စဉ် မေစုက သူ့အားကြည့်နေသည်ကို တွေ့ရ၏။

"မေစု ..."

ဝါယင်လုံ လွှတ်ခနဲခေါ်လိုက်မိသည်။

မေစု ခေါင်းငုံ့သွားသည်။

ဝါယင်လုံက သက်ပြင်းချကာ ...

"ကဲ ... ဒီမှာ လူစုံတုန်း ကျုပ်ရှင်းစရာ ကိစ္စရှိသေးတယ်၊ အားလုံး နားထောင်ကြဖို့ ကြိုတင်ပြောပါရစေ"

သူ၏စကားကြားလျှင် ကုစုပြောင် တဟားဟား ရယ်မောရင်း

"ဟား ... ဟား ... မင်းက တို့တစ်တွေ ထွက်ပေါက်မရှိဘဲ မိတ်ပိနေတာကို အခွင့်ကောင်းယူပြီး စီးမာမိသားစုရဲ့ ပြဿနာကို ရှင်းမလို့မဟုတ်လား"

ကုစုပြောင်သည် အလွန်ဉာဏ်ကောင်း တစ်ဦးသူဖြစ်ကြောင်း ဝါယင်လုံ နားလည်သွားသည်။

သူသည် ဝါယင်လုံ ပါးစပ်ဟလိုက်သည်နှင့် ပြောမည့်စကားကို သိသည်။

တည်ကြည်သော မျက်နှာထားဖြင့် ...



"ကျုပ် အခွင့်ကောင်းယူတာတော့မဟုတ်ပါဘူး၊ လူစုံတုန်း မေးကြည့်တဲ့သဘောပါ"

"မင်း ဘာမေးချင်တာလဲ"

"စီးမာမိသားစုကို ဘာ့ကြောင့်လုပ်ကြံရသလဲဆိုတာ သိချင် ပါတယ်"

ကုစုပြောင် ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... စီးမာမိသားစုကို လုပ်ကြံတာဟာ ဝါမိသားစုနဲ့ အလွန်ရင်းနှီးတဲ့ မိသားစုဖြစ်နေလို့ပဲ၊ တစ်နည်းဆိုရင် ဝါးမိသားစုကို ထိတ်လန့်သွားအောင် လုပ်တဲ့သဘောပေါ့"

ဝါယင်လုံက ကုစုပြောင်အား သေသေချာချာ စိုက်ကြည့်လိုက် မိသည်။

"ခင်ဗျား ဒီလို ဘာ့ကြောင့် ပြောနိုင်တာလဲ"

"ဟား ... ဟား ... ဟား ... ဒီကိစ္စတွေမှာ ကျုပ် ပါဝင်ခဲ့လို့ ပေါ့ဗျာ"

ထိုစကားကြားရသော်လည်း ဝါယင်လုံ မအံ့သြတော့ချေ။

ကုစုပြောင်၏ ရှန်းမုံဂိုဏ်းမပါဘဲ နေမည်မဟုတ်ကြောင်း သူ ကြိုတင်တွေးတောထားမိသည် မဟုတ်ပါလား။

ချိုထင်းပေါင်သည် စီးမာမိသားစုနှင့် ရင်းနှီးသူတစ်ယောက် ဖြစ်လေ၏။

ထို့ကြောင့် ကုစုပြောင်၏ စကားကို ကြားရသောအခါ ဒေါသ ထွက်လာလေ၏။

"ကုစုပြောင် ... မင်း ရက်စက်ယုတ်မာလှချည်လား"

ကုစုပြောင်က ချိထင်းဟောင်းကို လုံးဝအရေးမစိုက်ဘဲ ...

"စီးမာမိသားစုဟာ ဝါမိသားစုနဲ့ ရင်းနှီးတယ်၊ သူတို့ဟာ ကျုပ်တို့ဂိုဏ်းတွေကို ချေမှုန်းပစ်ချင်တယ်၊ မကြာခဏ ကျုပ်တို့ကို ဒုက္ခပေးတယ်၊ ကျုပ်တို့ဟာ ရန်သူကြီးတွေလို ဖြစ်နေကြတယ်၊ ဒါကြောင့် သုတ်သင်ပစ်တာ၊ မကျေနပ်ရင် ကျုပ်နဲ့လာပြီး ယှဉ်ပြိုင်နိုင်တယ်"

သူက ဖြောင်ကျကျ ဖိတ်ခေါ်လိုက်သည်။

ချိထင်းဟောင်းက ရှေ့တွက်ကာ ယှဉ်ပြိုင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ဝါယင်လုံ၏ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"စီးမားမိသားစုဟာ ခေသူတွေမဟုတ်ဘူး၊ ဒါကြောင့် လုပ်ကြံတဲ့နေရာမှာ ရှန်းမုံဂိုဏ်းတစ်ခုတည်းက လုပ်ကြံဖို့မဖြစ်နိုင်ဘူး၊ တခြားလူတွေလည်း ပါဝင်လိမ့်မယ် ကျုပ်ထင်တယ်"

သူ၏စကားအဆုံးတွင် မေစုက မြေပေါ် ခြေတစ်ဖက်ဆောင့်ကာ ...

"ဟုတ်တယ် ... အဲဒီကိစ္စမှာ ကျွန်မလည်းပါတယ်၊ သူ့ဖခင်ဟာ ဂိုဏ်းကိုသစ္စာဖောက်တယ်၊ ဒါကြောင့် သစ္စာဖောက်ကို သုတ်သင်တာ မတရားလုပ်ကြံတာမဟုတ်ဘူး"

မေစုက သူမဘာသာ ဝန်ခံပေးလာသည်နှင့် စင်ချူကျူက လည်း ကြားဝင်ပြောလာလေသည်။

"ဒီကိစ္စဟာ ကုစုပြောင်၊ မေစုနဲ့ လင်းရှန်တို့ လက်ချက်မကင်းဘူး



ဘာမှန်သလို ကျုပ်လက်ချက်လည်း မကင်းဘူး၊ သတ္တိရှိတယ်ဆိုရင် လာပြီးရင်ဆိုင်ပါ၊ ကျုပ်တို့ကတော့ အဆင်သင့်ပဲဗျ"

သိုင်းလောကတွင် ကျော်ကြားသော စီးမာမိသားစုအားလုံး အောက်လမ်းသိုင်းဂိုဏ်းများက စုပေါင်း၍ လျှို့ဝှက်စွာလုပ်ကြံခဲ့ခြင်း သည် ဘူးပေါ်သလို ပေါ်ပေါက်လာပြီဖြစ်သည်။

ကုစုပြောင်အား တိုက်ခိုက်ရန် ဟန်ပြင်ပြီးမှ ချိထင်းဟောင်း မ ...ိုက်ဖြစ်တော့ချေ။

တစ်ချိန်လုံး အကဲခတ်စောင့်ကြည့်နေခဲ့သော ချင်ယွင်က သက် ...ပြင်းချကာ ...

"အင်း ... မိသားစုအတွက် ဖြေရှင်းရမယ့် ရန်သူ မနည်းပါလား၊ စီးမာမိသားစုက မိန်းကလေးတော့ တော်တော် အလုပ်ရှုပ် ဦးမှာပဲ"

ချိထင်းဟောင်း ဒေါကန်နေသည်။

"ဟေ့ ... မင်းတို့ တစ်ယောက်တစ်ပေါက် ဝိုင်းပြောမနေနဲ့၊ ...ကယ့် လူသတ်တရားခံဟာ ဘယ်သူလဲဆိုတာ ပြောပါ"

မှန်ပေသည်။ လူသတ်တရားခံအဖြစ် တစ်ယောက်ပြီး တစ် ယောက် ဝန်ခံနေသောအခါ ကြားရသူများ အံ့ဩကုန်၏။

မသင်္ကာစိတ်လည်း ဖြစ်ပေါ်လာသည်။

တရားခံအစစ်သည် ဘာဝန်ခံသူများကြားတွင် ကွယ်ပျောက် နေသည်။

လုပ်ကြံသူတစ်ယောက်တည်းမဟုတ်ဘဲ အုံနှင့်ကျင်းနှင့် ဖြစ်နေ ...၍ မည်သူ့အပေါ် အပြစ်ပုံချရမှန်းမသိ ဖြစ်ရသည်။

တရားခံတစ်ယောက်တည်း ပေါ်ပေါက်လာလျှင် စီးမားမိသားစု၏ မိတ်ဆွေများနှင့် သိုင်းလောကသားများ၏ ဒေါသအမျက် စုပြုံကျရောက်လာမည်ဖြစ်၏။

ယခုလို လူစုလူဝေးကြီး ဝန်ခံလာသောအခါ မည်သူက အပြစ်ပိုကြီးသည်၊ မည်သူက အပြစ်နည်းသည်ကို ဝေခွဲမရနိုင်တော့ပါ။ ဒေါသကင်းသွားလျှင် သက်သာရာ ရနိုင်သည်။

ကုစုပြောင်က ချီထင်းဟောင်၏အမေးစကားကို ဖြေလိုက်သည်။

"ငါ့ဂိုဏ်းက ကွမ်မုစုလန်ဟာ ထိပ်ဆုံးကပါတာပေါ့၊ တခြားပါဝင်တဲ့လူတွေ အများကြီးရှိသေးတယ်၊ နာမည်တွေ လျှောက်ရွတ်ပြနေရင် မဆုံးဘူး၊ မင်းတို့လည်း မှတ်မိမှာမဟုတ်ဘူး"

ဝါယင်လုံက လင်းရှန်ကိုကြည့်ကာ မေးလိုက်၏။

"လင်းရှန် ... ခင်ဗျားကော"

လင်းရှန်က ပခုံးတွန့်ကာ ...

"မင်း မမေးလည်း ကျုပ်ပြောမလို့ပဲ၊ စီးမားဟာ ကျုပ်လက်ထဲမှာ သေရတာ ရှင်းရှင်း သတ်တာပေါ့"

ဝါယင်လုံ အံ့သြသွားလေ၏။

"ခင်ဗျားပြောတာ အမှန်ပဲလားဗျ"

"မင်း မယုံရင် စီးမားကို သေချာအောင် လိုက်ပြီး မေးပေါ့"

"နောက် ဘယ်သူရှိသေးသလဲ"

သူ၏အမေးကြားရလျှင် ပီယီဖုံးက ...

"ကျုပ်လည်းပါတယ်"



စင်စင်စန်းက ...

"ကျုပ်လည်း မလွတ်ဘူးဗျ"

လိကျိုရိက ...

"ငါလည်းပါတယ်"

ဟု တစ်ယောက်ပြီးတစ်ယောက် ဝန်ခံနေကြလေတော့သည်။

ကျူးယင်ဂိုဏ်းသားများဘက်သို့ ဝေ့ကြည့်ရင်း ဝါယင်လုံက သည်။

"ဒါ အကုန်ပဲလား"

ကျူးယင်ဂိုဏ်းသားဖြစ်သော ပိန်ချုန်း မနေနိုင်တော့ဘဲ ...

"ကျုပ်လည်းပါတယ်ဗျ"

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

ဝန်ခံစကား ပြောသူများကို ရှုံ့ကြည့်လိုက်သည်။

"ခင်ဗျားတို့အားလုံး ပူးပေါင်းပြီး စီးမားမိသားစုကို လုပ်ကြံခဲ့ ယ်ဆိုတာ လူအများ လက်ခံနိုင်လောက်ပါရဲ့၊ ဒါပေမယ့် ကျုပ် က်မခံဘူး"

သူ၏စကား ကြားရသောအခါ အထက်လမ်းသိုင်းသမားများ ပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

ကုစုပြောင်တို့လည်း ဝါယင်လုံကို နားမလည်နိုင်စွာ ကြည့် က်ကြသည်။

ဝါယင်လုံက ဆက်ပြောသည်။

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့အားလုံး စုပေါင်းပြီး တိုက် ယ်ဆိုရင်တောင် သိုင်းပညာ ထက်မြက်တဲ့ စီးမားမိသားစုက

မှုမှာမဟုတ်ဘူးလို့ ကျုပ်ယုံကြည်တယ်ဗျ။ စီးမားမိသားစုဟာ ခင်ဗျ
တို့ကို တိုက်ခိုက်ဖြိုခွဲပစ်လိုက်မှာပဲ”

ကုစုပြောင်က ...

“ဟော့ ... စကားရှည်တယ်၊ စီးမာမိသားစုကို လုပ်ကြံခဲ့တ
ငါတို့လူစုပဲ၊ မင်း မကျေနပ်ရင် စားရင်းရှင်းနိုင်တယ်”

“စိတ်ချ ... ကျုပ်ကလည်း စာရင်းရှင်းချင်လို့ မေးနေတာ
ကျုပ်သိတာပြောရရင် အဓိကတရားခံ ရှိရမယ်၊ ဘာ့ကြောင့်လဲဆို
သူဟာ စီးမာမိသားစုထဲဝင်ပြီး သူလျှိုလုပ်ခဲ့လို့ လုပ်ကြံဖို့လွယ်က
တာ၊ သူ့ရဲ့ကြောင်နက်ဟာ စီးမားကို ကိုက်ခဲပြီးမှ ယင်ယင်
အမှတ်အသားနဲ့ လမ်းလွှဲလိုက်တယ်၊ ပြီးတော့ စီးမားရဲ့ သမီး
မသတ်တာ ထူးခြားတယ်”

သူ၏စကားအဆုံးတွင် စင်စင်စန်းက ကြားဝင်ပြောလေ

“မင်းဟာ ဉာဏ်ကောင်းမလိုနဲ့ တော်တော်တုံးတဲ့ကောင်
စီးမားသမီးကို ချန်ထားဟာတာ တမင် ဝါမိသားစုဆီကို သတ
ပို့စေချင်လို့ပဲ၊ ဒီထက်ကောင်းတဲ့နည်းလမ်း ရှိဦးမလား”

စီးမားမိသားစု လုပ်ကြံခံရသည့်ကိစ္စကို ယင်ယင် ပါဝင်
သက်နသည်ဟု တမင် ထင်ယောင်ထင်မှားဖြစ်အောင် ကြံစည်ခဲ့
ဖြစ်သည်။

ယင်ယင် ပါဝင်ပတ်သက်နေသည်ဆိုလျှင် ဝါမိသား
ဆောင်ရွက်ချက်များကို နှေးကွေးတုံ့ဆိုင်းသွားအောင် လုပ်နိုင်
ဖြစ်သည်။



ဝါယင်လုံ၏ဖခင်နှင့် ယင်ယင်တို့ ပတ်သက်ခဲ့ဖူးကြောင်း
င်းလောကတွင် သိသူများ၏။

ဤအချက်ကို ကုစုပြောင်တို့ လူစုက တမင်အသုံးချခဲ့ကြ
င်း ဖြစ်ပေသည်။

စီးမားမိသားစုအား လုပ်ကြံခဲ့သည့် တရားခံများသည် လူအင်
ကောင်းနေ၏။

သူတို့အားလုံးကို တစ်ပြိုင်နက်တည်း ဖမ်းဆီးသုတ်သင်ရန်
လွယ်ချေ။

ရင်ဆိုင်တိုက်ပွဲများ ဖြစ်လာလျှင် သူတို့က အဖမ်းမခံဘဲ
သေက်သေသည်အထိ ပြန်လည်တိုက်ခုက်ကြမည်ဖြစ်၏။

ထို့ကြောင့် နှစ်ယောက်စလုံး ထိခိုက်ဒဏ်ရာရသူများ အများ
ပြား ရှိပေမည်။

ဝါယင်လုံက အတန်ကြာအောင် တွေးတောပြီး အကြံတစ်ခု
လာသည်။ သူ၏အကြံကို အထက်လမ်းသိုင်းသမားများ လက်ခံနိုင်
ည်မဟုတ်ဟု တွေးမိသော်လည်း သူ့အကြံအတိုင်း ဆောင်ရွက်ရန်
ဆုံးဖြတ်လိုက်သည်။

ရှုံ့နှင့်လုပ်သည့် ကြောင်ရုပ်ဖြစ်ပါစေ၊ ကြွက်သေသည်မှာ
လိုရင်းမဟုတ်ပါလား။

တောင်အောက်တွင် ဒုက္ခရောက်နေသူအားလုံးကို ရန်သူ မိတ်
ဆွ မခွဲခြားဘဲ တောင်ပေါ်သို့ရောက်အောင် ကူညီမည်။

တောင်ပေါ်ရောက်မှ အခြားကိစ္စများကို ဆက်လက်ဖြေရှင်း
ရန်ဖြစ်ပေသည်။

ဝါယင်လုံက အော်ပြောလိုက်သည်။

"စီးမာ မိသားစုရဲ့ ကိစ္စနဲ့ သိုင်းလောကမှာ ဖြစ်ပွားနေ ဒုစရိုက်မှုတွေအတွက် တာဝန်ရှိသူ အများအပြား ဒီကိုရောက်နေ တယ်ဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားတို့ တောင်အောက်မှနေ မြေမြှုပ်ခံရမယ့်အစား တောင်ပေါ်တက်လာကြပါ၊ အပေါ်ရောက် အေးအေးဆေးဆေး ဖြေရှင်းကြတာပေါ့၊ အားလုံး စိတ်ဝင်စားမ ကိစ္စတစ်ခုလည်း ပြောစရာရှိပါသေးတယ်"

သူ၏စကား ကြားရသောအခါ တောင်အောက်မှလူများ လှု လှုပ်ရှားရှား ဖြစ်သွားကြသည်။

လင်းရှန်၏ လက်ချက်ဖြင့် တောင်အောက်တွင် အသေမခံ ကြချေ။

အထက်လမ်းသိုင်းသမားများက အောက်လမ်းသိုင်းသမားမျ ကို တောင်အောက်တွင် ထားပစ်ခဲ့လိုကြသည်။

အောက်လမ်းသိုင်းသမားများကလည်း တောင်ပေါ်မတက် လျှင် သေရမည့်အတူတူ အပြင်းအထန် တိုက်ခိုက်ရန် ဆုံးဖြတ် သည်။

ထိုအချိန်တွင် ငြိမ်သက်နေသော တိုက်ပွဲကို စတင်ဖန်တီးလို သူမှာ ဝါဂူဖြစ်သည်။

ဝါဂူက ...

"ကွမ်စုမုလန် မင်းဟာ စီးမာမိသားစုကို လုပ်ကြံတဲ့ တရား တစ်ယောက်ပဲဆိုတော့ ကျုပ် မင်းကို လက်မလွှတ်နိုင်တော့ဘူး"

ပြောပြောဆိုဆို လျှင်မြန်စွာ ပြေးသွားပြီး တိုက်ခိုက်လိုက်သည်



ကွမ်စုမုလန်လည်း ပြန်လည်ခုခံ၏။

သူတို့နှစ်ယောက် တိုက်ခိုက်လိုက်ကြသည်နှင့် စင်ချူကျူနှင့် ချိထင်းပေါင်တို့လည်း ပြန်လည်တိုက်ခိုက်ကြတော့သည်။

တောင်အောက်၌ တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်လာသည်ကို တွေ့ရလျှင် လင်းရှန်သည် သဘောကျစွာဖြင့် တဟားဟား ရယ်မော နေတော့၏။

ဝါယင်လုံ ရင်လေးသွားသည်။

တောင်အောက်မှ တိုက်ပွဲများကို အမြန်ဆုံး ဟန့်တားရန်မှာ တောင်အောက်မှ လူများကို ကယ်တင်ခြင်းဖြစ်ကြောင်း တွက်ဆမိ လျှင် လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်ပြီး ...

"ကြိုးပစ်ချပေးဟေ့"

ဟု အမိန့်ပေးလိုက်သည်။

သူ၏အမိန့်ပေးသံနှင့် မရှေးမနှောင်းမှာပင် မိန်းကလေး ဆယ် ယောက်ခန့် ထွက်ပေါ်လာသည်။

ကျားယန်တို့လူစု ဖြစ်ကြသည်။

သူတို့သည် လျှော်ဖြင့် ယက်လုပ်ထားသော ကြိုးများကို တောင် အောက်သို့ ပစ်ချပေးလိုက်ကြသည်။

လျှော်ကြိုးများ ကျလာသည်ကို တွေ့ရလျှင် အဖြူရောင် သိုင်းသမားများ ဝမ်းသာသွားကြသည်။

ကုစုပြောင်လက်ဝှေ့ယမ်းပြပြီး ရှန်းမုံဂိုဏ်းသားများကို စုစည်း လိုက်သည်။

ဤသည်ကို တွေ့မြင်လိုက်သည့် မေစုကလည်း တစ်ဖက်မှ လူမ၏ လူများ စုစည်းစေလိုက်သည်။

ကုစုပြောင်က တောင်ပေါ်ရှိတဲ့ ဝါယင်လုံအား မော့ကြည့်ရင်း အော်ဟစ်မေးမြန်းလိုက်သည်။

"ဝါယင်လုံ ... မင်းရဲ့ကြိုးတွေဟာ တောင်အောက်က လူအားလုံးအတွက် မဟုတ်ဆိုရင် မြန်မြန်ဆွဲတင်သွားရင် ကောင်းမယ်၊ ကျုပ်လူတွေ ဓားနဲ့ ခုတ်ဖြတ်တာကို ကျုပ် ဟန့်တားနိုင်မှာမဟုတ်ဘူး"

ဝါယင်လုံ ရယ်မောလိုက်သည်။

"ကျုပ်က ခင်ဗျားတို့လို စိတ်ထားမရှိပါဘူးဗျာ၊ အားလုံးကို ကယ်တင်မှာပါ၊ တောင်ပေါ်ရောက်မှ နောက်ပိုင်းကိစ္စစက်ရှင်းကြတာပေါ့၊ တောင်ပေါ်ကိုတက်လာချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ရန်မပြုဘဲ အေးအေးဆေးဆေး တက်ကြရမယ်၊ တစ်ယောက်ကို တစ်ယောက် မယုတ်မာရဘူး"

ကုစုပြောင် ပခုံးတွန့်ရင်း ...

"မင်းလူတွေကို ပြောလိုက်ဦးလေ"

"ကျုပိတ်ဆွေတွေက တရားမျှတတဲ့ လူတွေပါ၊ သူတို့ကို ယုံကြည်စိတ်ချရပါတယ်၊ မယုံရတာက ခင်ဗျားတို့ပဲ၊ ကိုယ့်ကိုယ်ပဲ ပြန်မေးကြည့်ဦး"

ကုစုပြောင် အောင့်သက်သက် ဖြစ်သွားသည်။

ဝါယင်လုံက တောင်အောက်တွင် ပိတ်မိနေသူများအား ကယ်တင်ရန် ကြိုးစားနေသည်ကို တွေ့ရလျှင် လင်းရှန် မဲ့ပြုံး ပြုံးလိုက်၏။



"ဝါယင်လုံ ... မင်း လူကယ်ချင်တိုင်း ကယ်လို့ရမယ်များထင်နေသလား"

သူက အော်ခေါ်လေ၏။

"မြားသမားတွေ လာစမ်း"

သူ၏စကားအဆုံးတွင် လေးမြားကိုင်ဆောင်ထားသူ သုံးဆယ်ခန့် ပြေးထွက်လာကြသည်။

လင်းရှန်က ...

"မင်းတို့ဟာ ပစ်မလွဲမြားသမားတွေဆိုတော့ ပစ်မှတ်ကို ထိမယ်လို့ ငါယုံတယ်၊ ခဏလေးစောင့်ကြပါ၊ တောင်အောက်ကလူတွေ ကြိုးနဲ့တောင်ပေါ်တက်လာကြလိမ့်မယ်၊ သူတို့ လမ်းတစ်ဝက်လောက်ရောက်ရင် ပစ်ဖို့ ကျုပ်အချက်ပေးမယ်၊ လူတွေကို ပစ်ချ၊ ကြိုးတွေကို ပစ်ချ၊ မြားထိပ်မှာ ယမ်းထုပ်နဲ့ မီးကိုသုံး"

လေးမြားသမားများ ခေါင်းညိတ်လိုက်ကြသည်။

မြားတံအရင်းတွင် ယမ်းထုပ်များ ချည်နှောင်လိုက်ကြသည်။

မြားတံ'အဖျားတွင် ကောက်ရိုးများချည်ကာ အသင့်ပြင်ထားသည်။

မြားသမားတစ်ယောက်က မီးခတ်ကျောက်ဖြင့် မီးခတ်ကာ မီးပုံတစ်ခု ပြုလုပ်လိုက်ကြသည်။

ပစ်ရမည့် မြားများကို မီးပုံတွင်စိုက်ကာ လွယ်လင့်တကူ မီးရှို့နိုင်မည် ဖြစ်ပေသည်။

တောင်အောက်မှ အထက်လမ်းသိုင်းသမားများ ကြိုးများမှ တစ်ဆင့် တွယ်တက်လာကြသည်။

ဝါယင်လုံတို့လူစု ချပေးသော ကြိုးများမှာ လေးငါးဆယ်ခန့် ရှိပေသည်။

တောင်အောက်မှ တက်လာသူများ တောင်အလယ်ပိုင်းသို့ ရောက်သည်နှင့် လင်းရှန်းက အမိန့်ပေးလေ၏။

"ပစ်တော့ ..."

တဝီဝီမြည်သံများနှင့်အတူ မီးစွဲလောင်နေသော မြားများသည် တစ်ဟုန်ထိုး ပစ်လွှင့်လာလေတော့သည်။

လေးမြားသမားများမှာ လွန်စွာ လက်တည့်သူများဖြစ်ကြသော်လည်း မြားတံထိပ်တွင် မီးစွဲလောင်နေပြီး မြားတံအမြီးပိုင်းတွင် ယမ်းထုပ်များ ချည်နှောင်ထားသဖြင့် လေးလံနေသော မြားဖြင့် ပစ်မှတ်ကို မလွဲတမ်း ထိမှန်အောင် မပစ်နိုင်ကြချေ။

မြားအချို့သည် တောင်ပေါ်တက်လာနေသူများကို ထိမှန်သွားသည်။

အချို့က တောင်နံရံကို ထိမှန်သည်။

အချို့က ကြိုးများကို ထိသည်။

အချို့မှာ ဦးစိုက်၍ တောင်အောက်သို့ ကျသွားသည်။

"အား ..."

"အမလေး"

"ဝုန်း ..."

အော်ဟစ်သံများ၊ မီးလောင်နေသော မြားတံမှတ်ဆင့် ယမ်းထုပ်များ၊ မီးကူးစက်ကာ ပေါက်ကွဲသံများ ဆူညံစွာ ထွက်ပေါ်လာ၏။



မြားထိမှန်သူများ အောက်ဘက်သို့ ပြုတ်ကျသွား၏။

အချို့မှာ ကြိုးဖြင့် တောင်ပေါ်တွယ်တက်လာစဉ် ကြိုးကို မီးလောင်ကာ ပြတ်ကျသဖြင့် လူများလည်း အောက်ဘက်သို့ ပြုတ်ကျကာ သေဆုံးကုန်သည်။

အချို့မှာ မြားမထိသော်လည်း မနီးမဝေးတွင် လာစိုက်သော မြားတံမှ ယမ်းထုပ်ပေါက်ကွဲခြင်းကြောင့် ကျောက်စ ကျောက်နများနှင့်အတူ တောင်ပေါ်မှ ပြုတ်ကျကာ သေဆုံးကြသည်။

အောက်ဘက်သို့ ဦးစိုက်ကာ ကျသွားသော မြားတံများသည် တဝုန်းဝုန်း ပေါက်ကွဲကုန်သည်။

အောက်ဘက်မှလူများ ပြေးရင်း လွှားရင်း ရှောင်ကြရ၏။

ပိုဆိုးသည်မှာ မြားတံတချို့သည် တောင်အောက်ရှိ ဒည့်ကြို မဏ္ဍပ်များ၊ နန်းဆောင်များကို ထိမှန်ကာ ပေါက်ကွဲမီးစွဲလောင်ခြင်း ဖြစ်သည်။

ကျောက်တုံးများ ကျလာခြင်းကြောင့် လူအတော်များများ ထိခိုက်ဒဏ်ရာရကာ အချို့ သေဆုံးသွားရသည်။

ထွက်ပေါက်များလည်း ပိတ်ကုန်သည်။

ယခုတစ်ဖန် ယမ်းထုပ်များ ပေါက်ကွဲကာ မီးမြားများ အဆက်မပြတ် ကျဆင်းလာမှုကြောင့် နေရာအနှံ့ မီးစွဲလောင်နေပြီ ဖြစ်ပါသည်။

တောင်အောက်တွင် ထိခိုက်ဒဏ်ရာရသူ သေဆုံးသူ ပိုမိုများပြားလာပြီး အော်ဟစ်သံ၊ ပြေးလွှားသံများ ကျွတ်ကျွတ်ညံနေပေသည်။

အထူးသဖြင့် ရှန်းမုံဂိုဏ်းဖွင့်ပွဲကို လာရောက်တက်မိ၍ ဒီလိုဖြစ်ရသည်ဟုမှတ်ယူကာ ရှန်းမုံဂိုဏ်းအပေါ် မကျေနပ်သူများ ဆထက်ထမ်းပိုး များပြားလာသည်။

ကုစုပြောင်သည် ပါးနပ်သူဖြစ်ရာ လူအများ သူ့အပေါ် မကျေမနပ်ဖြစ်နေသည်ကို ရိပ်မိသည်နှင့် ...

"ဟော့ ... ဝါယင်လုံ မင်း ကြိုးတွေချပေးပြီး တို့ကို တမင်ညဥ်းသတ်နေတာလား"

ဟု အော်မေးလိုက်သည်။

သူ၏စကားကြောင့် ဝါယင်လုံ စိတ်ဆိုးသွားပြီး ...

"လင်းရှန် အကောက်ကြံနေတာ ခင်ဗျား မတွေ့ဘူးလား၊ ဟော ... ရပ်လိုက်တော့၊ ကြိုးတွေဆက်ပြီး မချနဲ့တော့"

ဝါယင်လုံက ကျားယန်တို့လူစုကို လှမ်း၍ အမိန့်ပေးလိုက်လေ၏။

ကြိုးများ ဆက်၍ ကျမလာသည့်အတွက် အပေါ်သို့ မတက်နိုင်တော့ကျေ။

အပေါ်တက်လျှင်လည်း လမ်းတစ်ဝက်တွင် မြားမှန်မည့်သာ ဖြစ်ပေသည်။

တောင်အောက် နေရာအနှံ့အပြားတွင် မီးစွဲလောင်နေ၏။

လူအများမှာ ပြေးစရာမရှိဘဲ မီးဝိုင်းခံနေရသည်။

ညီညွတ်သော မြေပြင်မဟုတ်သဖြင့် မီးကွတ်ရာသို့လည်း မပြေးနိုင်ပါ။

ကုစုပြောင်က ...



"ဝါယင်လုံ ... မင်းဘာလုပ်နေတာလဲ၊ တောင်ပေါ်က အရှေ့အရပ်မှာ ချယ်ရီပင်ရှိတယ်၊ အဲ့ဒီချယ်ရီပင်အောက်မှာ ကျောက်စိမ်းပြားကြီး တစ်ချပ်ရှိတယ်၊ အဲ့ဒီမှာ ကျုပ် ယမ်းထုပ်တွေ မြှုပ်ထားတယ်၊ သွားပြီး ဖောက်ခွဲလိုက်ပါ၊ တောင်တစ်ဖက်မှာ တမံလုပ်ပြီး ပိတ်လှောင်ထားတဲ့ ရေတွေ တောင်အောက်ဆင်းလာလိမ့်မယ်"

ဟု အော်ပြောလေသည်။

အမှန်တော့ တောင်အောက်တွင် အထက်လမ်းသိုင်းလောကသားများကို ထွက်ပေါက်ပိတ်၍လှောင်ပြီး တောင်ပေါ်မှ ရေများကျဆင်းစေခြင်းဖြင့် လုပ်ကြံရန် ကြိုတင်စီစဥ်ထားခြင်း ဖြစ်သည်။

ယခုမူ တောင်အောက်တွင် မီးလောင်နေပြီဖြစ်ရာ ငြိမ်းသတ်ရန် ရေရမည့်နေရာကို ပြောလိုက်ခြင်းဖြစ်သည်။

ကုစုပြောင်၏ စကားကြားလျှင် ဝါယင်လုံက မနီးမဝေးတွင်ရှိနေသော ထန်ယိအား လက်ဝှေ့ယမ်းပြလိုက်၏။

ထန်ယိက ငယ်သားတချို့ကိုခေါ်ကာ ကုစုပြောင် ပြောပြသည့် ချယ်ရီပင်ကို လိုက်လံရှာဖွေကြသည်။

တစ်ဖက်တွင်လည်း လင်းရှန်က ရေမလွတ်နိုင်ရန် သူ၏ငယ်သားများကို အမိန့်ပေးကာ ထန်ယိတို့အား တားစေသည်။

လုံယောင်နှင့် ရှန်ချွန်းတို့ ဦးဆောင်သော ထန်ယို့အား ဟန့်တားကြသည်။

ထန်ယိတို့လူစုက ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး ချယ်ရီပင်ကို ရှာသည်။ လုံယောင်နှင့် ရှင်ချွန်းတို့ မခံနိုင်ပါ။ နောက်ဆုတ်ပေးကြရသည်။

တိုက်ရင်း ခိုက်ရင်း ချယ်ရီပင်အား ရှာတွေ့ပြီး ကျောက်စိမ်းပြားကြီးအောက်မှ မြှုပ်နှံထားသော ယမ်းထုပ်များကို မီးရှို့လိုက်နိုင်၏။

သို့သော် သူတို့မှားသွားသည်မှာ ကုစပြောင်၏ စကားကို ယုံကြည်မိခြင်းဖြစ်ပေသည်။

ကျောက်စိမ်းပြားအောက်မှ ယမ်းထုပ်ကို မီးရှို့လိုက်သည်နှင့် အနီးတစ်ဝိုက်တွင် ခြေချစရာမရှိအောင် ယမ်းထုပ်များ မြှုပ်နှံထားကြောင်း သိလိုက်ရခြင်းပင်။

ယမ်းထုပ်တစ်ထုပ် ပေါက်ကွဲသည်နှင့် အခြား ယမ်းထုပ်များလည်း ပေါက်ကွဲတော့သည်။

"ဝုန်း ... ဝုန်း"

ပေါက်ကွဲသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ပေနှစ်ဆယ်ပတ်လည်ခန့်ရှိ မြေကွက်လပ်တွင် ခြေချစရာမရှိအောင် ဆက်ကာဆက်ကာ ပေါက်ကွဲမှုများ ဖြစ်ပေါ်လာတော့သည်။

ငယ်သားတချို့ နောက်ဆုတ်သွားနိုင်ခဲ့သော်လည်း ထန်ယိကိုယ်တိုင်မှ ယမ်းစများထိမှန်ကာ မြေပေါ်လဲကျသွား၏။

သူ့အား ငယ်သားများက အတင်းဝင်ဆွဲကာ နောက်ကြောင်းလှည့်ပြန်ပေးလာခဲ့ကြ၏။

ရှင်ချွန်းနှင့် လုံယောင်တို့လူစုမှာ ယခင်ကတည်းက နောက်ဆုတ်သွားခဲ့ကြလေပြီ။

ပေါက်ကွဲသံများ ဆက်တိုက်ထွက်ပေါ်လာပြီးနောက် မြေကွက်လပ်တွင် ချိုင့်ကြီးဖြစ်ပေါ်လာသည်။



အမှန်တော့ မြောင်းကြီးတစ်ခုကို မြေဖို့ထားခြင်းပင်။

တစ်ဖက်တွင် ကြီးမားသော တောင်ပေါ်ရေကန်ကြီး တစ်ခုရှိသည်။

ချယ်ရီပင်မှာ အမြစ်မှပြိုလဲသွားပြီး မြောင်းကြီးဖြစ်ပေါ်လာသော နေရာမှ တစ်ဆင့် ရေကန်အတွင်းရှိရေများ တဝေါဝေါ စီးကျလာသည်။

ရေကန်ထဲမှ ရေများသည် မြောင်းကြီးမှတစ်ဆင့် တောင်အောက် အနီမ့်ပိုင်းဆီသို့ ဝါးလုံးထိုး စီးဆင်းလေတော့သည်။

ရေများစီးကျလာသည်ကို တွေ့ရသောအခါ လင်းရှန် မျက်စိမျက်နှာ ပျက်သွားသည်။ ဝါယင်လုံတို့ လူစုအား ရင်ဆိုင်တိုက်ခိုက်ရန် လွယ်ကူမှန်း သူသိပါ၏။

တောင်အောက်မှလူများ၏ အသက်အန္တရာယ်ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ရန် ကြိုးစားခဲ့ရာတွင် အောင်မြင်လုနီးနီးဖြစ်ပြီးမှ ပျက်စီးသွားရခြင်းဖြစ်သည်။

ရေများ ဝါးလုံးထိုးလစီးကျသွားပြီး တောင်အောက်မှ မီးများငြိမ်းသတ်သလိုဖြစ်သည်ကို မြင်လိုက်ရသည်နှင့် လင်းရှန်က ဝါယင်လုံကို အော်ပြောလိုက်သည်။

"ဝါယင်လုံ ... ဒီတစ်ပွဲ မင်းနိုင်သွားပြီ၊ နောက်မှ ပြန်ဆုံကြသေးတာပေါ့"

သူ၏လူများကို အချက်ပြလိုက်၏။

လင်းရှန် ဆုတ်ခွာသွားတော့မည်ဖြစ်ကြောင်း ဝါယင်လုံ သိသည်။

သို့သော် သူက လိုက်လံဟန့်တားရန်ထက် တောင်အောက်လူများကို ကယ်တင်ရန် အရေးကြီးကြောင်း နားလည်၍ လွတ်သွားအောင် လိုက်ရသည်။

ရန်သူများမှာ ပြိုကွဲပျက်စီးတော့မည့်အနေအထားတွင် ရှိသည်။

အရေးကြီးသည်မှာ ပိတ်မိနေသော အထက်သိုင်းသမားများ ကယ်တင်နိုင်ဖို့ ဖြစ်သည်။

ဒုစရိုက်သမားများ၏ လက်ချက်ဖြင့် တရားမျှတသူများ အထက်လမ်း သိုင်းသမားများ အသက်ဆုံးရှုံးသွားရမည်ဆိုလျှင် ရာဇဝင် ရိုင်းပေတော့မည်။

အမျိုးအကျိုး ဆောင်ရွက်သူတစ်ဦးကို ဒုစရိုက်သမား ဆယ်ဦး နှင့် မလဲနိုင်ပါ။

ဆန်ကုန်မြေလေး ဒုစရိုက်သမားများအနေနှင့် ပြေးစရာ မြေ မရှိပါ။

အရေးကြီးသည်မှာ အထက်လမ်းသိုင်းသမားများ ရန်သူ့ ထောင်ချောက်တွင်းမှ လွတ်မြောက်ရန်ပင်ဖြစ်ပါသည်။

ထိုသို့ ကယ်တင်ရန် ကြိုးစားနေစဉ်မှာပင် လင်းရှန်တို့ လူ ပျောက်ကွယ်သွားလေတော့၏။

❋ ❋ ❋



## အခန်း(၇၂)
## ကယ်တင်ခြင်း

ထန်ယီ၏ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်။

ထန်ယီ အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရ၏။

ဝါယင်လုံ ချက်ချင်းအပြေးအလွှားရောက်ရှိလာပြီး မွေ့ပိုက် ထားလိုက်၏။

အတွင်းအားအသုံးပြုကာ ဆေးဝါး ကုသပေးသည်။

သို့သော် ဒဏ်ရာပြင်းလွန်း၍ အသက်ကို ကယ်တင်နိုင်မည် မဟုတ်တော့ကြောင်း သိသည်။

ထန်ယီအနီးတွင် ချင်စုမင်နှင့် ယူချင်တို့ ဝိုင်းရံထားကြလေ၏။

ဟူချင်က ဝါယင်လုံကို တီးတိုးမေးလိုက်သည်။

"ဆရာ ... အခြေအနေ ဘယ်လိုရှိသလဲဟင်"

ဝါယင်လုံက ပင့်သက်ရှိုက်လိုက်သည်။

ပြီး ခေါင်းခါယမ်းပြလိုက်လေသည်။

ဟုချင်တို့လူစု၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်း လာကြ၏။

အချို့မှာ အသံထွက်အောင်ပင် ရှိုက်ငိုကြသည်။

သူတို့သည် ထန်ယိဦးဆောင်မှုဖြင့် မိုးကြိုးဂိုဏ်းဟူ၍ သိုင်း လောကတွင် ဆိုးနေကြသူများ ဖြစ်သည်။

ယခု ထန်ယိသည် အမြင်မှန်ရလာခဲ့ချေပြီ။

မိုးကြိုးဂိုဏ်းသားများသည် အမှားကိုစွန့်၍ အမှန်ကို လက် လာကြလေပြီ။

အမှန်တရားအတွက် အသက်စွန့်ရန် ဝန်မလေးကြတော့ပေ

မိမိတို့၏မိုက်ပြစ်ကို ပေးဆပ်သည့်အနေဖြင့် အမှန်တရားဘက် မှ စွမ်းစွမ်းတမံ လိုက်ပါဆောင်ရွက်ပေးကြသည်။

သို့ရာတွင် ဆုံးခန်းတိုင်အောင် ဆောင်ရွက်ရခြင်းမရှိဘဲ လမ်း ခုလတ်၌ ကျဆုံးရသည့်အခါ လုပ်ဖော်ကိုင်ဖက်များအနေဖြင့် ရင်ထဲ မနာ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြရသည်။

ထန်ယိမှာလည်း အမှားကိုမြင်ပြီး အမှန်တရားဘက်မှ ရပ် တည်လာသူဖြစ်သည်။

သို့ရာတွင် ခရီးဆုံးမရောက်မီ အသက်စွန့်သွားရတော့မည် အဖြစ်ကြောင့် သူတို့အားလုံး ယူကြုံးမရ ဝမ်းနည်းပူဆွေးသွားကြ ရသည်။

ဝါယင်လုံ အံတင်းတင်းကြိတ်ကာ . . .

"ဒါ ကုစုပြောင်ရဲ့ အကြံပဲ၊ သူက ကျုပ်သေအောင် တမင်



ပြောပြတာ၊ ကျုပ်က ထန်ယိကို လွှတ်လိုက်မိလို့ ကျုပ်ကိုယ်စား ခံသွားရတာ"

ယူကြုံးမရပြောသည်။ ထိုစဉ် ထန်ယိ မျက်လုံးပွင့်လာသည်။

သူ့အနီးတွင် တပည့်များ ဝိုင်းရံငိုကြွေးနေသည်ကို တွေ့ရလျှင် ပြစ်တင်ပြောဆိုလိုက်သည်။

"မင်းတို့ ဘာကြောင့်ငိုကြတာလဲ၊ မရှက်ကြဘူးလား၊ ငါဟာ ဘဝတစ်လျှောက်လုံး မကောင်းမှုဒုစရိုက်နဲ့ ပျော်မွေ့ခဲ့တယ်၊ အခု အများအကျိုးဆောင်ရွက်ရင်း အသက်ပေးရတာ ဂုဏ်ယူစရာပါ၊ မင်းတို့ မငိုကြပါနဲ့"

တပည့်တပန်းများ ငိုကြွေးနေသည်ကိုမြင်လျှင် ထန်ယိ စိတ်မကောင်းဖြစ်သွားရ၏။

သို့ရာတွင် မိမိ၏အဖြစ်သည် ဝမ်းနည်းကြေကွဲစရာမဟုတ်ကြောင်း နားလည်လိုက်သည်။

ဘဝတစ်လျှောက်လုံး မကောင်းမှု ဒုစရိုက်လုပ်ငန်းတွင်သာ ကျင်လည်ပျော်မွေ့ခဲ့သူအနေဖြင့် နောင်တရလာခြင်းသည် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

အထူးသဖြင့် မိမိ၏မိုက်ပြစ်ကို ပြန်လည်ပေးဆပ်သည့်အနေဖြင့် အများအကျိုးအတွက် ဆောင်ရွက်ခြင်းသည် ဂုဏ်ယူဖွယ်သာ ဖြစ်သည်။

မိမိ၏ငယ်သားများကပါ မိမိကဲ့သို့ အများအကျိုးအတွက် ဆောင်ရွက်လာကြလျှင် မိမိအနေဖြင့် သေပျော်ပြီဟု ထန်ယိ ယူဆသည်။

သူသည် ပြောရင်း မောဟိုက်လာသည်။

အသက်ရှူသံ မြန်ဆန်လာသည်။

ဝါယင်လုံမှာ ထန်ယိ၏အဖြစ်ကိုမကြည့်ရက်တော့သဖြင့် မျက်နှာတစ်ဖက်သို့ လွှဲထားလိုက်သည်။

ဟူချင် အံကို တင်းတင်းကြိတ်ထားသည်။

ထန်ယိအတွက် သူဂုဏ်ယူနေမိသည်ကား အမှန်ပင်။

ထန်ယိက တပည့်များ ငိုသံကြောင့် ...

"ငါ့တပည့်တွေ အသုံးမကျဘူး၊ သမီးလည်း သိပ်ဆိုးတယ်"

ချင်စုမင်မှာ ထန်ယိ၏ ဝမ်းနည်းစကားကိုကြားရလျှင် စိတ်မကောင်းဖြစ်သွားသည်။

ဝါယင်လုံ သက်ပြင်းချရင်း ...

"ကုစုပြောင်က ကျွန်တော့်ကို လုပ်ကြံချင်လို့ တမင်ပြောလိုက်တာပါ၊ ကျွန်တော်က ခင်ဗျားကို သွားခိုင်းမိလို့ အခုလိုဖြစ်ရတာ ကျွန်တော့်အပြစ်မကင်းပါဘူး"

ထန်ယိ ယဲ့ယဲ့ပြုံးလေသည်။

"မဆိုင်ပါဘူးကွာ၊ ကံကြမ္မာရဲ့ စေစားချက်အတိုင်း ဖြစ်ရတာပါ၊ မင်းလည်း ကံကြမ္မာကို မယှဉ်နိုင်ပါဘူး"

ထန်ယိက ဆက်ပြောသည်။

"ကျုပ် မင်းကို တောင်းပန်စရာတစ်ခုရှိတယ်"

"ပြောပါဗျာ"

"အရင်တုန်းက ကျုပ်တို့ မိုးကြိုးဂိုဏ်းဟာ မင်းတို့ ဝါမိသားစုကို လုပ်ကြံဖို့ ကြိုးစားခဲ့ဖူးတယ်၊ ဒါကို ခွင့်လွှတ်ပါ"



"ကိစ္စမရှိပါဘူးခင်ဗျာ၊ ဦးဟာ တစ်ချိန်က ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် အခုအချိန်မှာတော့ အများအကျိုးကို အသက်စွန့် ဆောင်ရွက်ရဲတဲ့ သူရဲကောင်းတစ်ယောက် ဖြစ်နေပါပြီ"

မိမိကိုယ်ကျိုးစွန့်လွှတ်၍ အများအကျိုးကို သယ်ပိုးဆောင်ရွက်သူသည် သူရဲကောင်းပင် ဖြစ်၏။

အထူးသဖြင့် ဒုစရိုက်သမားများသည် မိမိ၏အမှားကို သိရှိကာ အချိန်မီပြုပြင်ပြီး အများအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လာခြင်းသည် ပို၍လေးစားထိုက်၏။

ဂုဏ်ယူဖွယ်လည်း ဖြစ်သည်၊

ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မိတ်ဆွေတစ်ဦးအနေဖြင့် လိုလားမှာ အသိအမှတ်ပြုကြမည်သာ ဖြစ်သည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး၏ ပြစ်မှုကိုလည်း သက်ညှာစွာပင် ခွင့်လွှတ်ကြမည်သာ ဖြစ်သည်။

ထန်ယိ စိတ်သက်သာရာ ရရှိသွားသည်။

ထိုစဉ် သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်၏။

ထိုလူကို တွေ့ရလျှင် ဝါယင်လုံ ဝမ်းသာအားရဖြစ်သွားပြီး

"ဘိုးဘိုး ..."

ဟု ခေါ်လိုက်လေသည်။

သစ်ပင်နောက်ကွယ်မှ ထွက်လာသူမှာ ပိုင်ရှောက်ထင်း ဖြစ်လေသည်။

ပိုင်ရှောက်ထင်းက သူတို့အနီးသို့ လျှောက်လာသည်။

ထန်ယိကို ပြုံးပြရင်း ...

"မင်းဟာ ဂိုဏ်းချုပ်တစ်ယောက်မဟုတ်လား၊ ဘာကြောင့် ဒီလောက်တောင် အားလျော့ရတာလဲ"

ဟု အားပေးစကား ပြောလေသည်။

ထန်ယိ ခေါင်းခါလိုက်သည်။

"ကျုပ်အခြေအနေကို ကျုပ်သိပါတယ်ဗျာ၊ ကျုပ်မနေရတော့ပါဘူး"

"မင်း စိတ်မလျှော့နဲ့လေ"

"ကျုပ်ကိုခွင့်လွှတ်ကြပါဗျာ"

"မင်းက သူရဲကောင်းပဲ၊ မင်းကို အားလုံးက ချီးကျူးလိမ့်မယ်"

"ကျေး ... ကျေး ... ဇူး ... တင် ..."

ပြောရင်း မောဟိုက်လာပုံရသည်။

ပိုင်ရှောက်ထင်းက ...

"ဒီမှာ အရက်မရှိတာနာတယ်၊ အရက်သာရှိရင် တို့နှစ်ယောက် မိတ်ဖြစ်ဆွေဖြစ် အရက်သောက်နိုင်လိမ့်မယ်"

ထန်ယိ၏ မျက်နှာတွင် အပြုံးရိပ်များ ဖြစ်ပေါ်လာသည်။

အားယူ၍ စကားပြောလိုက်သည်။

"ကျုပ်လိုလူကို ခင်ဗျားက မိတ်ဆွေလို့ သတ်မှတ်နိုင်ပါမလား"

"မင်းဟာ သူရဲကောင်းပဲ၊ ဘာဖြစ်လို့ မသတ်မှတ်နိုင်ရမှာလဲ"



"ဝမ်းသာလိုက်တာဗျာ"

လက်အောက်ငယ်သားများဘက်သို့ လှည့်ကာ မှာကြားလိုက်လေသည်။

"ငါမရှိရင် မင်းတို့ လက်စားမချေရဘူး၊ ဝါယင်လုံရဲ့ ဦးဆောင်မှုကိုခံယူပြီး မကောင်းမှုတွေကို ဖြိုခွဲရမယ်"

ငယ်သားများသည် ထန်ယိပြောသည့်အတိုင်း လိုက်နာကြမည်ဖြစ်ကြောင်း ကတိပြုကြသည်။

ထန်ယိသည် သူ့အားပွေ့ဖက်ထားသော ဝါယင်လုံကို ကြည့်ကာ ...

"မင်းလည်း ငါ့လူတွေအပေါ် ဂရုစိုက်စေချင်တယ်"

"စိတ်ချပါ ... ကျွန်တော် ကတိပြုပါတယ်"

"ကျုပ်မှာ မိတ်ဆွေတွေရပြီ၊ ဘဝကို အဖတ်ဆည်နိုင်ပြီ၊ ဘာကြောင့်သေဖို့ ဝမ်းနည်းရမှာလဲ"

ပြောရင်းပြောရင်း သူ၏စကားသံ တိုးဝင်သွားသည်။

ဝါယင်လုံက အတွင်းအားအသုံးပြုကာ ထန်ယိကို ပြုစုပေးသည်။

သို့သော် ထန်ယိ၏ ဒဏ်ရာ ပြင်းထန်လွန်းသဖြင့် မတတ်နိုင်တော့ချေ။

ထန်ယိ၏ ခန္ဓာကိုယ် တစ်ချက်နှစ်ချက်မျှ လူးလွန့်သွားလေသည်။

"ငါ ... ကျေး ... ဇူး ..."

သူ၏စကား မပီသတော့ချေ။

ဦးခေါင်းဆတ်ခနဲ ဘေးသို့ခွေကျပြီး လူ့လောကအား ကျေး
ခိုင်းနှုတ်ခွာသွားလေတော့သည်။

❋ ❋ ❋

ထန်ယိ သေဆုံးသွားပြီ ဖြစ်ပါသည်။

ချင်စုမင်သည် ထန်ယိ၏အလောင်းကို ငေးကြည့်နေသည်။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။

ဝါယင်လုံက ထန်ယိ၏အလောင်းကို မြေပေါ်သို့ ညင်သာစွာ
ချထားပေးလိုက်လေသည်၊

သူက ချင်စုမင်အား တွေ့လျှင် ဝမ်ကျောက်နီကို သတိရလာ
သည်။

ထို့ကြောင့် လွတ်ခနဲ မေးလိုက်မိသည်။

"ဒေါ်ဒေါ် ... ဝမ်ကျောက်နီ ဘယ်မှာလဲဟင်"

ချင်စုမင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ဝါယင်လုံကို စိန်းစိန်းကြည့်ကာ ...

"မင်း ဘာကြောင့် မေးတာလဲ"

"ကျွန်တော် သူ့ကိုတွေ့ချင်လို့ပါ"

"မင်း တွေ့ချင်တိုင်း တွေ့လို့ရမယ် ထင်နေသလား"

ဝါယင်လုံ အခက်ကြုံသွားသည်။

ထိုစဉ် အခြေအနေ စောင့်ကြည့်နေသော ပိုင်ရှောက်ထင်းက
ကြားဖြတ်ပြောလိုက်သည်။



"ဝါယင်လုံ မင်းလုပ်စရာတွေ ရှိသေးတယ်မဟုတ်လား၊ အချိန်
မဖြုန်းနဲ့တော့၊ ထန်ယိရဲ့ အလောင်းကိစ္စ ငါစီစဉ်လိုက်မယ်"

ထိုစကားကြားမှ တောင်အောက် ချိုင့်ဝှမ်းအတွင်းရှိ လူအများ
ကို ကယ်တင်ရန် သတိဝင်လာသည်။

ထို့ကြောင့် ချင်စုမင်ကို နှုတ်ဆက်ကာ ခပ်သွက်သွက် ထွက်
လာခဲ့သည်။

တောင်ထိပ်သို့ ပြန်ရောက်လာ၍ အောက်သို့ငုံ့ကြည့်လိုက်ရာ
တောင်အောက်တွင် မီးညွန့်ကျိုးသွားပြီဖြစ်ကြောင်း တွေ့ရလေသည်။
မီးငြိမ်းသွားသော်လည်း အဆက်မပြတ် တဝေါဝေါ ကျဆင်းနေသော
ရေကြောင့် အောက်ဘက်တွင် ရေများ အိုင်ထွန်းကာ ရေကြီးနေပြီ
ဖြစ်သည်။

ရေကျမြန်လွန်းရာ တစ်ခဏအတွင်းပင် တောင်အောက်တစ်ခု
လုံး ရေများဖုံးလွှမ်းသွားသည်။

အောက်ရှိလူများမှာ မီးဒဏ်ပြီးလျှင် ရေဒဏ်ခံရပြန်သည်။

လူကောင်းများသည် မြင့်သောအရပ်သို့ ရွှေ့သွားနိုင်သော်လည်း
ဒဏ်ရာရသူများမှာ ရေထဲတွင် ဒုက္ခရောက်နေကြ၏။

ပထမ ခြေဖဝါးမြုပ်ရုံရှိရာမှ တဖြည်းဖြည်း ဒူးဆစ်အထိ
ရေတက်လာသည်။

ထိုမှတစ်ဆင့် ရင်ဝသို့ တက်လာသည်။

မြေပေါ်တွင် လဲကာ မီးဒဏ်ကြောင့်လည်းကောင်း၊ ကျောက်
ဘုံးများကြောင့် လည်းကောင်း၊ ဒဏ်ရာရနေသူများ သတိလစ်နေသူ
များမှာ ရေမြုပ်ကာ သေဆုံးကုန်ကြသည်။

အချိန်ကြာလာသည်နှင့်အမျှ သေဆုံးသူများ တစ်စထက်တစ်စ တိုးပွားလာမည် ဖြစ်ပါသည်။

ဝါယင်လုံ ခပ်သွက်သွက်ကလေး အော်ပြောလိုက်လေ၏။

ကြိုးတွေ ချပေး ... ကြိုးတွေ မြန်မြန်ချပေးပါ”

သူ၏စကားအဆုံးတွင် ကျားယန်တို့လူစုသည် လျှော်ကြိုးများကို တောင်အောက်သို့ တစ်ချောင်းပြီးတစ်ချောင်း ပစ်ချကြသည်။

ကြိုးများကျလာလျှင် တောင်အောက်ရှိ လူများ အလုအယက် ဆွဲယူကာ အပေါ်သို့ တက်လေသည်။

ရှန်းမုံဂိုဏ်းသားများသည် ဒဏ်ရာရသူများကိုပင် အရေးမစိုက်ဘဲ သူ့ထက်ငါ ဦးအောင် တက်လာကြခြင်း ဖြစ်သည်။

ထိုအခြင်းအရာကို တွေ့မြင်ရလျှင် ဝါယင်လုံက အော်ပြောလေသည်။

“ကုစုပြောင် ... ခင်ဗျားလူတွေကို မထိန်းသိမ်းဘူးဆိုရင် နောက်ထပ်ကြိုးတွေ ချမပေးနိုင်ဘူး၊ အပေါ်ရောက်အောင် ဆွဲမတင်နိုင်ဘူး”

သူ၏စကားကြောင့် ကုစုပြောင် ရင်ထိတ်သွားသည်။

ဝါယင်လုံသည် ပြောသည့်အတိုင်း လုပ်မည့်သူဖြစ်သည်။

ထို့ကြောင့် ချက်ချင်းပင် အော်ဟစ်အမိန့်ပေးလိုက်သည်။

“ဒဏ်ရာရထားတဲ့လူတွေကို ဦးစားပေးပြီး အပေါ်တင်ပါ၊ ဘယ်သူပဲဖြစ်ဖြစ် ဒဏ်ရာရထားတဲ့လူဆိုရင် ဝိုင်းဝန်းကူညီရမယ်၊ ရေထဲမှာ ပစ်မထားရဘူး”



ထိုအခါ ရှန်းမုံဂိုဏ်းသားများသည် ဒဏ်ရာရထားသူများကို ဦးစားပေးကာ အပေါ်ဆွဲတင်ကြတော့သည်။

ဝါယင်လုံက ကြိုးများချပေးရာတွင် အသုတ်လိုက် အသုတ်လိုက် ခွဲ၍ချပေးသည်။

ရှန်းမုံဂိုဏ်းသားများ တောင်ပေါ်သို့ တက်လာနိုင်စေရန် အရှေ့ဘက်မှ ကြိုးချပေးသည်။

ကျူးယင်ဂိုဏ်းနှင့် ကြယ်တံခွန်ဂိုဏ်းအတွက် အနောက်ဘက်၊ အထက်လမ်းသိုင်းလောကသားများအတွက် မြောက်ဘက် စသည်ဖြင့် နေရာခွဲကာ ချပေးခြင်းဖြင့် ကိုယ့်လူစုနှင့်ကိုယ် အသုတ်လိုက် အသုတ်လိုက် တက်လာနိုင်ကြသည်။

ဒဏ်ရာရထားသူများ၊ သိုင်းပညာ ညံ့သူများကို ဦးစားပေးကာ တက်စေသည်။ တောင်အောက်မှ လူများ တောင်ပေါ်ရောက်သောအခါ ဒဏ်ရာရသူများ လဲလျောင်းနေခြင်းဖြင့် တောင်ပေါ်ရှိ သဘာဝအလှအပများမှာ လွန်စွာ အရုပ်ဆိုး အကျည်းတန်သွားလေတော့သည်။

ထိုစဉ် ...

တောင်ပေါ်သို့ မြောင်နယ်ခြားမှ အဆိပ်သုံးဖော် ရောက်ရှိလာကြသည်။

သူတို့သုံးယောက်သည် မကျေမနပ်ဖြစ်နေကြသည်။

အဆိပ်သုံးဖော်အနက် အသက်အကြီးဆုံးသူက ဝါယင်လုံရှေ့သို့ ခပ်သွက်သွက်လျှောက်လာသည်။

"ဝါယင်လုံ ... ရှင်းလန် ဘယ်ရောက်သွားပြီလဲ"

ဝါယင်လုံက လင်းရှန်တို့ ထွက်သွားရာဘက်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး ...

"သူတို့ထွက်သွားကြပါပြီ"

ဘာ ... ထွက်သွားကြပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်က သူတို့ကို မတားဘူးလား"

ဝါယင်လုံ ပခုံးတွန့်လိုက်သည်။

"ကျွန်တော့်မှာ သူတို့ကို တားဖို့ထက် ပိုပြီးအရေးကြီးတဲ့ကိစ္စတွေ ရှိနေလို့ပါ"

အဆိပ်သုံးဖော်စလုံး ဒေါသထွက်သွားကြသည်။

"သူတို့က အောက်ကလူတွေအားလုံးကို သတ်ပစ်ဖို့ကြံခဲ့တာမင်းတွေ့တယ် မဟုတ်လား"

ဝါယင်လုံ ခေါင်းညိတ်လက်ခံရသည်။

"သူတို့ကြောင့် ဒုက္ခရောက်ရတဲ့လူ မနည်းဘူး၊ ငါတို့လည်း မကျေနပ်ဘူး"

"သူတို့ထွက်ပြေးသွားပေမယ့် မလွတ်နိုင်ပါဘူး ခင်ဗျာ၊ သူတို့အတွက် ပြေးစရာ မြေမရှိတော့ပါဘူး၊ ကျွန်တော်က တောင်ကြားထဲက လူတွေကို မကယ်ဘဲ သူ့နောက်မလိုက်နိုင်ပါဘူး"

မှန်ပေသည်။

လင်းရှန်တို့လူစုကို သိုင်းလောကသားများ လွန်စွာ မုန်းတီးနေကြပြီ ဖြစ်သည်။



ထို့ကြောင့် လင်းရှန်တို့မှာ မည်သို့ပင် ခြေရာဖျောက် ထွက်ပြေးသည်ဖြစ်စေ သိုင်းလောကသားများ၏ စက်ကွင်းမှ ပြေးလွတ်နိုင်မည်မဟုတ်ချေ။

မြောင်နယ်ခြားအဆိပ်မယ်သုံးဖော်သည် ဝါယင်လုံ၏ သဘာဝကျကျ ရှင်းပြသော စကားကြားရသည်နှင့် စိတ်ဆိုးပြေသွား၏။

ထိုစဉ် တောင်ပေါ်သို့ အရပ်လေးမျက်နှာမှ နေ၍ တက်လာနေသူများ တဖွဲဖွဲ ရောက်လာကြသည်။

ကုစုပြောင်၊ မေစု၊ စင်ချူကျူတို့ လူစုများလည်း တောင်ပေါ်သို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

အဆိပ်သုံးဖော်၏ အာရုံသည် ကုစုပြောင်တို့ဘက်သို့ လှည့်သွားသည်။

"ဟောဟိုမှာ ဒုစရိုက်ကောင်တွေ၊ ဟွန်း ... အခုတော့ ပြေးလွတ်တော့ဘူး၊ တို့အဆိပ်သုံးဖော်ရဲ့အကြောင်း သိသွားစေရမယ်"

သူတို့သည် ထိုလူများဆီသို့ ပြေးသွားရန် ဟန်ပြင်ကြသည်။

ထိုစဉ် ...

"ခဏ နေကြပါဦး ခင်ဗျာ"

ဝါယင်လုံက ကမန်းကတန်း ဟန့်တားလိုက်ရသည်။

အဆိပ်သုံးဖော် မကျေမနပ်ဖြစ်သွားပြီး ...

"ရှင်က ဘာကြောင့် ရှေ့က ကာဆီးကာဆီးလုပ်နေရတာလဲ"

"ကျွန်တော် ဖြေရှင်းစရာကိစ္စတစ်ခု ရှိပါသေးတယ်၊ အဲဒီကိစ္စ ဖြေရှင်းရခင် တိုက်တာခိုက်တာ မလုပ်စေချင်ပါဘူး"

"မင်းက ဘာကိစ္စကို ဖြေရှင်းမှာလဲ"

"မကြာခင် သိရပါလိမ့်မယ် ခင်ဗျာ"

အဆိပ်သုံးဖော်က ဝါယင်လုံသည် အကြောင်းတစ်ခုခု ရှိ သာ ယခုလိုပြောနေခြင်းဖြစ်ကြောင်း တွေးမိကြသည်။

ထို့ကြောင့် အသာငြိမ်နေလိုက်ကြသည်။

"ကောင်းပြီ ... ရှင့်ကိစ္စ ဖြေရှင်းပြီးရင် ဒီဒုစရိုက်ကောင် ကို သုတ်သင်ဖို့ခွင့်ပြုရလိမ့်မယ်၊ ကျွန်မတို့ စိတ်ကြိုက်လုပ်မယ်"

"ဟုတ်ကဲ့ ... ခင်ဗျားတို့ သဘောပါပဲ"

ဝါယင်လုံက ပြောပြီး ကုစပြောင်တို့ဘက်သို့ ထွက်သွား သည်။

ထိုအချိန်တွင် ရှင်ဝင်လန်နှင့် ချန်မင်မင်တို့ တောင်ပေါ် ရောက်လာကြပြီဖြစ်သည်။

ချန်မင်မင်က ဝါယင်လုံကို တွေ့သည်နှင့် ပြေးလိုက်လေတော ၏။

"အစ်ကို ..."

ဝါယင်လုံက ဆီးကြိုလိုက်ရ၏။

"ညီမ ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ပါဘူး"

ဒေါ်ဒေါ်ကော ထိခိုက်ဒဏ်ရာရသေးလား"

"မရပါဘူးရှင်'

ဝါယင်လုံက အားပါးတရ ပြုံးလိုက်သည်။



"အတော်ပဲ ... ညီမတို့ကို အားကိုးရတော့မယ်၊ အစ်ကို ဖြေရှင်းစရာကလေး တစ်ခုရှိတယ်၊ မပြီးခင် တိုက်မှာခိုက်မှာကို မလိုလားဘူး၊ ဒါကြောင့် အဆိပ်သုံးဖော်ကို ညီမ တစ်နည်းနည်းနဲ့ ထိန်းပေးထားစမ်းပါ"

ချန်မင်မင် ခေါင်းညိတ်လိုက်သည်။

"စိတ်ချ ... ကျွန်မ တာဝန်ယူတယ်"

"ကောင်းပြီ ... အစ်ကို သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို ကုစပြောင်တို့ဘက်သို့ ဦးတည်သွား၏။

ချန်မင်မင်လည်း အဆိပ်သုံးဖော်အား ချိုသာစွာပြုံးပြရင်း လျှောက်သွားလေ၏။

ရှင်ဝင်လန်က သူမနှင့်ကပ်လျက် လိုက်ပါသွားသည်။

ရှင်ဝင်လနသည် ဝါယင်လုံနှင့် ချန်မင်မင်တို့ လိုက်ဖက်ညီလှသည်ဟု စိတ်ထဲမှ တွေးမိသည်။

သူတို့နှစ်ယောက် အတူတကွ လျှောက်လာရင်း ချန်မင်မင်၏ သဘောထားကို တီးခေါက်ကြည့်လိုက်၏။

"သမီး ... ဝါယင်လုံက စိတ်ချရပါ့မလား"

"ရှင် ..."

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ချန်မင်မင် အံ့သြသွားလေ၏။

ရှင်ဝင်လန်အား နားမလည်နိုင်စွာ ပြန်ကြည့်ကာ ...

"မေမေ ဘာကိုဆိုလိုတာလဲဟင်"

"ဪ ... သူက လူဆိုးတွေအပေါ်မှာ သဘောထား ကြီးကြီးနဲ့ ဆက်ဆံနေတာ အကြောင်းတစ်ခုခုရှိမယ်ထင်တယ်"

"မေမေက သူဟာ လူဆိုးတွေနဲ့ အဆက်အသွယ်ရှိမယ်လို့ ထင်နေတာများလားဟင်"

ရှင်ဝင်လန်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ သူဟာ သဘောထား ပျော့ပျောင်းလွန်းတာကို ပြောတာပါ၊ သဘောထား ပျော့ပျောင်းလွန်းတော့ လူဆိုးတွေရဲ့ လှည့်ကွက် မိသွားနိုင်တယ်မဟုတ်လား"

ချန်မင်မင်က ယုံကြည်စိတ်ချသော လေသံဖြင့် ...

"အစ်ကိုဝါယင်လုံဟာ မေမေထင်တာထက် ပိုပြီး ပါးနပ်တဲ့ လူတစ်ယောက်ပါ၊ သူဟာ သိုင်းလောကသားတွေ မသိသေးတဲ့ ကိစ္စတစ်ခုကို လူစုံတုန်း တစ်လက်စတည်း ဖော်ထုတ်မယ် ထင်ပါရဲ့"

ရှင်ဝင်လန် ပြုံးလိုက်ပြီး ...

"သမီးကိုကြည့်ရတာ ဝါယင်လုံအပေါ် အတော်ကလေး ယုံကြည်စိတ်ချတဲ့ပုံ တွေ့ရတယ်"

ချန်မင်မင် ခေါင်းညိတ်လိုက်၏။

"သမီးက သူ့ရဲ့သဘောထားကို ကောင်းကောင်းကြီး နားလည်ထားလို့ပါ မေမေ၊ သူဟာ စိတ်ထားအလွန်ကောင်းပါတယ်"

ရှင်ဝင်လန်က ပြောသည်။

"သမီး ... မေမေ့ကို ဝါဂေဟာကလူတွေ ဘာပြောသလဲဆိုတာ သိသလား"



"ရှင် ..."

"သမီး မသိချင်ဘူးလား"

ချန်မင်မင်၏ လှပသော မျက်နှာကလေး ပန်းရောင်သန်းသွားသည်။

သူမ ရှက်ရွံ့နေမိပေတော့သည်။

ရှင်ဝင်လန်က တမင် မသိဟန်ဆောင်ကာ ...

"သမီးမသိချင်ရင်လည်း မေမေ မပြောတော့ပါဘူးလေ"

ချန်မင်မင် ခေါင်းငုံ့သွားရာမှ ဆတ်ခနဲ ခေါင်းပြန်ထောင်လာသည်။

ရှင်ဝင်လန်အား ဝိုင်းစက်သော မျက်လုံးများဖြင့် ကြည့်ရင်း

"မေမေ သူတို့က ဘာပြောသလဲဟင်"

ရှင်ဝင်လန်က ရယ်မောရင်း ပြောလိုက်သည်။

"ဟင် ... သမီးက သိချင်နေတာကိုး"

"အို ... မေမေကလဲ"

"ကဲ ... ကဲ ... ငါ့သမီးသိချင်ရင် ပြောပြရမှာပေါ့၊ သူတို့က မေးတယ်၊ သမီးကို ပေးမလားတဲ့"

"ရှင် ..."

ရှင်ဝင်လန်က ပြုံးလျက် ...

"ဝါယင်လုံ အဖေက သမီးကို ချီးကျူးစကားပြောတယ်၊ သူ့ရဲ့ဇနီးတွေကတော့ ချွေးမတော်ချင်တယ်လို့ ပြောနေကြတယ်"

ချန်မင်မင် မသဲမကွဲ ညည်းညူလိုက်သည်။

စိတ်ဓာတ်ကျသွားခြင်း၊ မကျေနပ်ခြင်းမဟုတ်ဘဲ နှစ်သိမ့်ကျေနပ်မှုဖြင့် ညည်းညူလိုက်ခြင်းဖြစ်ကြောင်း ရှင်ဝင်လန် ကောင်းစွာ သိရှိလိုက်ပါသည်။

ရှင်ဝင်လန်က ရယ်မောလိုက်ပြီး …

“မေမေက သမီးသဘောကျရင် သားမက်တော်မယ်လို့ ပြောခဲ့တယ်”

“အို … မေမေကလဲ”

ချန်မင်မင် ဟန်လုပ်ပြောသော်လည်း သူ၏မျက်နှာ ပြုံးရွှင်နေသည်ကို တွေ့ရ၏။

သူတို့သားအမိ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်ကြ၏။

ဒုက္ခရောက်နေချိန်တွင် တခစ်ခစ်ရယ်မောနေသော သားအမိနှစ်ယောက်ကို လူအတော်များများ လှမ်းကြည့်လိုက်ကြသည်။

ရှင်ဝင်လန်တို့ သားအမိနှစ်ယောက် ခပ်သွက်သွက် လှမ်းသွားရင်း အဆိပ်သုံးဖော်အနီးသို့ ရောက်သွားကြသည်။

အဆိပ်သုံးဖော်က လှမ်းမေးသည်။

“ဘာတွေရယ်နေကြတာလဲ”

ချန်မင်မင်သည် အဆိပ်သုံးဖော်အနီးသို့ ပြေးသွားရင်း …

“ကျွန်မ ပြောစရာရှိတယ်”

“ဟင် … လာပြန်ပြီ တစ်ယောက်”

အဆိပ်သုံးဖော်အနက် တစ်ယောက်က ရေရွတ်လိုက်ခြင်းဖြစ်သည်။



မကြာသေးမီကပင် ဝါယင်လုံက ကိစ္စရှိသည်ဟု ပြောသွားသည် မဟုတ်ပါလား။

ချန်မင်မင် မျက်နှာချိုသာစွာပြုံးလျက် …

“ဖခင်မကြီးတို့ ကျွန်မကို သိုင်းပညာသင်ပေးမယ်ဆိုတာ မေ့ကြပြီလား၊ သိုင်းပညာ မသင်ပေးချင်လို့များ စကားလွှဲပြီးပြောကြတာလား”

အဆိပ်သုံးဖော် မခံမရပ်နိုင် ဖြစ်သွားကြ၏။

“ဟေ့ … တို့က သင်ပေးမယ်ဆိုရင် သင်ပေးမှာပဲ၊ ဘယ်တော့ စကားနှစ်ခွန်း မပြောဘူးဆိုတာ မှတ်ထား”

“ကောင်းပါပြီ … ကျွန်မကို သိုင်းပညာသင်ပေးပါတော့”

“ဟေ …”

အဆိပ်သုံးဖော် ကြောင်သွားကြလေ၏။

သူတို့သည် ရန်သူများအား မည်သို့မည်ပုံ သုတ်သင်ရှင်းလင်းမည်ကို တိုင်ပင်ဆွေးနွေးနေစဉ် ချန်မင်မင်တို့ သားအမိနှစ်ယောက် သူတို့အနီးသို့ ရောက်လာကြခြင်း ဖြစ်သည်။

အဆိပ်သုံးဖော်အနက် အသက်အကြီးဆုံး အမျိုးသမီးက …

“တို့တစ်တွေ အခု ရန်သူတွေကို သုတ်သင်ရှင်းလင်းရဦးမယ်၊ ဒါကြောင့် အချိန်မရဘူး၊ နောက်မှ သင်ပေးမယ်”

“မရဘူး၊ ကျွန်မ အခုသင်ချင်တယ်”

အဆိပ်သုံးဖော် အကြပ်ရိုက်သွားကြသည်။ သူတို့စကားနှင့်သူတို့ မိသွားကြသည်။

သူတို့သုံးဦး ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြသည်။

ပြီးမှ ချန်မင်မင်ဘက်သို့ လှည့်ကာ ...

"တို့သုံးယောက်စလုံး နောက်မှ သိုင်းပညာသင်ပေးမယ်လို့ ဆုံးဖြတ်ထားကြတယ်၊ ဒါကြောင့် နောက်မှသင်ပေတော့ ..."

ရှင်ဝင်လန်က ချန်မင်မင်၏လက်ကိုဆွဲကာ ဖျောင်းဖျသည်။

"လာပါ သမီးရယ်၊ သူတို့မှာ အလုပ်များနေတော့ သွားပြီး ဒုက္ခမပေးပါနဲ့၊ နောက်မှ အေးအေးဆေးဆေး သင်ပါကွယ်"

ချန်မင်မင်က ဦးခေါင်းသွင်သွင်ခါယမ်းရင်း ...

"အခုပဲ သိုင်းသင်ပေးပါ၊ သိုင်းသင်မပေးနိုင်ရင် သိုင်းကွက်တွေရဲ့ အခြေခံသဘောတရားတွေကို ရှင်းပြပေးပါ"

အဆိပ်သုံးဖော် အခက်ကြုံနေသည်။

သင်မပေးဟုဆိုလျှင် ကတိဖောက်ဖျက်ရာ ကျပေမည်။

သင်ပေးပြန်လျှင်လည်း ရန်သူများအား သုတ်သင်ရှင်းလင်းရန် အချိန်ရမည်မဟုတ်ချေ။

နောက်ဆုံး သုံးကွက်သဘောကရားများ ရှင်းပြရုံဖြင့် ရန်သူများကို မျက်ခြည်မပြတ်နိုင်၊ ရန်သူများကို ဖြိုခွဲရေးအတွက် အနှောင့်အယှက် မဖြစ်နိုင်ဟု ယူဆကြ၏။

ထို့ကြောင့် ခေါင်းညိတ်ကာ သဘောတူလိုက်ကြသည်။

"ကောင်းပြီလေ ... သိုင်းကွက် သဘောတရားတွေ ပြောပြမယ်၊ နားထောင်ပါ"

"ဒါဖြင့် လူရှင်းတဲ့နေရာ သွားပြောမယ်"



အဆိပ်သုံးဖော်လည်း သူတို့၏ လျှို့ဝှက်ချက်များကို လူသိမည်စိုးရိပ်ပြီး ချန်မင်မင် ဆွဲခေါ်ရာနောက်သို့ လိုက်သွားရသည်။

ချန်မင်မင် တောင်ထိပ်တစ်ဖက် လူရှင်းသော နေရာတစ်ခုဆီသို့ ခေါ်ဆောင်သွားတော့သည်။

❋ ❋ ❋

## အခန်း(၇၃)
# ခွင့်လွှတ်ခြင်း၊ အရေးယူခြင်း

တောင်အောက်မှ လူအားလုံးလိုလို ဝေ ာင်ပေါ်သို့ ရောက်
လာပြီဖြစ်သည်။

တောင်အောက်တွ  သေဆုံးသွားသူများကို ရေများက ဖုံးလွှ
ကာ သင်္ဂြိုဟ်လိုက်သ ည်။

ရှမ်းမုံဂိုဏ်းဖွင့်ပွဲသည် အနိဋ္ဌာရုံများဖြင့် အဆုံးသတ်သွား
ချေပြီ။

ရှမ်းမုံဂိုဏ်းချုပ် ဂုစုပြောင်၏ ကောက်ကျစ်ရက်စက်သော
အကြံသည် ဘွားဘွားကြီး ပေါ်ခဲ့ပြီဖြစ်သည်။

ထို့အပြင် အောက်လမ်းသိုင်းလောကသားတို့၏ လောဘရမ္မ
ကြီးပုံ၊ အချင်းချင်း သစ္စာစောင့်သိ ရှိသေခြင်းမရှိဘဲ တစ်ယော
အပေါ် တစ်ယောက် အကောက်ကြံပုံများလည်း ထင်ရှားစွာ ပေါ်လွ
လာခဲ့သည်။



ထို့ထက်ပို၍ ဆိုးရွားသည်မှာ ဝါယင်လုံက ကြယ်တံခွန်ဂိုဏ်း၏ လုပ်ရပ်များကို ဖော်ထုတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ဝါယင်လုံသည် ကြယ်တံခွန်ဂိုဏ်းမှ စင်ချူကျူရှေ့သို့ ခပ်သွက်သွက်လေး လျှောက်လာသည်။

ကြယ်တံခွန်ဂိုဏ်းသားများအနီးတွင် စုရုံးရပ်နေကြသော ကုစုပြောင်နှင့် ရှမ်းမုံအဖွဲ့သားများသည် လည်းကောင်း၊ မေစုနှင့် ကျူးယင်အဖွဲ့သားများသည်လည်းကောင်း အကဲခတ်ကြည့်နေကြသည်။

ဝါယင်လုံက စင်ချူကျူအား စေ့စေ့ကြည့်ရင်း ...

"ခင်ဗျားကိုယ် ကျုပ်မေးစရာရှိတယ်၊ မှန်မှန်ဖြေပါ"

သူက ခပ်မာမာပြောလိုက်သည်။

စင်ချူကျူ အံ့သြသွား၏။

ဖြေရှင်းစရာကိစ္စတစ်ခု ကျန်သေးသည်ဆိုခြင်းမှာ သူနှင့်ပတ်သက်နေပြီဖြစ်ကြောင်း ကောင်းစွ  နားလည်လိုက်၏။

စင်ချူကျူ မျက်မှောင်ကြုတ်ကာ ...

"ခင်ဗျား ဘာမေးချင်လို့လဲ"

"ခင်ဗျားတို့ ဂိုဏ်းချုပ် တုံးကောချူ ဘယ်မှာလဲ"

စင်ချူကျူ ရင်ထိတ်သွားသည်။

မျက်နှာမပျက်အောင် ဟန်ဆောင်ရင်း ...

"သူက ဂိုဏ်းချုပ်ပဲ၊ သူဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာ ကျုပ်မှာ မေးခွင့်မရှိဘူးဗျ၊ ဒါကြောင့် သူဘယ်ရောက်နေသလဲဆိုတာ ကျုပ်ဘယ်လိုလုပ် သိနိုင်မှာလဲ"

ဝါယင်လုံ မဲ့ပြုံး ပြုံးလိုက်၏။

"ခင်ဗျား မညာပါနဲ့ဗျာ၊ ခင်ဗျားမှာ မေးခွင့်မရှိပေမယ့် သိခွင့်တော့ ရှိမှာပါ၊ သူဘယ်ရောက်နေတယ်ဆိုတာ ခင်ဗျား သိကိုသိရမယ်၊ ဒါမှမဟုတ် ကျုပ်ပြောပြစေချင်လို့လား"

ယခုတစ်ကြိမ် စင်ချူကျူ မျက်နှာပျက်သွားသည်။

"မင်း ... မင်း"

"ကျုပ် အကုန်သိပြီးပါပြီဗျာ"

စင်ချူကျူ သက်ပြင်းချလိုက်သည်။

ဝါယင်လုံအား ချီးကျူးသောအကြည့်ဖြင့် ကြည့်ကာ ...

"မင်းမဆိုးဘူး၊ လူငယ်ပေမယ့် ဉာဏ်ထက်တယ်၊ အောက်လမ်းသိုင်းသမားတွေအတွက် အင်မတန် ကြောက်စရာကောင်းသူပဲ၊ မင်းသိပြီးပြီဆိုရင် ဘာကြောင့် ကျုပ်ကိုမေးနေရသေးသလဲ"

"ခင်ဗျားက အမှန်အတိုင်း ပြောတတ်တယ်ဆိုဟာ ယုံကြည်လို့ပါ"

"မင်း ကျုပ်ကို ဒုက္ခပေးချင်လို့ မဟုတ်လား"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားနဲ့အတူ ကြယ်တံခွန်ဂိုဏ်းကို ကယ်တင်ချင်လို့ပါ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် စင်ချူကျူ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ဝါယင်လုံအား မယုံကြည်နိုင်စွာကြည့်ရင်း ...



"မင်း ... မင်း ဘယ်လို ပြောလိုက်တာလဲ"

ဝါယင်လုံက လေသံအေးအေးဖြင့် ...

"ခင်ဗျားတို့ကို ကူညီချင်လို့ပါ"

"မင်းက ဘာများတတ်နိုင်မှာလဲ၊ ဘယ်လိုကူညီနိုင်မှာမို့လဲ"

"ဒါလွယ်ပါတယ်၊ ခင်ဗျား ကျွန်တော်တို့နဲ့ ပူးပေါင်းပါ၊ အမြင်မှန်ရတဲ့ လူတွေကို ကျွန်တော်တို့ အချိန်မရွေး လက်ကမ်းကြိုဆိုနေပါတယ်ဗျာ"

စင်ချူကျူ ခေါင်းငိုက်စိုက်ကျသွားသည်။

ကြယ်တံခွန်ဂိုဏ်း၏ ဒုစရိုက်လုပ်ငန်းများကြောင့် သိုင်းလောကတွင် နာမည်ဆိုးတွင်နေရသည်။

အထက်လမ်း သိုင်းသမားများနှင့် ဘုရင့်တပ်မတော်သားများသည် ကြယ်တံခွန်ဂိုဏ်းအား ဖြိုခွဲနေကြသည်။

သူတို့သည် ဤအခြေအနေဖြင့် သိုင်းလောကတွင် ဆက်လက်ရပ်တည်ရန် မဖြစ်နိုင်ကြောင်း ကောင်းစွာ သဘောပေါက်ထားပြီးဖြစ်ပါ၏။

သူကိုယ်တိုင်လည်း ဒုစရိုက်လုပ်ငန်းများကို ရွံရှာမုန်းတီးနေပြီဖြစ်လေ၏။

စင်ချူကျူ ငေးငိုင်နေစဉ် ဝါယင်လုံက ...

"ထုံးကော့ချူ ဘယ်ကိုသွားသလဲ"

စင်ချူကျူ သက်ပြင်းချကာ အမှန်အတိုင်း ပြောပြလိုက်သည်။

"သူက ရှန်းမုံဂိုဏ်းဖွင့်ပွဲမှာ ထင်ရှားတဲ့ သိုင်းသမားတွေ

စုရုံးရောက်ရှိနေကြမယ်ဆိုတာ ရိပ်မိတယ်၊ ဒါကို အခွင့်အကော ယူပြီး သူက ထိပ်သီးသိုင်းသမားတွေရဲ့ မိသားစုတွေကို ဖမ်းဆီးလ မယ်၊ ဂိုဏ်းချုပ်မရှိတဲ့ ဂိုဏ်းတွေကို ဖြိုခွဲလိမ့်မယ်”

ဝါယင်လုံ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

သူကြားခဲ့သမျှ သတင်းများနှင့် စင်ချူကျူ ပြောသည့် စကာ များ ကိုက်ညီနေသည်မဟုတ်ပါလား။

စင်ချူကျူက ဆက်ပြောသည်။

“ထုံးကောချူဟာ ကြယ်တံခွန်ဂိုဏ်းရဲ့ အင်အားတစ်ဝက် ခေါ်ပြီး သိုင်းလောကထဲ ဆင်းသွားပြီ၊ အခုအချိန်လောက်ဆိုရ သူ့လက်ချက်ကြောင့် လူအတော်များများ ဒုက္ခရောက်နေကြတော မယ်”

ဝါယင်လုံ ပြုံးလိုက်သည်။

စင်ချူကျူအား လက်ကာပြလိုက်ပြီး ...

“ဒီအတွက်တော့ မပူပါနဲ့ဗျာ၊ တုံးကောချူကို ဟန့်တားမယ လူတွေ အချိန်မီ လိုက်သွားကြပါပြီ”

သူတို့နှစ်ယောက် ပြောဆိုကြသည့် စကားများကို စိတ်ဝ စားသူများက နားစွင့်နေ၏။

စင်ချူကျူက တုံးကောချူ၏ လုပ်ရပ်များကို အမှန်အတိုင ဖွင့်ပြောလျှင် ဒေါသထွက်ကုန်ကြသည်။

အချို့လူများဆိုလျှင် သူတို့၏ မိသားစုများ ဒုက္ခရောက်ရမည် အရေး၊ အဖွဲ့အစည်းများ ပျက်စီးမည့်အရေးကို တွေးမိကာ ကြယ တံခွန်ဂိုဏ်းအပေါ် မကျေမနပ်ဖြစ်လာကြသည်။



ချော်ချင်းပင် တိုက်ခိုက်ရန် ရှေ့တိုးကာ ဝိုင်းရံထားလိုက်ကြ သည်။

သိုင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်ကို တွေ့ ရလျှင် ဝါယင်လုံ ကပျာကယာ ဟန့်တားလိုက်ရသည်။

“အားလုံး ရပ်လိုက်ကြပါ”

သူ၏စကားသံ မရှေးမနှောင်းမှာပင် ကြယ်တံခွန်ဂိုဏ်းအား ဝိုင်းရံထားသည့် လူအုပ်ကြီးထဲမှ တစ်ယောက်က အော်ပြောသည်။

“ရက်စက်ယုတ်မာတဲ့ ကြယ်တံခွန်ဂိုဏ်းသားတွေကို ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား”

ထိုစကားသံနှင့် မရှေးမနှောင်းတွင် ...

“ဟုတ်တယ်၊ ဟ ... ကြယ်တံခွန်ဂိုဏ်းသားတွေကို တိုက်ကြ”

“ရှန်းမုံဂိုဏ်းနဲ့ ကျူးယင်ဂိုဏ်းကိုလည်း အလွတ်မပေးနဲ့”

“တို့ရဲ့မိသားစုတွေနဲ့ တို့ရဲ့ ညီအစ်ကိုတစ်တွေကို လုပ်ကြံ မယ့် ရန်သူတွေကို ရှင်းကြ”

အော်ဟစ်သံများ ဟိုမှဒီမှ ထွက်ပေါ်လာသည်။

သိုင်းသမားများသည် လက်နက်ကိုယ်စီ ဆွဲကိုင်ရင်း တိုက် ခိုက်ရန် ရှေ့သို့ တိုးလာကြသည်။

ဝါယင်လုံ သက်ပြင်းချလိုက်သည်။

“အင်း ... အထက်လမ်းနဲ့ အောက်လမ်း သိုင်းလောကသား တွေရဲ့ ပဋိပက္ခဟာ ဖြေရှင်း အတော်ခက်ပါလား”

ဟု ကြိတ်၍ညည်းညူလိုက်၏။

သူ ကြားမဝင်လျှင် တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အော်ဟစ်ဟန့်တားလိုက်ရလေသည်။

"အားလုံးရပ်လိုက်ကြပါ၊ ကျုပ် စကားပြောစရာရှိပါသေးတယ်"

သူ၏အသံသည် အားလုံးသောအသံများကို ဖုံးလွှမ်းသွားလေသည်။ သူ၏အတွင်းအား အလွန်ကောင်းသည် မဟုတ်ပါလော။

ဆူညံနေသော လူအုပ်ကြီး ငြိမ်ကျသွားသည်။

သိုင်းသမားများသည် ကြယ်တံခွန်ဂိုဏ်းအပေါ် မကျေမနပ်ဖြစ်နေကြသော်လည်း သူတို့၏ အသက်သခင်ကျေးဇူးရှင် ဝါယင်လုံကို လွန်ဆန်ရန်မှ နှောင့်နှေးနေကြ၏။

ပြန်လည် ခုခံရန် ဟန်ပြင်နေသော ကြယ်တံခွန်ဂိုဏ်းသားများလည်း ငြိမ်ကျသွားသည်။

ဝါယင်လုံက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

"တုံးကော့ချူဟာ ကြယ်တံခွန်ဂိုဏ်းချုပ်ပါ၊ ဒါကြောင့် စင်ချူကျူဟာ တုံးကော့ချူ အမိန့်အတိုင်း တစ်သဝေမတိမ်း လုပ်နေရတယ်ဆိုတာ ထင်ရှားပါတယ်၊ တကယ်လို့များ စင်ချူကျူက သူ့ရဲ့အမှားတွေကို ဝန်ခံမယ်ဆိုရင် အပြစ်မပေးဘဲခွင့်လွှတ်ရပါလိမ့်မယ်၊ တကယ်အပြစ်ရှိတဲ့ လူဟာ တုံးကော့ချူပါ၊ သူ့အပြစ်တွေအားလုံး စင်ချူကျူအပေါ် စုပုံချဖို့ စီစဉ်ထားပါသေးတယ်ဗျာ"

လူအားလုံးက စင်ချူကျူကို လှမ်းကြည့်ကြလေသည်။

စင်ချူကျူက မနေတတ် မထိုင်တတ်ဖြစ်သွားသည်။



အမှန်လည်း ဝါယင်လုံပြောသည့်အတိုင်း တုံးကော့ချူ၏ အမိန့်အတိုင်း လုပ်ဆောင်ခဲ့ရခြင်း ဖြစ်သည်။

ဝါယင်လုံက ...

"ကဲ ... စင်ချူကျူ ခင်ဗျားက ကြယ်တံခွန်ဂိုဏ်းအပေါ် သိုင်းလောကအတွက် ဘယ်လိုအဆုံးအဖြတ်ပေးမလဲဆိုတာ ပြောပါဗျာ"

စင်ချူကျူ အခက်ကြုံသွားသည်။

သူက ဝါယင်လုံကို စေ့စေ့ကြည့်ရင်း ...

"ကျုပ်ဟာ ဂိုဏ်းချုပ်မဟုတ်တော့ ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးမရှိပါဘူးဗျာ"

"ဒီကိုပြောလို့မရဘူး၊ ဂိုဏ်းချုပ် တုံးကော့ချူမရှိရင် ခင်ဗျားက ဦးဆောင်ဦးရွက်ပြုရမယ် မဟုတ်လား"

"ဂိုဏ်းချုပ်မရှိရင်တော့ ခင်ဗျားပြောတာ မှန်ပါတယ်"

"ကောင်းပြီ ... ဒါဆိုရင် ခင်ဗျားတို့ ဂိုဏ်းချုပ် တုံးကော့ချူ မရှိတော့ဘူးလို့ မှတ်လိုက်ပေတော့"

"ဗျာ ... "

စင်ချူကျူမှာ သူ၏နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

ဝါယင်လုံကို ပြူးကျယ်သော မျက်လုံးများဖြင့် ကြည့်နေမိသည်။

ဝါယင်လုံက ဆက်ပြောသည်။

"ခင်ဗျား မယုံဘူးလား၊ တုံးကော့ချူရဲ့အကြံကို ကျုပ်ရိပ်မိ

လို့ သူတို့ကို ဟန့်တားဖို့ အဆင့်မြင့်သိုင်းသမားတွေကို အကူအညီ တောင်းခဲ့တယ်၊ သူတို့ဟာ တုံးကျော့ချူတို့လူစုကို ကျိန်းသေ ချေမှုန်း ပစ်လိုက်မှာပဲ"

စင်ချူကျူ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မေးလိုက်၏။

"ခင် ... ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပေါ့ ... ကျုပ် ဘာဖြစ်လို့ ညာရမှာလဲ"

"တုံးကျော့ချူကို လွယ်လွယ်နဲ့ ဟန့်တားလို့မရဘူးနော်"

"ကျုပ်နားလည်ပါတယ်၊ သူ့ကို ဟန့်တားမယ့်လူတွေထဲမှာ ချန်ယန်ဟောင်ဟာ တစ်ယောက်အပါအဝင်ဆိုရင်ကော"

စင်ချူကျူ ပါးစပ်ပိတ်ထားလိုက်၏။

ဝါယင်လုံက ...

"တုံးကျော့ချူ မရှိနိုင်တော့ဘူးဆိုတာ ခင်ဗျားယုံပြီလား"

စင်ချူကျူ သက်ပြင်းချလိုက်လေသည်။

"ကျုပ် ... ကျုပ်ယုံပါပြီဗျာ"

"ဒါဖြင့် ကြယ်တံခွန်ဂိုဏ်းရဲ့ တာဝန်မှန်သမျှ ခင်ဗျားခေါင်း ပေါ် ပုံကျလာပြီဆိုတာ လက်ခံရောပေါ့"

"ဟုတ်ပါတယ်၊ ကျုပ်မှာ တာဝန်ရှိပါတယ်"

"ဒါဖြင့် ကြယ်တံခွန်ဂိုဏ်းရဲ့ ကံကြမ္မာကို ခင်ဗျားပဲ ဆုံးဖြတ် တော့"

စင်ချူကျူ ငိုင်ကျသွားသည်။

အတန်ကြာအောင် တွေဝေနေပြီးမှ ...



"ကျုပ် ဘယ်လိုလုပ်ရမလဲ"

"ခင်ဗျားကြိုက်သလို ဆုံးဖြတ်ပေါ့"

စင်ချူကျူ အံကြိတ်ကာ ...

"ကောင်းပြီ ... ခင်ဗျားတို့ ဝါမိသားစုရှိနေသမျှကာလပတ်လုံး ကျုပ်တို့ ကြယ်တံခွန်ဂိုဏ်း သိုင်းလောကထဲကို ခြေမချဘူး၊ ဘယ့် ယ်လဲ၊ ကျေနပ်ပြီလား"

ဝါယင်လုံ ပြုံးလိုက်သည်။

စင်ချူကျူသည် ကတိတည်မည့် လူစားဖြစ်ကြောင်း သူ ကောင်းစွာ နားလည်သည်။

သိုင်းလောကတွင် ဝါမိသားစုမှာ ခေတ်အဆက်ဆက် ကျော် ကြားလာခဲ့ပြီး မည်သည့်အခါမှ တိမ်ကောပျောက်ကွယ်သွားမည် ဟုတ်ချေ။

ဝါမိသားစု ရှိနေသမျှကာလပတ်လုံး ကြယ်တံခွန်ဂိုဏ်းသား များ သိုင်းလောကသို့ ခြေမချဟုဆိုလျှင် သိုင်းလောကမှ ကြယ်တံခွန် ဂိုဏ်း ထာဝရပျောက်ကွယ်သွားပြီဟု ဆိုရပေလိမ့်မည်။

ကြယ်တံခွန်ဂိုဏ်းသားများ မကျေမနပ် ဖြစ်ကုန်ကြ၏။

သို့သော် စင်ချူကျူအား မည်သူမျှ မလွန်ဆန်ဝံ့ကြပါ။

သိုင်းလောကသားများကလည်း ကြယ်တံခွန်ဂိုဏ်းသားများ အား လွှတ်ပေးမည်ဆိုခြင်းကို မကျေနပ်ကြချေ။

မည်သို့ဆိုစေ ဝါယင်လုံ စကားကို နားထောင်ကြသည်။

ဝါယင်လုံ လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"ခင်ဗျား ကတိတည်ပါစေ၊ သွားနိုင်ပါပြီ"

ခင်ချူကျူက ကြယ်တံခွန်ဂိုဏ်းသားများကို ခေါ်ပြီး တောင်ပေါ်မှ ထွက်ခွာသွားလေတော့သည်။

နောင် မည်သည့်အခါမှ ကြယ်တံခွန်ဂိုဏ်းသားများကို သိုင်းလောကတွင် ပြန်တွေ့ကြရတော့မည်မဟုတ်ချေ။

ရှန်းမုံဂိုဏ်းမှ ကုစုပြောင်နှင့် ကျူးယင်ဂိုဏ်းမှ မေစုတို့သည် အခြေအနေကို အကဲခတ်ကြည့်နေကြသည်။

တုံးကော့ချူနှင့် နောက်လိုက်များကို ချေမှုန်းမည့်သူများ အသင့်ရှိနေကြောင်း သိရသောအခါ မကျေမနပ်ဖြစ်သွားကြ၏။

တုံးကော့ချူ၏ လုပ်ရပ်ကို မကြိုက်သော်လည်း ဝင်စွက်ရန်ကား စိတ်မကူးချေ။

လူအများ ကြယ်တံခွန်ဂိုဏ်းသားများအပေါ်တွင် အာရုံရောက်နေချိန်တွင် ကုစုပြောင်က ရရှိလာသော အခွင့်အရေးကို အသုံးချလိုက်သည်။

သူ၏ငယ်သားများကို တိတ်တဆိတ် အချက်ပြပြီး တောင်ပေါ်မှ မသိမသာ ဆင်းသွားကြသည်။

ကုစုပြောင်တို့ ထွက်သွားကြလျှင် မေစုကလည်း ကျူးယင်ဂိုဏ်းသားများကိုခေါ်ဆောင်ကာ ထွက်သွား၏။

သူတို့ ထွက်သွားသည်ကို မည်သူမျှ မရိပ်မိကြပါချေ။

ကြယ်တံခွန်ဂိုဏ်းသားများ ထွက်သွားပြီးမှသာလျှင် သတိပြုကြည့်ရာ မရှိတော့ကြောင်း သိရသဖြင့် ခေါင်းမီးတောက်သွားကြလေတော့သည်။



သို့သော် အခြား ပြဿနာများ ရှိနေသေးသည်။

ဝါယင်လုံ ပြောသည့် ချန်ယန်ဟောင် ဆိုသည့်အမည်ကိုကြားရသောအခါ ရှင်ဝင်လန်က မေးမြန်းသည်။

ဝါယင်လုံက ချန်ယန်ဟောင်အား ကယ်တင်ခဲ့ပြီး ဖြစ်ကြောင်း ပြောပြ၏။

ချန်ယန်ဟောင်သည် မူလသိုင်းအား ပြန်လည်ရရှိပြီးဖြစ်ရာ တုံးကော့ချူတို့အား ချေမှုန်းရန်လိုက်သွားကြောင်း ရှင်းပြသည်။

ချန်မင်မင်၏ ဖခင် လွတ်မြောက်လာပြီဖြစ်ကြောင်း သိရ၍ ရှင်ဝင်လန်နှင့်အတူ လွန်စွာ ဝမ်းမြောက်သွားလေတော့သည်။

ထိုအချိန်တွင် သိုင်းလောကသားများသည် ထွက်ပြေးသွားကြသော ရှန်းမုံဂိုဏ်းနှင့် ကျူးယင်ဂိုဏ်းတို့နောက်သို့ လိုက်ရန် ဆန္ဒပြင်းပျနေကြလေသည်။

ကုစုပြောင်နှင့် မေစုတို့သည် တောင်တစ်ဖက်သို့ ဆင်းပြီး မြစ်ကြောင်းလမ်းမှသာ သွားနိုင်သည်။

ထိုလမ်းခရီးမှ အမြန်ဆုံး ဝေးရာသို့ပြေးရန် ဆုံးဖြတ်ထားကြသည်။

ကုစုပြောင်တို့ လှေစုအား လက်လွှတ်မခံနိုင်သဖြင့် ဝါယင်လုံလည်း လိုက်ရန် ပြင်ဆင်ရသည်။

ရေလမ်းခရီးဖြစ်ရာ ရေဘက်တွင် ကျွမ်းကျင်သော ကျားယန်တို့ လှေစုကိုပင် အကူအညီတောင်းရသည်။

ကျားယန်၏ ဆရာ ယင်ယင်မှာ ရေကျွမ်းကျင်မှုတွင် နံပါတ်တစ် ဖြစ်သည်။

ယင်ယင်က ဝါယင်လုံ၏ အကူအညီတောင်းခြင်းကို ငြင်းပယ်သည်။

သို့သော် ...

ဝါယင်လုံက မရမက အကူအညီတောင်းသဖြင့် နောက်ဆုံး လိုက်လျောလိုက်ရ၏။

ယင်ယင်၏ ဦးဆောင်မှုဖြင့် လူတို့လူစု မြစ်ဆိပ်သို့ အမြန်ဆုံး ထွက်လာကြသည်။

မြစ်ဆိပ်ရောက်လျှင် ကုစုပြောင်တို့ လူစု မကြာသေးမီကမှ ထွက်သွားကြောင်း သတင်းရ၍ အားတက်သွားကြသည်။

လှေများငှားရမ်း ရှာဖွေပြီးလျှင် ကုစုပြောင်တို့နောက်သို့ ထက်ကြပ်မကွာ လိုက်ရန် စီစဉ်ကြသည်။ ထို့ပြင် ရေနဂါးဂိုဏ်းကို အကူအညီတောင်းရန် ဆုံးဖြတ်လိုက်ကြတော့သည်။

❋ ❋ ❋



## အခန်း(၇၄)

## ချစ်လျက်နှင့် ခွဲခွာခြင်း

ဝါယင်လုံတို့ အုပ်စုမှာ မြစ်ဆိပ်သို့ ရောက်လာသည်။

ထိုဆိပ်ကမ်းမြို့ကလေး၌ ရေနဂါးဂိုဏ်းဌာနချုပ် တည်ရှိသည်။

ဤသို့ကြောင့် ဝါယင်လုံက ရေနဂါးဂိုဏ်းချုပ်နှင့် တွေ့ဆုံကာ အကူအညီတောင်းလေ၏။

ရေနဂါးဂိုဏ်းမှာ အထက်လမ်းဂိုဏ်းတစ်ဂိုဏ်း မဟုတ်သလို အောက်လမ်းဂိုဏ်းလည်း မဟုတ်ချေ။

ဂါယင်လုံက ကုစုပြောင်တို့အား တိုက်ခိုက်ရန်အတွက် ရေနဂါးဂိုဏ်းမှ လှေများ အကူအညီတောင်းခံသောအခါ ရေနဂါးဂိုဏ်းချုပ်မှာ စဉ်းစားလိုက်၏။

မိမိတို့က အထက်လမ်းသိုင်းသမားမျိုးဘက်မှ ကူညီ၍ အောင်မြင်ခဲ့ပါက မိမိတို့သည်လည်း အလိုလိုပင် သူရဲကောင်းများ ဖြစ်လာနိုင်၏။

အကယ်၍ ရှုံးနိမ့်လျှင်မူ အားလုံး သေကြေနိုင်ပြီး ဂိုဏ်းပါ ပြိုကွဲသွားနိုင်လေသည်။

ထို့ကြောင့် အတန်ကြာအောင် တွေဝေနေ၏။

ပြီးမှ သူက ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်သည်။

သူ၏တစ်သက်တာဝယ် ကောင်းကျိုးလုပ်ရင်းဖြင့် သေဆုံးခဲ့သော် သူ၏မျိုးရိုးနှင့် ဂိုဏ်းအမည်မှာ သူရဲကောင်း စာရင်းဝင်သွားလိမ့်မည်။

ဂုဏ်ရှိစွာဖြင့် သေရသဖြင့် ကျေနပ်နိုင်ပါသည်။

ထို့ကြောင့် ဝါယင်လုံတို့အား အကူအညီပေးရန် ဆုံးဖြတ်လိုက်သည်။

ရေနဂါးဂိုဏ်းချုပ်က သူကိုယ်တိုင်နှင့်တကွ ငယ်သားများပါ ကူညီမည်ဟု ကတိပေးလိုက်တော့သည်။

ထိုနေ့ညတွင်းချင်းပင် ဝါယင်လုံတို့မှာ လှေကြီးငါးစင်းဖြင့် ထွက်လာခဲ့ကြသည်။

ရေနဂါးဂိုဏ်းမှာ ရေကျွမ်းကျင်သော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။

ထို့ကြောင့် ရှေ့မှသွားနေသော ကျူးယင်ဂိုဏ်းနှင့် ရှန်းမုံဂိုဏ်းတို့၏ လှေများကို မမြင်ရစေကာမူ နောက်နှစ်ရက်အတွင်း မီရမည်ဟု အာမခံကြလေ၏။

ယခုရက်ပိုင်းအတွင်း၌ လေငြိမ်နေသောကြောင့် ရေနဂါး ဂိုဏ်းသားတို့က ကြိုးစားလှော်ခတ်နေရ၏။



ဝါယင်လုံတို့ လူစုလည်း မနေသာပါ။

တစ်ယောက်တစ်လှည့် ကူညီလှော်ခတ်နေရသည်။

ကျန်အချိန်အားများ၌ သိုင်းပညာ လေ့ကျင့်ကြ၏။

ချီထင်းဟောင်နှင့် ချင်ယွင်တို့က လိုအပ်သည်များကို ညွှန်ကြားပြသပေးသည်။

နောက်တစ်နေ့ ...။

ရှေ့မှသွားနေသော လှေများ၏အမည်းစက်များကို ရုတ်တရက် မြင်လိုက်ရ၏။

ထို့နောက် ပြန်လည်ပျောက်ကွယ်သွားသည်။

ဝါယင်လုံက လွတ်သွားမည်ကို ပူပင်သဖြင့် ရေနဂါးဂိုဏ်းချုပ်အား မေးမြန်းသည်။

"ဂိုဏ်းချုပ်ကြီး ... သူတို့အဝေးကြီး ရောက်သွားပြီ၊ ကျွန်တော်တို့ သူတို့ကို မီပါ့မလား၊ မီအောင် ဘယ်လိုလုပ်သင့်သလဲ"

ရေနဂါးဂိုဏ်းချုပ်က ...

"မပူပါနဲ့၊ သူတို့ပျောက်သွားတာက ရှေ့မှာ ပင်လယ်ကွေ့ ရှိလို့ပါ၊ ဟိုဘက်ရောက်ရင် သူတို့က လေဆန်ဖြစ်သွားရင် ကျုပ်တို့က လေစုန်ဆိုတော့ နောက်တစ်နေ့ဆိုရင် ကောင်းကောင်း မီပါပြီ"

ဟု ရှင်းပြလိုက်သည်။

ဝါယင်လုံလည်း ယခုမှ စိတ်သက်သာရာ ရသွား၏။

သူ့အဖို့ ကုစုပြောင်တို့အား အလွတ်မပေးနိုင်တော့ပါချေ။

နောက်တစ်နေ့ ပြောင်းလဲသွားပြန်၏။

ဝါယင်လုံတို့ လှေ၏ ရှေ့ဘက်၌ သွားနေသော လှေရှစ်စင်းကို တွေ့လိုက်ရ၏။

မကြာမီ လှေများကို ထင်ထင်ရှားရှား မြင်ရသည်အထိ နီးကပ်လာတော့သည်။

သူတို့၏ ရှေ့တည့်တည့်တွင် လှေလေးစင်းက တစ်အုပ်စု၊

သူတို့၏ ညာဘက်ခြမ်း၌ လှေသုံးစင် ၁ တစ်အုပ်စု။

သူတို့၏ ဘယ်ဘက်ခြမ်း၌ လှေတစ်စင်းက တစ်အုပ်စုကဖြစ် အုပ်စုသုံးခုကို တွေ့လိုက်ရ၏။

ချင်ယွင်မှာ အမြင်စူးရှသဖြင့် ရှေ့လှေများကို ခွဲခြားနိုင်ခဲ့သည်။

ချင်ယွင်က ...

"ရှေ့တည့်တည့်က ကျူးယင်ဂိုဏ်းပဲ၊ ညာဘက်ကတော့ ရှန်းမုံဂိုဏ်းကလှေတွေပဲ"

ဟု ပြောလိုက်၏။

ချန်မင်မင်က ...

"ဘယ်ဘက်က လှေတစ်စင်းတည်းကကော ..."

ဝါယင်လုံကို ကြည့်ပြီး ချင်ယွင်က ပြောလိုက်၏။

"ဒါ လင်းရှန်ရဲ့ လှေပဲကွ"

သူတို့ပြောနေစဉ်မှာပင် လှေများမှာ တဖြည်းဖြည်း နီးကပ်လာသည်။

ထိုအခါ ကျူးယင်ဂိုဏ်းမှ လှေများက မီးမြားများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ခံလိုက်ရသည်။



ဝါယင်လုံတို့ လူစုမှာ ထိတ်လန့်သွားကြ၏။

သူတို့လှေပေါ်သို့ ကျရောက်လာသော မီးမြားများကို အမြန်ငြိမ်းသတ်နေရလေသည်။

ရေနဂါးဂိုဏ်းချုပ်ကလည်း မြားသမားများကို အသင့်ပြင်ခိုင်းထားလိုက်သည်။

သို့သော် သူတို့က လေဆန်ဖြစ်နေသောကြောင့် အခက်ကြုံနေရလေသည်။

ရှန်းမုံဂိုဏ်းက လှေများမှာ ယခုအထိ တိုက်ခိုက်လာခြင်း မရှိသေးပါချေ။

ဝါယင်လုံမှာ ဒေါသထွက်သွား၏။

သူက ကျူးယင်ဂိုဏ်းသည် ဤမျှအထိ မိုက်မဲမည်ဟု မယုံကြည်ပါ။

မေစုသည် ဖျောင်းဖျလျှင် ရနိုင်မည်ဟု ယုံကြည်၏။

ထို့ကြောင့် လှေဦးထိပ်မှနေ၍ အော်ပြောလိုက်လေသည်။

"ဂိုဏ်းချုပ်မေစု"

မေစုက လှေနောက်မှ ပြန်ကြည့်လိုက်၏။

ဝါယင်လုံနှင့်အတူ ချန်မင်မင်အား ယှဉ်တွဲရပ်နေသည်ကို တွေ့သောအခါ ရင်ထဲ၌ စစ်ခနဲ နာကျင်သွားသည်။

သူမ အသံမာမာဖြင့် ...

"ဘာပြောစရာရှိလို့လဲ"

ဝါယင်လုံက ...

"မင်းတို့ ပြေးလို့မလွတ်တော့ပါဘူး၊ အညံ့ခံပါ၊ ဘုရင့် တပ်မတော်သားတွေဆီမှာ အညံ့ခံပါ"

မေစုက မဲ့ပြုံးပြုံးလိုက်ပြီး ...

"အရှုံးအနိုင် မကွဲပြားသေးပါဘူး၊ ရှင်တရားချမနေပါနဲ့"

ဝါယင်လုံက ဆက်၍အော်သည်။

"ကျုပ်က တရားချတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ကျူးယင်ဂိုဏ်းဟာ တကယ်တမ်း အပြစ် ဘာမှသိပ်မရှိပါဘူး၊ ဘာဖြစ်လို့ ဆက်ပြီးမှားချင်နေရတာလဲ"

မေစု ဘာမှပြန်မပြောတော့ပါ။

ကုစုပြောင်၏ ရှေ့ဘက်သို့ ကပ်လိုက်ပြီး ...

"ကုစုပြောင် ကျွန်မတို့ လက်တွဲဖို့ အချိန်တန်ပြီ"

ဟု ပြောလိုက်၏။

ကုစုပြောင်က ...

"စိတ်ချပါ၊ ကျုပ်တို့ ဒီနေ့ သူတို့ကို ပင်လယ်ပြင်ထဲ မြှုပ်ပစ်မယ်၊ ဒါပေမယ့် ကျုပ်တို့က ရေကို သိပ်မကျွမ်းကျင်တာ ခက်တယ်"

အမှန်စင်စစ် ကုစုပြောင်က ကျူးယင်ဂိုဏ်းကို တိုက်ပွဲရှေ့သို့ တွန်းတင်ပေးလိုက်ခြင်း ဖြစ်သည်။

မေစုမှာ ဝါယင်လုံအား တစ်ဖက်သတ် ချစ်ခဲ့မိ၏။

ယခု ဝါယင်လုံမှာ သူမအပေါ် စိတ်ဝင်စားမှု မရှိရုံသာမက ချန်မင်မင်နှင့်ပါ ယှဉ်တွဲနေသည့်အတွက် အချစ်မှ အမုန်းသို့ ကူးပြောင်းသွားသည်။



အမှန်အမှားကိုလည်း ဝေဖန်ပိုင်းခြားခြင်း မရှိတော့ပါ။

ကျူးယင်ဂိုဏ်းအား တိုက်ခိုက်ရန် အမိန့်ပေးလိုက်လေတော့သည်။

မီးမြားများမှာ အဆက်မပြတ် ကျလာနေ၏။

ဝါယင်လုံတို့ဘက်မှ လှေတစ်စီးမှာ မီးလောင်ပျက်စီးသွားသည်။

အဆင့်မြင့်သိုင်းသမားများမှာ မီးမြားများကို ရိုက်ချနေရသည်။

ချန်ရိတို့ လှေငယ်အုပ်စုကမူ လှေပေါ်ကျလာသော မီးမြားများကြောင့် မီးကို အလျင်အမြန်ငြိမ်းသတ်နေကြ၏။

ဤအတိုင်းဆိုလျှင် မိမိတို့သည် ကျူးယင်ဂိုဏ်းနား မကပ်နိုင်ဘဲ လှေများ တစ်စင်းပြီးတစ်စင်း ပျက်စီးသွားမည်ဖြစ်သည်။

ထို့ကြောင့် လှေငယ်များကို အသုံးပြု၍ အနီးကပ်တိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

သူက အမိန့်ပေးလိုက်ရင်း အဆင့်မြင့်သိုင်းသမားများအားလုံးလိုလို လှေငယ်ကလေးများပေါ်သို့ ရှေ့တိုးထွက်သွားကြလေတော့သည်။

ကျူးယင်ဂိုဏ်းမှလူများ ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

ဝါယင်လုံတို့လူစုက လှေငယ်များဖြင့် လျင်မြန်စွာ တိုးကပ်လာကြသောကြောင့် မြားမိုးများ လက်နက်ပုန်းများဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြ၏။

သို့သော် ...

အဆင့်မြင့်သိုင်းသမားများမို့ အန္တရာယ်မရှိချေ။

ကုစုပြောင်မှာ ကျူးယင်ဂိုဏ်း၏ အခြေအနေကို ကြည့်လိုက်သည်။

ဝါယင်လုံတို့လူစုအား မနိုင်နိုင်ကြောင်း ရိပ်စားမိလိုက်သည်။

ထို့ကြောင့် သူက ကူညီရမည့်အစား ကိုယ်လွတ်ရုန်းပြေးရန် ဆုံးဖြတ်လိုက်သည်။

လင်းရှုန်မှာလည်း ရန်သူများ ဝိုင်းနေပြီဖြစ်၏။

သူသည် ယခုအခါ၌ ကျူးယင်ဂိုဏ်း၊ ရှန်းမုံဂိုဏ်းတို့သာမက အထက်လမ်းသိုင်းသမားတို့၏ ဘုံရန်သူဖြစ်နေ၏။

ထို့ကြောင့် တိုက်ခိုက်ရန် လုံးမစဉ်းစားရဲပါ။

လွတ်ရာလွတ်ကြောင်း ဦးတည်လျှော်ခတ်သွားနေကြလေတော့သည်။

ကျူးယင်ဂိုဏ်းတစ်ဂိုဏ်းတည်းကသာ ကြံ့ကြံ့ခံ၍ ရင်ဆိုင်တိုက်ခိုက်ကျန်ရစ်ခဲ့သည်။

ဝါယင်လုံ စိတ်မကောင်းဖြစ်သွား၏။

သူသည် ကျူးယင်ဂိုဏ်းအား မတိုက်ခိုက်ချင်ပါ။

ယခုမူ ကျူးယင်ဂိုဏ်းက ခုခံနေသည့်အတွက် ကုစုပြောင်တို့နောက်သို့ မလိုက်နိုင်ဘဲ ရှိနေရသည်။

ဝါယင်လုံတို့လူစုမှာ ကျူးယင်ဂိုဏ်း၏ လှေများပေါ်သို့ အချို့တစ်ဝက် ရောက်နေကြပြီဖြစ်၏။

အနီးကပ်တိုက်ပွဲများပင် ဖြစ်နေကြချေပြီ။



မေစုမှာ အံကိုတင်းတင်းကြိတ်ထား၏။

ယနေ့မှာ ကျူးယင်ဂိုဏ်းအတွက် နောက်ဆုံးနေ့ပင်ဖြစ်ကြောင်း သိရှိလိုက်၏။

ဝါယင်လုံအပေါ် ပို၍ အမုန်းကြီးလာလေတော့သည်။

ကျူးယင်ဂိုဏ်း၌ အဆင့်မြင့်သိုင်းသမားများ များများစားစား မရှိပါချေ။

ထို့ကြောင့် ဝါယင်လုံတို့လူစုနှင့် ယှဉ်ပြိုင်ရသောအခါ အကျအဆုံး များပြားလာသည်။

ဝါယင်လုံမှာ အကြောင်းမဲ့ လူမသတ်ချင်ပေ။

ထို့ကြောင့် မေစုကို ကျုပ်ကိုင်ရန် ဆုံးဖြတ်လိုက်ပြီး မေစုရှိရာ လှေပေါ်သို့ ကူးသွားလိုက်လေသည်။

မေစုမှာ ဝါယင်လုံ လှေပေါ်ရောက်ရှိလာသည်ကို တွေ့သောအခါ အံကိုတင်းတင်းကြိတ်လိုက်၏။

ထို့နောက် တုတ်ကောက်ဆွဲ၍ တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

သို့သော်

သူမထက် စင်စင်စန်းက ဦးသွားသည်။

စင်စင်စန်းက ဝါယင်လုံထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။

စင်စင်စန်းမှာ ဝါယင်လုံ၏ ပြိုင်ဘက်မဟုတ်ပါ။

ထို့ကြောင့် သိုင်းလက်ငါးကွက်မျှနှင့်ပင် ရှုံးနိမ့်သွားသည်။

လုကျိုးရှိမှာ မနေသာတော့ပါ။

စင်စင်စန်းဘက်မှ ဝင်ရောက်ကူညီလိုက်၏။

ဝါယင်လုံမှာ နှစ်ယောက်နှင့် တစ်ယောက်ဖြစ်သော်လည်း အသာစီးမှ ယှဉ်ပြိုင်နေသည်။

ချန်ရိတို့ ကျင်လင်ငါးဖော်မှာမူ အသွက်လက်ဆုံး ဖြစ်၏။

သူတို့က ကျူးယင်ဂိုဏ်းသားများအား တစ်ဦးပြီးတစ်ဦး ရှင်းပစ်နေသည်။

မေစုမှာ အရှုံးနှင့်ရင်ဆိုင်နေရသော ကျူးယင်ဂိုဏ်းကို ကြည့်ရင်း မျက်ရည်များ ဝဲလာ၏။

ယနေ့အဖို့ ဝါင်လုံအား သုတ်သင်နိုင်မှသာ စိတ်ကျေနပ်မည်ဟု တွေးတောထားလိုက်လေသည်။

သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်တော့သည်။

ထိုစဉ်မှာပင် သူမတို့ လှေပေါ်သို့ ဝါဂူက ရောက်ရှိလာလေသည်။ ကော့ထင်းတုက ဝါဂူအား ဟန့်တားလိုက်၏။

ထို့နောက် ဆက်လက်တိုက်ခိုက်နေကြသည်။

မေစုမှာ ဝါယင်လုံတို့အနီး၌ ရပ်ရင်း တိုက်ခိုက်ရန် အခွင့်အရေးကို စောင့်မျှော်နေလိုက်လေတော့သည်။

အခြေအနေမှာ ရှုပ်ထွေးနေ၏။

ညာသံပေးသံ တိုက်ခိုက်သံများမှာ ပင်လယ်ပြင်အတွင်း လျှံထွက်နေ၏။

မကြာလှသော အချိန်အတွင်း ကျူးယင်ဂိုဏ်းသား ထက်ဝက်ခန့်မှာ သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်ကုန်ကြသည်။



ဝါယင်လုံကလည်း စင်စင်စန်းအား ရှင်းပစ်လိုက်နိုင်ပြီဖြစ်၏။

ဝါယင်လုံမှာ တစ်ဦးချင်း တိုက်ခိုက်ရသောအခါပို၍ သွက်လက်လာ၏။

ထို့ကြောင့် တစ်ခဏချင်းမှာပင် လိကျိုရိအား ရှင်းလင်းပစ်လိုက်နိုင်သည်။

ဝါဂူမှာလည်း ကော့ထင်းတုအား အနိုင်ယူလိုက်ပြီဖြစ်ပါသည်။

ဝါယင်လုံမှာ မေစုရှေ့၌ ရပ်လိုက်၏။

"မေစု ..."

မေစုမှာ အံကိုတင်းတင်းကြိတ်ထားလိုက်၏။

ဝါယင်လုံက ...

"မင်းတို့ ကျူးယင်ဂိုဏ်း ပျက်စီးသွားပါပြီ၊ မင်း နောင်တရဖို့ ကောင်းပါပြီ"

ဟု ပြောလိုက်၏။

မေစုက အံကြိတ်ကာ ပြော၏။

"ရှင်နိုင်သွားပြီပဲ၊ ရှင် သတ်ချင်သတ်လိုက်ပါ"

ဝါယင်လုံက ခေါင်းခါယမ်းလိုက်ပြီး ...

"ငါဟာ အကြောင်းမဲ့ လူမသတ်ချင်ပါဘူး၊ မလွှဲမရှောင်သာလို့သာ တိုက်ခိုက်ရတာပါ"

မေစုက ...

"ဘာပဲပြောပြော ရှင့်ကြောင့် ကျူးယင်ဂိုဏ်း ပြိုကွဲ :ပြီပဲ"

ဝါယင်လုံက ...

"ငါ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် မင်းကသာ ဒီကျူယင်ဂိုဏ်းကို ဖြိုခွဲတဲ့လူအမှန်ပါ"

မေစုက ...

"ရှင် တိုက်ခိုက်ပါတော့"

ဝါယင်လုံ ခေါင်းခါယမ်းလိုက်ရင်း ...

"မင်းကို ဘယ်တော့မှ မတိုက်ခိုက်ပါဘူး"

မေစုက ...

"ရှင် ကျွန်မကို မသတ်ရင် ရှင့်ကို ကျွန်မသတ်ရမယ်"

ဝါယင်လုံက သက်ပြင်းချရင်း ...

"မင်းသဘောပါပဲ၊ ငါသွားမယ်"

ဟု ပြောရင်း လှည့်ထွက်လိုက်၏။

မေစုမှာ ငေးငိုင်သွား၏။

မျက်ဝန်းအိမ်မှ မျက်ရည်များလည်း စီးကျလာလေည်။

အတန်ကြာ ငေးငိုင်နေပြီးမှ သူမ၏မျက်နှာမှာ ရုတ်တရက်ဖြူရော်သွားပြီး ဝါယင်လုံ၏ နောက်ကျောကို လက်ဝါးဖြင့် ရိုက်လိုက်၏။

ဝါဂူသည် ထိုမြင်ကွင်းကိုတွေ့သောအခါ ထိတ်လန့်သွား၏။

သူသည် ခုန်ဝင်လိုက်ပြီး မေစုအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ဂါယင်လုံအတွက် ကံကွယ်လိုက်ခြင်း ဖြစ်ပါသည်။



"ပုန်း ..."

"ပုန်း ..."

ဝါယင်လုံမှာ မေစု၏ လက်ဝါးဖြင့် တွန်းကန်မှုကြောင့် ရှေ့သို့ ငိုက်ပြီး လဲကျသွား၏။

မေစုမှာ ဝါဂူ၏ လက်ဝါးကြောင့် လဲကျသွားသည်။

အဖြစ်အပျက်မှာ မြန်ဆန်သောကြောင့် ဝါယင်လုံမှာ ကြောင်သွား၏။

သတိရလာပြီး မေစုအား လှည့်ကြည့်လိုက်သောအခါ မေစု၏ ကျောဌ် မြားငယ်တစ်ခု စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေတော့သည်။

သူက မေစုအား ကမန်းကတန်း ပွေ့ထူလိုက်၏။

"မေစု ... မေစု"

မေစု လူးလွန့်လာပြီး ...

"ကျွန်မ ရှင့်ကိုသတ်ဖို့ အခွင့်အရေး အများကြီးရခဲ့ပါတယ်၊ ဒါပေမယ့် တစ်ခါမှ မသတ်ခဲ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတာ ရှင် သိသလား"

ဟု မေးလိုက်၏။

ဝါဂူမှာ အခြေအနေကို သဘောပေါက်လိုက်၏။

မေစုသည် ဝါယင်လုံကိုယ်စား ဝင်၍ မားစာခံခြင်းကို သူက မသိဘဲ တိုက်ခိုက်မိသဖြင့် စိတ်မကောင်းဖြစ်သွား၏။

လက်နက်ပုန်းပစ်သူကို ကြည့်သောအခါ ကျူးယင်ဂိုဏ်း၏ ဌာနမှူးတစ်ဦးဖြစ်နေသည်။

သူကား ဝမ်းပင်ပေတည်း။

ဝမ်းပင်မှာလည်း ကြောင်နေ၏။

သူပစ်လိုက်သော လက်နက်ပုန်းအား ဂိုဏ်းချုပ်က အသက်စွန့် ဝင်ရောက်ကာကွယ်မည်ဟု မထင်ခဲ့ပါချေ။

ဝါဂူမှာ ဒေါသထွက်သွားပြီး လျှပ်တစ်ပြက် ခုန်ဝင်ပြီး လက်ဝါးနှင့် ရိုက်ချလိုက်လေတော့၏။

ဝါယင်လုံမှာ မေစုအား ပွေ့ပိုက်ထားသည်။

သူသည် မေစု ပြောချင်သည့် စကားများအား နားလည်ခဲ့ပါသည်။

သူသည်လည်း တစ်ချိန်က မေစု၏ အလှ၌ သာယာနစ်မျောမိခဲ့၏။

သို့သော် ဦးတည်ချက်ခြင်း မတူသည့်အတွက် စောစီးစွာပင် သံယောဇဉ်ကို ဖြတ်ခဲ့ရသည်။

ဝါယင်လုံက ...

"ငါသိပါတယ်ကွာ"

ဟု ကြေကွဲစွာ ပြောလိုက်သည်။

မေစုက ...

"ရှင်သိရင် ကျေနပ်ပါပြီရှင်၊ ပြီးတော့ ရဲနန်ဘို့ကိုလည်း ကျွန်မ ပြန်လွှတ်ပြီးပါပြီ၊ သူတို့ သခင်ကြီးကိုလည်း လွှတ်လိုက်ပါပြီ"

ဝါယင်လုံက ...



"မင်း စကားသိပ်မပြောနဲ့"

မေစုက ...

"ကျွန်မ အခြေအနေကို ကျွန်မသိပါတယ်၊ မနေရတော့ပါဘူး၊ ကျွန်မ မေးမယ်၊ ရှင် မှန်မှန်ဖြေပါ"

ဝါယင်လုံက ...

"မေးပါ၊ မင်းမေးတာ ငါဖြေပါ့မယ်"

မေစု၏ မျက်နှာလေး တဖြည်းဖြည်း သွေးဆုတ်လာ၏။

အမောလည်း ဖောက်လာသည်။

မေစုက ...

"ကျွန်မ ကျွန်မကို ရှင် ချစ်သလား"

ဝါယင်လုံမှာ ငိုင်ကျသွား၏။

မျက်နှာလည်း နီရဲသွားသည်။

အတန်ကြာမှ

"ငါ မင်းကိုချစ်ပါတယ်"

သို့သော် သူ၏အဖြေကို မေစုတစ်ယောက် မကြားနိုင်တော့ချေ။

မေစု သေဆုံးသွားချေပြီ။

ဝါယင်လုံမှာ စိတ်ထိခိုက်သွား၏။

ထိုအချိန်၌ ကျူးယင်ဂိုဏ်းသားများမှာ ဦးဆောင်မည့်သူ မရှိတော့သဖြင့် အားလုံး အညံ့ခံလိုက်ကြလေတော့သည်။

❋ ❋ ❋

## အခန်း (၇၅)

# အောင်ပွဲသိမ့်သိမ့် ပွဲခြိမ့်ခြိမ့်

ချင်ယွှင်တို့လူစုက ကုစုပြောင်နောက်သို့ ဆက်လိုက်ရန် အစီအစဉ် ဆွဲနေကြ၏။

ပိုင်စုယိတို့က ဒဏ်ရာရသူများကို ဆေးကုသပေးနေသည်။

ယင်ယင်နှင့် ဖန်စုယိမှာ ကြေကွဲဝမ်းနည်းနေကြ၏။

သူမတို့သည် ကျူးယင်ဂိုဏ်းသားများ ဖြစ်၏။

ကျူးယင်ဂိုဏ်း ပြိုကွဲသွားသောအခါ စိတ်ထိခိုက်ရမည် မဟုတ်ပါလား။

ထိုစဉ်မှာပင် သူတို့၏ရှေ့ဘက်ဆီမှ လှေသုံးစင်းလာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူများမှာ ကုစုပြောင်တို့၏ လှေပင် ဖြစ်ပါသည်။

ဝါယင်လုံတို့လူစုမှာ အံ့ဩသွား၏။



အဘယ်ကြောင့် သူတို့ပြန်လှည့်လာရပါသနည်း။

ဆိုသော် ဤအဖြေကို မကြာခင်ပင် နားလည်လိုက်ရလေသည်။

အဘယ့်ကြောင့်ဆိုသော် ကုစုပြောင်တို့ လှေ၏အနောက်ဘက်၌ ဘုရင့်အလံလွှင့်ထူထားသော လှေကြီးများကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ကုစုပြောင်မှာ စိတ်အလွန်လှုပ်ရှားနေ၏။

ယခု သူတို့၏ ပြေးပေါက်မရှိတော့ချေ။

ဘုရင့်လှေတပ်နှင့် ဝါယင်တို့ လှေအုပ်စုအကြားတွင် ပိတ်မိနေပြီဖြစ်သည်။

သူတို့အနေဖြင့် ဘုရင့်လှေတပ်ကိုမူ ယှဉ်ပြိုင်ထိုးဖောက်နိုင်စွမ်း လုံးဝမရှိပါ။

ထို့ကြောင့် ဝါယင်လုံတို့ လှေအုပ်စုအား ထိုးဖောက်ရန် ဆုံးဖြတ်ပြီး ပြန်လှည့်လာခြင်း ဖြစ်သည်။

ထိုစဉ်မှာပင် လှေတစ်စင်းလည်း ဝါယင်လုံတို့ လှေအုပ်စုကြားမှ ထိုးဖောက်ထွက်လာသည်ကို တွေ့ရ၏။

ထိုလှေငယ်ပေါ်၌ ဦးဆောင်သူမှာ ကုယိပိုင်ဖြစ်ပြီး ချိုဟွာရှစ်ယောက်စလုံး ပါလာသည်ကို တွေ့လိုက်သေည်။

ဟူချင်တို့လှေအုပ်ကြားမှ အတင်းထိုးဖောက်ထွက်နေသည် တွေ့လိုက်ရ၏။

ကုစုပြောင်မှာ ကုယိပိုင်ရောက်လာသည်ကို တွေ့သောအခါ တုန်လှုပ်သွားသည်။

“ကုယိပိုင် ... ဘာလို့ထွက်လာရတာလဲ၊ ငါ့အမိန့်ကို ဘာလို့ဆန့်ကျင်တာလဲ”

ဟု စိုးရိမ်စိတ်နှင့် အော်ပြောလိုက်၏။

ကုယိပိုင်က ...

“ဆရာ ... ဆရာ အခုလို ဒုက္ခရောက်နေတဲ့အချိန် ကျွန်မက ပုန်းနေရမလား၊ ဆရာနဲ့အတူ သေအတူ ရှင်မကွာပါပဲ”

အားလုံးမှာ ကုယိပိုင်၏စိတ်ထားကို ကျိတ်၍ ချီးကျူးမိကြသည်။

ကုစုပြောင်က ...

“မင်းက ရေမှာမကျွမ်းကျင်ပါဘူး၊ ရေလည်းမကူးတတ်ဘူး၊ မြန်မြန်ပြန်ပါ”

ကုယိပိုင်က ရယ်မောလိုက်ပြီး ...

“ကိစ္စမရှိပါဘူး”

သူမအား ဟန့်တားသော လှေများကို တိုက်ခိုက်နေသည်။

သူမက တစ်စတစ်စ ထိုးဖောက်ထွက်လာရာ ကုစုပြောင်၏ လှေနှင့် မလှမ်းမကမ်းသို့ ရောက်လာ၏။

သူမရှေ့၌ ဟူချင်တို့ လှေတစ်စင်းသာ ရှိတော့ပေသည်။

ဟူချင်က ...

“မိန်းကလေး မင်းငယ်သေးတယ်၊ ကုစုပြောင်ကတော့ သူ့ရဲ့ မကောင်းမှုအတွက် ဒီနေ့သေရမှာ အမှန်ပါပဲ၊ မိန်းကလေးက ဘာလို့ရောပြီး အသေခံချင်ရတာလဲ”

ဟု ဟန့်တားလိုက်၏။



ကုယိပိုင်က ဘာမှပြန်မပြောပါ။

ထိုးဖောက်ထွက်နိုင်အောင်သာ ကြိုးစားနေ၏။

ဟူချင်တို့ လှေက ရှေ့မှ ကန့်လန့်ဖြတ် ပိတ်ထားသောကြောင့် အခက်ကြုံနေလေသည်။

ထို့ကြောင့် သူမက ချိုဟှာရှစ်ယောက်အား အချက်ပေးလိုက်၏။

ထိုအခါ သူတို့သည် ဟူချင်၏လှေပေါ်သို့ ခုန်တက်ကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

ချောင်ထင်တွားမှာ သက်ပြင်းချလိုက်၏။

အနောက်ဘက်၌ ဘုရင့်လှေတပ်မှာ တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်သည်။ ထို့ကြောင့် သူတို့ အမြန်ဆုံး ထိုးဖောက်နိုင်မှ တန်ရုံကျပေတော့မည်ဟုလည်း တွေးမိသည်။

သူတို့က ထိုးဖောက်မည်ဆိုလျှင် ချင်ယွင် (သို့မဟုတ်) ဝါယင်လုံ တစ်ဦးဦးမကို သုတ်သင်နိုင်မှသာ လွယ်ကူပေမည်။

ထို့ကြောင့် သူ လှေကြီးပေါ်မှဆင်း၍ လှေငယ်တစ်စင်းဖြင့် ချင်ယွင်ထံသို့ ဦးတင်လှော်ခတ်သွားလေတော့သည်။

ကုယိပိုင်နှင့် ချိုဟှာတို့လူစုမှာ ဟူချင်တို့အုပ်စုနှင့် တိုက်ခိုက်နေ၏။

ချိုဟှာ ရှစ်ယောက်၏ သိုင်းပညာမှာ သိပ်မထက်မြက်သဖြင့် ဟူချင်၏ သွေးသောက်များက ဟန့်တားနိုင်သော်လည်း ကုယိပိုင်၏ သိုင်းပညာမှာ ထက်မြက်သဖြင့် မတားနိုင်ကြချေ။

တစ်ခဏချင်းမှာပင် ကုယိပိုင်၏ တိုက်ခိုက်မှုကြောင့် ဟူချင်၏ သွေးသောက် နှစ်ယောက် ကျဆုံးသွားသည်။

ဟူချင်မှာ ဒေါသချောင်းချောင်း ထွက်သွား၏။

ကုယိပိုင်ထံသို့ တိုးသွားပြီး တရကြမ်းတိုက်ခိုက်လေတော့၏။

ကုယိပိုင်ကလည်း အပြင်းအထန် ခုခံရသည်။

ပိုင်စုယိနှင့် ဖန်းပင်မှာ အခြေအနေကိုကြည့်ရင်း စိတ်ပူလာသည်။

ကုယိပိုင်အတွက်လည်း စိုးရိမ်လာသည်။

ထို့ကြောင့် ဟူချင်အားလှမ်း၍ သတိပေးလိုက်၏။

"ဟူချင် သူ့ကို ညှာတာပါ၊ ကျေးဇူးပြုပြီး ညှာတာပါ"

ဝါယင်လုံမှာ ကုစုပြောင်၏ စကားကို စဉ်းစားရင်း အချက်တစ်ချက်ကို သတိရလာလေသည်။

သူ၏ခန္ဓာကိုယ်မှာလည်း တစ်ချက်တုန်ခါသွားသည်။

ကုစုပြောင်က ...

"ငါဘာလို့ ဝမ်းသာသလဲ၊ ပြောပြမယ်ကွ၊ နားထောင်"

ဟူချင်က ...

"ပြောစမ်းပါဦး"

ဝါယင်လုံက ...

"မပြောနဲ့ ခင်ဗျားပြောမှာ ကျုပ်နားလည်ပြီ"

ဟု ဝင်ရောက်ဟန့်တားလိုက်၏။

ကုစုပြောင်က ဝါယင်လုံအား တစ်ချက်စိုက်ကြည့်လိုက်၏။ ပြီးမှ ...

"မင်းနားလည်ပေမယ့် ငါပြောပြမယ်"

"မပြောနဲ့"



"ပြောမယ်ကွ၊ ကုယိပိုင်ဟာ ငါ့တပည့်၊ ဒါပေမယ့် ပိုင်စုယိနဲ့ ဖန်းပင်တို့ရဲ့ သမီးပဲ"

ပိုင်စုယိမှာ ထိုစကားကြားလိုက်ရသောအခါ မူးမေ့လဲကျသွားလေတော့သည်။

ဖန်းပင်မှာလည်း ဒေါသခြောင်းခြောင်း ထွက်သွားပြီး ...

"မင်း လူယုတ်မာ"

ကုစုပြောင် ဘာမျှပြန်မပြောပါ။

သဘောကျသည့်အလား တဟားဟား ရယ်မောနေသည်။

သို့သော် သူ၏ရင်ထဲ၌မူ နာကျင်နေ၏။

ကုယိပိုင်အား သူက ငယ်စဉ်ကတည်းကပင် ကျွေးမွေးစောင့်ရှောက်လာရသဖြင့် သမီးအရင်းသဖွယ် ဖြစ်နေသည် မဟုတ်ပါလော။

သို့သော် ပါးစပ်ကမူ ရင်တွင်းခံစားချက်နှင့် ဆန့်ကျင်စွာ ပြောဆိုနေသည်။

"ဖန်းပင် ငါဟာ ခရီးထွက်ရင်း မမျှော်လင့်ဘဲ ကလေးတစ်ယောက် ပြုတ်ကျလာတာကို ကောက်ရမိတယ်၊ ပထမတော့ ဘယ်သူ့ကလေးမှန်း မသိဘူး၊ နောက်နှစ်နည်းနည်းကြာမှ မင်းတို့ရဲ့ ကလေးဆိတာ သိခဲ့ရတယ်၊ ငါဟာ ဒါကြောင့် ဒီကလေးကို ဆက်မွေးပြီး သိုင်းပညာသင်ပေးခဲ့တယ်၊ တစ်နေ့မှာ မင်းတို့နဲ့ ပြန်ပြီး တိုက်ခိုက်စေဖို့ပဲ၊ အခု ငါ့အကြံအောင်ပြီ၊ ငါ ဝမ်းမသာဘဲ နေမလား ဟား ဟား ... ဟား"

အားလုံးမှာ ထိုစကားကြားလိုက်ရသောအခါ ဒေါသထွက်သွားကြသည်။

ဖန်းပင်မှာ ဒေါသထိန်းမရတော့ပါ။

လှေငယ်တစ်စင်းကို ကိုယ်တိုင်လှော်ခတ်၍ ကုစုပြောင်၏ လှေကြီးဆီသို့ သွားသည်။

ကုစုပြောင် အမိန့်ပေးလိုက်၏။

"အားလုံး တိုက်ခိုက်တော့"

သူ၏အမိန့်သံအဆုံးဝယ် ရှန်းမုံဂိုဏ်းသားများက ဝါယင်လုံကို လူစုအား စတင်တိုက်ခိုက်လိုက်ကြတော့သည်။

အခြေအနေမှာ ရှုပ်ထွေးသွား၏။

ရှန်းမုံဂိုဏ်းမှ လှေငယ်များနှင့် ဝါယင်လုံတို့၏ လှေငယ်များသည် ရင်ဆိုင်တိုက်ခိုက်နေကြသည်။

ကုစုပြောင်၏ လှေပေါ်၌ ကုစုပြောင်နှင့် ဂူတုချွမ်တို့သာ ကျန်ရစ်ခဲ့၏။

ကျန်ဂိုဏ်းသားများကမူ တိုက်ပွဲဝင်နေပြီ ဖြစ်သည်။

ထိုစဉ် ဘုရင့်လှေတပ်မှာလည်း ရောက်ရှိလာ၏။

ဘုရင့်လှေတပ်၏ ရှေ့ဆုံး လှေပေါ်တွင် ဝါထင်းဟုန်နှင့် ချန်ယန်ဟောင်တို့ ပါလာ၏။

ရှင်ဝင်လန်မှာ ချန်ယန်ဟောင်အား တွေ့သောအခါ ဝမ်းသာသွား၏။

သို့သော် နှုတ်ဆက်ရန် မအားသေးပါ။

ရန်သူများကို တိုက်ခိုက်နေရသည်။

ချင်ယွှင်နှင့် ချောင်ထင်တွားမှာလည်း တိုက်ခိုက်နေသည်မှာ သိုင်းကွက် ၁၀၀ ကျော်နေပြီဖြစ်၏။



ချင်ယွှင်မှာ အနိုင်ရရေးအတွက် ခုခံ၍သာ တိုက်ခိုက်နေသောကြောင့် ချောင်ထင်တွားကို မနိုင်နိုင်ဘဲ ဖြစ်နေရပေသည်။

ထိုအချိန်၌ ဝါထင်းဟုန်က ဝင်ရောက်လာသည်။

"ချင်ယွှင် အနားယူလိုက်ပါဦး၊ ဆရာကြီးရဲ့ တာဝန်ကို ကျုပ်ဆက်ယူလိုက်ပါ့မယ်"

ချောင်ထင်တွားက ရယ်ပြီးပြောလေ၏။

"နောက်ဆုံးတော့ မင်းရောက်လာရတာပဲပေါ့"

ဝါထင်းဟုန်နှင့် ချောင်ထင်တွားတို့ ဆက်လက်တိုက်ခိုက်ကြလေတော့သည်။

ကုစုပြောင်၏ လှေပေါ်သို့ ဖန်းပင်ရောက်ရှိလာ၏။ ဝါယင်လုံကလည်း ဖန်းပင်အတွက် စိတ်မချသဖြင့် နောက်မှ လိုက်လာသည်။

ဖန်းပင်မှာ လှေပေါ်သို့ ရောက်သည်နှင့် ကုစုပြောင်အား တိုက်ခိုက်လိုက်သည်။

ဝါယင်လုံကလည်း ဝင်ရောက်တိုက်ခိုက်မည်အပြု ဂူတုံချွမ်က ဟန့်တားထားလိုက်သည်။

ထိုစဉ် ဘုရင့်လှေတစ်စင်း ချဉ်းကပ်လာလေ၏။

ထိုလှေပေါ်၌ ချင်စုမင်နှင့် ဝမ်ကျောက်နီတို့ ပါလာလေသည်။

ဂူတုံချွမ်မှာ ဇနီးနှင့် သမီးကိုမြင်သောအခါ မျက်နှာ တစ်ချက်ညိုးငယ်သွား၏။

ချင်စုမင်က လှမ်းပြောလိုက်သည်။

"တုံချွမ် ... ရှင် ခုထိ နောင်တမရသေးဘူးလား၊ ဒီအချိန်မှ ရှင် နောင်တမရရင် ဘယ်အချိန်မှ ရမှာမဟုတ်တော့ဘူး"

ဝမ်ကျောက်နီက အော်ခေါ်လိုက်သည်။ သူမ၏အသံမှာ ဆွေးမြေ့နေသည်။ သနားစရာ မိန်းကလေးပင်။

"ဖေဖေ ..."

ဂူတုံချွမ်မှာ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွား၏။

ဝမ်ကျောက်နီက အော်ဟစ်လိုက်၏။

"ဖေဖေ ရပ်ပါတော့၊ အစ်ကို ဖေဖေနဲ့ မတိုက်ပါနဲ့"

ဝါယင်လုံက နောက်ဆုတ်ကာ ဓားကိုပြန်သိမ်းလိုက်သည်။

ဂူတုံချွမ်မှာ ကြောင်အမ်းအမ်းနှင့် ရပ်နေမိလေ၏။

ဝမ်ကျောက်နီက အော်ပြောသည်။

"ဖေဖေ သမီးတို့နဲ့ အတူ မနေချင်ဘူးလား၊ ခုချိန်မှာ ဖေဖေ အညှံ့ခံလိုက်ရင် သမီးတို့နဲ့အတူနေရဖို့ အချိန်တွေအများကြီး ရှိပါသေးတယ်"

ချင်စုမင်ကလည်း ဖျောင်းဖျသည်။

"တုံချွမ် ... ရှင်တစ်သက်လုံး ရှင်လုပ်ချင်တာတွေ လုပ်ခဲ့ပြီးပြီ၊ ခု မိသားစုနဲ့ အေးအေးချမ်းချမ်း ပြန်နေဖို့ သင့်ပါပြီ၊ သမီးအတွက် ရှင် ဆောင်ရွက်ပေးချင်တယ်ဆို"

ဂူတုံချွမ်မှာ စိတ်အလွန်လှုပ်ရှားသွားသည်။

အတန်ကြာမှ သက်ပြင်းချကာ ဓားကို လွှတ်ချလိုက်လေသည်။

ပြီးနောက် ကုစုပြောင်ဘက်သို့လှည့်ကာ ...

"ကုစုပြောင် ... ကျုပ်"

ကုစုပြောင်က ဖန်းပင်နှင့် တိုက်ခိုက်နေရာမှ ဂူတုံချွမ်အား ကြည့်ရင်း ...



"ကျုပ်နားလည်ပါတယ်"

ဂူတုံချွမ်က ...

"ကျုပ် အမိန့်မနာခံတာမဟုတ်ပါဘူး၊ ပြီးတော့ မိတ်ဆွေအပေါ် သစ္စာဖောက်တာမဟုတ်ပါဘူး"

ကုစုပြောင်က ပြောလိုက်လေ၏။

"မင်းစိတ်ကို ငါနားလည်ပါတယ်၊ မင်းကို ငါ အချိန်မရွေး ထွက်သွားနိုင်တယ်လို့ ဂိုဏ်းထဲ ဝင်ကတည်းက ကတိပေးခဲ့တာ၊ မင်းသွားပါ၊ မင်းကို ငါ အပြစ်လုံးဝမတင်ပါဘူး"

ဂူတုံချွမ်မှာ ကုစုပြောင်အား အရိုအသေ တစ်ချက်ပြုပြီး ဘုရင့်လှေပေါ်သို့ တက်ရောက်အဖမ်းခံလိုက်လေသည်။

ဝါယင်လုမက ကုစုပြောင်ဘက်သို့ လျှောက်လာပြီး ပြောလိုက်၏။

"ခင်ဗျား အခု အထီးကျန်နေပါပြီ၊ လက်နက်ချလိုက်ပါတော့"

ကုစုပြောင်က ရယ်မောရင်း ...

"ဟား ... ဟား ... ဟား ... ငါ့တစ်သက် ဘယ်တော့မှ အညှံ့မခံဘူးကွ"

သူသည် ပိုမို၍ တရကြမ်း ခုခံတိုက်ခိုက်လိုက်လေတော့သည်။

ဝါထင်းဟုန်နှင့် ချောင်ထင်တွားတို့ တိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်သည်။

ချောင်ထင်တွားမှာ ဒဏ်ရာပြင်းထန်စွာရပြီး ခန္ဓာကိုယ်မှ ယိမ်းယိုင်နေ၏။

ဝါထင်းဟုန်မှာလည်း ဒဏ်ရာရနေဟန်ပေါ်၏။

ချောင်ထင်တွားက ...

"ဝါထင်းဟုန် ... ခင်ဗျားဟာနာမည်ကျော်သလောက် တကယ် ထက်မြက်ပါတယ်"

ဝါထင်းဟုန်ကလည်း ပြန်လည်ချီးကျူးလေ၏။

"ခင်ဗျားဟာ ကျုပ်တစ်သက်တာအတွင်း ကြောက်စရာ အကောင်းဆုံး ပြိုင်ဘက်တစ်ဦးပါပဲ"

ချောင်ထင်တွားက သွေးတစ်ချက်အန်လိုက်ပြီးပြောသည်။

"အင်း ... ခင်ဗျားတို့လူရဲ့ လက်ချက်နဲ့သေရတာ ကျုပ် ကျေနပ်ပါတယ်"

ဝါထင်းဟုန်က ...

"ခင်ဗျား မသေအောင် ကျုပ် ကုသပေးပါ့မယ်"

သို့သော် ...

သူ့စကားကို ချောင်ထင်တွားက ပြန်ပြောနိုင်စွမ်း မရှိတော့ပါ။

"ဝုန်း ..."

လေ့ဝမ်းထဲသို့ လဲကျသေဆုံးသွားလေတော့သည်။

ဝါထင်းဟုန်၏ ရင်ထဲ၌ အနိုင်ရသည့်အတွက် ပျော်ရွှင်ဂုဏ်ယူမှု မရှိပါ။

အကယ်၍သာ ချောင်ထင်တွားသည် ချင်ယွင်နှင့် သိုင်းကွက် ၁၀၀ ကျော်အထိ တိုက်ခိုက်ခဲ့ခြင်းမရှိလျှင် ...

ယခုသေဆုံးရသည့်သူမှာ ချောင်ထင့်တွားမဟုတ်ဘဲ သူသာ လျှင် ဖြစ်မည်ကို နားလည်ထားသည် မဟုတ်ပါလော။



ကုစုပြောင်မှာ တိုက်ခိုက်ရင်းက အခြေအနေကို တွက်ဆမိသည်။

ထို့ကြောင့် ဝါယင်လုံနှင့် ဖန်းပင်အား တရကြမ်း ဖိ၍တိုက်ခိုက်လိုက်သည်။

ဝါယင်လုံနှင့် ဖန်းပင် နောက်ဆုတ်သွားချိန်၌ သူက ခါးကြားအတွင်းမှ ဓားမြှောင်ကို ထုတ်ယူလိုက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်သည်။

မိုက်ဇာတ် သိမ်းသွားလေပြီ။

တိုက်ပွဲမှာ ပြီးစီးသွားပြီဖြစ်သည်။

ရှန်းမုံဂိုဏ်းသားများမှာလည်း အားလုံး လက်နက်ချလိုက်ပြီဖြစ်၏။

ရှင်ဝင်လန်တို့ ဇနီးမောင်နှံမှာလည်း တစ်ဦးကိုတစ်ဦး ပွေ့ဖက်ရင်း စိုက်ကြည့်နေ၏။

သူတို့ ကွဲကွာခဲ့သည့်နှစ် မနည်းပါ။

သူတို့၏ရင်ထဲ၌ တွေ့လျှင် ပြောမည်ဟု စိတ်ကူးထားသော စကားလုံးပေါင်းများစွာရှိ၏။

သို့သော် ...

တကယ်တွေ့သောအခါ ဘာမှမပြောဖြစ်ကြပါချေ။

သူတို့၏ အကြည့်များက ပြောစရာစကားများကို ကိုယ်စားပြုနေကြသည် မဟုတ်ပါလား။

ဝါထင်းဟုန်မှာ တိုက်ပွဲတွင် ဖမ်းမိခဲ့သော ရှန်းမုံဂိုဏ်းသားများကို ဘုရင့်လေ့တပ်သို့ လွှဲပြောင်းပေးနေသည်။

ချင်ယွင်က ယခုမှ တုံးကော့ချူတို့၊ လင်းရှန်တို့ ကျန်နေသေးသည်ကို သတိရလာသဖြင့် ပြောလိုက်၏။

ဝါထင်းဟုန်က ...

"ကျုပ်တို့က တုံးကော့ချူတို့ လူစုကို ဖြိုခွဲပြီး ဘုရင်လေ့တပ်ကို အကူအညီ တောင်းလိုက်လာတာပါ၊ လင်းရှန်တို့ကတော့ စောစောကတည်းက ဖမ်းမိခဲ့ပြီးပါပြီ"

ဟု ရှင်းပြလိုက်၏။

ထို့နောက် သိုင်းသမားအားလုံးကို သူ၏ ဝါမိသားစုဂေဟာသို့ လိုက်ခဲ့ရန် ဖိတ်ခေါ်လိုက်၏။

ဝါထင်းဟုန်ကလည်း ဝါချီပြောပြထား၍ ဝမ်ကျောက်နီအကြောင်း သိထားသဖြင့် ဖိတ်ခေါ်လိုက်သည်။

"သမီးတို့လည်း လိုက်ခဲ့ပါလား၊ သမီးကို ဘွားဘွားက သိုင်းပညာပြန်ရအောင် ပြသနိုင်မှာပါ"

ချင်စုမင်က သမီးဖြစ်သူကို ကြည့်လိုက်၏။

သို့သော် ဝမ်ကျောက်နီမှာ ဝါယင်လုံနှင့် နီးကပ်စွာ မနေချင်တော့ပါ။

သူမ၏ မသန့်ရှင်းသော ခန္ဓာကိုယ်အား ဝါယင်လုံကို မပေးအပ်ချင်တော့ပါ။

ထို့ကြောင့် သူမက ...

"ကျွန်မ သိုင်းလောကကို စိတ်ကုန်နေပါပြီ၊ သိုင်းပညာလည်း မလိုချင်တော့ပါဘူး၊ ဖေဖေ့ကိုပဲ ဓာတ်မြှုပ်ရင်း စောင့်နေပါတော့မယ်"



ဟု ငြင်းပယ်လိုက်လေတော့သည်။

ထို့နောက် သူမတို့သည် ဘုရင့်လေ့နှင့် လိုက်ပါသွားလေတော့သည်။

❋ ❋ ❋

ဝါမိသားစု ဂေဟာ၌ သိုင်းလောက၏ အောင်ပွဲအဖြစ် ညစာစားပွဲကို သုံးရက်တိုင်တိုင် ကျင်းပခဲ့သည်။

ထို့နောက် သိုင်းသမားများမှာ နှုတ်ဆက်ပြီး နေရပ်သို့ ထွက်သွားကြ၏။

ရှင်ဝင်လန်၊ ချန်ယန်ဟောင်၊ ချင်ယွင်တို့ကလည်း ပြန်ကြတော့မည်ဟု နှုတ်ဆက်နေသည်။

ဝါယင်လုံမှာ ချန်မင်မင်နှင့် ခွဲရတော့မည်မို့ ဝမ်းနည်းနေ၏။

ထိုစဉ် အဘွားဖြစ်သူ ယင်ထိုက်ကျွမ်က ...

"ငါ့မြေးလည်း ပင်ပန်းလှပြီ၊ အေးအေးဆေးဆေး အနားယူပါဦး"

ဝါယင်လုံက ...

"မနားနိုင်သေးဘူး"

ယင်ထိုက်ကျွမ်က အံ့သြသွားပြီး ပြန်မေးသည်။

"ဘာဖြစ်လို့လဲ"

ဝါယင်လုံမှာ မျက်နှာနီရဲနေပြီး ရှက်ရှက်နှင့် ပြောလိုက်လေ၏။

"ကျွန်တော် ချန်မင်မင်နဲ့အတူ သိုင်းလောကထဲ သွားမလို့ပါ"

သူ၏စကားကြောင့် အားလုံးမှာ ရယ်မောလိုက်ကြသည်။

ချန်မင်မင်မှာလည်း ရှက်သွားပြီး သူမ၏မိခင်ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိလေ၏။

❋ ❋ ❋

အရုဏ်ဦး၏ အလင်းရောင်မှာ ထွက်ပေါ်လာ၏။

ဝါမိသားစုဂေဟာမှ လူငယ်နှစ်ဦး လက်ချင်းတွဲ၍ ထွက်လာ၏။

ထိုလူငယ်နှစ်ဦးမှာ မည်သူမည်ဝါဟု ပြောနေစရာမလိုတော့ပါ။

ဝါယင်လုံနှင့် ချန်မင်မင်တို့ပင် ဖြစ်ပါသည်။

သူတို့နှစ်ဦးမှာ ခိုင်မြဲသော လက်တွဲမှုမှာ သိုင်းလောကအတွင်းရှိ ဒုစရိုက်မှုများကို ဆက်လက်ဖြိုခွဲရန် အဓိဋ္ဌာန်ပြုလိုက်ကြသကဲ့သို့ ရှိတော့သည်။

ပြီး၏

တက္ကသိုလ် နေလင်းအောင်